# သင်္ဂြိုဟ်အမေးအဖြေ

(ဦးပညာဝံသ)

၇၁၈၂

ဒီပဲယင်းမြို့

ဆရာတော် ဦးပညာဝံသ အရှင်မြတ်

ရေးသားစီရင်အပ်သော

# သရုပ်ခွဲ

# သင်္ဂြိုဟ်အမေးအဖြေ


(မူပိုင်)

ဝံသာနု-ဦးမျိုး။

အမှတ် ၃၇-၃၈၊ ရွှေတိဂုံဘုရားကြီးဈေး၊

ရန်ကုန်မြို့။

0

အဘိုး ၄-ကျပ် ၅၀-ပြား။

မြန်မာ့သိပ္ပံစာပုံနှိပ်တိုက်။

အမှတ်- ၄၄-မင်္ဂလာလမ်း၊ စမ်းချောင်းရပ်၊

ရန်ကုန်မြို့။

မုဒိုင်ရင်-ဝံသာနုဦးချိုင်



၁=နံပါတ်
၂=နံပါတ်
၃–နံပါတ်

အရောင်ဆိုင်သင်္ကန်းများ ရနိုင်ပါသည်။

# မာတိကာ။


| အခန်းစဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁။ | ပဏာမ | ၁။ |
| ၂။ | စိတ်ပိုင်း | ၂။ |
| ၃။ | ကုသိုလ်စိတ်ကို ပြခြင်း | ၇။ |
| ၄။ | အဟိတ်စိတ်ကိုပြခြင်း။ | ၁၁။ |
| ၅။ | ကာမာဝစရစိတ်ကိုပြခြင်း | ၁၆။ |
| ၆။ | ရူပါဝစရစိတ်ကိုပြခြင်း | ၂၅။ |
| ၇။ | အရူပါဝစရစိတ်ကိုပြခြင်း | ၂၈။ |
| ၈။ | လောကုတ္တရာစိတ်ကိုပြခြင်း | ၃၀။ |
| ၉။ | ဓာတိဘေဒကိုပြခြင်း | ၃၂။ |
| ၁၀။ | ဘူမိဘေဒကိုပြခြင်း | ၃၂။ |
| ၁၁။ | စေတသိတ်ပိုင်းကိုပြခြင်း | ၃၈။ |
| ၁၂။ | အညသမာန်စေတသိက်ကိုပြခြင်း | ၃၉။ |
| ၁၃။ | အကုသိုလ်စေတသိက်ကိုပြခြင်း | ၄၄။ |
| ၁၄။ | သောဘဏစေတသိက်ကိုပြခြင်း | ၅၀။ |
| ၁၅။ | သမ္ပယောဂနည်းပြခြင်း | ၆၀။ |
| ၁၆။ | သညာ-ဝိညာဏ်-ပညာတို့၏ အထူးကိုပြခြင်း | ၅၉။ |
| ၁၇။ | အညသမာန်စေတသိတ်၊ သမ္ပယောနည်း ၇ပါးကိုပြခြင်း | ၆၁။ |
| ၁၈။ | ဝိပ္ပယောဂနည်းကိုပြဆိုခြင်း | ၆၄။ |

| အမှတ်စဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁၉။ | အကုသိုလ်စေတသိက်၊ သမ္ပယောဂ နည်းငါးပါးကိုပြခြင်း | ၆၅။ |
| ၂၀။ | သောဘဏစေတသိက်သမ္ပယောဂ နည်းကိုပြခြင်း | ၆၆။ |
| ၂၁။ | သင်္ဂဟနည်းအကျဉ်းကိုပြခြင်း | ၆၉။ |
| ၂၂။ | လောကုတ္တရာစိတ်၌ သင်္ဂဟ နည်းငါးပါးကိုပြဆိုခြင်း | ၇၀။ |
| ၂၃။ | မဟဂ္ဂုတ်စိတ်၌ သင်္ဂဟ နည်း ၅ပါးကို ပြခြင်း | ၇၂။ |
| ၂၄။ | ကာမာဝစရစိတ်၌ သင်္ဂဟ နည်း ၁၂ပါးကိုပြခြင်း | ၇၄။ |
| ၂၅။ | ဝိတက်အစရှိသောစေတသိတ်တို့၏ အထူးပြပုံကိုပြခြင်း | ၇၈။ |
| ၂၆။ | အကုသိုလ်စေတသိတ်၌ သင်္ဂဟ နည်း ၇ ပါးကိုပြခြင်း | ၈၀။ |
| ၂၇။ | အဟိတ်စိတ်သင်္ဂဟနည်း လေးပါး ကို ပြခြင်း | ၈၃။ |
| ၂၈။ | တဒုဘယမိဿကနည်း အညသမာန် ရာသိကိုပြခြင်း | ၈၅။ |
| ၂၉။ | အကုသလ ရာသိကိုပြခြင်း | ၈၆။ |
| ၃၀။ | သောဘဏရာသိကိုပြခြင်း | ၈၈။ |
| ၃၁။ | ပကိဏ္ဏက သင်္ဂဟကိုပြခြင်း | ၉၀။ |

| အမှတ်စဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၃၂။ | ဝေဒနာသင်္ဂဟကိုပြခြင်း | ၉၀။ |
| ၃၃။ | ဟေတုသင်္ဂဟကိုပြခြင်း | ၉၃။ |
| ၃၄။ | ကိစ္စသင်္ဂဟကိုပြခြင်း | ၉၆။ |
| ၃၅။ | ဒွါရသင်္ဂဟကိုပြခြင်း | ၁၀၃။ |
| ၃၆။ | အာလမ္ဗဏသင်္ဂဟကိုပြဆိုခြင်း | ၁၀၇။ |
| ၃၇။ | ယထာသမ္ဘဝ၏အဓိပ္ပါယ် | ၁၁၁။ |
| ၃၈။ | ဝတ္ထုသင်္ဂဟကိုပြခြင်း | ၁၁၇။ |
| ၃၉။ | ဝိထိသင်္ဂဟကိုပြခြင်း | ၁၂၄။ |
| ၄၀။ | ကာမဇောဝါရမနောဒွါရ ဝိထိကိုပြခြင်း | ၁၃၁။ |
| ၄၁။ | အပ္ပနာ ဇောဝါရ မနောဒွါရဝိထိကို ပြခြင်း | ၁၃၂။ |
| ၄၂။ | ဒွတ္တိံသသုခပုညမှာအရကို ပြခြင်း။ | ၁၃၇။ |
| ၄၃။ | ဒွါဒသောပေက္ခကာပရုံကို ပြခြင်း | ၁၃၇။ |
| ၄၄။ | သုခိတာကြိယာ တောအဗ္ဗကို ပြခြင်း | ၁၃၈။ |
| ၄၅။ | ဆသမ္ဘောဒ္ဓိဥပေက္ခကာကို ပြခြင်း | ၁၃၈။ |
| ၄၆။ | တဒါရမ္မဏဝါရကိုပြခြင်း | ၁၃၈။ |
| ၄၇။ | ဇဝနဝါရကိုပြခြင်း | ၁၄၁။ |

| အခန်းစဉ်။ | အကြောင်းအရာ၊ | စာမျက်နှာ။ |
|---|---|---|
| ၄၈။ | ပုဂ္ဂလဘေဒကိုပြခြင်း | ၁၄၈။ |
| ၄၉။ | ဘူမိဝိပါကပြခြင်း | ၁၄၈။ |
| ၅၀။ | ဝိတိပုတ္တသင်္ဂဟာကိုပြခြင်း | ၁၄၉။ |
| ၅၁။ | ဘူမိစတုက္ကကိုပြခြင်း | ၁၄၉။ |
| ၅၂။ | ပဋိသန္ဓိစတုက္ကကိုပြခြင်း | ၁၅၃။ |
| ၅၃။ | အဟိတ်ပဋိသန္ဓေကိုပြခြင်း | ၁၅၃။ |
| ၅၄။ | သဟိတ်ကာမာဝစရပဋိသန္ဓေကို ပြခြင်း | ၁၅၄။ |
| ၅၅။ | ရူပါဝစရပဋိသန္ဓေကိုပြခြင်း | ၁၅၈။ |
| ၅၆။ | အရူပါဝစရပဋိသန္ဓေကိုပြခြင်း | ၁၆၂။ |
| ၅၇။ | ကမ္မစတုက္ကကိုပြခြင်း | ၁၆၅။ |
| ၅၈။ | ကေစိဝါဒကိုပြခြင်း | ၁၇၈။ |
| ၅၉။ | မဟဂ္ဂုတ်ကုသိုလ်ကံကိုပြခြင်း | ၁၇၉။ |
| ၆၀။ | စုတိပဋိသန္ဓိက္ကမကိုပြခြင်း | ၁၈၀။ |
| ၆၁။ | ရူပသင်္ဂဟာကိုပြခြင်း | ၁၉၂။ |
| ၆၂။ | ရူပသမုဒ္ဒေသကိုပြခြင်း | ၁၉၃။ |
| ၆၃။ | ရူပဝိဘာဂကိုပြခြင်း | ၂၀၆။ |
| ၆၄။ | ရူပ သမုဋ္ဌာနကိုပြခြင်း | ၂၁၁။ |
| ၆၅။ | ရူပ ကလာပကိုပြခြင်း | ၂၁၉။ |
| ၆၆။ | ရူပ ပဝတ္တိက္ကမကိုပြခြင်း | ၂၂၆။ |
| ၆၇။ | နိဗ္ဗာနအရကိုပြခြင်း | ၂၃၃။ |
| ၆၈။ | သမုစ္စယသင်္ဂဟာကိုပြခြင်း | ၂၃၆။ |

| အမှတ်စဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၆၉။ | အကုသလသင်္ဂဟကိုပြခြင်း | ၂၃၆။ |
| ၇၀။ | မိဿကသင်္ဂဟကိုပြခြင်း | ၂၄၄။ |
| ၇၁။ | သဗ္ဗသင်္ဂဟကိုပြခြင်း | ၂၅၉။ |
| ၇၂။ | ပစ္စယသင်္ဂဟကိုပြခြင်း | ၂၇၁။ |
| ၇၃။ | ပဋိစ္စသမုပ္ပါဒနည်းကိုပြခြင်း | ၂၇၂။ |
| ၇၄။ | ပဋ္ဌာန်းနည်းကိုပြခြင်း | ၂၈၄။ |
| ၇၅။ | ဆဓါနာမန္တုနာမဿကိုပြခြင်း | ၂၈၇။ |
| ၇၆။ | ပဉ္စဓါနာမရူပိနံအရကိုပြခြင်း | ၂၉၀။ |
| ၇၇။ | ဧကဓါပုနရူပဿကိုပြခြင်း | ၂၉၄။ |
| ၇၈။ | ပညတ္တိနာမရူပါနိ နာမဿဒုပိဓါ အရကိုပြခြင်း။ | ၂၉၇။ |
| ၇၉။ | ဒွယံ ဒွယဿ နဝဓါအရကိုပြခြင်း | |
| ၈၀။ | ပညတ္တိအရကိုပြခြင်း | ၃၁၅။ |
| ၈၁။ | ဝစီဃောသာနုသာရေနအရကို ပြခြင်း | ၃၂၁။ |
| ၈၂။ | ကမ္မဋ္ဌာနသင်္ဂဟကိုပြခြင်း | ၃၂၃။ |
| ၈၃။ | အသုဘဆယ်ပါးပွားများပုံ | ၃၂၈။ |
| ၈၄။ | အနုဿတိဆယ်ပါး ပွားများပုံ | ၃၃၁။ |
| ၈၅။ | သပ္ပာယဘေဒကိုပြဆိုခြင်း | ၃၄၇။ |
| ၈၆။ | ဘာဝနာအပြားကိုပြခြင်း | ၃၅၂။ |
| ၈၇။ | ဂေါစရဘေဒကိုပြခြင်း | ၃၆၄။ |
| ၈၈။ | ဝိပဿနာကမ္မဋ္ဌာနကိုပြခြင်း | ၃၆၇။ |

| အခန်းစဉ်၊ | အကြောင်းအရာ။ | စာမျက်နှာ |
|---|---|---|
| ၈၉၊ | လက္ခဏာကိုပြခြင်း | ၃၇၃၊ |
| ၉၀၊ | ဉာဏဘေဒကိုပြခြင်း | ၃၇၅၊ |
| ၉၁၊ | ဝိမောက္ခဘေဒကိုပြခြင်း | ၃၇၉၊ |
| ၉၂၊ | အနုပဿနာကိုပြခြင်း | ၃၈၀၊ |
| ၉၃၊ | သောတာပန်ပုဂ္ဂိုလ်အပြားကို ပြခြင်း | ၃၈၅၊ |
| ၉၄၊ | အရိယာဟုတ်မဟုတ် စမ်းနည်း | ၃၈၇၊ |
| ၉၅၊ | ဖလသမာပတ်ကိုပြခြင်း | ၃၈၉၊ |
| ၉၆၊ | နိရောဓသမာပတ်ကိုပြခြင်း | ၃၉၀၊ |
| ၉၇၊ | နိဂုံး | ၃၉၃၊ |
| ၉၈၊ | အာရုံပြုသံပေါက်လင်္ကာ | ၃၉၆၊ |
| ၉၉၊ | ဘုံပုဂ္ဂိုလ်ရဘေးတပ် | ၃၉၉၊ |
| ၁၀၀၊ | ဘုံပုဂ္ဂိုလ်ရသံပေါက် | ၄၀၀၊ |
| ၁၀၁၊ | ကာမဘုံစိတ်ရသံပေါက် | ၄၀၀၊ |
| ၁၀၂၊ | ရူပဘုံစိတ်ရသံပေါက် | ၄၀၀၊ |
| ၁၀၃၊ | အရူပဘုံစိတ်ရသံပေါက် | ၄၀၁၊ |
| ၁၀၄၊ | ကာမဝစရပုဂ္ဂိုလ်စိတ်ရ သံပေါက် | ၄၀၁၊ |
| ၁၀၅၊ | ရူပါဝစရပုဂ္ဂိုလ်စိတ်ရ သံပေါက် | ၄၀၃၊ |
| ၁၀၆၊ | အရူပါဝစရပုဂ္ဂိုလ်စိတ်ရသံပေါက် | ၄၀၃၊ |
| ၁၀၇၊ | သတ္တဝါသ၊ ဘုံကိုးဝ၊ သံပေါက် | ၄၀၄၊ |

# သင်္ဂြိုဟ်အမေး-အဖြေကျမ်း၊

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဝန္ဒိတွာ ရတနတ္တယံ၊ မနုဿဒေဝပူဇိတံ။
သင်္ဂဟဿာဘိဓမ္မတ္ထ၊ လိခိဿံ ပဉှတောတ္တရံ။

အဟံ၊ ခန္ဓာငါးခု၊ ပေါင်းစုသမုတ်၊ အကျွန်ုပ်သည်။ မနုဿဒေဝပူဇိတံ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့သည်၊ ကြည်သာလေးမြတ်၊ ပူဇော်အပ်တော်မူသော။ ရတနတ္တယံ၊ ဘုရားအစ၊ မြတ်မွန်လှသည့်၊ ဓမ္မသံဃာ၊ ရတနာမြတ်၊ သုံးပါးနတ်ကို။ ဝန္ဒိတွာဝန္ဒာမိ၊ နဖူးထိပ်ပြင်၊ လက်ရှက်တင်ချျက်၊ ကြည်လင်သဒ္ဒါ၊ ရှိခိုးပါ၍။ ဝန္ဒိတွာ၊ နဖူးထိပ်ပြင်၊ လက်ရှက်တင်ချျက်၊ ကြည်လင်ညွတ်ကျိုး၊ ရှိခိုးဦး၍။ အဘိဓမ္မတ္ထသင်္ဂဟဿ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ခေါ်ဆိုမည်မှန်း၊ လက်သန်းအဋ္ဌကထာကျမ်း၏။ ပဉှတောတ္တရံ၊ ပုစ္ဆာဝိဿဇ္ဇနာ - မည်သာနှင့်လန်း မေး ဖြေ ကျမ်းကို။ လိခိဿံ၊ ကရုဏာရှေ့သွား၊ စိတ်ကိုထား၍၊ အားပါးထုတ်ခါ၊ ရေးသားပါအံ့။

ဓမ္မဒီပိကအာရာမေ၊ ဝသန္တေနမယာကတံ။
ဣမံပုစ္ဆာဝိဿဇ္ဇနံ၊ ပဿန္တုတရုဏာဇနာ။

No, 1

ဓမ္မဒီဒိကအာရာမေ၊ ဓမ္မဒီပိကာဟု မနာမမည်ကြီး၊ ကျောင်းတိုက်ကြီး၌။ ဝသန္တနှ၊ ဗျောင်းဘိုင်ရပ်ဘွား၊ လေးပါးသူရိယာ၊ သာသာကြည်ဖြူ၊ နေ့ခတော်မှုသော၊ ပယား၊ သံသရာဂူဘေး ကင်းလွတ်ရေးကို၊ ထောက်ခတွေးရှု စာ၊ ရဟန်းငါသည်။ ကဘံ၊ ကရုဏာရှေးရှု၊ ရေးသားမှုခု အပ်ခဲ့သော။ ဆူခံ ၇ ဆွာ ၁ ဒိသ္သနှုန်း၊ ဤသင်္ဂြိုဟ်အမေး အဖြေကျမ်းကို။ တခုဘာ၊ ဖိုပြစ်ဌနယ်၊ ငယ်ရွယ်သူဖြစ်ကြကုန်သော။ ဇနာ၊ ပညာလိုလား၊ စာသင်သားတို့သည်။ ပသသန္တု၊ နေ့ညဥ့်မပဲ၊ အားထုတ်၍၊ ငွေမြဲမကွာ၊ နှုတ်ကြည့်ကြပါကုန်လော။ ,

## ဒိဋ္ဌိပိုင်း။

အမေး။ ပရမတ္ထတရားကား အဘယ်မျှအရေအတွက်ရှိပါသနည်း။

အဖြေ။ စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်အားဖြင့်-လေးပါးအရေအတွက်ရှိပါသည်။

အမေး။ ထိုလေးပါးသော တရားတို့ကို အဘယ့်ကြောင့် ပရမတ်ဟုခေါ်ပါသနည်း။

အဖြေ။ မဖေါက်မပြန် မြတ်သောသဘော ရှိသောကြောင့် ပရမတ်ဟုခေါ်ပါသည်။

တနည်း။ မြတ်သော သဗ္ဗညုတ ဉာဏ်တော်၏ အာရုံဖြစ်သောကြောင့် ပရမတ်ဟုခေါ်ပါသည်။

အမေး။ ဘယ်လိုမဖေါက်မပြန်သည်ကို မြတ်သည်ဟုဆိုပါသနည်း။

အဖြေ။ စိတ်သည် အာရုံကိုသိခြင်းဝိဇာနနလက္ခဏာမှ အာရုံကိုတွေ့ထိခြင်း ဖုဿနစသော လက္ခဏာသို့ ပြောင်းလွဲအောင် - ဖေါက်ပြန်ခြင်း မရှိသည်ရင်း—စေတသိက်တို့တွင်—ဖဿစေတသိက်သည်-အာရုံကို တွေ့ထိခြင်းသဘောမှ- ခံစားခြင်း အနုဘဝန စသော-လက္ခဏာသို့- ပြောင်းလွဲအောင်-ဖေါက်ပြန်ခြင်း မရှိသည်ကိုရင်း-ရုပ်တို့တွင် ပထဝီဓာတ်သည်-ခိုင်မာခြင်း ကက္ခဠလက္ခဏာမှ-ဖွဲ့စီးခြင်း အာဗန္ဓန စသောလက္ခဏာသို့ပြောင်းလွဲအောင်ဖေါက်ပြန်ခြင်း မရှိသည်ကိုရင်း-နိဗ္ဗာန်သည်-ငြိမ်းအေးခြင်းသန္တိသုခ လက္ခဏာမှ—ဝေဒယိတ သုခ လက္ခဏာသို့ ပြောင်းလွဲအောင် - ဖေါက်ပြန်ခြင်း မရှိသည်ကိုရင်း မြတ်သည်ဟု ဆိုပါသည်။

တနည်း။ မြတ်သောသဗ္ဗညုတဉာဏ်၏အာရုံဖြစ်သောကြောင့်ပရမတ်ဟုခေါ်ပါသည်။

အမေး။ မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သော တရားကို-ပရမတ်ဟု ခေါ်ခဲ့ပါလျှင်- ပညတ်တရားသည်လည်းမြတ်သောသဗ္ဗညုတဉာဏ်၏အာရုံဖြစ်သောကြောင့် ပရမတ်ဟုခေါ်သင့်ပါသည်မဟုတ်ပါလော။

အဖြေ။ ပညတ် တရားသည် မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သော်လည်း-ပရမတ္ထသဒ္ဒါသည်ပညတ်၌မသင်-စိတ်အစရှိသော-လေးပါးသော တရားတို့၌ သာလျှင် ထင်သောကြောင့်-အထင်ရုဠှီအားဖြင့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် တို့ကို သာလျှင် ပရမတ်ဟုခေါ်ပါသည် - ပညတ်တရားကို ပရမတ်ဟု မခေါ်သင့်ပါ။

အမေး။ အဘယ့်ကြောင့် စိတ်ဟုခေါ်ဝေါ်ပါသနည်း။

အဖြေ။ ရူပါရုံ အစရှိသော အာရုံခြောက်ပါးကို သိတတ်သောကြောင့် စိတ်ဟုခေါ်ပါသည်။

အမေး။ အဘယ့်ကြောင့် စေတသိက်ဟု ခေါ်ပါသနည်း။

အဖြေ။ စိတ်၌ယှဉ်တတ်-ဖြစ်တတ်သောကြောင့် စေတသိက်ဟုခေါ်ပါသည်။

အမေး။ အဘယ့်ကြောင့် ရုပ်ဟုခေါ်ပါသနည်း။

အဖြေ အချမ်းအပူ အစရှိသော-ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်ဖြစ်၍ ရုပ်ဟုခေါ်ပါသည်။

အမေး၊ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟု ခေါ်ခဲ့ပါလျှင်-မဖောက်မပြန် မြတ်သောသဘောရှိသောကြောင့် ပရမတ်ဟု ဆိုသော အဖြေစကားနှင့် ပုဗ္ဗာပရဝိရောဓိဒေါသ ဖြစ်သင့်သည်မဟုတ်ပါလော။

**အဖြေ။** ရုပ်သည် ပေါက်ပြန်၏ဟု ဆိုသော်လည်း—ပညတ်ကဲ့သို့မိမိ၏ ကလ္လဠ္ဌစသောသဘောကို စွန့်၍ ပေါက်ပြန်သည် မဟုတ်-အချမ်း အပူစသော ဆန့်ကျင့်ဘက်အကြောင်းတို့၏ အညီအညွတ်ပေါင်းမိခြင်းကြောင့် ရှေ့ရုပ်အစဉ်မှ တူသော-နောက်ရုပ် အစဉ်၏ ဖြစ်ခြင်းမျှကို သာလျှင် ပေါက်ပြန်သည်ဟု ဆိုသောကြောင့် အထက်ပါ အဖြေနှစ်ရပ်တို့သည် ညီညွတ်ကြသည်ဖြစ်၍ ပုဗ္ဗာပရ ဝိရောဓိဒေါသ မဖြစ်သင့်ပါ။

**အမေး။** အဘဲ့ကြောင့် နိဗ္ဗာန်ခေါ်ပါသနည်း။

**အဖြေ။** ခန္ဓာငါးပါးတို့၏ကုန်ဆုံးရာ-ငြိမ်းရာဖြစ်သောကြောင့်ရင်း-ရာဂ ဒေါသ အစရှိသော တဆဲ့တပါးသောမီးတို့၏ငြိမ်းရာ-ချုပ်ရာဖြစ်သောကြောင့်ရင်း-နိဗ္ဗာန်ဟုခေါ်ပါသည်။

**အမေး။** ထိုလေးပါးသော တရားတို့တွင်- စိတ္တံအရ—အဘယ်မျှပြားပါသနည်း။

**အဖြေ။** ကာမာဝစရစိတ် ရူပါဝစရစိတ် အရူပါဝစရစိတ် လောကုတ္တရာစိတ်ဟု စိတ္တံအရလေးပါးပြားပါသည်။

**အမေး။** အဘဲ့ကြောင့် ကာမာဝစရ စိတ်ဟု ခေါ်ပါသနည်း။

အဖြေ။ အာရုံပြုသည့်အစွမ်းအားဖြင့်-ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့်-ကာမာဝစရ စိတ်ဟုခေါ်ပါသည်။

တနည်း။ ကာမတဏှာဟုဆိုအပ်သော တဏှာ၏ များသောအားဖြင့် ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရ စိတ်ဟု ခေါ်ပါသည်။

အမေး။ အဘယ့်ကြောင့်ရူပါဝစရစိတ်ဟုခေါ်ပါသနည်း။

အဖြေ။ အာရုံပြုသည့် အစွမ်းအားဖြင့်–ရူပ တဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ရူပါဝစရ စိတ် ဟုခေါ်ပါသည်။

တနည်း။ အသညသတ်ကြဉ်သော ရူပတဆဲ့ ငါးဘုံတို့၌ များသောအားဖြင့် ကျင်လည်ရာ ဖြစ်ရာ သောကြောင့် ရူပါဝစရစိတ်ဟုခေါ်ပါသည်။

အမေး။ အဘယ့်ကြောင့် အရူပါဝစရ စိတ်ဟု ခေါ်ပါ သနည်း။

အဖြေ။ အာရုံပြုသည့် အစွမ်းအားဖြင့် အရူပတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် အရူပါဝစရ စိတ်ဟုခေါ်ပါသည်။

တနည်း။ အရူပလေးဘုံတို့၌ များသောအားဖြင့် ကျင် လည်ရာဖြစ်ရာသောကြောင့်အရူပါဝစရ စိတ်ဟုခေါ်ပါသည်။

အမေး။ အဘယ့်ကြောင့် လောကုတ္တရာ စိတ်ဟု ခေါ်ပါ သနည်း။

| | |
|---|---|
| အဖြေ။ | ဥပါဒါန်၏အာရုံဖြစ်သော-သာသြဝရလောကမှ-လွတ်ဆဲ လွတ်ပြီး ဖြစ်သောကြောင့် လောကုတ္တရာစိတ်ဟုခေါ်ပါသည်။ |
| အမေး။ | ကာမာဝစရစိတ်သည် အဘယ်မျှပြားပါသေးသနည်း။ |
| အဖြေ။ | အကုသိုလ်စိတ်- အဟိတ်စိတ်- ကာမာဝစရစိတ်အားဖြင့် သုံးပါးပြားပါသေးသည်။ |

## အကုသိုလ်စိတ်ကိုပြခြင်း။

| | |
|---|---|
| အမေး။ | အကုသိုလ် စိတ်ကား အဘယ်မျှ အရေတွက်ရှိပါသနည်း။ |
| အဖြေ။ | လောဘမူစိတ်ရှစ်ပါး- ဒေါသမူစိတ်နှစ်ပါး-မောဟမူစိတ်နှစ်ပါးအားဖြင့် ၁၂-ပါးရှိပါသည်။ |
| အမေး။ | အကုသိုလ်စိတ်သည် အဘယ်လက္ခဏာ ရှိပါသနည်း။ |
| အဖြေ။ | အပြစ်နှင့်တကွမကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိပါသည်။ |
| အမေး။ | လောဘမူစိတ်ရှစ်ပါး၏ သရုပ်ကို ရေတွက်၍ပြပါ။ |
| အဖြေ။ | သောမနဿ-သဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-အသင်္ခါရိကစိတ်တခု-သသင်္ခါရိကစိတ်တခု-သောမနဿသဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ်-အ |

သင်္ခါရိက စိတ်တခု—သသင်္ခါရိက စိတ်တခု—ဥပေက္ခာ သဟဂုတ်-ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်တခု-သသင်္ခါရိက စိတ်တခု-ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တခုအားဖြင့် ရှစ်ပါးဖြစ်ပါသည်။

**အမေး။** ဒေါသမူ စိတ်နှစ်ပါး၏ သရုပ်ကို ရေတွက်၍ ပြပါ။

**အဖြေ။** ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-အသင်္ခါရိကစိတ်တခု-သသင်္ခါရိက စိတ်တခုအားဖြင့် ဒေါသမူစိတ်နှစ်ပါးဖြစ်ပါသည်။

**အမေး။** မောဟမူ စိတ်နှစ်ပါး၏ သရုပ်ကို ရေတွက်ပြပါ။

**အဖြေ။** ဥပေက္ခာသဟဂုတ်-ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခု-ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု အားဖြင့် မောဟမူ စိတ်နှစ်ပါး ဖြစ်ပါသည်။

**အမေး။** မောဟမူ စိတ်သည်-သင်္ခါရ နှစ်ပါး တို့တွင် အဘယ်သင်္ခါရဖြစ်ပါသနည်း။

**အဖြေ။** အချို့ဆရာတို့က-သင်္ခါရဝိမုတ်စိတ်ဟု ပြောကြပါသည်-အချို့ဆရာတို့က-သဘောအားဖြင့် ထက်သည်ဖြစ်၍-တိုက်တွန်းအပ်သည်၏ အဖြစ် မရှိသောကြောင့် အသင်္ခါရိက စိတ်ဟု ပြောကြပါသည်။

မေး။ အကုသိုလ် စိတ်၌ သောမနဿ – ဥပေက္ခာ– သမ္ပယုတ်-ဝိပ္ပယုတ်-အသင်္ခါရိက-သသင်္ခါရိက အားဖြင့်အရေအတွက်အဘယ်မျှစိ ရှိပါသနည်း။

ဖြေ။ သောမနဿ လေးပါး-ဥပေက္ခာ ခြောက်ပါး– သမ္ပယုတ် ရှစ်ပါး-ဝိပ္ပယုတ် လေးပါး- အသင်္ခါ ရိကခုနစ်ပါး-သသင်္ခါရိကငါးပါးအရေအတွက် ရှိပါသည်။

မေး။ အဘယ်မျှသောအကြောင်းတို့နှင့်ညီညွတ်ပါလျှင် သောမနဿဖြစ်ပါသနည်း။

ဖြေ။ သဘောအားဖြင့် ရာဂ္ဂဗှုလ်ရုံဖြစ်ခြင်း-အနိဋ္ဌာရုံကို– ပေါက်ပြန်သောအားဖြင့်-ဣဋ္ဌာရုံဟု မှတ်ထင် ခြင်း-သောမနဿစိတ်ဖြင့်-ပဋိသန္ဓေ နေခဲ့ခြင်း အနည်း ငယ်သော ဝဏ္ဏကို ရသည့်ရှိသော်– ဝမ်းမြောက် နှစ်သက် လွယ်ခြင်း- အစရှိသော အကြောင်းတို့နှင့်ညီညွတ်လျှင် လောဘမူသော မနဿစိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် လောဘ မူဥပေက္ခာစိတ်ဖြစ်ပါသနည်း။

ဖြေ။ ဥပေက္ခာစိတ်နှင့် ပဋိသန္ဓေ နေခဲ့ခြင်း-ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း - အနည်းငယ်သော- ဝဏ္ဏကိုရ သော်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ အလို ကြီးခြင်းစသော အကြောင်းတို့နှင့် ညီညွတ် ပါ လျှင်-လောဘမူဥပေက္ခာစိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်ပါသနည်း။

ဖြေ။ ဖေါက်ပြန်သော အယူရှိသောသူကို မှီဝဲဆည်းကပ်ခြင်း-သဿတအယူ-ဥစ္ဆေဒအယူ ကိန်းခြင်း-သူတော် ကောင်းတို့၏ တရားနှင့် ဝေးကွာခြင်း-မိစ္ဆာ ဝိတက်များခြင်း အစရှိသော အကြောင်းတို့နှင့် ညီညွတ်လျှင်-ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် အသင်္ခါရိက အကုသိုလ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ လျော်ကပ်သော-ဥတု-ဘောဇဉ်-ကျောင်းအိပ်ရာနေရာ-ကျမ်းမာခြင်း-အစ ရှိသော-အကြောင်းတို့နှင့် ညီညွတ်လျှင် အသင်္ခါရိက-အကုသိုလ်စိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် သသင်္ခါရိကအကုသိုလ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ မလျော်ကပ်သော-ဥတု-ဘောဇဉ်-ကျောင်းအိပ်ရာနေရာ-မကျန်းမာခြင်း အစရှိသော အကြောင်းတို့နှင့်ညီညွတ်လျှင် သသင်္ခါရိက အကုသိုလ်စိတ်ဖြစ်ပါသည်။

ဒေါမနဿ-ပဋိဃနှစ်ပါးတို့သည်- အဘယ်သို့သဘောထူးကြပါသနည်း။

ဖြေ။ ဒေါမနဿကား-အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော - ဝေဒနာက္ခန္ဓာ၌ အကြုံးဝင်သော-ဒေါမနဿ ဝေဒနာတည်း။ ပဋိဃကား-ကြမ်းတမ်းသော သဘောရှိသော သင်္ခါရက္ခန္ဓာ၌ အကြုံးဝင်သော ဒေါသစေတသိက်တည်း။ ဤသို့ သဘောထူးကြပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့် ညီညွတ်လျှင်၊ ဒေါမနဿစိတ်ဖြစ်ပါသနည်း။

ဖြေ။ သဘာဝဖြစ်သော အနိဋ္ဌာရုံ-ရှုဋ္ဌမဇ္ဈတ္တာရုံကို-အနိဋ္ဌာရုံဟု-ကြံဆအပ်သော ပရိကပ္ပအာရုံဖြစ်ခြင်း၊အာဃာတဝတ္ထု ကိုးပါးတို့တွင် တပါးပါးဖြစ်ခြင်းအစရှိသော အကြောင်းတို့နှင့် ညီညွတ်လျှင် ဒေါမနဿစိတ်ဖြစ်ပါသည်။

## အဟိတ်စိတ်ကိုပြခြင်း။

မေး။ အဟိတ်စိတ်ကား အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ အကုသလဝိပါက်စိတ်ခုနစ်ပါး အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး-အဟိတ်ကြိယာစိတ် သုံးပါးအားဖြင့် အဟိတ်စိတ်ပေါင်း တဆဲ့ရှစ်ပါး အရေအတွက်ရှိပါသည်။

မေး။ အကုသလဝိပါက်စိတ် ခုနစ်ပါးအရ - သရုပ်ကို ရေတွက်၍ပြစမ်းပါ။

ဖြေ။ ဥပေက္ခာသဟဂုတ် - စက္ခုဝိညာဏ်စိတ်တခု- သောတဝိညာဏ်စိတ်တခုဃာနဝိညာဏ်စိတ်တခုဇိဝှါဝိညာဏ်စိတ်တခု-ဒုက္ခသဟဂုတ်-ကာယဝိညာဏ်စိတ်တခု -ဥပေက္ခာသဟဂုတ် - သမ္ပဋိစ္ဆိုင်းစိတ်တခု-ဥပေက္ခာသဟဂုတ်-သန္တီရဏစိတ်တခု-အားဖြင့် အကုသလဝိပါက် စိတ် ခုနစ်ပါးဖြစ်ပါသည်။

မေး။ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါးအရသချပ်ကို ရေတွက်ပြစမ်းပါ။

ဖြေ။ ဥ ပေက္ခာ သဟဂုတ်-စက္ခုဝိညာဏ် စိတ်တခု- သောတဝိညာဏ်စိတ်တခုဃာနဝိညာဏ်စိတ်တခု-ဇိဝှါဝိညာဏ်စိတ်တခု-သုခသဟဂုတ်ကာယဝိညာဏ်စိတ်တခု-ဥပေက္ခာသဟဂုတ် - သမ္ပဋိစ္ဆိုင်းစိတ်တခု-သောမနဿသဟဂုတ် သန္တီရဏစိတ်တခု-ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခုအားဖြင့် အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါးဖြစ်ပါသည်။

မေး။ အဟိတ် ကြိယာ စိတ် သုံးပါး၏ သချပ်ကို ရေတွက်ပြပါ။

ဖြေ။ ဥပေက္ခာသဟဂုတ် - ပဉ္စဒွါရဝဇ္ဇန်း စိတ်တခု- မနောဒွါရဝဇ္ဇန်းစိတ်တခု-သောမနဿ သဟဂုတ်-ဟသိတုပ္ပါဒ် စိတ်တခု အားဖြင့် အဟိတ်ကြိယာစိတ်-သုံးပါးဖြစ်ပါသည်။

မေး။ အဟိတ်စိတ်ကို - သမ္ပယုတ်စိတ်–ဝိပ္ပယုတ်စိတ် တို့တွင် အဘယ်စိတ်ဟု ပြောကြပါသနည်း။

ဖြေ။ အချို့ဆရာတို့က ဝိပ္ပယုတ်စိတ်ဟူ၍၎င်း၊ အချို့ ဆရာတို့က သမ္ပယုတ် ဝိပ္ပယုတ်မှ လွတ်သော စိတ်ဟူ၍၎င်း နှစ်မျိုးနှစ်ဌာန ပြောကြပါသည်။

မေး၊ အဟိတ်စိတ်ကို အသင်္ခါရိကစိတ်- သသင်္ခါရိက စိတ်တို့တွင် အဘယ်စိတ်ဟု ပြောကြပါသနည်း။

ဖြေ။ အချို့ဆရာတို့က အသင်္ခါရိက စိတ်ဟူ၍၎င်း– အချို့ဆရာတို့က သင်္ခါရဝိပ္ပယုတ်စိတ်ဟူ၍၎င်း– နှစ်မျိုးနှစ်ဌာန ပြောကြပါသည်။

မေး။ အဟိတ်ကုသလဝိပါက်စိတ်၌ - ကုသလဝိပါကံ ဟူသော-ဝိသေသနပုဒ်ကို အရှင်အနုရုဒ္ဓါ ဆရာ သည်- အဘဲကြောင့် ဆိုတော်မူပါသနည်း။

ဖြေ။ အကုသိုလ်စိတ်၏အခြားမဲ့ ဆိုသည့်ဖြစ်၍၊ အကု သိုလ်၏အကျိုး ဝိပါက်စိတ်ဟု-ထင်မှတ်ဖွယ်ရှိ သောကြောင့်-ကုသလဝိပါကံဟူသော ဝိသေ သနပုဒ်ကိုဆိုပါသည်။

မေး။ စက္ခုဝိညာဏ်ဓွေး–သောတဝိညာဏ်ဓွေး ဃာန ဝိညာဏ်ဓွေး-ဇိဝှါဝိညာဏ်ဓွေး တို့သည် အ ဘယ်ကြောင့် ဥပေက္ခာဖြစ်ကြပါသနည်း။

ဖြေ။ ဥပါဒါနိရုပ်တို့၏-အချင်းချင်း ထိကြခြင်းသည်၊ ဝါဂွမ်းစု နှစ်ခုတို့၏ ထိခြင်းကဲ့သို့–အားနည်း သောကြောင့် ဥပေက္ခာဖြစ်ပါသည်။

မေး။ ကာယပဿဒ္ဓိဝိညာဏ်ဖွေးသည်၊ အဘယ့်ကြောင့်-သုခ-ဒုက္ခသဟဂုတ် ဖြစ်ပါသနည်း။

ဖြေ။ ကာယပသာဒ၏ မှီရာဖြစ်သော-မဟာဘုတ်-ပေါဋ္ဌဗ္ဗာရုံဖြစ်သော မဟာဘုတ်တို့-အချင်းချင်း ထိခြင်းသည်-အားကြီးသောကြောင့် - သုခသဟဂုတ်-ဒုက္ခသဟဂုတ်ဖြစ်ပါသည်။

မေး။ သမ္ပဋိစ္ဆန္နစိတ်သည်-အဘယ့်ကြောင့် ဥပေက္ခာ ဖြစ်ပါသနည်း။

ဖြေ။ တူသောမှီရာရှိသောစိတ်မှ-အနန္တရပစ္စည်းကို-မရသည်ဖြစ်၍-အားနည်းသည်ဖြစ်၍ရင်း။ အာရုံအရသာကိုအခြင်းခပ်သိမ်း မခံစားနိုင်၍ရင်း သံသမ္ပဋိစ္ဆန္နစိတ်သည် ဥပေက္ခာဖြစ်ပါသည်။

မေး။ အကုသလဝိပါက် သန္တီရဏ စိတ်သည်၊ အဘယ့် ကြောင့် ဥပေက္ခာဖြစ်သနည်း။

ဖြေ။ အနိဋ္ဌ မဇ္ဈတ္တာရုံကို အာရုံ ပြုသော ကြောင့် ဥပေက္ခာဖြစ်ပါသည်။

မေး။ အဟိတ် ကုသလ ဝိပါက်သန္တီရဏ စိတ်သည်၊ အဘယ့်ကြောင့် သောမနဿ ဖြစ်သနည်း။

ဖြေ။ ဣဋ္ဌာရုံကိုသာ အာရုံပြုသောကြောင့် သောမနဿ ဖြစ်ပါသည်။

မေး။ အဟိတ် ကုသလ ဝိပါက်သန္တီရဏ စိတ်သည်၊ အဘယ့်ကြောင့် ဥပေက္ခာဖြစ်သနည်း။

ဖြေ။ ဈာန္မဂ္ဂအာရုံကိုအာရုံပြုသောကြောင့်ဥပေက္ခာ ဖြစ်ပါသည်။

မေး။ ကုသိုလ်၏ အကျိုးဖြစ်သော သန္တီရဏစိတ်ကို အဘယ့်ကြောင့် နှစ်ပါးဆိုပါသနည်း။

ဖြေ။ ဈာန္မာရုံ-ဈာန္မဂ္ဂအာရုံတို့၏အစွမ်းအားဖြင့်၊ဝေဒနာအထူး ဖြစ်သင့်သောကြောင့် ကုသိုလ်၏ အကျိုး၊ သန္တီရဏစိတ်ကို နှစ်ပါးဆိုပါသည်။

မေး။ ပဥ္စဒွါရဝဇ္ဇန်းစိတ်သည်၊အဘယ့်ကြောင့်ဥပေက္ခာ ဖြစ်ပါသနည်း။

ဖြေ။ တစုံတခုသော စိတ်သည်၊ မယှဉ်ဘူးသေးသော အာရုံ၌ တကြိမ်သာဖြစ်၍၊ အာရုံကို ခံစားခြင်း ကင်းသောကြောင့် ဥပေက္ခာဖြစ်ပါသည်။

မေး။ မနောဒွါရဝဇ္ဇန်း စိတ်သည်၊ အဘယ့်ကြောင့် ဥပေက္ခာဖြစ်ပါသနည်း။

ဖြေ။ ရှေ့စိတ်နှင့် မတူသော နောက်စိတ် အစဉ်ကို လည်စေတတ်သည် အစွမ်းအားဖြင့် ဗျာပါရ တပါးကိုငဲ့သည်ဖြစ်၍၊အချင်းခပ်သိမ်း အာရုံ၏ အရသာကိုခံစားခြင်း မရှိသောကြောင့်၊ မနော ဒွါရဝဇ္ဇန်းစိတ်သည်၊ ဥပေက္ခာဖြစ်ပါသည်။

မေး။ ဟသိတုပ္ပါဒ် စိတ်သည်၊ အဘယ့်ကြောင့် သောမနဿ ဖြစ်ပါသနည်း။

ဖြေ၊ မရိုးရင်းသောအာရုံ၌၊ ရဟန္တာပုဂ္ဂိုလ်တို့အား ထင်သော အချင်းအရာဖြင့် ဖြစ်ခြင်းကြောင့် သောမနဿဖြစ်ပါသည်။

မေး။ အဟိတ်စိတ်၌ သောမနဿ၊ ဥပေက္ခာ၊ ဝိပ္ပယုတ်၊ အသင်္ခါရိကအားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သောမနဿနှစ်ပါး၊ ဥပေက္ခာတဆဲ့လေးပါး၊ ဝိပ္ပယုတ်တဆဲ့ရှစ်ပါး၊ အသင်္ခါရိကတဆဲ့ရှစ်ပါး ရှိပါသည်။

မေး၊ အသောဘဏစိတ်ကား၊ အရေအတွက်အဘယ် မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်တဆဲ့နှစ်ပါး၊ အဟိတ်စိတ်တဆဲ့ ရှစ်ပါးအားဖြင့် သုံးဆယ်ရှိပါသည်။

မေး။ သောဘဏစိတ်ကား၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရ စိတ်၊ လောကုတ္တရာစိတ်အားဖြင့် သောဘဏ စိတ်ပေါင်း ငါးဆယ်ကိုးပါး ရှိပါသည်။

## ကာမာဝစရစိတ်ကိုပြခြင်း။

မေး။ ကာမာဝစရစိတ်ကား၊ အရေအတွက်အဘယ်မျှ ရှိပါသနည်း။

ကာမာဝစရကုသိုလ်စိတ်ရှစ်ပါး၊ သဟိတ် ကာ မာဝစရဝိပါက်စိတ်ရှစ်ပါး သဟိတ်ကာမာဝစ

ရကြိယာစိတ် ၅စ်ပါးအားဖြင့် နှစ်ဆဲ့လေးပါး ရှိပါသည်။

မေး။ ကာမာဝစရကုသိုလ်စိတ်၅စ်ပါးအရ၊ ရေတွက်၍ပြပါ။

ဖြေ။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိက ကုသိုလ်စိတ်တခု၊ သသင်္ခါရိက ကုသိုလ်စိတ်တခု၊ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိကကုသိုလ်စိတ်တခု၊သသင်္ခါရိက ကုသိုလ်စိတ်တခု၊ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ်၊ အသင်္ခါရိက ကုသိုလ်စိတ်တခု၊ သသင်္ခါရိကကုသိုလ်စိတ်တခု၊ ဥပေက္ခာ သဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ်တခု၊သသင်္ခါရိကကုသိုလ်စိတ်တခုအားဖြင့် ကာမာဝစရကုသိုလ်စိတ်သည် ၅စ်ပါး ဖြစ်ပါသည်။(ကုသိုလ်စိတ်ကဲ့သို့ ဝိပါက် ကြိယာစိတ်တို့ကိုလည်း၊၅စ်ပါးစီရအောင်ရေတွက်ပါလေ။)

မေး။ ကုသိုလ်စိတ်ကား၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိပါသည်။

မေး။ ကာမာဝစရစိတ်၌ သောမနဿ၊ ဥပေက္ခာ၊ သမ္ပယုတ်ဝိပ္ပယုတ်၊အသင်္ခါရိက၊သသင်္ခါရိကကား၊အဘယ်မျှ အရေအတွက် ရှိပါသနည်း။

ဖြေ။ သောမနဿတဆဲ့နှစ်ပါး၊ ဥပေက္ခာတဆဲ့နှစ်ပါး သမ္ပယုတ်တဆဲ့နှစ်ပါး ဝိပ္ပယုတ်တဆဲ့နှစ်ပါး-အသင်္ခါရိကတဆဲ့နှစ်ပါး သသင်္ခါရိကတဆဲ့နှစ်ပါး ၈ ရှိပါသည်။

မေး။ ဉာဏ်သင်္ခါရတို့သည်ဘယ်ကဲ့သို့အထူးပြုတတ်ပါသနည်း။

ဖြေ။ ရိယ်းသည် တခုတည်းသာ ဖြစ်သော်လည်း-ရိယ်းကောင်းလျှင်၊သုဘိက္ခ-ဝပြောခြင်း၊ရိယ်းခေါင်လျှင်-ဒုဗ္ဘိက္ခ-ငတ်မွတ်ခြင်း နှစ်ပါးကို ပြုသကဲ့သို့-ဉာဏ်သည်လည်း မိမိနှင့် ယှဉ်လျှင်-ဉာဏသမ္ပယုတ်-မိမိနှင့် မယှဉ်လျှင် ဉာဏဝိပ္ပယုတ်ဟူ၍ရင်း-သင်္ခါရသည်လည်း တိုက်တွန်းခြင်းနှင့်တကွ မဖြစ်လျှင် - အသင်္ခါရိက - တိုက်တွန်းခြင်းနှင့် တကွဖြစ်လျှင် သသင်္ခါရိကဟူ၍ ရင်း အထူးကိုပြုတတ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညွတ်လျှင်-မဟာကုသိုလ်သောမနဿစိတ်ဖြစ်ပါသနည်း။

ဖြေ။ လွန်ကဲသောသဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊သူ့ဒါန်းပူဇော်ခြင်း စသည်၌-အကျိုးရှိ၏ဟု-ကံ-ကံ၏အကျိုးကိုယုံကြည်ခြင်းတရားသဖြင့်ရအပ်သော အလှူဝတ္ထုဖြစ်ခြင်း၊အလှူခံပုဂ္ဂိုလ်စသည်တို့နှင့်ပြည့်စုံခြင်း၊ ၌ဆိုခဲ့ပြီးသော အကြောင်းတို့နှင့်

ညီညွတ်လျှင်-မဟာကုသိုလ် သောမနဿစိတ် ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် ကာမာဝစရကုသိုလ်ဥပေက္ခာစိတ်ဖြစ်ပါသနည်း။

ဖြေ။ နည်းသော သဒ္ဓါတရားရှိခြင်း-လှူဒါန်း ပူဇော်ခြင်းစသည်၌၊ အကျိုးရှိ၏ဟု-ကံ-ကံ၏ အကျိုးကို မယုံကြည်ခြင်း၊ တရားသဖြင့် ရအပ်သော အလှူဝတ္ထုမဖြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့ကို ရခဲခြင်းစသော အကြောင်းတို့နှင့် ညီညွတ်လျှင်-မဟာကုသိုလ်ဥပေက္ခာစိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့်ညီညွတ်လျှင် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ပညာဉာဏ်၏ ပြည့်စုံခြင်းကို အလိုရှိ၍-တရားဟောခြင်း - စာပေကျမ်းဂန် ပို့ချခြင်း-အပြစ်ကင်းသောဂဏန်းသင်္ချာအတတ် ဗေဒင်အတတ် ဆေးအတတ် - လက်သွားအတတ် စသည်ကို သင်ပေးခြင်း-ဒေါသကင်းသော-ရုပ်ဘုံ၌ ဖြစ်ခြင်း - ပညာဒသက အရွယ်နှင့်ပြည့်စုံခြင်း-ကိလေသာတို့ကို-ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်ခြင်း ပညာဉာဏ်ကို ဆုတောင်း၍ - ဒါန စသည်ကို ပြုခြင်းအစရှိသောအကြောင်းတို့ညီညွတ်ခဲ့လျှင် မဟာ ကုသိုလ် ဉာဏ သမ္ပယုတ်စိတ် ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့် ညီညွတ်လျှင် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ဖြစ်ပါသနည်း။

ဖြေ။ ပညာ ဉာဏ်၏ ပြည့်စုံခြင်းကို အလိုမရှိဘဲ၊ လာဘ်စသည်ကိုငဲ့၍-တရားဟောခြင်း စာချပို့ခြင်း စာသင်ခြင်း ကမ္မဋ္ဌာန်း နည်းပေး ဆရာလုပ်ခြင်း—အပြစ်ကင်းသော ဗေဒင် အတတ်ဂဏန်းသင်္ချာ အတတ်တို့ကို သင်ပေးခြင်း-ရူပဘုံ၌မဖြစ်ခြင်း—ပညာ ဒသက အစွယ်မှ လွန်ခြင်း — ကိလေသာ တို့ကို-ဝိက္ခမ္ဘနပဟာန်ဖြင့် မပယ်နိုင်ခြင်း - ပညာဉာဏ်၏ ပြည့်စုံခြင်းကို ဆုတောင်း၍၊ ဒါနစသောကုသိုလ်ကို မပြုခြင်း အစရှိသောအကြောင်းတို့နှင့်ညီညွတ်ပါလျှင်—မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့် ညီညွတ်လျှင် မဟာကုသိုလ်အသင်္ခါရိကစိတ်ဖြစ်ပါသနည်း။

ဖြေ။ လျှောက်ပတ်သော ကျောင်းအိမ်-အိပ်ရာနေရာ ဥတု-ဘောဇဉ်တို့နှင့် ပြည့်စုံသည့်အစွမ်းဖြင့်—ကိုယ်စိတ်တို့၏ ခိုင်ခန့် ကျန်းမာ သောကြောင့် အမှုကိစ္စတို့ကို ရွက်ဆောင်နိုင်ခြင်း၊ ရှေးရှေးသောဘဝတို့က-ဒါနသီလအစရှိသော ကုသိုလ်တရားတို့၌၊ အားထုတ်လို့ လေ့ပြုခဲ့ဘူးခြင်း၊ ယခုဘဝ၌လည်း ဒါနသီလစသော ကုသိုလ်တရားတို့ကိုအားထုတ်ခြင်း၊ ဘုရားအလောင်းသူတော်

ကောင်းတို့၏ ပုဗ္ဗာစရိယကို အောက်မေ့ခြင်း
အစရှိသော အကြောင်းတို့နှင့် ညီညွတ်လျှင်-
မဟာကုသိုလ်အသင်္ခါရိကစိတ်ဖြစ်ပါသည်။

မေး။ အဘယ်အကြောင်းတို့နှင့် ညီညွတ်လျှင်-မဟာ
ကုသိုလ်သသင်္ခါရိကစိတ်ဖြစ်ပါသနည်း။

ဖြေ။ အာဝါသအစရှိသော အကြောင်းတို့နှင့် - မညီ
ညွတ်သောကြောင့် - ကိုယ်စိတ်တို့၏ မခိုင်ခံ့
သဖြင့်-အမှုကိစ္စတို့ကို - မရွက်ဆောင်နိုင်ခြင်း-
ရှေးရှေးသောဘဝတို့က ဒါနသီလ အစရှိသော
ကုသိုလ် ကောင်းမှုတို့၌ အားထုတ်မှု နည်းပါး
ခဲ့ခြင်း၊ ယခုဘဝမှာလည်း ဒါန-သီလစသော
ကုသိုလ်တရားတို့၌ အားထုတ်မှု နည်းပါးခြင်း၊
ဘုရားအလောင်းသူတော်ကောင်းတို့၏ပုဗ္ဗာစရိ
ယကို မေ့လျော့စွာ နေခြင်း အစရှိသော အ
ကြောင်းတို့နှင့် ညီညွတ်ပါလျှင်၊ မဟာကုသိုလ်၊
သသင်္ခါရိကစိတ်ဖြစ်ပါသည်။

မေး။ ကာမစိတ်ကား၊ အရေအတွက် အဘယ်မျှ ရှိပါ
သနည်း။

ဖြေ။ အကုသိုလ်စိတ်ဒွါဒသ၊ အဟိတ်စိတ်အဋ္ဌာရသ၊
ကာမာဝစရစိတ်၊ စတုဝီသအားဖြင့် ကာမစိတ်
ပေါင်း ငါးဆယ်လေးပါး ရှိပါသည်။

မေး။ ကာမစိတ် ငါးဆယ်လေးပါးတို့တွင် သောမ
နဿစိတ်ပေါင်း အဘယ်မျှ ရှိပါသနည်း။

၅၁၈၂

ဖြေ။ လောဘမူစိတ်က သောမနဿ လေးပါး၊ အဟိတ်စိတ်က သောမနဿ သန္တီရဏစိတ်က တပါး၊ သောမနဿဟသိတုပ္ပါဒ်စိတ် တပါး၊ ကာမာဝစရစိတ်က၊ သောမနဿစိတ် တဆဲ့နှစ်ပါးအားဖြင့် သောမနဿစိတ်ပေါင်း တဆဲ့ရှစ်ပါးရှိပါသည်။

မေး။ ဥပေက္ခာစိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်က ဥပေက္ခာစိတ် ခြောက်ပါး၊ အဟိတ်စိတ်က ဥပေက္ခာစိတ် တဆဲ့လေးပါး၊ ကာမာဝစရစိတ်က ဥပေက္ခာစိတ်တဆဲ့နှစ်ပါးအားဖြင့် ဥပေက္ခာစိတ်ပေါင်း သုံးဆဲ့နှစ်ပါးရှိပါသည်။

မေး။ သောမနဿ၊ ဥပေက္ခာမှလွတ်သောစိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဒေါသမူစိတ်နှစ်ပါး၊ သုခဒုက္ခကာယဝိညာဏ်စိတ်နှစ်ပါးအားဖြင့် လေးပါးရှိပါသည်။

မေး။ ထိုငါးဆဲ့လေးပါးသောစိတ်တို့တွင် သမ္ပယုတ်စိတ်ပေါင်းကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်က သမ္ပယုတ်စိတ်ရှစ်ပါး၊ ကာမာဝစရစိတ်က သမ္ပယုတ်စိတ် တဆဲ့နှစ်ပါးအားဖြင့် သမ္ပယုတ်စိတ်ပေါင်း နှစ်ဆယ်ရှိပါသည်။

မေး။ ဝိပ္ပယုတ် စိတ် ပေါင်း ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်က ဝိပ္ပယုတ်စိတ် လေးပါး၊ အဟိတ်စိတ်က ဝိပ္ပယုတ်တဆဲ့ရှစ်ပါး၊ ကာမာဝစရစိတ်က ဝိပ္ပယုတ်စိတ် တဆဲ့နှစ်ပါး အားဖြင့် ဝိပ္ပယုတ်စိတ်ပေါင်း သုံးဆဲ့လေးပါး ရှိပါသည်။ အဟိတ်စိတ်ကိုမထိလျှင် တဆဲ့ခြောက်ပါး ရှိပါသည်။

မေး။ အသင်္ခါရိက စိတ်ပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်ကအသင်္ခါရိကစိတ်ခုနှစ်ပါး၊ အဟိတ်စိတ်က အသင်္ခါရိကစိတ်က တဆဲ့ရှစ်ပါး၊ ကာမာဝစရစိတ်က အသင်္ခါရိကစိတ် တဆဲ့နှစ်ပါးအားဖြင့် အသင်္ခါရိက စိတ်ပေါင်း သုံးဆဲ့ခုနှစ်ပါး ရှိပါသည်။
(မောဟမူစိတ်၊အဟိတ်စိတ်ကို မထိလျှင် တဆဲ့ခုနှစ်ပါးသာရှိသည်။)

မေး။ သသင်္ခါရိကစိတ်ပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်စိတ်က သသင်္ခါရိက စိတ်ငါးပါး၊ ကာမာဝစရ စိတ်က သသင်္ခါရိကစိတ် တဆဲ့နှစ်ပါးအားဖြင့် သသင်္ခါရိကစိတ်ပေါင်း တဆဲ့ခုနှစ်ပါး ရှိပါသည်။

မေး။ ကာမဝိပါက် စိတ်ပေါင်းကား၊ အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ အဟိတ်စိတ်က ဝိပါက်စိတ် တဆဲ့ငါးပါး၊ ကာမာဝစရစိတ်ကဝိပါက်စိတ်ရှစ်ပါးအားဖြင့်ကာမဝိပါက်စိတ်ပေါင်းနှစ်ဆဲ့သုံးပါးအရေအတွက် ရှိပါသည်။

မေး။ ကုသိုလ်-အကုသိုလ်စိတ်ပေါင်းကား၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမာဝစရ ကုသိုလ်စိတ်ရှစ်ပါး၊ အကုသိုလ်စိတ်တဆဲ့နှစ်ပါးအားဖြင့် နှစ်ဆယ်ရှိပါသည်။

မေး။ ကာမကြိယာစိတ်ပေါင်းကား၊အဘယ်မျှအရေအတွက် ရှိပါသနည်း။

ဖြေ။ အဟိတ် ကြိယာစိတ် သုံးပါး၊ သဟိတ် ကြိယာစိတ်ရှစ်ပါးအားဖြင့် တဆဲ့တပါး ရှိပါသည်။

မေး။ အဘယ်စိတ်တို့ကို ဒွိပဉ္စဝိညာဏ် တဆယ်ဟုခေါ်ပါသနည်း။

ဖြေ။ စက္ခုဝိညာဏ်ဒွေး၊သောတဝိညာဏ်ဒွေး၊ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေးတို့ကို ဒွိပဉ္စဝိညာဏ် တဆယ်ဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်တို့ကို မနောဓာတ်သုံးပါးဟု ခေါ်ပါသနည်း။

ဖြေ။ ပဉ္စဒွါရဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးတို့ကို မနော ဓါတ်သုံးပါးဟု ခေါ်ပါသည်။

မေး။ အဘယ် စိတ်တို့ကို အာဝဇ္ဇန်းဒွေးဟု ခေါ်ပါ သနည်း။

ဖြေ။ ပဉ္စဒွါရဝဇ္ဇန်းစိတ်၊ မနောဒွါရဝဇ္ဇန်းစိတ်တို့ကို အာဝဇ္ဇန်းဒွေးဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်ကိုဝုဋ္ဌောစိတ်ဟုခေါ်ပါသနည်း။

ဖြေ။ ပဉ္စဒွါရ၌ ဖြစ်သော မနောဒွါရဝဇ္ဇန်း စိတ်ကို ဝုဋ္ဌောစိတ်ဟု ခေါ်ပါသည်။

## ရူပါဝစရစိတ်ကိုပြခြင်း။

မေး။ ရူပါဝစရစိတ်ကား၊အဘယ်မျှ အရေအတွက်ရှိ ပါသနည်း။

ဖြေ။ ရူပါဝစရ ကုသိုလ်စိတ် ငါးပါး၊ ရူပါဝစရ ဝိပါက်စိတ် ငါးပါး၊ ရူပါဝစရ ကြိယာစိတ် ငါးပါးအားဖြင့် ရူပါဝစရစိတ် တဆဲ့ငါးပါးအ ရေအတွက် ရှိပါသည်။

မေး။ ရူပါဝစရ ကုသိုလ်စိတ် ငါးပါးကို ရေတွက်ပြ စမ်းပါ။

ဖြေ။ ဝိတက်၊ဝိစာရ၊ပီတိ၊သုခဧကဂ္ဂတာ - တည်းဟူ သော ဈာန်အင်္ဂါ ငါးပါနှင့် တကွ ဖြစ်သော ပထမဈာန်နှင့်ယှဉ်သော ရူပါဝစရကုသိုလ်စိတ် တချ၊ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်း ဟူ

သော ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်နှင့် ယှဉ်သော ရူပါဝစရ ကုသိုလ် စိတ်တခု၊ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယ ဈာန်နှင့်ယှဉ်သော ရူပါဝစရကုသိုလ်စိတ်တခု၊ သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ် ပါးနှင့်တကွဖြစ်သောစတုတ္ထဈာန်နှင့်ယှဉ်သော ရူပါဝစရ ကုသိုလ်စိတ်တခု၊ ဥပေက္ခာ-ဧကဂ္ဂ တာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော ရူပါဝစရ ကုသိုလ်စိတ် တခုအားဖြင့် ရူပါဝစရကုသိုလ် စိတ် ငါးပါးဖြစ်ပါသည်။

(ကုသိုလ်စိတ်ကဲ့သို့ ဝိပါက်ကြိယာ စိတ်တို့ လည်း ငါးပါးစီရအောင် ရေတွက်ကြပါ။)

မေး။ ရူပါဝစရစိတ်သည်၊ ဈာန်အင်္ဂါအားဖြင့်အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပဉ္စမိကဈာန်စိတ်၊ စတုတ္ထိကဈာန်စိတ်၊ တတိယိကဈာန်စိတ်၊ ဒုတိယိကဈာန်စိတ်၊ ပဌမိကဈာန် စိတ်ဟု ဈာန်အင်္ဂါအားဖြင့် ငါးပါးရှိပါသည်။

မေး။ ဗဿ-အစရှိသော သမ္ပယုတ်တရားတို့ ရှိကုန် လျက်၊ ဝိတက်စသော ငါးပါးသောတရားတို့ကို သာလျှင် ဈာန်အင်္ဂါ၏အဖြစ်ဖြင့် အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ သမထအာရုံသို့ကပ်၍၊ ရှုတတ်သောကိစ္စရှိသည့်၏အဖြစ်ကြောင့်၎င်း၊ ကာမစ္ဆန္ဒ စသည်တို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ခြင်းကြောင့် ၎င်း၊ ဝိတက်စသော ငါးပါးသော တရားတို့ကိုသာလျှင်ဈာန်အင်္ဂါ၏အဖြစ်ဖြင့်ဟောတော်မူပါသည်။

မေး။ ရူပစိတ်တဆဲ့ငါးပါးတို့တွင်အဘယ်စိတ်သည် ဥပေက္ခာစိတ်ဖြစ်ပါသနည်း။

ဖြေ။ ကုသိုလ်ဝိပါက်ကြိယာအားဖြင့်ပဉ္စမဈာန်စိတ် သုံးပါးသည် ဥပေက္ခာဖြစ်ပါသည်။

မေး။ ရူပစိတ်တဆဲ့ငါးပါးတို့တွင် အဘယ်စိတ်သည် သောမနဿစိတ်ဖြစ်ပါသနည်း။

ဖြေ။ ကုသိုလ်-ဝိပါက်-ကြိယာ-ပထမဈာန် စသော တဆဲ့နှစ်ပါးသောစိတ်ကား၊ သောမနဿစိတ် ဖြစ်ပါသည်။

မေး။ ရူပါဝစရစိတ်သည် သမ္မယုတ်-ဝိပ္ပယုတ်စိတ် နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ပညိန္ဒြေစေတသိက်နှင့် ယှဉ်သောကြောင့် သမ္မယုတ်စိတ်ဖြစ်ပါသည်။

မေး။ အသင်္ခါရိကစိတ်၊ သသင်္ခါရိက စိတ်နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ဓမ္မအတ္တဖြစ်သော ပုဗ္ဗာဘိသင်္ခါရနှင့် ကင်း၍မဖြစ်ခြင်းကြောင့် ရူပစိတ်တဆဲ့ငါးပါးကား၊ သသင်္ခါရိကစိတ်ဖြစ်ပါသည်။

## အရူပါဝစရစိတ်ကိုပြခြင်း။

မေး။ အရူပါဝစရစိတ်ကား၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အရူပါဝစရကုသိုလ်စိတ်လေးပါး၊ ဝိပါက်စိတ်လေးပါး၊ ကြိယာစိတ်လေးပါးအားဖြင့် အရေအတွက် တဆဲ့နှစ်ပါးရှိပါသည်။

မေး။ အရူပါဝစရ ကုသိုလ်စိတ် လေးပါးအရေ၊ ရေတွက်၍ပြစမ်းပါ။

ဖြေ။ အာကာသာနဉ္စာယတန ကုသိုလ်စိတ် တခု၊ ဝိညာဏဉ္စာယတနကုသိုလ်စိတ်တခု၊ အာကိဉ္စညာယတနကုသိုလ်စိတ်တခု၊ နေဝသညာနာသညာယတန ကုသိုလ်စိတ်တခု အားဖြင့် အရူပါဝစရကုသိုလ်စိတ်လေးပါး ရှိပါသည်။ (အရူပါဝစရကုသိုလ်စိတ်ကဲ့သို့ဝိပါက်ကြိယာစိတ်တို့ကိုလည်း ရေတွက်ပါလေ)

မေး။ အရူပါဝစရ စိတ်သည်–အာလမ္ဗဏဘေဒ အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကသိဏ်းကိုခွါ၍ ရအပ်သော - ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်

စိတ်-ထိုပထမာရုပ္ပဝိညာဏ်လျှင် အာရုံရှိသော ဒုတိယာရုပ္ပ ဝိညာဏ်စိတ် - ထိုပထမာ ရုပ္ပ ဝိညာဏ်၏မရှိခြင်း တည်းဟူသော–နတ္ထိဘော ပညတ်လျှင် အာရုံ ရှိသော - တတိယာ ရုပ္ပ ဝိညာဏ်စိတ်-ထို တတိယာရုပ္ပ ဝိညာဏ်လျှင် အာရုံရှိသောစတုတ္ထာရုပ္ပဝိညာဏ်စိတ်အားဖြင့် အရူပါဝစရစိတ်သည်-လေးပါးရှိပါသည်။

မေး။ အရူပဝစရစိတ်သည် - သောမနဿ-ဥပေက္ခာ နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ရူပါဝစရ ပဉ္စမဈာန်စိတ်နှင့် ဈာန်အင်္ဂါ တူမျှ သောကြောင့် ဥပေက္ခာစိတ်ဖြစ်ပါသည်။

မေး။ သမ္ပယုတ်စိတ် - ဝိပ္ပယုတ်စိတ် နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ပညိန္ဒြေစေတသိက်နှင့် ယှဉ်သောကြောင့် သမ္ပယုတ်စိတ်ဖြစ်ပါသည်။

မေး။ အသင်္ခါရိကစိတ်-သသင်္ခါရိကစိတ် နှစ်ပါး တို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ရှေ့အဘို့၌ အားထုတ်သော ပုဗ္ဗာဘိသင်္ခါရနှင့် မကင်းသောကြောင့် အရူပါဝစရစိတ် တဆဲ့နှစ် ပါးကား သသင်္ခါရိကစိတ် ဖြစ်ပါသည်။

မေး။ ရူပါဝစရစိတ်-အရူပါဝစရစိတ်နှစ်ဆဲ့ခုနှစ်ပါး တို့ကို အဘယ်စိတ်ဟု ခေါ်ကြပါသနည်း။

ဖြေ။ ဖြတ်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သာ ရသော စိတ်ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ်ဟု ခေါ်ပါသည်။

မေး။ မဟဂ္ဂုတ် ကုသိုလ်စိတ်ကား၊ အရေအတွက်အဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပါဝစရ ကုသိုလ်စိတ် ငါးပါး - အရူပါဝစရ ကုသိုလ်စိတ် လေးပါး အားဖြင့် ကိုးပါး ရှိပါသည်။

မေး။ မဟဂ္ဂုတ် ဝိပါက် စိတ်ကား၊ အရေ အတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပါဝစရ ဝိပါက်စိတ် ငါးပါး - အရူပါဝစရ ဝိပါက်စိတ်လေးပါးအားဖြင့်ကိုးပါးရှိပါသည်။

မေး။ မဟဂ္ဂုတ် ကြိယာ စိတ်ကား—အရေ အတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပါဝစရကြိယာစိတ်ငါးပါး- အရူပါဝစရကြိယာစိတ်လေးပါးအားဖြင့် ကိုးပါးရှိပါသည်။

### လောကုတ္တရာစိတ်ကိုပြခြင်း။

မေး။ လောကုတ္တရာစိတ်ကား၊ အရေအတွက်အဘယ်မျှရှိပါသနည်း။

ဖြေ။ လောကုတ္တရာ ကုသိုလ်စိတ် လေးပါး - ဝိပါက်စိတ်လေးပါးအားဖြင့် ရှစ်ပါးရှိပါသည်။

မေး။ လောကုတ္တရာကုသိုလ်စိတ်လေးပါး၏သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ သောတာပတ္တိမဂ်စိတ် - သကဒါဂါမိ မဂ်စိတ်- အနာဂါမိမဂ်စိတ်-အရဟတ္တမဂ်စိတ်-အားဖြင့် လောကုတ္တရာ ကုသိုလ်စိတ် လေးပါး ဖြစ်ပါသည်။

မေး။ လောကုတ္တရာဝိပါက်စိတ်လေးပါး၏ သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ သောတာပတ္တိဖိုလ်စိတ်-သကဒါဂါမိ ဖိုလ်စိတ် အနာဂါမိဖိုလ်စိတ်အရဟတ္တဖိုလ်စိတ်အားဖြင့် လောကုတ္တရာဝိပါက်စိတ်လေးပါးဖြစ်ပါသည်။

မေး။ လောကီစိတ်တို့၌၊ ကြိယာစိတ်ကို ဆိုသကဲ့သို့ လောကုတ္တရာ စိတ်မှာလည်း ကြိယာစိတ်ကို- ဆိုသင့်ပါသည်မဟုတ်လော။

ဖြေ။ မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့်- လောကုတ္တရာစိတ်၌ကြိယာစိတ်ကိုမဆိုသင့်ပါ။

မေး။ မဂ်စိတ်သည်၊အဘယ့်ကြောင့်တကြိမ်သာဖြစ်ပါသနည်း။

ဖြေ။ တကြိမ်တည်းဖြင့် - ဆိုင်ရာကိလေသာတို့ကို- ပယ်ခြင်းကိစ္စပြီးစီးစေနိုင်သောကြောင့်မဂ်စိတ် သည် တကြိမ်သာဖြစ်ပါသည်။

မေး။ လောကုတ္တရာစိတ်သည် သောမနဿ ဥပေက္ခာ စိတ်တို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ သောမနဿ- ဥပေက္ခာ နှစ်ပါးနှင့် ဆက်ဆန် သောစိတ်ဖြစ်ပါသည်။

မေး။ သမ္မယုတ်စိတ်-ဝိပ္ပယုတ်နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ပညိန္ဒြေစေတသိက်နှင့် ယှဉ်သောကြောင့် သမ္မယုတ်စိတ်ဖြစ်ပါသည်။

မေး။ အသင်္ခါရိကစိတ် - သသင်္ခါရိကစိတ်နှစ်ပါးတို့တွင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ ရှေ့အဘို့၌ အားထုတ်အပ်သော-ပုဗ္ဗာဘိသင်္ခါရနှင့် မကင်းသောကြောင့် သသင်္ခါရိကစိတ်ဖြစ်ပါသည်။

## ဇာတိဘေဒကိုပြခြင်း။

မေး။ စိတ်သည် ဇာတိဘေဒအားဖြင့် အဘယ်မျှ ပြားပါသနည်း။

ဖြေ။ အကုသိုလ်ဇာတ်(၁၂)ပါး ကုသိုလ်ဇာတ်(၂၁)ပါး၊ဝိပါက်ဇာတ်(၃၆)ပါး၊ကြိယာဇာတ်(၂၀) ဤသို့ဇာတိဘေဒအားဖြင့် လေးပါး-စိတ်အရေတွက်(၈၉)ပါး ပြားပါသည်။

## ဘူမိဘေဒကိုပြခြင်း။

မေး။ စိတ်သည် ဘူမိဘေဒအားဖြင့် အဘယ်မျှပြားပါသနည်း။

ဖြေ။ ကာမဘုံ၌များသောအားဖြင့်ဖြစ်သောစိတ်ကား (၅၄)ပါး-ရူပဘုံ၌များသောအားဖြင့်ဖြစ်သောစိတ်ကား(၁၅)ပါး။ အရူပဘုံ၌ များသောအား

ဖြင့်ဖြစ်သောစိတ်ကား(၁၂)ပါးလောကုတ္တရာ အဝတ္တဘုံ၌ဖြစ်သောစိတ်ကား (၈)ပါး၊ ဤသို့ ဘုမိဘေဒအားဖြင့်လေးပါး-စိတ်အရေအတွက် အားဖြင့် (၈၉)ပါး ရှိပါသည်။

မေး။ စိတ်သည် အကျဉ်း အားဖြင့် အရေ အတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမစိတ်(၅၄)ပါး-မဟဂ္ဂုတ်(၂၇)ပါး-လောကုတ္တရာစိတ် (၈)ပါးအားဖြင့် စိတ်အကျဉ်းတခု ယုတ်ကိုးဆယ်ရှိပါသည်။

မေး။ လောကုတ္တရာစိတ်ကို-ဈာန်အင်္ဂါတို့နှင့်ဝေဘန်လျှင်-အဘယ်မျှရှိပါသနည်း။

ဖြေ၊ မဂ်စိတ်နှစ်ဆယ် - ဖိုလ်စိတ်နှစ်ဆယ် အားဖြင့် လေးဆယ်ရှိပါသည်။

မေး။ မဂ်စိတ်နှစ်ဆယ်ကို ရေတွက်၍ပြပါ။

ဖြေ။ ဝိတက်-ဝိစရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော-ဈာန်အင်္ဂါ ငါးပါးနှင့်တကွ ဖြစ်သော-ပဌမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်တခု-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော-ဒုတိယဈာန်နှင့် ယှဉ်သော — သောတာပတ္တိမဂ်စိတ်တခု- ပီတိ သုခ-ဧကဂ္ဂတာတည်းဟူသော၊ ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော-တတိယဈာန်နှင့်ယှဉ်သော-သောတာပတ္တိမဂ်စိတ်တခု၊

သုခ-ဥပေက္ခာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော-စတုတ္ထ ဈာန်နှင့် ယှဉ်သော-သောတာပတ္တိ မဂ်စိတ်တခု၊ ဥပေက္ခာ-ဧကဂ္ဂတာ တည်းဟူသော-ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော-ပဉ္စမဈာန်နှင့်ယှဉ်သော-သောတာပတ္တိမဂ်စိတ် တခုအားဖြင့် ငါးပါးဖြစ်ပါသည်။(သောတာပတ္တိ မဂ်စိတ်ကဲ့သို့ ကြွင်းမဂ်သုံးပါးကိုလည်း ငါးပါးစီ ရအောင်ပွါးလျှင်-မဂ်စိတ်နှစ်ဆယ်ဖြစ်ပါသည်။)

မေး။ ဖိုလ်စိတ်နှစ်ဆယ်ကိုရေတွက်ပြပါ။

ဖြေ။ ဝိတက်-ဝိစာရ-ပီတိ သုခ-ဧကဂ္ဂတာတည်းဟူသော-ဈာန်အင်္ဂါ ငါးပါးနှင့် တကွ ဖြစ်သော-ပဌမဈာန်နှင့် ယှဉ်သော သောတာပတ္တိဖိုလ်စိတ်တခု၊ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော-ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိဖိုလ်စိတ်တခု၊ ပီတိသုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော-တတိယဈာန်နှင့် ယှဉ်သော၊ သောတာပတ္တိဖိုလ် တခု၊ သုခ-ဧကဂ္ဂတာ တည်းဟူသော၊ ဈာန်အင်္ဂါနှစ်ပါးနှင့် တကွ ဖြစ်သော - စတုတ္ထဈာန်နှင့် ယှဉ်သော၊ သောတာပတ္တိဖိုလ်တခု၊ဥပေက္ခာ-ဧကဂ္ဂတာတည်းဟူသော-ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ

ဖြစ်သော၊ ပဥ္စမဈာန်နှင့် ယှဉ်သော သောတာပတ္တိဖိုလ်စိတ်တခုအားဖြင့် သောတာပတ္တိဖိုလ်စိတ်ငါးပါးဖြစ်ပါသည်။ (ကြွင်းသောဖိုလ်စိတ်သုံးပါးကိုလည်း ငါးပါးစီပွါးလျှင် — ဖိုလ်စိတ်နှစ်ဆယ်ဖြစ်ပါသည်။)

မေး၊ အဘယ်စိတ်တို့ကို၊ ပထမဈာန်စိတ်ကောဒသဟုခေါ်ပါသနည်း။

ဖြေ၊ ရူပါဝစရ ပထမဈာန် သုံးပါး—လောကုတ္တရာ ပထမဈာန်စိတ် ရှစ်ပါးအားဖြင့် တဆဲ့တပါးသောစိတ်တို့ကို၊ ပထမဈာန်စိတ် ကောဒသဟုခေါ်ပါသည်။

မေး၊ အဘယ်စိတ်တို့ကို ဒုတိယဈာန်စိတ် ကောဒသဟုခေါ်ပါသနည်း။

ဖြေ၊ ရူပါဝစရ ဒုတိယဈာန်စိတ်သုံးပါး၊ လောကုတ္တရာဒုတိယဈာန်စိတ်ရှစ်ပါးအားဖြင့် တဆဲ့တပါးသောစိတ်တို့ကို၊ ဒုတိယဈာန်စိတ်ကောဒသဟုခေါ်ပါသည်။

မေး၊ အဘယ်စိတ်တို့ကို တတိယဈာန်စိတ်ကောဒသဟုခေါ်ပါသနည်း။

ဖြေ၊ ရူပါဝစရ တတိယ ဈာန်စိတ်သုံးပါး၊ လောကုတ္တရာ တတိယဈာန်စိတ် ရှစ်ပါးအားဖြင့် တဆဲ့တပါးသော စိတ်တို့ကို - တတိယ ဈာန်စိတ်ကောဒသဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်တို့ကို စတုတ္ထဈာန် ဧကာဒသဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါဝစရ စတုတ္ထဈာန်စိတ်သုံးပါး-လောကုတ္တရာ စတုတ္ထဈာန်စိတ်ရှစ်ပါးအားဖြင့်တဆဲ့တပါးသောစိတ်တို့ကို၊စတုတ္ထဈာန်စိတ် ဧကာဒသဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်တို့ကို ပဥ္စမဈာန်တေဝီသဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါဝစရစိတ်က၊ပဥ္စမဈာန်စိတ်သုံးပါး အရူပါဝစရစိတ် တဆဲ့နှစ်ပါး၊ လောကုတ္တရာစိတ်က၊ ပဥ္စမဈာန်စိတ် ရှစ်ပါးအားဖြင့် နှစ်ဆဲ့သုံးပါးသောစိတ်တို့ကို၊ ပဥ္စမဈာန်စိတ်- တေဝီသဟု ခေါ်ပါသည်။

မေး။ အရူပါဝစရစိတ်ကို-အဘယ့်ကြောင့် ပဥ္စမဈာန် အဖြစ်ဖြင့်ရေတွက်ပါသနည်း။

ဖြေ။ ရူပါဝစရပဥ္စမဈာန်အင်္ဂါတူမျှသောကြောင့်ရေတွက်ပါသည်။

မေး။ ကုသိုလ်စိတ်ကား အကျဥ်းအကျယ်အဘယ်မျှစီ ရှိပါသနည်း။

ဖြေ။ လောကီကုသိုလ်စိတ်တဆဲ့ခုနှစ်ပါး၊လောကုတ္တရာကုသိုလ်စိတ်-အကျဥ်းလေးပါး၊ အကျယ်နှစ်ဆယ်အားဖြင့် ကုသိုလ်စိတ်ပေါင်း အကျဥ်းနှစ်ဆဲ့တပါး အကျယ်သုံးဆဲ့ခုနှစ်ပါးရှိပါသည်။

မေး။ ဝိပါက်စိတ်အကျဉ်းအကျယ်အားဖြင့် အရေ အတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမဝိပါက်(၂၃)ပါး၊မဟဂ္ဂုတ်ဝိပါက်(၉)ပါး လောကုတ္တရာဝိပါက် အကျဉ်း(၄)ပါး၊ အကျယ် (၂၀) အားဖြင့်၊ ဝိပါက်စိတ်ပေါင်း အကျဉ်း (၃၆)ပါး၊အကျယ်(၅၂)ပါးရှိပါသည်။

မေး။ သမ္ပယုတ်စိတ်ပေါင်း အကျဉ်းအကျယ် အဘယ် မျှ ရှိပါသနည်း။

ဖြေ။ ကာမ သမ္ပယုတ်စိတ်(၂၀) မဟဂ္ဂုတ် စိတ်က သမ္ပယုတ်(၂၇)ပါး၊လောကုတ္တရာစိတ်က သမ္ပ ယုတ် အကျဉ်း(၈)ပါး၊ အကျယ်(၄၀)အားဖြင့် သမ္ပယုတ်စိတ်အကျဉ်း(၅၅)ပါး၊အကျယ်(၈၇) ပါး၊ အရေအတွက်ရှိပါသည်။

မေး။ သသင်္ခါရိကစိတ်ပေါင်းအကျဉ်းအကျယ် အား ဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမစိတ်ကသသင်္ခါရိကစိတ်ပေါင်း(၁၇)ပါး၊ မဟဂ္ဂုတ်စိတ်ကသသင်္ခါရိကစိတ်ပေါင်း(၂၇) လောကုတ္တရာစိတ်က သသင်္ခါရက အကျဉ်း (၈)ပါး၊ အကျယ်(၄၀)အားဖြင့်၊ သသင်္ခါရိက စိတ်ပေါင်းအကျဉ်း (၅၇)ပါး၊ အကျယ်(၈၄) ပါး၊ ရှိပါသည်။

မေး။ သောမနဿစိတ်ပေါင်းအကျဉ်းအကျယ် အား ဖြင့်၊ အဘယ်မျှအရေအတွက်ရှိပါသနည်း။

ဖြေ။ ကာမစိတ်က သောမနဿစိတ် (၁၀)ပါး၊ မဟဂ္ဂုတ်စိတ်က သောမနဿစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်က သောမနဿစိတ်အကျဉ်း (၈)ပါး၊ အကျယ် (၃၂)ပါး အားဖြင့်၊ သောမနဿစိတ်ပေါင်း အကျဉ်း (၃၀)ပါး၊ အကျယ် (၆၂)ပါး၊ အရေအတွက်ရှိပါသည်။

မေး။ ဥပေက္ခာ စိတ်ပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမစိတ်ကဥပေက္ခာစိတ်(၃၂)ပါး၊မဟဂ္ဂုတ်စိတ်က ဥပေက္ခာစိတ်(၁၅)ပါး၊ လောကုတ္တရာစိတ်ကဥပေက္ခာစိတ်(၈)ပါးအားဖြင့် ဥပေက္ခာစိတ်ပေါင်း(၅၅)ပါး ရှိပါသည်။

မေး။ စိတ္တုံအရ၊ စိတ်ပေါင်းအကျယ်ကား၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ လောကီစိတ် (၈၁) ပါး၊ လောကုတ္တရာစိတ် (၄၀)အားဖြင့်၊ စိတ်အကျယ် (၁၂၁)ပါး ရှိပါသည်။

စိတ်ပိုင်းအမေးအဖြေကားပြီး၏။

## စေတသိက်ပိုင်းကိုပြခြင်း။

မေး။ စေတသိက် သမ္ပယောဂ လက္ခဏာကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ စိတ်နှင့်အတူတကွ ဖြစ်ခြင်း၊ စိတ်နှင့်အတူတကွ ချုပ်ခြင်း၊ စိတ်နှင့် တူသော အာရုံ၊ စိတ်နှင့် တူသော ဝတ္ထုအားဖြင့် စေတသိက်၏ လက္ခဏာကား၊ လေးပါးရှိပါသည်၊

မေး။ စေတသိက်အရ၊ စေတသိက်ကား၊ အရေ အတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ စေတသိက်အရေအတွက်ကား၊ ငါးဆယ်နှစ်ပါး ရှိပါသည်။

မေး။ စေတသိက်ကား၊ အမည်အားဖြင့် အဘယ်မှု ပြားပါသေးသနည်း။

ဖြေ။ အညသမာန်း စေတသိက်၊ အကုသိုလ် စေတသိက်၊ သောဘဏ စေတသိက်အားဖြင့်၊ စေတသိက်သည် အမည်အားဖြင့် သုံးပါးပြားပါသေးသည်။

## အညသမာန်းစေတသိက်ကိုပြခြင်း။

မေး။ အညသမာန်းစေတသိက်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သဗ္ဗစိတ္တသာ ဓာရဏ စေတသိက် ခုနှစ်ပါး၊ ပကိဏ်းစေတသိက် ခြောက်ပါးအားဖြင့် အညသမာန်းစေတသိက် တဆဲ့သုံးပါးရှိပါသည်။

မေး။ သဗ္ဗစိတ္တသာ ဓာရဏစေတသိက် ခုနှစ်ပါး၏ သရုပ်ကိုရေတွက်ပြစမ်းပါ။

ဖြေ။ ဖဿစေတသိက်၊ ဝေဒနာစေတသိက်၊ သညာစေတသိက်၊ စေတနာစေတသိက်၊ ဧကဂ္ဂတာစေတသိက်၊ ဇီဝိတိန္ဒြေစေတသိက်၊ မနသိကာရစေတသိက်အားဖြင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးရှိပါသည်။

မေး။ ဖဿစေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဖဿစေတသိက်သည် အာရုံ၏သဘောကိုတွေ့ခြင်း လက္ခဏာရှိပါသည်။

ဝေဒနာစေတသိက်သည်အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝေဒနာ စေတသိက်သည် အာရုံ၏ အရသာကိုခံစားခြင်းလက္ခဏာ ရှိပါသည်။

မေး။ သညာစေတသိက်သည် အဘယ်လက္ခဏာ သဘောရှိပါသနည်း။

ဖြေ။ သညာစေတသိက်သည် အာရုံကိုအမှတ်၍ပြုသိခြင်း လက္ခဏာ ရှိပါသည်။

မေး။ စေတနာစေတသိက်သည် အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ အာရုံ၌ သမ္ပယုတ် တရားတို့ကို တိုက်တွန်းနှိုးဆော်ခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဧကဂ္ဂတာ စေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ တခုတည်းသော-အာရုံကိုယူသည်ဖြစ်၍-တည်ကြည်ခြင်းလက္ခဏာရှိပါသည်။

မေး။ ဇီဝိတိန္ဒြေ စေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ သဟဇာတ်ဖြစ်သော-နာမ် တရားတို့ကို-စောင့်ခြင်း၊အစိုးရခြင်းလက္ခဏာရှိပါသည်။

မေး။ မနသိကာရစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ စိတ်၌အာရုံကို အညီအညွတ်ပြုခြင်း လက္ခဏာ ရှိပါသည်။

မေး။ သဗ္ဗစိတ္တသာဓာရဏစေတသိက်ဟု – အဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ အလုံးစုံသော-စိတ်တို့နှင့်ဆက်ဆံသောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု-ခေါ်ပါသည်။

မေး။ ပကိဏ်းစေတသိက် ခြောက်ပါး၏ သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ ဝိတက်စေတသိက် - ဝိစာရစေတသိက် - အဓိမောက္ခစေတသိက်-ဝီရိယစေတသိက် ပီတိစေတသိက်-ဆန္ဒစေတသိက်အားဖြင့် ခြောက်ပါး ဖြစ်ပါသည်။

မေး။ ဤခြောက်ပါးသော စေတသိက်တို့ကို -အဘယ့်ကြောင့် – ပကိဏ်း စေတသိက်ဟု ခေါ်ပါသနည်း။

ဖြေ။ အလုံးစုံသောစိတ်တို့၌၊ မျိုးပြွမ်းယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက်ဟုခေါ်ပါသည်။

မေး။ ဝိတက်စေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ အာရုံသို့သမ္ပယုတ်တရားတို့ကို - ရှေးရှုတင်ခြင်းလက္ခဏာရှိပါသည်။

မေး။ ဝိစာရစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ အာရုံကို အဘန်တလဲလဲ သုံးသပ်ခြင်းလက္ခဏာရှိပါသည်။

မေး။ အဓိမောက္ခစေတသိက်သည်အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဝီရိယစေတသိက်သည်၊အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိပါသည်။

မေး။ ပီတိစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ပီတိသည် အာရုံကိုနှစ်သက်ခြင်းလက္ခဏာရှိပါသည်။

မေး။ ပီတိသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ခုဒ္ဒကာပီတိ၊ ခဏိကပီတိ၊ ဩက္ကန္တိကပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိဟု၊ ပီတိငါးပါး အပြားရှိပါသည်။

မေး။ အဘယ်ပီတိကို ခုဒ္ဒကပီတိဟု ခေါ်ပါသနည်း။

ဖြေ။ ကိုယ်၌ကြက်သီးမွေးညင်းထရုံမျှဖြစ်သော ပီတိကို-ခုဒ္ဒကပီတိဟု ခေါ်ပါသည်။

မေး။ အဘယ်ပီတိကို၊ခဏိကပီတိဟု ခေါ်ပါသနည်း။

ဖြေ။ လျှပ်စစ်ပျက်သကဲ့သို့ ခဏခဏဖြစ်သော ပီတိကို-ခဏိကပီတိဟု ခေါ်ပါသည်။

မေး။ အဘယ်ပီတိကို - ဩက္ကန္တိက ဟု ခေါ်ပါသနည်း။

ဖြေ။ သမုဒ္ဒရာ လှိုင်းထန်ပိုးသည်၊ ကမ်းသို့ ရောက်လျှင်၊ ပျက်သကဲ့သို့ သက်၍သက်၍ - ချုပ်ပျက်သောပီတိကို ဩက္ကန္တိကပီတိဟု ခေါ်ပါသည်။

မေး။ အဘယ်ပီတိကို ဥဗ္ဗေဂါပီတိဟု ခေါ်ပါသနည်း။

ဖြေ။ လေဖြင့်ပြည့်သော-သားရေလုံးကို မြေ၌ပေါက်သေါအခါ၊ကောင်းကင်သို့တက်ဘိသကဲ့သို့ခန္ဓာကိုယ်ကိုကောင်းကင်သို့ရောက်အောင်တင်ပို့နိုင်သောပီတိကို ဥဗ္ဗေဂါပီတိဟု ခေါ်ပါသည်။

မေး။ အဘယ်ဒိတ်ကို ဖရဏာဒိတိဟုခေါ်ပါသနည်း။
ဖြေ။ လေဖြင့်ပြည့်သောသားရေအိပ်၊ ဆီဖြင့်ထိသော ဝါဂွမ်းဆိုင်ကဲ့သို့ တကိုယ်လုံးကို ပြန့်နှံ့၍ ဖြစ်သောဒိတ်ကို-ဖရဏာဒိတိဟုခေါ်ပါသည်။
မေး၊ ဆန္ဒစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။
ဖြေ။ ဆန္ဒစေတသိက်သည်၊ အာရုံကိုလိုခြင်းကာမျှသာ လက္ခဏာရှိပါသည်။
မေး။ ဤတဆဲ့သုံးပါးသောစေတသိက်တို့ကို၊ အညသမာန်း စေတသိက်ဟု အဘဲ့ကြောင့် ခေါ်ပါသနည်း။
ဖြေ။ အသောဘဏာစိတ်ကိုငဲ့ခိုက် - သောဘဏာစိတ်မှ တပါး၊ အသောဘဏာစိတ်နှင့် တူသည်၏အဖြစ် သောဘဏာစိတ်ကိုငဲ့ခိုက် - အသောဘဏာစိတ်မှ တပါး၊ သောဘဏာစိတ်နှင့် တူသည်၏ အဖြစ်ကြောင့် အညသမာန်း စေတသိက်ဟု ခေါ်ပါသည်။

## အကုသိုလ်စေတသိက်ပြခြင်း။

မေး၊ အကုသိုလ်စေတသိက်ကား၊ အဘယ်မျှ အရေအတွက်ရှိပါသနည်း။
ဖြေ၊ မောဟစေတသိက်၊ အဟိရိကစေတသိက်၊ အနောတ္တပ္ပစေတသိက်၊ ဥဒ္ဓစ္စစေတသိက်၊ လော

ဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ မာနစေတသိက် ဒေါသစေတသိက်၊ ဣဿာစေတသိက်၊ မစ္ဆရိယ စေတသိက်၊ ကုက္ကုစ္စစေတသိက်၊ ထိနစေတ သိက်၊ မိဒ္ဓစေတသိက် ဝိစိကိစ္ဆာ စေတသိက် အားဖြင့် အကုသိုလ်စေတသိက်-တဆယ့်လေး ပါးရှိပါသည်။

မေး။ မောဟ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ အာရုံ၏သဘောကို မသိမမြင်အောင် ဖုံးလွှမ်း ခြင်းလက္ခဏာရှိပါသည်။

မေး။ အဟိရိက စေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ကာယဒုစရိုက်အစရှိသော ဒုစရိုက်ဆယ်ပါးတို့၌ မရှက်ခြင်းလက္ခဏာရှိပါသည်။

မေး။ အနောတ္တပ္ပစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ကာယဒုစရိုက် စသည်တို့မှ - မကြောက်ခြင်း၊ မထိတ်လန့်ခြင်းလက္ခဏာရှိပါသည်။

မေး၊ ဥဒ္ဓစ္စစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။

ဖြေ။ စိတ်၏ မငြိမ်သက်ခြင်း ပြန့်လွင့်ခြင်း သဘော လက္ခဏာ ရှိပါသည်။

မေး။ လောဘ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။
ဖြေ။ အာရုံကို တပ်မက်ခြင်း အလိုရှိခြင်း သဘော လက္ခဏာရှိပါသည်။
မေး။ ဒိဋ္ဌိစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။
ဖြေ။ ဖေါက်ပြန် မှားရွင်းသော အားဖြင့် နှလုံးသွင်း ခြင်းလက္ခဏာ ရှိပါသည်။
မေး။ မာနစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။
ဖြေ။ မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟု နှလုံးသွင်း ခြင်းလက္ခဏာ ရှိပါသည်။
မေး။ ဒေါသစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါ သနည်း။
ဖြေ။ လှုပ်သွားကဲ့သို့ ကြမ်းထန်းခြင်း-ပြစ်မှားခြင်း သ ဘောလက္ခဏာရှိပါသည်။
မေး။ ဣဿာစေတသိက်သည် အဘယ်လက္ခဏာ ရှိပါ သနည်း။
ဖြေ။ သူ့ဘပါးတို့၏ စည်းစိမ်ကို ငြူစူခြင်း သဘော လက္ခဏာ ရှိပါသည်။
မေး။ မစ္ဆရိယ စေတသိက်သည် အဘယ် သဘော လက္ခဏာရှိပါသနည်း။

ဖြေ။ မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း၊ မိမိ၌ရအပ်သော အံ့ဘွယ်သရဲကို သူတပါးတို့အား၊ မရစေလိုခြင်း သဘောလက္ခဏာ ရှိပါသည်။

မေး။ ထိုမစ္ဆရိယစေတသိက်သည် အဘယ်မျှအပြား ရှိပါသနည်း။

ဖြေ။ အာဝါသမစ္ဆရိယ၊ကုလမစ္ဆရိယ၊လာဘမစ္ဆရိယ၊ဝဏ္ဏမစ္ဆရိယ၊ဓမ္မမစ္ဆရိယအားဖြင့် မစ္ဆရိယ စေတသိက်သည် ငါးပါးပြားပါသည်။

မေး။ အဘယ်မစ္ဆရိယကို အာဝါသမစ္ဆရိယ ခေါ်ပါသနည်း။

ဖြေ။ မိမိနေရာကျောင်းတိုက်တာ ပရဝုဏ်အတွင်း၌ လာဘ် လာဘကိုငဲ့၍၊ ဝတ်အကျင့်နှင့် ပြည့်စုံသော ရဟန်းကောင်း၊ ရဟန်းမြတ်တို့၏ ကြွလာသည်ကိုအလိုမရှိခြင်း၊ကြွရောက်လာသော်လည်း၊ လျင်မြန်စွာ၊ ပြန်သွားပါစေ သတည်းဟု ကြံစည်အောက်မေ့ခြင်းကို အာဝါသမစ္ဆရိယဟု ခေါ်ပါသည်။

မေး။ အဘယ်မစ္ဆရိယကို ကုလမစ္ဆရိယဟု ခေါ်ပါသနည်း။

ဖြေ။ မိမိအား ပစ္စည်းလေးပါးဖြင့် လှူဒါန်းကြသော ဒကာ-ဒကာမ၊ ဆွေမျိုးဉာတိ စသောသူတို့၏ အထံသို့ မိမိမှတပါး၊ အခြားသော အလှူခံ ပုဂ္ဂိုလ်တို့ ထွက်ဝင်သည်ကို မြင်လျှင်၊ မနာလို

သည်းမခံနိုင်ခြင်းကို ကုလမစ္ဆရိယဟုခေါ်ပါသည်။

မေး။ အဘယ်မစ္ဆရိယကို လာဘမစ္ဆရိယဟုခေါ်ပါသနည်း။

ဖြေ။ ပစ္စည်းလေးပါးတို့ကို မိမိမှတပါးသော ပုဂ္ဂိုလ်တို့အား၊ မရပါစေသတည်းဟု ကြံစည်အောက်မေ့ခြင်းကို လာဘမစ္ဆရိယဟု ခေါ်ပါသည်။

မေး။ အဘယ်မစ္ဆရိယကို ဝဏ္ဏမစ္ဆရိယဟု ခေါ်ပါသနည်း။

ဖြေ။ သူတပါးတို့၏ ကြည်ညိုဘွယ်ရှိခြင်း၊ အဆင်းလှပခြင်း၊ သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ရှုဘင်ကိုဆောက်တည်ခြင်းအစရှိသော ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုခြင်းငှါ အလိုမရှိခြင်း၊ သူတပါးတို့က ချီးမွမ်းစကားပြောကြသည်ကို မကြားလိုခြင်း စသည်ကို ဝဏ္ဏမစ္ဆရိယဟု ခေါ်ပါသည်။

မေး။ အဘယ် မစ္ဆရိယကို ဓမ္မမစ္ဆရိယဟုခေါ်ပါသနည်း။

ဖြေ။ အကြင်သူသည် လောကီ–လောကုတ္တရာ ဖြစ်သော စာပေကျမ်းကို သင်ယူအံ့၊ ထိုသူသည် ငါတို့၏အယူဝါဒကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သည်ဖြစ်လတ္တံ့ဟု စိုးရိမ်ကြောင့်ကြ၍ မိမိ

တတ်သော အတတ်ပညာကို လျှို့ဝှက်ခြင်းကို ဝေမ္ဗမစ္ဆရိယဟုခေါ်ပါသည်။

မေး။ မိမိပစ္စည်းကို သူတပါးတို့နှင့် မဆက်ဆံလို၍ လျှို့ဝှက်၍ပြောဆိုလျှင်မစ္ဆရိယဖြစ်ပါသလော။

ဖြေ။ မိမိမှာပစ္စည်းရှိလျက်၊ သူတပါးတို့နှင့် မဆက်ဆံလို၍မရှိဟုပြောဆိုခြင်းမှာမစ္ဆရိယမဖြစ်ပါ၊ အပ္ပသာဝဇ္ဇမုသာဝါဒသာ ဖြစ်ပါသည်။

မေး။ ကုက္ကုစ္စ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ပြုအပ်ပြီးသောဒုစရိုက်၊ မပြုမိသောသုစရိုက်ကို အာရုံပြု၍၊ အဘန်တလဲလဲ စိုးရိမ်ခြင်း၊ ပူပန်ခြင်း သဘောလက္ခဏာရှိပါသည်။

မေး။ မပြုလိုက်မိသောဒုစရိုက် - ပြုအပ်ပြီးသော သုစရိုက်တို့ကိုအာရုံပြု၍၊ အဘန်တလဲလဲ စိုးရိမ်ခြင်း သည် ပူပန်ခြင်းကုက္ကုစ္စပင် ဖြစ်ပါသလော။

ဖြေ။ ကုက္ကုစ္စမဖြစ်ပါ၊ ပူပန်စိုးရိမ်တတ်သော၊ သော ကသာဖြစ်ပါသည်။

မေး။ ထိနစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။

ဖြေ။ စိတ်၏ ဆုတ်နစ်ခြင်း၊ စိတ်၏မခံ့ခြင်း သဘော လက္ခဏာ ရှိပါသည်။

မေး။ မိဒ္ဓစေတသိက်သည်၊အဘယ်သဘောလက္ခဏာ ရှိပါသနည်း။

ဖြေ။ စေတသိက်၏ဆုတ်နစ်ခြင်း၊ စေတသိက်၏မဝံ့ခြင်းသဘောလက္ခဏာ ရှိပါသည်။

မေး။ ဝိစိကိစ္ဆာစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း သဘောလက္ခဏာ ရှိပါသည်။

မေး။ ဆန္ဒစေတသိက်-လောဘစေတသိက် နှစ်ပါးတို့ကား အဘယ်သို့ ထူးကြပါသနည်း။

ဖြေ။ အာရုံကို အလိုရှိကာမျှသည် ဆန္ဒမည်၏-အာရုံကို အလွန်အလို ရှိခြင်းသည်—လောဘ မည်၏ ဤသို့စေတသိက်နှစ်ပါးသဘောထူးကြပါသည်။

## ။ သောဘဏစေတသိက်ပြခြင်း။

မေး။ သောဘဏစေတသိက်သည်၊ အဘယ်မျှ အရေအတွက် ရှိပါသနည်း။

ဖြေ။ သောဘဏ သာဓာရဏ စေတသိက် တဆဲ့ကိုးပါး၊ ဝိရတိစေတသိက်သုံးပါး၊ အပ္ပမညာစေတသိက်နှစ်ပါး၊ ပညိန္ဒြေ စေတသိက် အားဖြင့် နှစ်ဆယ့်ငါးပါးရှိပါသည်။

မေး။ သောဘဏသာဓာရဏ စေတသိက် တဆဲ့ကိုးပါးအရ ရေတွက်ပြစမ်းပါ။

ဖြေ။ သဒ္ဓါစေတသိက်-သတိစေတသိက်-ဟိရိစေတသိက် ဩတ္တပ္ပစေတသိက်၊အလောဘစေတသိက် အဒေါသစေတသိက်၊တတြမဇ္ဈတ္တတာစေတသိက်

ကာယပဿဒ္ဓိစေတသိက်၊စိတ္တပဿဒ္ဓိစေတသိက်
ကာယလဟုတာ စေတသိက် - စိတ္တလဟုတာ
စေတသိက်-ကာယမုဒုတာ စေတသိက်-စိတ္တမု
ဒုတာစေတသိက်၊ကါယကမ္မညတါ စေတသိက်
စိတ္တကမ္မညတာ စေတသိက် - ကာယပါဂုည
တာစေတသိက်-စိတ္တပါဂုညတာ စေတသိက်-
ကာယုဇုကတာ စေတသိက်-စိတ္တုဇုကတာ စေ
တသိက် အားဖြင့် စေတသိက်ပေါင်း တဆဲ့ကိုး
ပါးဖြစ်ပါသည်။

မေး။ သင်္ဂြိုဟ်အစရှိသောစေတသိက်တို့၌၊နှစ်ပါးစီတွဲ၍
မဟောဘဲ-၌ပဿဒ္ဓိစသော စေတသိက်တို့ကို
သာလျှင် အဘယ့်ကြောင့် နှစ်ပါးစီတွဲ၍ ဟော
တော်မူပါသနည်း။

ဖြေ။ စိတ္တပဿဒ္ဓိ-စိတ္တလဟုတာ စသည်တို့ကြောင့်၊
စိတ်၏ငြိမ်းမှု ပေါ့ပါးမှုစသည်သာဖြစ်၏။ စေ
တသိက်၏ငြိမ်းဧမှုပေါ့ပါးမှုမဖြစ်နိုင်ပါ။ကာယ
ပဿဒ္ဓိ၊ကါယလဟုတာစသည်တို့ကြောင့်ကါး
စေတသိက် အပေါင်း ဟူသော-နာမကာယ၏
ငြိမ်းမှု ပေါ့ပါးမှုစသည်လည်း ဖြစ်နိုင်၏။ ရုပ
ကာယ၏ငြိမ်းမှု-ပေါ့ပါးမှုစသည်လည်း ဖြစ်
နိုင်သေး၏ ထို့ကြောင့် ပဿဒ္ဓိစသော စေတ
သိက်တို့ကိုသာလျှင် နှစ်ပါးစီတွဲ၍ ဟောတော်
မူပါသည်။

မေး။ သဒ္ဓါစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ဘုရားအစရှိသော၊ ရတနာသုံးပါးတို့၏ဂုဏ်ကို ကြည်ညိုခြင်း၊ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း လက္ခဏာရှိပါသည်။

မေး။ ထိုသဒ္ဓါသည်၊ အဘယ်မျှပြားပါသေးသနည်း။

ဖြေ။ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ ပသန္နသဒ္ဓါ၊ မုဒ္ဓပသန္နသဒ္ဓါဟု-ငါးပါး ပြားပါသည်။

မေး။ အဘယ်သဒ္ဓါကိုအာဂမသဒ္ဓါဟုခေါ်ပါသနည်း။

ဖြေ။ ဘုရားအလောင်းသူတော်ကောင်းတို့သည်၊ နိယတဗျာဒိတ်ကို ရတော်မူပြီး သည့်နောက်၊ ဘဝတိုင်း ဘဝတိုင်း အဇ္ဈတ္တသန္တာန်၌ ကိန်းသော သဒ္ဓါကို အာဂမသဒ္ဓါဟု ခေါ်ပါသည်။

မေး။ အဘယ်သဒ္ဓါကိုအဓိဂမသဒ္ဓါဟုခေါ်ပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်ကို ရသည့်မှစ၍၊ ကိန်းသော သဒ္ဓါကို အဓိဂမသဒ္ဓါဟု ခေါ်ပါသည်။

မေး။ အဘယ် သဒ္ဓါကို ဩကပ္ပန သဒ္ဓါဟု ခေါ်ပါ သနည်း။

ဖြေ။ ကြုံဆသောအားဖြင့် ရတနာသုံးပါး၌ ကြည်ညို သောသဒ္ဓါကို ဩကပ္ပနသဒ္ဓါဟုခေါ်ပါသည်။

မေး။ အဘယ်သဒ္ဓါကို ပသန္နသဒ္ဓါ ဟု ခေါ်ပါသနည်း။

ဖြေ။ တိမ်တိုက်မှထွက်သော လျှပ်စစ်ကဲ့သို့၊ ရတနာ သုံးပါး၌၊ ကြည်လင်သော သဒ္ဓါကို ပသန္နသဒ္ဓါ ဟုခေါ်ပါသည်။

မေး။ အဘယ် သဒ္ဓါကို ရုဋ္ဌပသန္န သဒ္ဓါဟု ခေါ်ပါ သနည်း။

ဖြေ။ တိတ္ထိတို့၏ တပည့်သားသည်၊ မိမိတို့၏ ဆရာ တိတ္ထိတို့ကို ကြည်ညို နှစ်သက် မြတ်နိုးခြင်းကို ရုဋ္ဌပသန္နသဒ္ဓါ ဟု ခေါ်ပါသည်။

မေး။ ထိုရုဋ္ဌပသန္နသဒ္ဓါသည်၊ သဒ္ဓါစေတသိက်အစစ် ပင်ဖြစ်ပါသလော။

ဖြေ။ သဒ္ဓါစေတသိက် မဟုတ်ပါ၊ တရားကိုအားဖြင့် အနုဋီကာအလို - မောဟစေတသိက်ဖြစ်ပါသည် အင်္ဂုရ ဋီကာအလို - မိစ္ဆာ အဓိမောက္ခ ဖြစ်ပါ သည်။

မေး။ သဒ္ဓါစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ဘုရားအစ ရှိသောကောင်းသောအာရုံ၌အောက် မေ့ခြင်းလက္ခဏာရှိပါသည်။

မေး။ မကောင်းသောအနိဋ္ဌဖြစ်သောအာရုံကိုအောက် မေ့လျှင် သဒ္ဓါစေတသိက်ဖြစ်ပါသလော။

ဖြေ။ သတိစေတသိက်မဖြစ်ပါ၊ မိစ္ဆာသတိသာ ဖြစ်ပါသည်၊ ထိုမိစ္ဆာသတိသည်လည်း တရားကို အားဖြင့် အကုသိုလ်စိတ္တုပ္ပါဒ်သာဖြစ်ပါသည်။

မေး။ ဟိရီစေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ကာယဒုစရိုက်စသည်တို့မှ-ရှက်ခြင်းစက်ဆုပ်ခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဩတ္တပ္ပစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ကာယဒုစရိုက်စသည်တို့မှ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းလက္ခဏာရှိပါသည်။

မေး။ အလောဘစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ အာရုံ၌ မကပ်ငြိခြင်း၊ မတပ်ခြင်းလက္ခဏာရှိပါသည်။

မေး။ အဒေါသ စေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ အာရုံ၌ မကြမ်းတမ်းခြင်း-မပြစ်မှားခြင်း လက္ခဏာရှိပါသည်။

မေး။ တတြမဇ္ဈတ္တတာ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ မိမိနှင့်သမ္ပယုတ်ဖြစ်သော တရားတို့၌၊ လစ်လျူရှုခြင်းလက္ခဏာ ရှိပါသည်။

မေး။ ကာယပဿဒ္ဓိ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း၏ ငြိမ်းခြင်းလက္ခဏာ ရှိပါသည်။

မေး။ စိတ္တပဿဒ္ဓိ စေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။

ဖြေ။ ဝိညာဏက္ခန္ဓာ၏ ပူပန်ခြင်းမှ ငြိမ်းခြင်း လက္ခဏာရှိပါသည်။

မေး။ ကာယလဟုတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း၏ ပေါ့ပါးခြင်းလက္ခဏာ ရှိပါသည်။

မေး။ စိတ္တလဟုတာ စေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝိညာဏက္ခန္ဓာ၏ပေါ့ပါးခြင်းလျှင်မြန်ခြင်းလက္ခဏာရှိပါသည်။

မေး။ ကာယမုဒုတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝေဒနာ စသော ခန္ဓာသုံးပါး အပေါင်း၏ နူးညံ့ခြင်းလက္ခဏာ ရှိပါသည်။

မေး။ စိတ္တမုဒုတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝိညာဏက္ခန္ဓာ၏နှုံးညံ့ခြင်းလက္ခဏာရှိပါသည်။
မေး။ ကာယကမ္မညတာ စေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသည်။
ဖြေ။ ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်း၏ အမှုန္ဒ ကောင်းခြင်းလက္ခဏာ ရှိပါသည်။
မေး။ စိတ္တကမ္မညတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။
ဖြေ။ ဝိညာဏက္ခန္ဓာ၏အမှုန္ဒ၊ ကောင်းခြင်းလက္ခဏာ ရှိပါသည်။
မေး။ ကာယပါဂုညတာ စေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။
ဖြေ။ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏ ကြွင်နာခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိပါသည်။
မေး။ စိတ္တပါဂုညတာ စေတသိက်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။
ဖြေ။ ဝိညာဏက္ခန္ဓာ၏၊ ကြွင်နာခြင်းမှ ငြိမ်းခြင်း လက္ခဏာရှိပါသည်။
မေး။ ကာယုဇုကတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။
ဖြေ။ ဝေဒနာစသောခန္ဓာသုံးပါး၏ဖြောင့်မှန်ဖြစ်ခြင်း လက္ခဏာရှိပါသည်။
မေး။ စိတ္တုဇုကတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဝိညာဏက္ခန္ဓာ၏ ဖြောင့်စွာဖြစ်ခြင်း လက္ခဏာ ရှိပါသည်။

မေး။ ဝိရတီစေတသိက်သုံးပါး၏ သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ သမ္မာဝါစာစေတသိက်၊ သမ္မာကမ္မန္တစေတသိက်၊ သမ္မာအာဇီဝ စေတသိက်အားဖြင့် ဝိရတီစေတသိက်သုံးပါး ရှိပါသည်။

မေး။ သမ္မာဝါစာစေတသိက်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ အသက်မွေးခြင်းကိုမငဲ့ဘဲ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိပါသည်။

မေး။ သမ္မာကမ္မန္တ စေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။

ဖြေ။ အသက်မွေးခြင်းကိုမငဲ့ဘဲ၊ ကာယဒုစရိုက် သုံးပါးမှ၊ ရှောင်ကြဉ်ခြင်းလက္ခဏာရှိပါသည်။

မေး။ သမ္မာအာဇီဝ စေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။

ဖြေ။ အသက်မွေးခြင်း၏ အကြောင်းကိုငဲ့၍ - ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့မှရှောင်ကြဉ်ခြင်းလက္ခဏာရှိပါသည်။

မေး။ ဝိရတီသည်၊ အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ သမ္ပတ္တဝိရတီ၊ သမာဒါနဝိရတီ၊ သမုစ္ဆေဒဝိရတီ ဟုသုံးပါးပြားပါသည်။

မေး။ အဘယ်ဝိရတီကို သမ္မာဝါစာဝိရတီဟု ခေါ်ပါသနည်း။

ဖြေ။ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ၊ မိမိ၏ ဇာတိဂုဏ်၊ ဝယဂုဏ်၊ ဗဟုသုတဂုဏ် စသည်ကိုငဲ့၍၊ ငါအား ဤသို့ သင့်တော်ရှိသော ဒုစရိုက်အမှုကို ပြုခြင်းငှါ မသျှောက်ပတ်ဟု အောက်မေ့ ဆင်ခြင်၍၊ ဝိရမိတဗ္ဗဝတ္ထုကို မလွန်ကျူးဘဲ၊ ရှောင်ကြဉ်ခြင်းကိုသမ္ပတ္တဝိရတီဟု ခေါ်ပါသည်။

မေး။ အဘယ်ဝိရတီကို - သမာဒါနဝိရတီဟု ခေါ်ပါသနည်း။

ဖြေ။ ခံယူ ဆောက်တည် ပြီးသော သီလ ရှိသောသူသည်၊ အသက်ကိုသော်လည်းစွန့်၍ တွေ့ကြုံသော ဝိရမိတဗ္ဗ ဝတ္ထုကို မလွန်ကျူးဘဲ၊ ရှောင်ကြဉ်ခြင်းကို သမာဒါနဝိရတီဟု ခေါ်ပါသည်။

မေး။ အဘယ်ဝိရတီကို သမုစ္ဆေဒ ဝိရတီဟု ခေါ်ပါသနည်း။

ဖြေ။ မဂ်စိတ္တုပ္ပါဒ်၌၊ ဒုစရိုက်ဒုရာဇီဝတို့ကိုအကြွင်းမဲ့ပယ်ခြင်းကြောင့်၊ မဂ်စိတ်နှင့်ယှဉ်သော ဝိရတီကို-သမုစ္ဆေဒဝိရတီဟု ခေါ်ပါသည်။

မေး။ အပ္ပမညာစေတသိက်နှစ်ပါးအရ သရုပ်ကို ရေတွက်ပြစမ်းပါ။

ဖြေ။ ကရုဏာ စေတသိက်၊ မုဒိတာ စေတသိက်ဟု နှစ်ပါးရှိပါသည်။

မေး။ ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာလေးပါးဟု ဆိုလတ္တံ့ဖြစ်လျက်၊ အဘယ့်ကြောင့် ဤစေတသိက်ပိုင်း၌၊ အပ္ပမညာစေတသိက်ကို နှစ်ပါးသာဆိုတော်မူပါသနည်း။

ဖြေ။ အဒေါသစေတသိက်ဖြင့် မေတ္တာသို့သွင်း၍ရင်း၊ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့်၊ ဥပေက္ခာသို့သွင်းယူ၍ရင်း၊ ဤစေတသိက်ပိုင်း၌ အပ္ပမညာကို နှစ်ပါးသာဆိုပါသည်။

မေး။ ကရုဏာစေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။

ဖြေ။ သူတပါးတို့၏ ဆင်းရဲကို ပယ်ခြင်းငှါ အလိုရှိသောလက္ခဏာရှိပါသည်။

မေး။ မုဒိတာစေတသိက်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ သမ္ပတ္တိကိုအာရုံပြု၍-ဝမ်းမြောက်ခြင်းလက္ခဏာရှိပါသည်။

မေး။ ပညိန္ဒြေ စေတသိက်သည်၊ အဘယ် လက္ခဏာရှိပါသနည်း။

ဖြေ။ အနိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် ထိုးထွင်း၍သိခြင်းလက္ခဏာရှိပါသည်။

## သညာ-ဝိညာဏ်-ပညာတို့၏ အထူးကိုပြခြင်း။

မေး။ သညာသိ-ဝိညာဏ်သိ-ပညာသိ သုံးပါးတို့သည်၊ အဘယ်သို့ ထူးကြပါသနည်း။

ဖြေ။ သညာသည်၊ အညို-အဖွေစသောအဆင်းကိုသာ သိတတ်ပါသည်၊ အာရုံ၏သဘောလက္ခဏာကို သိခြင်းငှါသော်၎င်း၊ လုံ့လပြု၍ မဂ်သို့ရောက် အောင်သော်၎င်း၊ မတတ်နိုင်ပါ၊ ဝိညာဏ်သည်၊ အညိုအဖွေအစရှိသော အဆင်းကို၎င်း၊ အာရုံ၏ လက္ခဏာကို၎င်း၊ သိခြင်းငှါ စွမ်းနိုင်ပါသည်၊ မဂ်သို့ရောက်အောင်သော်ကား-မတတ်နိုင်ပါ။ ပညာသည်ကား-အညိုအဖွေအစရှိသေါအဆင်း ကို၎င်း၊ အာရုံ၏ လက္ခဏာကို၎င်း လုံ့လအား ထုတ်၍-မဂ်ဖိုလ်သို့ရောက်အောင်ကို၎င်း၊ တတ် နိုင်ပါသည်၊ ဤသို့ သညာ-ဝိညာဏ်-ပညာတို့ အသိအမြင်ထူးကြပါသည်။

သမ္မာသေဝါနည်းအကျဉ်းကိုပြခြင်း။

မေး။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနှစ်ပါးတို့ သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ကုန်သနည်း။

ဖြေ။ အလုံးစုံသောစိတ် (၈၉) ပါးတို့နှင့် ယှဉ်ကြပါ သည်။

မေး။ ပကိဏ်းစေတသိက် ခြောက်ပါးတို့သည်၊ အ ဘယ်စိတ်တို့နှင့် ယှဉ်ကုန်သနည်း။

ဖြေ။ အလုံးစုံသောစိတ် (၈၉) ပါးတို့နှင့် ယှဉ်သင့် သည်အားလျော်စွာ ယှဉ်ကြပါသည်။

မေး။ တဆဲ့လေးပါးသော အကုသိုလ် စေတသိက်တို့ သည်၊ အဘယ်စိတ်တို့နှင့် ယှဉ်ကုန်သနည်း။

ဖြေ။ အကုသိုလ် တဆဲ့ နှစ်ပါး တို့နှင့် ယှဉ်သင့်သည်
အားလျော်စွာ ယှဉ်ပါသည်။
မေး။ သောဘဏ စေတသိက် နှစ်ဆဲ့ငါးပါးတို့သည်၊
အဘယ်စိတ်တို့နှင့်ယှဉ်ပါကုန်သနည်း။
ဖြေ။ သောဘဏစိတ် (၅၉)ပါးတို့နှင့် ယှဉ်သင့်သည်
အားလျော်စွာယှဉ်ပါသည်။

**အညသမာန်းစေတသိက်သမ္ပယောဂနည်း**
**ခုနှစ်ပါးကိုပြခြင်း။**

မေး။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနှစ်ပါးတို့
သည်၊ အဘယ်စိတ်တို့နှင့် ယှဉ်ကုန်သနည်း။
ဖြေ။ အလုံးစုံသောစိတ်တချယုတ်ကိုးဆယ်တို့နှင့် ယှဉ်
ပါသည်။
မေး။ ဝိတက်စေသိက်သည်၊ အဘယ်မျှသော စိတ်တို့
နှင့်ယှဉ်ပါသနည်း။
ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်ကြဉ်သော၊ ကာမစိတ်
(၄၄) ပါး၊ ပဌမဈာန်စိတ်၊ ကောဒသအားဖြင့်
ငါးဆဲ့ငါးပါးသော စိတ်တို့နှင့်ယှဉ်ပါသည်။
မေး။ ဝိတက်စေတသိက်သည်၊ အဘဲ့ကြောင့် ဒွိပဉ္စ
ဝိညာဏ်တဆယ်ကြဉ်ပါသနည်း။
ဖြေ။ ချာန်နှင်ကင်းသောကြောင့် ဒွိပဉ္စ ဝိညာဏ် တ
ဆယ်ကိုကြဉ်ပါသည်။
မေး။ ဝိစာရ စေတသိက်သည်၊ အဘယ် စိတ်တို့နှင့်
ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ယှဉ်သော စိတ်ငါးဆယ်ငါးပါး၊ ဒုတိယဈာန်စိတ် ကောဋ္ဌာသအားဖြင့် ခြောက်ဆဲ့ခြောက်ပါးသောစိတ်တို့နှင့် ယှဉ်ပါသည်။

မေး။ အဓိမောက္ခ စေတသိက်သည်၊ အဘယ် စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်၊ ဝိစိကိစ္ဆာ ကြဉ်သော ခုနစ်ဆယ်ငါးပါးသောစိတ်တို့နှင့်ယှဉ်ပါသည်။

မေး။ အဓိမောက္ခ စေတသိက်သည်၊ ဒွိပဉ္စဝိညာဏ် ဝိစိကိစ္ဆာတို့ကို အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်တို့သည်၊ အာရုံကိုဆုံးဖြတ်ခြင်းကင်းသောကြောင့်၎င်း။ ဝိစိကိစ္ဆာစိတ်သည်၊ အဓိမောက္ခ စေတသိက်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ ကြဉ်ပါသည်။

မေး။ ဝီရိယစေတသိက်သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း ဒွိပဉ္စဝိညာဏ်တဆယ်၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏစိတ်သုံးခုအားဖြင့် တဆဲ့ခြောက်ပါးကြဉ်သော၊ ခုနစ်ဆယ်သုံးပါးသော စိတ်တို့နှင့်ယှဉ်ပါသည်။

မေး။ ဝီရိယစေတသိက်သည်၊ တဆဲ့ခြောက်ပါးသောစိတ်တို့ကို အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ဝီရိယစေတသိက်သည် (၁၆) ပါးသောစိတ်တို့၌ ဗိုလ်ကင်းသောကြောင့်ကြဉ်ပါသည်။

မေး။ ပီတိစေတသိက်သည်၊ အဘယ်စိတ်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ၊ ဥပေက္ခာငါးဆဲ့ငါး၊ ကာယဝိညာဏ်ဒွေ၊ စတုတ္ထဈာန် ဧကာဒသအားဖြင့် ခုနစ်ဆယ်ကြဉ်သော၊ ငါးဆဲ့တပါးသောစိတ်တို့နှင့်ယှဉ်ပါသည်။

မေး။ ပီတိစေတသိက်သည်၊ ခုနစ်ဆယ်သောစိတ်တို့ကိုအဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ၊ ကာယဝိညာဏ်ဒွေတို့သည်၊ ပီတိစေတသိက်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း၊ ပီတိစေတသိက်သည်၊ သောမနဿစိတ်နှင့်သာယှဉ်သည်ဖြစ်၍၊ ဥပေက္ခာစိတ်မှာ မယှဉ်သောကြောင့်ရင်း။ စတုတ္ထဈာန်ကို ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်သောကြောင့်ရင်း။ ခုနစ်ဆယ်သောစိတ်တို့ကို ကြဉ်ပါသည်။

မေး။ ဆန္ဒစေတသိက်သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ အဟိတ်စိတ်အဋ္ဌာရသ၊ မောဟမူဒွေကြဉ်သော တခုယုတ် ခုနစ်ဆယ်သော စိတ်တို့နှင့် ယှဉ်ပါသည်။

မေး။ ဆန္ဒစေတသိက်သည်၊ နှစ်ဆယ်သောစိတ်တို့ကို အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ပြုခြင်း၌အလိုရှိသည် - အဖြစ်တည်းဟူသော-
သဘောကင်းသောကြောင့်ကြဉ်ပါသည်။

ဝိပ္ပယောဂနည်းကိုပြခြင်း။

မေး။ ဝိတက် စေတသိက်သည်၊ အဘယ် စိတ်တို့နှင့် မယှဉ်ပါသနည်း။

ဖြေ။ မိမိနှင့် ယှဉ်သော စိတ် (၅၅) ပါးမှကြွင်းသော (၆၆)ပါးသောစိတ်တို့နှင့်မယှဉ်ပါ။

မေး။ ဝိစာရ စေတသိက်သည်၊ အဘယ် စိတ်တို့နှင့် မယှဉ်ပါသနည်း။

ဖြေ။ မိမိနှင့် ယှဉ်သော စိတ် (၆၆) ပါးမှ ကြွင်းသော (၅၅)ပါးသောစိတ်တို့နှင့်မယှဉ်ပါ။

မေး။ အဓိမောက္ခစေတသိက်သည်၊ အဘယ် စိတ်တို့နှင့်မယှဉ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်၊ ဝိစိကိစ္ဆာ စိတ်တို့နှင့် မယှဉ်ပါ။

မေး။ ဝီရိယ စေတသိက်သည်၊ အဘယ် စိတ်တို့နှင့် မယှဉ်ပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်းဒွိပဉ္စဝိညာဏ်တဆယ်သမ္ပဋိစ္ဆိုင်းဒွေသန္တီရဏစိတ်သုံးပါးတို့နှင့်မယှဉ်ပါ။

မေး။ ပီတိစေတသိက်သည်၊ အဘယ်စိတ်တို့နှင့်မယှဉ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ၊ ဥပေက္ခာငါးဆဲ့ငါး၊ ကာယဝိညာဏ်ဒွေ၊ စတုတ္ထဈာန်ကောဒသတို့နှင့်မယှဉ်ပါ။

မေး။ သဒ္ဓစေတသိက်သည်၊ အဘယ်စိတ်တို့နှင့်မယှဉ်ပါသနည်း။

ဖြေ။ အဟိတ်စိတ် အမွှာရသ - မောဟမူဒွေ တို့နှင့် မယှဉ်ပါ။

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း ငါးပါးကို ပြခြင်း။

မေး။ အကုသလသာဓာရဏစေတသိက်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မောဟ - အဟိရိက - အနောတ္တပ္ပ - ဥဒ္ဓစ္စအားဖြင့် လေးပါးရှိပါသည်။

မေး။ အကုသလ သာဓာရဏ စေတသိက် တို့သည်၊ အဘယ်စိတ်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ အလုံးစုံသော အကုသိုလ်စိတ်တဆဲ့နှစ်ပါးတို့နှင့် ယှဉ်ပါသည်။

မေး။ လောဘ ေတသိက်သည်၊ အဘယ် စိတ်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ လောဘမူစိတ် ရှစ်ပါးနှင့် ယှဉ်ပါသည်။

မေး။ ဒိဋ္ဌိစေတသိက်သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးပါးတို့နှင့် ယှဉ်ပါသည်။

မေး။ မာနစေတသိက်သည်၊အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုတို့နှင့်ယှဉ်ပါသည်။

မေး။ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ စေတသိက်တို့သည်၊ အဘယ်စိတ်နှင့်ယှဉ်ပါသနည်း။

ဖြေ။ ဒေါသမူစိတ်နှစ်ပါးတို့နှင့် ယှဉ်ပါသည်။

မေး။ ထိန-မိဒ္ဓစေတသိက်တို့သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ သသင်္ခါရိကစိတ်ငါးခုတို့နှင့်ယှဉ်ပါသည်။

မေး။ ဝိစိကိစ္ဆာ စေတသိက်သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ဝိစိကိစ္ဆာစိတ်နှင့် ယှဉ်ပါသည်။
(လောဘမူစိတ်၌-သမ္ပယောဂနည်း သုံးပါးကို ပေါင်း၍-ငါးပါးယူလေ။)

### သောဘဏ ၁၉ စေတသိက်သမ္ပယောဂနည်း လေးပါးကိုပြခြင်း။

မေး။ သောဘဏသာဓာရဏစေတသိက်(၁၉)ပါးတို့သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ သောဘဏ စိတ်တခုယုတ် ခြောက်ဆယ်တို့နှင့် ယှဉ်ပါသည်။

မေး။ ဝိရတီစေတသိက် သုံးပါးတို့သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ လောကုတ္တရာစိတ်၌၊ တပြိုင်နက် အမြဲယှဉ်၍၊ ကာမာဝစရကုသိုလ်စိတ်၌၊ ရံခါ အသီးအသီး တပါးစီသာ ယှဉ်ကြပါသည်။

မေး။ ကာမာဝစရကုသိုလ်စိတ်၌၊ ဝိရတီစေတသိက်တို့သည်၊ အဘယ့်ကြောင့် ရံခါသာဖြစ်ပါသနည်း။

ဖြေ။ မုသာဝါဒစသောဒုစရိုက်တို့မှ၊ ကြဉ်ရှောင်သောအခါ၌သာ-ဝိရတီ စေတသိက် ဖြစ်သည့် ဖြစ်၍၊ ကာမာဝစရ ကုသိုလ်စိတ်ဖြစ်တိုင်း မဖြစ်သောကြောင့် ရံခါသာဖြစ်ပါသည်။

မေး။ လောကုတ္တရာစိတ်မှာ၊ တပေါင်းတည်း ယှဉ်သကဲ့သို့-ကာမာဝစရ ကုသိုလ်စိတ်မှာ - အဘယ့်ကြောင့် တပေါင်းတည်းမယှဉ်ဘဲ၊ တပါးစီသာယှဉ်ကြပါသနည်း။

ဖြေ။ လွန်ကြူးအပ်သောဝတ္ထုဟုဆိုအပ်သောမိမိတို့၏အာရုံကို ဖြစ်သော၎င်းခြင်း ရှိသောကြောင့် တပေါင်းတည်းမယှဉ်ဘဲ၊ တပါးစီသာ ယှဉ်ကြပါသည်။

မေး။ အပ္ပမညာ စေတသိက်နှစ်ပါးတို့သည်၊ အဘယ်စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ မဟဂ္ဂုတ် ပဉ္စမဈာန်ကြဉ်သော-ရူပစိတ် တဆဲ့နှစ်ခု၊ ကာမာဝစရ ကုသိုလ် ကြိယာစိတ်တဆဲ့ခြောက်ခု၊ ပေါင်းနှစ်ဆဲ့ရှစ်ပါးသော စိတ်တို့နှင့်ရံခါတပါးစီ ယှဉ်ပါသည်။

မေး။ အပ္ပမညာ စေတသိက်သည်၊ မဟဂ္ဂုတ် ပဉ္စမဈာန်စိတ်နှင့် အဘယ့်ကြောင့်မယှဉ်ပါသနည်း။

ဖြေ။ အပ္ပနာသို့ ရောက်သော-အပ္ပမညာ စေတသိက်သည်၊ တခံဘဝါမျှ-သောမနဿနှင့်ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့်၊ မဟဂ္ဂုတ်ပဉ္စမဈာန်စိတ်နှင့်ယှဉ်ခြင်းမရှိပါ။

မေး။ အပ္ပမညာစေတသိက်သည်၊ မိမိတို့ယှဉ်ရာစိတ်ဖြစ်တိုင်းမဖြစ်ဘဲ၊ ရံခါသာ အဘယ့်ကြောင့်ဖြစ်ကြပါသနည်း။

ဖြေ။ မိမိတို့ယှဉ်ရာစိတ်သည်၊ သုခိတ ဒုက္ခိတပညတ်ကို အာရုံပြု၍ ဖြစ်မှသာလျှင် - ယှဉ်နိုင် သောကြောင့် ရံခါသာဖြစ်ကြပါသည်၊ စိတ်ဖြစ်တိုင်းမဖြစ်နိုင်ကြပါ။

မေး။ အပ္ပမညာ စေတသိက်သည်၊ တပေါင်းတည်းမယှဉ်ဘဲ၊ အသီးအသီးအဘယ့်ကြောင့် ယှဉ်ကြပါသနည်း။

ဖြေ။ မိမိတို့၏အာရုံ ဖြစ်ကုန်သော၊ သုခိတ-ဒုက္ခိတ-သတ္တဝါတို့၏ တင်ခြင်းသို့ရောက်ခြင်းကိုငဲ့သည်ဖြစ်၍၊ အာရုံပြားသောကြောင့်-တပေါင်းတည်းမယှဉ်ဘဲ၊ အသီးအသီးယှဉ်ကြပါသည်။

မေး။ ပညိန္ဒြေ စေတသိက်သည်၊ အဘယ် စိတ်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ ကာမာဝစရစိတ်က၊ ဉာဏသမ္ပယုတ်စိတ်၊တဆဲ့နှစ်ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် သုံးဆယ်

ငါးပါးအားဖြင့် လေးဆယ်ခုနစ်ပါးသော စိတ်တို့နှင့်ယှဉ်ပါသည်။

**အနိယတယောဂီစေတသိက်ကိုပြခြင်း။**

မေး။ အနိယတ ယောဂီ စေတသိက်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဣဿာစေတသိက်၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဝိရတီ၊ အပ္ပမညာစေတသိက်အားဖြင့် စေတသိက်ပေါင်း တဆဲ့တပါးရှိပါသည်။

ဖြေ။ နိယတယောဂီစေတသိက်ပေါင်းကား၊ အဘယ်မျှရှိပါသနည်း။

မေး။ အနိယတယောဂီစေတသိက်မှကြွင်းသော၊ နိယတယောဂီ စေတသိက်ကား၊ လေးဆယ်တပါး ရှိပါသည်။

**သင်္ဂဟနည်းအကျဉ်းကိုပြခြင်း။**

ဖြေ။ လောကုတ္တရာစိတ်၌ စေတသိက်ပေါင်း အဘယ်မျှယှဉ်ပါသနည်း။

မေး။ သုံးဆယ်ခြောက်ပါးသောစေတသိက်တို့သည်၊ ယှဉ်သင့်သည့်အားလျော်စွာ ယှဉ်ပါသည်။

မေး။ မဟဂ္ဂုတ်စိတ်၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ သုံးဆယ်ငါးပါးသောစေတသိက်တို့သည်၊ ယှဉ်သင့်သည့်အားလျော်စွာ ယှဉ်ပါသည်။

မေး။ ကာမာဝစရစိတ်၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ သုံးဆဲ့ရှစ်ပါးသောစေတသိက်တို့သည်ယှဉ်သင့်သည့်အားလျော်စွာ ယှဉ်ပါသည်။

မေး။ အကုသိုလ်စိတ်၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ နှစ်ဆဲ့ခုနစ်ပါးသော စေတသိက်တို့သည် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ပါသည်။

မေး။ အဟိတ်စိတ်၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ တဆဲ့နှစ်ပါးသောစေတသိက်တို့သည် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ပါသည်။

## လောကုတ္တရာစိတ်၌ သင်္ဂြိုဟ်နည်း ၅-ပါးကိုပြခြင်း။

မေး။ လောကုတ္တရာ ပထမဈာန်စိတ် ရှစ်ပါး၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်း စေတသိက်(၁၃)ပါး၊ အပ္ပမညာ စေတသိက်ကြဉ်သော သောဘဏ စေတသိက် (၂၃)ပါးအားဖြင့်၊ စေတသိက်ပေါင်း(၃၆)ပါး ယှဉ်ပါသည်။

မေး။ အပ္ပမညာ စေတသိက်ကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ အပ္ပမညာ စေတသိက်သည် သတ္တဝါ၊ ပညတ်ကို သာ အာရုံပြုသည်ဖြစ်၍၊ နိဗ္ဗာန်ကို အာရုံပြုသော လောကုတ္တရာ စိတ်နှင့် အာရုံပြု ပြားသော ကြောင့် ကြဉ်ပါသည်။

မေး။ လောကုတ္တရာ ဒုတိယဈာန်စိတ်ရှစ်ပါး၌ စေတ သိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ကြဉ်သော အညသမာန်း စေတသိက် (၁၂)ပါး၊အပ္ပမညာကြဉ်သော သောဘဏ စေ တသိက် (၂၃)ပါး အားဖြင့် စေတသိက်ပေါင်း (၃၅) ပါး ယှဉ်ပါသည်။

မေး။ ဒုတိယဈာန်စိတ်၌ ဝိတက်စေတသိက်ကို အဘဲ့ ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဘာဝနာ၏အစွမ်းအားဖြင့် ဝိတက်ကို ပယ်သော ကြောင့် ကြဉ်ပါသည်။

မေး။ လောကုတ္တရာ တတိယဈာန်စိတ်ရှစ်ပါး၌စေတ သိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက် ဝိစာရ ကြဉ်သော အညသမာန်း စေတ သိက်(၁၁)ပါး၊ အပ္ပမညာကြဉ်သော သောဘ ဏစေတသိက် (၂၃) ပါးအားဖြင့် စေတသိက် ပေါင်း(၃၄)ပါး ယှဉ်ပါသည်။

မေး။ တတိယဈာန်၌ ဝိစာရ စေတသိက်ကို အဘဲ့ ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဘာဝနာ၏အစွမ်းအားဖြင့် ဝိစာရကိုပယ်သော ကြောင့် ကြဉ်ပါသည်။

မေး။ လောကုတ္တရာ စတုတ္ထဈာန်စိတ်ရှစ်ပါး၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက် ဝိစာရ ပီတိ ကြဉ်သော အညသမာန်း စေတသိက် (၁၀)ပါး၊ အပ္ပမညာ ကြဉ်သော သောဘဏစေတသိက်(၂၃)ပါးအားဖြင့် စေတသိက်ပေါင်း(၃၃)ပါး ယှဉ်ပါသည်။

မေး။ လောကုတ္တရာ ပဉ္စမဈာန်စိတ်ရှစ်ပါး၌ စေတသိက်ပေါင်း အဘယ်မျှယှဉ်ပါသနည်း။

ဖြေ။ ဝိတက် ဝိစာရ ပီတိကြဉ်သော ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော အညသမာန်း စေတသိက်(၁၀)ပါး၊ အပ္ပမညာကြဉ်သော သောဘဏ စေတသိက်သည် (၂၃)ပါးအားဖြင့် စေတသိက်ပေါင်း(၃၃)ပါး ယှဉ်ပါသည်။

## မဟဂ္ဂုတ်စိတ်၌သင်္ဂဟနည်း၅-ပါးကိုပြခြင်း။

မေး။ မဟဂ္ဂုတ် ပထမဈာန်စိတ်သုံးပါး၌ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိရတီစေတသိက် ကြဉ်သော၊ သောဘဏ စေတသိက်၊ (၂၂)ပါးအားဖြင့်၊ စေတသိက်ပေါင်း(၃၅)ပါး ယှဉ်ပါသည်။

မေး။ မဟာကုသိုလ်စိတ်၌၊ ဝိရတီ စေတသိက်ကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဝိရတီ စေတသိက်သည်၊ ဝီတိက္ကမိတဗ္ဗ ဝတ္ထုကိုရင်း။ နိဗ္ဗာန်ကိုရင်း အာရုံပြု၏။ မဟာကုသိုလ်စိတ်ကား၊ ပညတ်အာရုံကိုရင်း။ မဟာကုသိုလ်မှာ ရုံကိုရင်း အာရုံပြု၏။ ဤသို့ အာရုံပြု ပြားသောကြောင့် ဝိရတီစေတသိက်ကို ကြဉ်ပါသည်။

မေး။ မဟာကုသိုလ်ဒုတိယချာန်စိတ်သုံးပါး၌၊ စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ကြဉ်သောအညသမာန်းစေတသိက်(၁၂)ပါး၊ ဝိရတီကြဉ်သော၊ သောဘဏ စေတသိက်(၂၂)ပါးအားဖြင့်၊ စေတသိက်ပေါင်း(၃၄)ပါး ယှဉ်ပါသည်။

မေး။ မဟာကုသိုလ် တတိယချာန် စိတ်သုံးပါး၌၊ စေတသိက်ပေါင်း-အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ဝိစာရ ကြဉ်သော၊ အညသမာန်း စေတသိက်(၁၁)ပါး၊ ဝိရတီကြဉ်သော၊ သောဘဏ စေတသိက်(၂၂)ပါးအားဖြင့် စေတသိက်ပေါင်း (၃၃)ပါး ယှဉ်ပါသည်။

မေး။ မဟာကုသိုလ် စတုတ္ထချာန် သုံးပါး၌၊ စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ဝိစာရပီတိကြဉ်သော အညသမာန်း စေတသိက်(၁၀)ပါး၊ ဝိရတီကြဉ်သော သောဘဏ

စေတသိက်(၂၂)ပါးအါးဖြင့်စေတသိက်ပေါင်း (၃၂)ပါး ယှဉ်ပါသည်။

မေး။ ပဉ္စမဈာန်စိတ်တသဲ့ငါးပါး၌၊စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတက်ဝိစာရပီတိကြဉ်သော၊ အညသမာန်းစေတသိက် (၁၀)ပါး၊ ဝိရတိအပ္ပမညာကြဉ်သော၊ သောဘဏစေတသိက် (၂၀)အားဖြင့်၊ စေတသိက်ပေါင်း(၃၀)ယှဉ်ပါသည်။

ကာမာဝစရစိတ်၌ သင်္ဂဟနည်း ၁၂-ပါးကိုပြခြင်း။

မေး။ မဟာကုသိုလ် ပထမဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်(၁၃)ပါး၊ သောဘဏစေတသိက်(၂၅)ပါးအါးဖြင့်စေတသိက်ပေါင်း (၃၈)ပါး-ယှဉ်ပါသည်။

မေး။ မဟာကုသိုလ်ဒုတိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်(၁၃)ပါး၊ ပညိန္ဒြေစေတသိက် ကြဉ်သော၊ သောဘဏ စေတသိက် (၂၄)ပါးအားဖြင့်၊ စေတသိက်ပေါင်း(၃၇)ပါး ယှဉ်ပါသည်။

မေး။ မဟာကုသိုလ်တတိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်း စေတသိက်(၁၂) ပါး၊ သောဘဏစေတသိက်(၂၅)ပါး အားဖြင့် စေတသိက်ပေါင်း(၃၇)ပါး ယှဉ်ပါသည်။

မေး။ မဟာကုသိုလ်စတုတ္ထဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်း စေတသိက်(၁၂) ပါး၊ ပညိန္ဒြေကြဉ်သော၊ သောဘဏစေတသိက် (၂၄)ပါးအားဖြင့်၊ စေတသိက်ပေါင်း(၃၆)ပါး ယှဉ်ပါသည်။

မေး။ မဟာကြိယာ ပဌမဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတိကြဉ်သော သောဘဏစေတသိက်(၂၂)ပါး အားဖြင့် စေတသိက်ပေါင်း(၃၅)ပါး ယှဉ်ပါသည်။

မေး။ မဟာကြိယာဒု တိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှယှဉ်ပါသနည်း။

ဖြေ။ အညသမာန်း စေတသိက် (၁၃)ပါး၊ ဝိရတိ၊ ပညိန္ဒြေ ကြဉ်သော၊ သောဘဏ စေတသိက် (၂၁)ပါးအားဖြင့်-စေတသိက်ပေါင်း (၃၄)ပါး ယှဉ်ပါသည်။

မေး။ မဟာကြိယာတတိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဥတိကြဉ်သော-အညသမာန်းစေတသိက်(၁၂)ပါး၊ ဝိရတီကြဉ်သော-သောဘဏစေတသိက်၊(၂၂)ပါးအားဖြင့် စေတသိက်ပေါင်း (၃၄)ပါး ယှဉ်ပါသည်။

မေး။ မဟာကြိယာ စတုတ္ထဒွေး၌၊ စေတသိက်ပေါင်း အဘယ်မျှယှဉ်ပါသနည်း။

ဖြေ။ ဥတိကြဉ်သော-အညသမာန်းစေတသိက် (၁၂)ပါး-ဝိရတီ-ပညိန္ဒြေကြဉ်သော-သောဘဏ စေတသိက် (၂၁)ပါး အားဖြင့် စေတသိက်ပေါင်း (၃၃)ပါး ယှဉ်ပါသည်။

မေး။ မဟာကြိယာစိတ်၌၊ ဝိရတီစေတသိက်ကို အဘဲ့ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ဝိရတီစေတသိက်သည်၊စင်စစ်ကုသိုလ်သဘော ရှိသောကြောင့် ကြဉ်ပါသည်။

မေး။ မဟာ ဝိပါက် ပထမဒွေး၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတီ အပ္ပမညာကြဉ်သော-သောဘဏစေတသိက် (၂၀) အားဖြင့်-စေတသိက်ပေါင်း (၃၃)ပါး ယှဉ်ပါသည်။

မေး။ မဟာဝိပါက်စိတ်၌၊ ဝိရတီ၊ အပ္ပမညာတို့ကို အဘဲ့ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ အပ္ပမညာ စေတသိက်သည်၊ သတ္တဝါ ပညတ်ကို အာရုံပြု သောကြောင့်ရင်း။ ဝိရတီ စေတသိက်သည်၊ စင်စစ်ကုသိုလ်သဘော ရှိသောကြောင့်ရင်း-ကြဉ်ပါသည်။

မေး။ မဟာဝိပါက် ဒုတိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်(၁၃)ပါး၊ဝိရတီ၊ အပ္ပမညာ၊ ပညိန္ဒြေ၊ ကြဉ်သော-သောဘဏ စေတသိက်(၁၉)ပါးအားဖြင့်စေတသိက်ပေါင်း(၃၂)ပါး ယှဉ်ပါသည်။

မေး။ မဟာဝိပါက် တတိယဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝီတိကြဉ်သော-အညသမာန်းစေတသိက်(၁၂)ပါး၊ ဝိရတီ အပ္ပမညာ ကြဉ်သော - သောဘဏ စေတသိက် (၂၀) အားဖြင့် စေတသိက်ပေါင်း (၃၂)ပါးယှဉ်ပါသည်။

မေး။ မဟာဝိပါက် စတုတ္ထဒွေ၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝီတိကြဉ်သော-အညသမာန်းစေတသိက် (၁၂) ပါး၊ ဝိရတီ၊ အပ္ပမညာ၊ ပညိန္ဒြေကြဉ်သော-သောဘဏစေတသိက်(၁၉)ပါးအားဖြင့်စေတသိက်ပေါင်း(၃၁)ပါး ယှဉ်ပါသည်။

မေး။ တတိယဇ္ဈာန်စတုတ္ထဇ္ဈာန်တို့၌ ပီတိကိုအဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဥပေက္ခာဖြစ်၍၊ ပီတိနှင့် ဆန့်ကျင်သောကြောင့် ကြဉ်ပါသည်။

မေး။ ဒုတိယဇ္ဈာန် စတုတ္ထဇ္ဈာန်တို့၌၊ ပညိန္ဒြေကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဥဇ္ဈာဒိပ္ပာယ်ဖြစ်၍၊ ဥက္ကဋ်ကင်းသောကြောင့် ကြဉ်ပါသည်။

**ဝိတက်အစရှိသော စေတသိက်တို့၏အထူးပြပုံ။**

မေး။ လောကုတ္တရာစိတ်၌၊ ဈာန်တရားတို့သည်၊ အဘယ်သို့ အထူးပြုပါသနည်း။

ဖြေ။ ဝိတက်သည်၊ ပထမဈာန် စိတ်နှင့်သာ ယှဉ်၍၊ ဒုတိယဈာန် စသည်တို့နှင့်မယှဉ်ခြင်း အထူးပြုပါသည်၊ ဝိစာရစေတသိက်သည်၊ ပထမဈာန်၊ ဒုတိယဈာန် စိတ်နှင့်သာ ယှဉ်၍၊ တတိယဈာန် စိတ်စသည်တို့နှင့် မယှဉ်ခြင်း အထူးပြုပါသည်။ ပီတိစေတသိက်သည်၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် စိတ်နှင့်သာယှဉ်၍၊ စတုတ္ထဈာန် စိတ်စသည်တို့နှင့် မယှဉ်ခြင်း အထူးပြုပါသည်၊ သုခဝေဒနာသည်၊ အောက်ဈာန်စိတ်လေးပါးနှင့် သာယှဉ်၍၊ ပဉ္စမဈာန်နှင့်မယှဉ်ခြင်း အထူးပြုပါသည်၊ ဥပေက္ခာဝေဒနာသည်၊ ပဉ္စမဈာန်စိတ်နှင့် သာယှဉ်၍၊ အောက်ဈာန်စိတ်လေးပါးနှင့် မယှဉ်

ခြင်းအထူးပြုပါသည်၊ ယှဉ်ဒွါ မယှဉ်ဒွါ၏အထူး
မယှဉ်ဒွါသည် ယှဉ်ဒွါ၏-အထူး ဖြစ်သည်ကို
အထူးပြုဟုဆို၏။

မေး။ မဟဂ္ဂုတ်စိတ်၌ ဈာန်အပ္ပမညာတို့သည်၊အဘယ်
သို့အထူးပြုပါသနည်း။
(ဈာန်အထူးပြုပုံမှာလောကုတ္တရာစိတ်၌ ပြုနည်း
နှင့်တူ၏။)

ဖြေ။ အပ္ပမညာစေတသိက်သည်၊ အောက်ဈာန်လေး
ပါးနှင့်သာယှဉ်၍၊ပဉ္စမဈာန်စိတ်နှင့် မယှဉ်ခြင်း
အထူးပြုပါသည်။

မေး။ ကာမာဝစရစိတ်၌၊ ဝိရတီ - အပ္ပမညာ-ပီတိ-
ပညာတို့သည်၊ အဘယ်သို့ အထူးပြုပါသနည်း။

ဖြေ။ ဝိရတီစေတသိက်သည်၊ မဟာကုသိုလ်စိတ်နှင့်
သာယှဉ်၍၊ မဟာဝိပါက်၊ မဟာကြိယာစိတ်
တို့နှင့်မယှဉ်ခြင်း အထူးပြုပါသည်။ အပ္ပမညာ
စေတသိက်သည်၊ ကုသိုလ်-ကြိယာစိတ်တို့နှင့်
သာယှဉ်၍၊ မဟာဝိပါက်စိတ်နှင့် မယှဉ်ခြင်း
အထူးပြုပါသည်။ ပီတိစေတသိက်သည်၊ ပထမ
ဈာန်- ဒုတိယဈာန်တို့နှင့်သာ ယှဉ်၍၊ တတိယဈာန်
စတုတ္ထဈာန်တို့နှင့် မယှဉ်ခြင်း အထူးပြုပါသည်။
ပညိန္ဒြေစေတသိက်သည် ပထမဈာန်၊ တတိယဈာန်
တို့နှင့်သာယှဉ်၍၊ ဒုတိယဈာန်၊ စတုတ္ထဈာန်တို့နှင့်
မယှဉ်ခြင်း အထူးပြုပါသည်။

အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါးကိုပြခြင်း။

မေး။ လောဘမူပထမသသင်္ခါရိကစိတ်၌၊စေတသိက်ပေါင်း အဘယ်မျှယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက် တဆဲ့သုံးပါး အကုလသာဓာရဏစေတသိက်လေးပါး-လောဘ–ဒိဋ္ဌိအားဖြင့် စေတသိက်ပေါင်း (၁၉)ပါး၊ ယှဉ်ပါသည်။

မေး။ လောဘမူဒုတိယအသင်္ခါရိကစိတ်၌၊စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်တဆဲ့သုံးပါး၊ အကုသလသာဓာရဏ စေတသိက်လေးပါး၊ လောဘမာနအားဖြင့်၊ စေတသိက်ပေါင်း(၁၉)ပါး ယှဉ်ပါသည်။

မေး။ လောဘမူတတိယ အသင်္ခါရိကစိတ်၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ပီတိကြဉ်သော အညသမာန်း စေတသိက် တဆဲ့နှစ်ပါး၊ အကုသလသာဓာရဏစေတသိက်လေးပါး၊ လောဘဒိဋ္ဌိ အားဖြင့် - စေတသိက်ပေါင်း (၁၈)ပါး ယှဉ်ပါသည်။

မေး။ လောဘမူစတုတ္ထအသင်္ခါရိကစိတ်၌၊စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ပီတိကြဉ်သော-အညသမာန်းစေတသိက် တဆဲ့နှစ်ပါး၊ အကုသလ သာဓာရဏ စေတသိက်

လေးပါး၊ လောဘမှာနှ အားဖြင့် စေတသိက် ပေါင်း(၁၈)ပါး၊ ယှဉ်ပါသည်။

မေး။ ဒေါသမူ ပဌမ အသင်္ခါရိက စိတ်၌၊ စေတသိက် ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ပိတ်ကြဉ်သော အညသမာန်းစေတသိက် တဆဲ့ နှစ်ပါး၊ အကုသလသာဓာရဏစေတသိက်လေး ပါး၊ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စအားဖြင့် စေတသိက်ပေါင်း(၂၀)ယှဉ်ပါသည်။

မေး။ ဣဿာ-မစ္ဆရိယာ-ကုက္ကုစ္စစေတသိက်သည်၊ မိမိ တို့ယှဉ်ရာစိတ်၌၊ အတူအကွယှဉ်ပါသလော။

ဖြေ။ အာရုံကွဲပြားသောကြောင့်အတူတကွမယှဉ်ဘဲ တပါးစီသာ ယှဉ်ကြပါသည်။

မေး။ လောဘမူပထမသသင်္ခါရိကစိတ်၌၊ စေတသိက် ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်းစေတသိက်တဆဲ့သုံးပါး၊ အကုသ လသာဓာရဏ စေတသိက်လေးပါး၊ လောဘ ဒိဋ္ဌိထိနမိဒ္ဓအားဖြင့် စေတသိက်ပေါင်း(၂၁)ပါး ယှဉ်ပါသည်။

မေး။ လောဘမူဒုတိယသသင်္ခါရိကစိတ်၌၊စေတသိက် ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ အညသမာန်း စေတသိက် တဆဲ့သုံးပါး၊ အကု သလသာဓာရဏစေတသိက်လေးပါး၊ လောဘ

မာန ထိန မိဒ္ဓ အားဖြင့် စေတသိက်ပေါင်း (၂၁) ပါး ယှဉ်ပါသည်။

မေး။ လောဘမူ တတိယ သသင်္ခါရိက စိတ်၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်းစေတသိက် တဆဲ့နှစ်ပါး၊ အကုသလ သာဓာရဏ စေတသိက် လေးပါး၊ လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ အားဖြင့် စေတသိက်ပေါင်း(၂၀)ယှဉ်ပါသည်။

မေး။ လောဘမူစတုတ္ထသသင်္ခါရိကစိတ်၌၊ စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်း စေတသိက် တဆဲ့နှစ်ပါး၊ အကုသလသာဓာရဏစေတသိက်လေးပါး၊ လောဘမာနထိနမိဒ္ဓအားဖြင့် စေတသိက်ပေါင်း(၂၀)ယှဉ်ပါသည်။

မေး။ ဒေါသမူ ပဌမ သသင်္ခါရိကစိတ်၌၊ စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်း စေတသိက် တဆဲ့နှစ်ပါး၊ အကုသလသာဓာရဏ စေတသိက်လေးပါး၊ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စလေးပါး ထိနမိဒ္ဓနှစ်ပါးအားဖြင့် စေတသိက်ပေါင်း(၂၂)ပါး ယှဉ်ပါသည်။

မေး။ ဥဒ္ဓစ္စသဟဂုတ်စိတ်၌၊စေတသိက်ပေါင်းအဘယ်မျှယှဉ်ပါသနည်း။

ဖြေ။ ဆန္ဒပါတီကြဉ်သော၊ အညသမာန်း စေတသိက် တဆယ်တပါး၊ အကုသလ သာဓာရဏ စေတ သိက်လေးပါးအားဖြင့် စေတသိက်ပေါင်း(၁၅) ပါး ယှဉ်ပါသည်။

မေး။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဆန္ဒပီတိအဓိမောက္ခကြဉ်သော၊ အညသမာန်း စေတသိက် တဆယ်၊ အကုသလ သာဓာရဏ စေတသိက် လေးပါး၊ ဝိစိကိစ္ဆာ စေတသိက် အားဖြင့် စေတသိက်ပေါင်း ၁၅)ပါး၊ ယှဉ်ပါ သည်။

(စေတသိက်သမ္ပယောဂနည်းကိုပေါင်း၍သင်္ဂဟနည်း ၇-ပါး အရယူပါ။)

**အဟိတ်စိတ်၌ သင်္ဂဟနည်းလေးပါးကိုပြခြင်း။**

မေး။ ဟသိတုပ္ပါဒ်စိတ်၌၊ စေတသိက်ပေါင်းအဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဆန္ဒကြဉ်သော၊ အညသမာန်း စေတသိက်(၁၂) ပါး ယှဉ်ပါသည်။

မေး။ မနောဒွါရ ဝဇ္ဇန်းစိတ်၌၊ စေတသိက် ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ ဆန္ဒပီတိကြဉ်သော အညသမာန်း စေတသိက် (၁၁)ပါး ယှဉ်ပါသည်။

မေး။ သောမနဿသဟဂုတ်ရဟာစိတ်၌၊စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ၊ ဆန္ဒဝိရိယကြဉ်သော၊ အညသမာန်းစေတသိက် (၁၁)ပါး ယှဉ်ပါသည်။

မေး။ မနောဒွါရာဝဇ္ဇန်းပါး၊ ဥပေက္ခာ သန္တီရဏ နှစ်ပါး တို့၌၊ စေတသိက်အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ၊ ဆန္ဒပီတိဝိရိယကြဉ်သော အညသမာန်း စေတ သိက်(၁၀)ပါး ယှဉ်ပါသည်။

မေး။ ဒွိပဉ္စ ဝိညာဏ် တဆယ်၌၊ စေတသိက်ပေါင်း အဘယ်မျှ ယှဉ်ပါသနည်း။

ဖြေ။ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ပါးယှဉ်ပါ သည်။

(စေတသိက်သမ္ပယောဂကိုပေါင်း၍-သင်္ဂဟနည်း ၇-ပါး အရယူပါ။)

မေး။ သမ္ပယောဂနည်း သင်္ဂဟနည်း နှစ်ပါးတို့ကား၊ အဘယ်သို့ ထူးကြပါသနည်း။

ဖြေ။ စိတ်ကိုဒိုင်းခြားသည်၏အစွမ်းအားဖြင့် ဝေဘန် သောနည်းသည် သမ္ပယောဂနည်းမည်၏၊စေတ သိက်အစုကို ပိုင်းခြားသည်၏အစွမ်းဖြင့်ဝေဘန် သောနည်းသည်၊ သင်္ဂဟနည်းမည်၏။ ဤသို့နည်း နှစ်ပါး ထူးကြပါသည်။

မေး၊ သမ္ပယောဂနည်းပေါင်းကား၊ အဘယ်မျှ ရှိပါ သနည်း။

ဖြေ။ အညသမာန်းရာသီက၊သမ္ပယောဂနည်း ၇-ပါး၊ အကုသလရာသီက သမ္ပယောဂနည်း ၅-ပါး၊ သောဘဏာရာသီက၊ သမ္ပယောဂနည်း ၄-ပါး အားဖြင့် သမ္ပယောဂနည်း(၁၆)ပါး ရှိပါသည်။

မေး။ သင်္ဂဟ နည်းပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ လောကုတ္တရာ စိတ်က၊ သင်္ဂဟနည်း ၅-ပါး၊ မဟဂ္ဂုတ်စိတ်က၊ သင်္ဂဟနည်း ၅-ပါး၊ ကာမာဝစရစိတ်က၊ သင်္ဂဟနည်း(၁၂)ပါး၊ အကုသိုလ်စိတ်က သင်္ဂဟနည်း ၇-ပါး၊ အဟိတ်စိတ်က၊ သင်္ဂဟနည်း ၄-ပါးအားဖြင့် သင်္ဂဟနည်းပေါင်း (၃၃)ပါး ရှိပါသည်။

(တဒုဘယမိဿနည်း-အညသမာန်းစေသီကိုပြခြင်း)

မေး။ ဖဿစေတသိက်သည်၊ စိတ်တခုယုတ်ကိုးဆယ်ခွဲယှဉ်ခိုက် အဘယ်မျှသော စေတသိက်နှင့် ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ ငါးဆဲ့ တပါးသော စေတသိက်တို့နှင့် ယှဉ်ပါသည်။

(ဝေဒနာစေတသိက်စသည့်နည်းတူ၏)

မေး။ ဝိတက်ဝိစာရစေတသိက်တို့သည်၊မိမိတို့၏ယှဉ်ရာစိတ်ခွဲယှဉ်ခိုက်-အဘယ်မျှသော စေတသိက်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ မိမိတို့ကိုကြည့်၍၊ (၅၁) ပါးသော စေတသိက်တို့နှင့် ယှဥ်ပါသည်။

မေး။ ဆန္ဒအဓိမောက္ခ စေတသိက် တို့သည်၊ မိမိတို့ ယှဥ်ရာစိတ်၌ ယှဥ်ခိုက်-အဘယ်မျှသော စေတသိက်တို့နှင့် ယှဥ်ပါသနည်း။

ဖြေ။ မိမိတို့နှင့်ဝိစိကိစ္ဆာကိုကြည့်၍(၅၀)သော စေတသိက်တို့နှင့် ယှဥ်ပါသည်။

မေး။ ဝီရိယစေတသိက်သည်၊ မိမိနှင့်ယှဥ်ရာစိတ်၌ယှဥ်ခိုက်-အဘယ်မျှသော စေတသိက်တို့နှင့် ယှဥ်ပါသနည်း။

ဖြေ။ မိမိကြည့်သော-ငါးဆဲ့တပါးသော စေတသိက်တို့နှင့်ယှဥ်ပါသည်။

မေး။ ပီတိစေတသိက်သည်၊ မိမိယှဥ်ရာစိတ်၌ယှဥ်ခိုက် အဘယ် မျှသော စေတသိက် တို့နှင့် ယှဥ်ပါသနည်း။

ဖြေ။ မိမိနှင့်တကွ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြည့်သော (၄၆) ပါးသော စေတသိက် တို့နှင့် ယှဥ်ပါသည်။

## အကုသလစေတသိက်၊

မေး။ မောဟ အဟိရိက-အနောတ္တပ္ပ-ဥဒ္ဓစ္စစေတသိက် တို့သည်၊ မိမိတို့ယှဥ်ရာ စိတ်တို့နှင့် ယှဥ်ခိုက်-အဘယ်မျှသော စေတသိက်တို့နှင့် ယှဥ်ပါသနည်း။

ဖြေ။ မိမိတို့ကိုကြဉ်၍ (၂၆) ပါးသော စေတသိက်တို့နှင့်ယှဉ်ပါသည်။

မေး။ လောဘစေတသိက်သည်၊ မိမိယှဉ်ရာစိတ်၌ယှဉ်ခိုက်-အဘယ်မျှသော စေတသိက်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ (၂၁)ပါးသောစေတသိက်တို့နှ ယှဉ်ပါသည်။

မေး။ ဒိဋ္ဌိစေတသိက်သည်၊ မိမိယှဉ်ရာ စိတ်၌ယှဉ်ခိုက် အဘယ်မျှသောစေတသိက်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ (၂၀)သော စေတသိက် တို့နှင့် ယှဉ်ပါသည်။

မေး။ မာနစေတသိက်သည်၊ မိမိယှဉ်ရာစိတ်၌ယှဉ်ခိုက် အဘယ် မျှသော စေတသိက် တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ နှစ်ဆယ်သော စေတသိက်တို့နှင့် ယှဉ်ပါသည်။

မေး။ ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ စေတသိက်တို့သည်၊ မိမိယှဉ်ရာစိတ်နှင့်-ယှဉ်ခိုက် အဘယ်မျှသောစေတသိက်တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ တဆဲ့ကိုးပါးသော စေတသိက်တို့နှင့်ယှဉ်ပါသည်။

မေး။ ဒေါသ စေတသိက်သည်၊ မိမိယှဉ်ရာ စိတ်နှင့်

ယှဉ်ခိုက် - အဘယ်မျှသော စေတသိက် တို့နှင့်
ယှဉ်ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍ နှစ်ဆဲ့တပါးသော စေတသိက်တို့
နှင့်ယှဉ်ပါသည်။

မေး။ ထိနမိဒ္ဓစေတသိက်တို့သည်၊ မိမိယှဉ်ရာစိတ်နှင့်
ယှဉ်ခိုက် အဘယ်မျှသော စေတသိက်တို့နှင့်ယှဉ်
ပါသနည်း။

ဖြေ။ မိမိကိုကြဉ်၍၊ နှစ်ဆဲ့ငါးပါးသော စေတသိက်
တို့နှင့်ယှဉ်ပါသည်။

မေး။ ဝိစိကိစ္ဆာ စေတသိက်သည်၊ မိမိယှဉ်ရာစိတ်နှင့်
ယှဉ်ခိုက် အဘယ်မျှသော စေတသိက်တို့နှင့်ယှဉ်
ပါသနည်း။

ဖြေ။ မိမိကြဉ်၍ တဆဲ့လေးပါးသော၊ စေတသိက်တို့
နှင့် ယှဉ်ပါသည်။

## သောဘဏသာဓာရဏ။

မေး။ သဒ္ဓါစေတသိက်သည် သောဘဏစိတ်၌ယှဉ်ခိုက်
အဘယ်မျှသော စေတသိက်တို့နှင့်ယှဉ်သနည်း။

ဖြေ။ သဒ္ဓါစေတသိက်ကိုကြဉ်၍၊ စေတသိက်ပေါင်း
(၃၇)ပါးတို့နှင့်ယှဉ်ပါသည်။
(သောဘဏသာဓာရဏအားလုံးနည်းတူ၏။)

မေး။ သမ္မာဝါစာ စေတသိက်သည်၊ မိမိယှဉ်ရာစိတ်၌
ယှဉ်ခိုက်၊ အဘယ်မျှသော စေတသိက်တို့နှင့်
ယှဉ်ပါသနည်း။

ဖြေ။ မိမိနှင့် အပ္ပမညာကြဉ်သော စေတသိက်ပေါင်း (၃၅)ပါးတို့နှင့် ယှဉ်ပါသည်။
(သမ္ဗာကမ္ဗန္တ-သမ္ဗာအာဇီဝကားနည်းတူ၏)

မေး။ ကရုဏာစေတသိက်သည် ကာမကုသိုလ်၊မဟာကြိယာ၊ မဟဂ္ဂုတ်၊ အောက်ဈာန် လေးပါးတို့၌ ယှဉ်ခိုက် - အဘယ်မျှသော စေတသိက် တို့နှင့် ယှဉ်ပါသနည်း။

ဖြေ။ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်ပေါင်း (၃၃)ပါးတို့နှင့် ယှဉ်ပါသည်။
(မုဒိတာကား ကရုဏာစေတသိက်နှင့်တူ၏)

မေး။ ပညိန္ဒြေ စေတသိက်သည်၊ မိမိယှဉ်ရာစိတ်နှင့် ယှဉ်ခိုက် အဘယ်မျှသော စေတသိက်တို့နှင့်ယှဉ်ပါသနည်း။

ဖြေ။ မဟာကုသိုလ်ပထမဒွေ၌ယှဉ်ခိုက်မိမိကြဉ်သော စေတသိက်ပေါင်း(၃၇)ပါး၊ တတိယဒွေ၌ယှဉ်ခိုက်-ဉာဏ်ပီတိ ကြဉ်သော စေတသိက်ပေါင်း (၃၆)ပါးတို့နှင့် ယှဉ်ပါသည်။
(ကြွင်းသောစိတ်တို့မှာလည်းရင်းနည်းတူကြံလေ)

စေတသိက်ပိုင်း ပြီး၏။

---

No. 12

# ပကိဏ်းပိုင်း။

## ပကိဏ္ဏကသင်္ဂဟကိုပြခြင်း။

မေး။ ပကိဏ်းပိုင်း၌ အဘယ်တရားတို့ကို ဝေဘန်၍ ပြပါသနည်း။

ဖြေ။ စိတ်တဍယုတ် ကိုးဆယ်ကို - အာရမ္မဏ- ဝိဇာနန အားဖြင့် တပါးသာယူ၍၊ ဖဿစသော စေတသိက်တို့ကား၊ မိမိတို့၏ ဖုဿနစသော လက္ခဏာအားဖြင့် (၅၂)ပါးယူ၍၊ ငါးဆယ်သုံးပါးသော တရားတို့ကိုဝေဘန်၍ပြပါသည်။

မေး။ ထို(၅၃)ပါးသော တရားတို့ကို အဘယ်မျှသော သင်္ဂဟတို့ဖြင့် ဝေဘန်၍ပြပါသနည်း။

ဖြေ။ ဝေဒနာသင်္ဂဟ၊ဟေတုသင်္ဂဟ၊ကိစ္စသင်္ဂဟ၊ဒွါရသင်္ဂဟ၊အာလမ္ဗဏသင်္ဂဟ၊ဝတ္ထုသင်္ဂဟအါးဖြင့် (၆)ပါးသောသင်္ဂဟတို့ဖြင့်ဝေဘန်၍ပြပါသည်။

## ဝေဒနာသင်္ဂဟကိုပြခြင်း။

မေး။ ဝေဒနာသည်၊ အနုဘဝန လက္ခဏာ အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သုခဝေဒနာ - ဒုက္ခဝေဒနာ - ဥပေက္ခာဝေဒနာ အားဖြင့်-သုံးပါးရှိပါသည်။

မေး။ ဝေဒနာသည်၊ ဣန္ဒြိယဘေဒအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သုခဝေဒနာ၊ဒုက္ခဝေဒနာ၊သောမနဿဝေဒနာ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟု-ဣန္ဒြိ

ယာဘောဒအားဖြင့် ငါးပါးရှိပါသည်။

မေး။ သုခ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သုခသဟဂုတ်၊ ကာယဝိညာဏ်စိတ်၊တပါးသာ ရှိပါသည်။

မေး။ ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ်ကား အဘယ် မျှရှိပါသနည်း။

ဖြေ။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် တပါးသာ ရှိပါသည်။

မေး။ သောမနဿ ဝေဒနာနှင့် တကွဖြစ်သော စိတ် ကားအဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမစိတ်က၊ သောမနဿ စိတ် (၁၈) ပါး၊ မဟဂ္ဂုတ်စိတ်၊ သောမနဿ (၁၂)ပါး၊ လော ကုတ္တရာစိတ်က၊ သောမနဿ(၃၂)ပါးအားဖြင့် (၆၂)ပါး ရှိပါသည်။

မေး။ ဒေါမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ဒေါသမူစိတ်အားဖြင့် နှစ်ပါးရှိပါသည်။

မေး။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမ၊ဥပေက္ခာစိတ်၃၂ပါး၊မဟဂ္ဂုတ် ဥပေက္ခာ စိတ်(၁၅)ပါး၊ လောကုတ္တရာ၊ဥပေက္ခာစိတ်(၈) ပါးအားဖြင့်(၅၅)ပါးရှိပါသည်။

မေး။ ဝေဒနာတပါးနှင့် ယှဉ်သော စေတသိက်ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စစေတသိက်တို့သည်၊ ဒေါသမူစိတ်၌ယှဉ်ခိုက်-ဒေါမနဿ ဝေဒနာတပါးနှင့်သာယှဉ်၏။ ဝိစိကိစ္ဆာစေတသိက်သည်၊ ဝိစိကိစ္ဆာစိတ်၌ယှဉ်ခိုက်-ဥပေက္ခာဝေဒနာတပါးနှင့်သာယှဉ်၏။ ပီတိစေတသိက်သည်၊ သောမနဿစိတ်၌ ယှဉ်ခိုက်-သောမနဿဝေဒနာတပါးနှင့်သာယှဉ်၏။ ဤသို့အားဖြင့် ဝေဒနာတပါးနှင့် ယှဉ်သော စေတသိက်ကား (၆)ပါးရှိပါသည်။

မေး။ ဝေဒနာနှစ်ပါးနှင့် ယှဉ်သော-စေတသိက်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ လောဘ၊ ဒိဋ္ဌိ၊ မာန-သောဘဏာ စေတသိက်တို့သည်၊ သောမနဿဝေဒနာ-ဥပေက္ခာဝေဒနာနှစ်ပါးနှင့်ယှဉ်သည်ဖြစ်၍(၂၈)ပါးရှိပါသည်။

မေး။ ဝေဒနာသုံးပါးနှင့် ယှဉ်သော စေတသိက်ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ ပီတိကြဉ်သောအညသမာန်းစေတသိက်(၅)ပါး အကုသလသာဓာရဏစေတသိက်(၄)ပါး၊ ထိန မိဒ္ဓစေတသိက်တို့သည်၊ သောမနဿ၊ ဒေါမနဿ ဥပေက္ခာဝေဒနာသုံးပါးတို့နှင့် ယှဉ်သည်ဖြစ်၍၊ တဆယ်တပါး ရှိပါသည်။

မေး။ ဝေဒနာငါးပါးလုံးနှင့်ယှဉ်သောစေတသိက်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝေဒနာကြဉ်သော၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၆)ပါးတို့သည်၊ ဝေဒနာ ငါးပါးနှင့် ယှဉ်သည်ဖြစ်၍(၆)ပါး ရှိပါသည်။

မေး။ ဝေဒနာ(၅)ပါးနှင့်မယှဉ်သော စေတသိက်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝေဒနာ စေတသိသည်၊ ဝေဒနာ ငါးပါးလုံးနှင့် မယှဉ်သောကြောင့် တပါးသာရှိပါသည်။

## ဟေတုသင်္ဂဟကိုပြခြင်း။

မေး။ ဟေတုသင်္ဂဟာ၌၊ ဟိတ်ပေါင်းကား အဘယ်မျှပါသနည်း။

ဖြေ။ လောဘ-ဒေါသ-မောဟ-အလောဘ-အဒေါသ အမောဟဟု-ဟိတ်(၆)ပါး ရှိပါသည်။

မေး။ ဇာတိကာ နည်းအားဖြင့် ဟိတ်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်ဟိတ်သုံးပါး၊ ကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါး အားဖြင့် (၉)ပါး ရှိပါသည်။

မေး။ ဇာတိဘေဒအားဖြင့် ဟိတ်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အကုသိုလ်ဟိတ် သုံးပါး၊ ကုသိုလ်ဟိတ်သုံးပါး၊ ဝိပါက်ဟိတ်သုံးပါး၊ ကြိယာဟိတ်သုံးပါး အားဖြင့် ဟိတ်ပေါင်း(၁၂)ပါး ရှိပါသည်။

မေး။ ဟိတ် ၆-ပါးနှင့် သမ္ပယုတ်မဖြစ်သောစိတ်ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ အဟိတ်စိတ်သည် ဟိတ် ၆-ပါးနှင့် သမ္ပယုတ်မဖြစ်၍၊ (၁၈)ပါး ရှိပါသည်။

မေး။ ဟိတ်နှင့်သမ္ပယုတ်ဖြစ်သောစိတ်ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ အဟိတ်စိတ် (၁၈)ပါးမှကြွင်းသောစိတ်ပေါင်း (၇၁)ပါး ရှိပါသည်။

မေး။ ဧကဟိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ မောဟမူ ဒွေ၌ မောဟဟိတ် တပါးသာ ရှိသောကြောင့်၊ ဧကဟိတ်စိတ် ၂ ပါး ရှိပါသည်၊

မေး။ ဒွိဟိတ်စိတ်ပေါင်းကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ လောဘဟိတ်၊ မောဟဟိတ် ၂ ပါးနှင့်ယှဉ်သော လောဘမူစိတ် ရှစ်ပါး၊ ဒေါသဟိတ်၊ မောဟဟိတ် ၂ ပါးနှင့် ယှဉ်သော ဒေါသမူစိတ်နှစ်ပါး၊ အလောဘဟိတ်၊ အဒေါသဟိတ် ၂ ပါးနှင့်ယှဉ်သော ကာမာဝစရဉာဏဝိပ္ပယုတ်စိတ် တဆဲ့နှစ် အားဖြင့် ဒွိဟိတ်စိတ်ပေါင်း(၂၂)ပါးရှိပါသည်။

မေး။ ဟိတ်သုံးပါးနှင့် သမ္ပယုတ်ဖြစ်သော တိဟိတ်စိတ်ပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမာဝစရဉာဏ သမ္ပယုတ်စိတ် တဆဲ့နှစ်ပါး၊ မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ပါး၊ လောကုတ္တရာ စိတ် ရှစ်ပါးအားဖြင့် တိဟိတ်စိတ်ပေါင်း (၄၇) ပါး ရှိပါသည်။

မေး၊ ဟိတ်တပါးနှင့် ယှဉ်သော စေတသိက်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ လောဘ စေတသိက်၊ ဒေါသ စေတသိက်၊ ဝိစိကိစ္ဆာစေတသိက်တို့သည် မောဟဟိတ်တပါး နှင့်သာ ယှဉ်သောကြောင့်၊ ဧကဟိတ် စေတ သိက်ပေါင်း ၃ ပါး ရှိပါသည်။

မေး။ ဟိတ်နှစ်ပါးနှင့် ယှဉ်သော စေတသိက်တို့ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ၊ မောဟစေတသိက်ကား၊ လောဘ ဒေါသဟိတ် နှင့်၊ လောဘဝဇ္ဇ စေတသိက်တို့ကား၊ လောဘ မောဟဟိတ်နှင့်၊ ဣဿ မစ္ဆရိယ ကုက္ကုစ္စ စေ တသိက်တို့ကား၊ ဒေါသ မောဟဟိတ်နှင့်၊ အဒေါ သ စေတသိက်ကား၊ အဒေါသ၊ အမောဟဟိတ် နှင့်၊ အဒေါသ စေတသိက်ကား၊ အလောဘ၊ အမောဟဟိတ်နှင့်၊ အမောဟစေတသိက်ကား၊ အလောဘ အဒေါသဟိတ်နှင့်ယှဉ်သောကြောင့် ဒွိဟိတ်စေတသိက်ပေါင်း(၉)ပါး ရှိပါသည်။

မေး၊ ဟိတ်သုံးပါးနှင့် ယှဉ်သော စေတသိက်ပေါင်း ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အဟ်ရိက၊အနေၥက္ကပ္ပ၊ဥဋ္ဌစ္ပ၊ထိန၊မိဒ္ဓစေတသိက်တို့ကား၊ လောဘ ဒေါသ မောဟဟိတ် သုံးပါးနှင့် သောဘဏစေတသိက်နှစ်ဆဲ့နှစ်ပါးတို့ကား အလောဘ အဒေါသ အမောဟဟိတ်သုံးပါးနှင့် ယှဉ်သောကြောင့် ဟိတ် စေတသိက်ပေါင်း (၂၇)ပါး ရှိပါသည်။

မေး။ ဟိတ် ငါးပါးနှင့် ယှဉ်သော စေတသိက်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဝိတိစေတသိက်သည် ဒေါသဟိတ် ကြဉ်သော ဟိတ် ငါးပါးနှင့် ယှဉ်သောကြောင့် တပါးရှိပါသည်။

မေး။ ဟိတ်ခြောက်ပါးနှင့်ယှဉ်သောစေတသိက်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဝိတိကြဉ်သော အညသမာန်း စေတသိက်တို့ကား၊ ဟိတ်ခြောက်ပါးနှင့် ယှဉ်သောကြောင့် (၁၂)ပါး ရှိပါသည်။

## ကမ္မသင်္ဂဟကိုပြခြင်း။

မေး။ ကမ္မသင်္ဂဟ၌ ကမ္မပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပဋိသန္ဓေကမ္မ၊ဘဝင်ကမ္မ၊ အာဝဇ္ဇနကမ္မ၊ ဒဿနကမ္မ၊ သဝနကမ္မ၊ ဃာယနကမ္မ၊ သာယနကမ္မ၊ ဖုသနကမ္မ၊ သမ္ပဋိစ္ဆနကမ္မ၊ သန္တီရဏကမ္မ၊

ဂုဒ္ဒြောကိစ္စ၊ ဇဝနကိစ္စ၊ တဒါရမ္မဏကိစ္စ၊ စုတိကိစ္စအားဖြင့်(၁၄)ကိစ္စရှိပါသည်။

မေး၊ ဌာနကား၊အရေအတွက်အဘယ်မျှရှိပါသနည်း၊

ဖြေ။ ပဋိသန္ဓိဌာန်၊ ဘဝင်ဌာ၊အာဝဇ္ဇနဌာန်၊ပဥ္စဝိညာဏဌာန်၊သမ္ပဋိစ္ဆနဌာန်၊ သန္တီရဏဌာန်၊ ဂုဒ္ဒြောဌာန်၊ဇဝနဌာန်၊ တဒါရမ္မဏဌာန်၊ စုတိဌာနဟု ဆယ်ပါး ရှိပါသည်။

မေး၊ ကိစ္စ-ဌာနနှစ်ပါးတို့ကား၊ အဘယ်သို့ ထူးခြားပါသနည်း။

ဖြေ၊ သင်္ခေပ ဝဏ္ဏနာဋီကာ၏အလိုကား။ ကိစ္စအရကို ပဋိသန္ဓေစသောကိစ္စကိုကိစ္စနှင့်မကင်းကောင်းသော ကိစ္စဝန္တစိတ်ကို: ကိစ္စဟု ယူလိုသည်။ ဌာနအရကို အနန္တရဝိဝရ-ဝိကပ္ပပစ္စတ်ကို ယူလိုသည်၊ဋီကာကျော်ဆရာ၏အလိုကား၊ကိစ္စ၏ သဘောသတ္တိကိုကိစ္စ-ကိစ္စဝန္တဖြစ်သောစိတ်ကို အဘောဒူပစာနည်းဖြင့် ဌာနဟူသောကြောင့်ကိစ္စ ဌာနနှစ်ပါးအထူးမရှိကြပါ၊ (နှစ်သက်ရာသာ ပဌာနဖြစ်၏)

မေး။ အဘယ်စိတ်တို့၏အကြားကို ပဋိသန္ဓေ ဌာနဟု ဆိုပါသနည်း။

ဖြေ။ စုတိနှင့်-ဘဝင်စိတ်တို့၏ အကြားကို ပဋိသန္ဓေ ဌာနဟု ဆိုပါသည်။

မေး။ အဘယ်စိတ်တို့၏အကြားကိုဘဝင်ဟူ၍ဆိုပါသနည်း။
ဖြေ။ ပဋိသန္ဓေနှင့် အာဝဇ္ဇန်းစိတ်၏ အကြား-ဇောနှင့် အာဝဇ္ဇန်းစိတ်၏အကြား-တဒါရုံနှင့် အာဝဇ္ဇန်းစိတ်၏ အကြား-ဝုဋ္ဌောနှင့် အာဝဇ္ဇန်း စိတ်၏ အကြား ဇောနှင့်စုတိစိတ်၏အကြား-တဒါရုံနှင့် စုတိစိတ်၏အကြားကိုဘဝင်ဟူ၍ဆိုပါသည်။
မေး။ အဘယ်စိတ်၏ အကြားကို အာဝဇ္ဇန်း ဟူ၍ ဆိုပါသနည်း။
ဖြေ။ ဘဝင်နှင့်ပဉ္စဝိညာဏ်၏အကြား-ဘဝင်နှင့်ဇော၏အကြားကို အာဝဇ္ဇန်းဟူ၍ ဆိုပါသည်။
မေး။ အဘယ်စိတ်၏အကြားကို ပဉ္စဝိညာဏ်ဟူ၍ ဆိုပါသနည်း။
ဖြေ။ ပဉ္စဒွါရဝဇ္ဇန်းနှင့် -သမ္ပဋိစ္ဆိုင်း အကြားကို ပဉ္စဝိညာဏ်ဟူ၍ ဆိုပါသည်။
မေး။ အဘယ်စိတ်၏ အကြား သမ္ပဋိစ္ဆိုင်း ဟူ၍ ဆိုပါသနည်း။
ဖြေ။ ပဉ္စ ဝိညာဏ်နှင့် သန္တီရဏ အကြားကို သမ္ပဋိစ္ဆိုင်းဟူ၍ ဆိုပါသည်။
မေး။ အဘယ်စိတ်၏ အကြားကို သန္တီရဏ ဟူ၍ ဆိုပါသနည်း။
ဖြေ။ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌော၏ အကြားကို သန္တီရဏ ဟူ၍ ဆိုပါသည်။

၃မေး။ အဘယ်စိတ်၏ အကြားကို ဝုဋ္ဌောဌာနဟု ဆိုပါသနည်း။

၃ဖြေ။ သန္တီရဏနှင့် ဇော၏ အကြား၊ သန္တီရဏနှင့် ဘဝင်၏အကြားကို ဝုဋ္ဌောဌာနဟု ဆိုပါသည်။

၄မေး။ အဘယ်စိတ်၏ အကြားကို ဇောဌာနဟု ဆိုပါသနည်း။

၄ဖြေ။ ဝုဋ္ဌောနှင့်တဒါရုံအကြား၊ ဝုဋ္ဌောနှင့်ဘဝင်အကြား ဝုဋ္ဌောနှင့် စုတိအကြား၊ မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံအကြား၊ မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင် အကြား၊ မနောဒွါရာဝဇ္ဇန်းနှင့် စုတိအကြားကို ဇောဌာနဟု ဆိုပါသည်။

၅မေး။ အဘယ်စိတ်၏ အကြားကိုတဒါရုံဌာနဟုဆိုပါသနည်း။

၅ဖြေ။ ဇောနှင့်ဘဝင်အကြား၊ ဇောနှင့်စုတိအကြားကို တဒါရုံဌာနဟု ဆိုပါသည်။

၆မေး။ အဘယ်စိတ်၏ အကြားကို စုတိအကြားကို စုတိဌာနဟု ဆိုပါသနည်း။

၆ဖြေ။ ဇောနှင့် ပဋိသန္ဓေအကြား၊ တဒါရုံနှင့်ပဋိသန္ဓေ အကြား၊ ဘဝင်နှင့် ပဋိသန္ဓေအကြားကို စုတိဌာနဟု ဆိုပါသည်။

၇မေး။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော စိတ်တို့ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဥပေက္ခာသန္တီရဏစိတ်နှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ဝိပါက် စိတ်ကိုးပါးအားဖြင့် စိတ်ပေါင်း ၁၉)ပါး ရှိပါသည်။

မေး။ အာဝဇ္ဇန်းကိစ္စ တပ်သောစိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ မနောဒွါရာဝဇ္ဇန်း စိတ်အား ဖြင့် (၂)ပါး ရှိပါသည်။

မေး။ ဒဿနကိစ္စတပ်သောစိတ်ကား၊ အဘယ်မျှ ရှိပ၊ သနည်း။

ဖြေ။ စက္ခုဝိညာဏ်ဒွေအားဖြင့် (၂)ပါး ရှိပါသည်။

မေး။ သဝနကိစ္စ တပ်သော စိတ်ကား၊ အဘယ်မျှ ရှိပါ သနည်း။

ဖြေ။ သောတဝိညာဏ်ဒွေအားဖြင့် (၂)ပါးရှိပါသည်။

မေး။ ဃာယနကိစ္စတပ်သောစိတ်ကား၊ အဘယ်မျှရှိပါ သနည်း။

ဖြေ။ ဃာနဝိညာဏ်ဒွေအားဖြင့်(၂)ပါးရှိပါသည်။

မေး။ သာယနကိစ္စ တပ်သော စိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဇိဝှါဝိညာဏ်ဒွေအားဖြင့်(၂)ပါး ရှိပါသည်။

မေး။ ဖုသနကိစ္စ တပ်သော စိတ်ကား၊ အဘယ်မျှ ရှိပါ သနည်း။

ဖြေ။ ကာယဝိညာဏ်ဒွေအားဖြင့်(၂)ပါး ရှိပါသည်။

မေး။ သမ္ပဋိစ္ဆန္နကိစ္စတပ်သောစိတ်ကား အဘယ်မျှ ရှိပါသနည်း။
ဖြေ။ သမ္ပဋိစ္ဆန္နဒွေအားဖြင့် ၂-ပါး ရှိပါသည်။
မေး။ သန္တီရဏကိစ္စတပ်သော စိတ်ကား အဘယ်မျှ ရှိပါသနည်း။
ဖြေ။ သန္တီရဏစိတ် ၃-ပါး ရှိပါသည်။
မေး။ ဝုဋ္ဌောကိစ္စတပ်သောစိတ်ကား အဘယ်မျှ ရှိပါ သနည်း။
ဖြေ။ ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်း စိတ် တပါးရှိပါသည်။
မေး။ ဇောကိစ္စတပ်သော စိတ်ပေါင်းကား အဘယ်မျှ ရှိပါသနည်း။
ဖြေ။ အကုသိုလ်စိတ် တဆဲ့နှစ်ပါး၊ ဟသိတုပ္ပါဒ်စိတ် တပါး၊ ကာမာဝစရ ကုသိုလ်ကြိယာစိတ် တဆဲ့ ခြောက်ပါး၊ မဟဂ္ဂုတ်ကုသိုလ်ကြိယာစိတ်တဆဲ့ ရှစ်ပါး၊ လောကုတ္တရာစိတ်ရှစ်ပါးအားဖြင့် ဇော ကိစ္စတပ်သောစိတ်ပေါင်း(၅၅)ပါး ရှိပါသည်။
မေး။ တဒါရုံကိစ္စတပ်သော စိတ်ကား အဘယ်မျှ ရှိပါ သနည်း။
ဖြေ။ သန္တီရဏစိတ်သုံးပါး၊ မဟာဝိပါက်စိတ်ရှစ်ပါး အားဖြင့်(၁၁)ပါး ရှိပါသည်။
မေး။ ဥပေက္ခာ သဟဂုတ်၊ သန္တီရဏ စိတ်တို့သည်၊ အဘယ်ကိစ္စအဘယ်ဌာနတပ်ကုန်သနည်း။

ဖြေ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ အားဖြင့် ငါးကိစ္စ ငါးဌာန တည်ပါသည်။

မေး။ မဟာဝိပါက်စိတ် ရှစ်ပါးတို့သည်၊ အဘယ်ကိစ္စ အဘယ်ဌာန တည်ကုန်သနည်း။

ဖြေ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ အားဖြင့် လေးကိစ္စ လေးဌာန တည်ပါသည်။

မေး။ မဟဂ္ဂုတ်ဝိပါက် ကိုးပါးတို့သည်၊ အဘယ်ကိစ္စ အဘယ်ဌာန တည်ပါသနည်း။

ဖြေ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ အားဖြင့် သုံးကိစ္စ-သုံးဌာနတည်ပါသည်။

မေး။ သောမနဿသန္တီရဏစိတ်သည်၊ အဘယ်ကိစ္စ၊ အဘယ်ဌာန တည်ပါသနည်း။

ဖြေ။ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စအားဖြင့် နှစ်ကိစ္စနှစ်ဌာနတည်ပါသည်။

မေး။ သောမနဿသန္တီရဏစိတ်သည်၊ ဥပေက္ခာသန္တီရဏစိတ်ကဲ့သို့ အဘယ့်ကြောင့် ငါးကိစ္စ ငါးဌာန မတည်ပါသနည်း။

ဖြေ။ ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ငါးကိစ္စ-ငါးဌာနမတည်နိုင်ပါ။

မေး။ မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ အဘယ်ကိစ္စအဘယ် ဌာနတည်ပါသနည်း။

ဖြေ။ ဝုဋ္ဌောကိစ္စ-အာဝဇ္ဇန်းကိစ္စအားဖြင့် နှစ်ကိစ္စ နှစ်ဌာနတပ်ပါသည်။

မေး။ ဇောငါးဆဲ့ငါးပါး ဒွိပဉ္စဝိညာဏ်တဆယ်၊ မနောဓာတ်သုံးပါးတို့သည်၊ အဘယ်ကိစ္စ-အဘယ်ဌာနတပ်ပါသနည်း။

ဖြေ။ ဇောငါးဆဲ့ငါးပါးကား ဇောကိစ္စ၊ စက္ခုဝိညာဏ်ဒွေကား ဒဿနကိစ္စ၊ သောတဝိညာဏ်ဒွေကား၊ သဝနကိစ္စ၊ ဃာနဝိညာဏ်ဒွေကား ဃာယနကိစ္စ၊ ဇိဝှါဝိညာဏ်ဒွေကား သာယနကိစ္စ၊ ကာယဝိညာဏ်ဒွေကား ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိုင်းဒွေကား သမ္ပဋိစ္ဆနကိစ္စ၊ ပဉ္စဒွါရဝဇ္ဇန်းကား အာဝဇ္ဇန်းကိစ္စအားဖြင့်တကိစ္စ တဌာနစီသာတပ်ပါသည်။

### ဒွါရသင်္ဂဟကိုပြခြင်း။

မေး။ ဒွါရသင်္ဂဟ၌ ဒွါရအရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ စက္ခုဒွါရ-သောတဒွါရ-ဃာနဒွါရ-ဇိဝှါဒွါရ ကာယဒွါရ၊ မနောဒွါရအားဖြင့် ၆ပါးရှိပါသည်။

မေး။ အဘယ် ပသာဒ အကြည်ရုပ်ကို စက္ခုဒွါရဟု ဆိုပါသနည်း။

ဖြေ။ စက္ခုပသာဒအကြည်ရုပ်ကို စက္ခုဒွါရဟု ဆိုပါသည်။

မေး။ အဘယ်ပသာဒ အကြည်ရုပ်ကို သောတဒွါရဟု ဆိုပါသနည်း။

ဖြေ။ သောတပသာဒ အကြည်ရုပ်ကို သောတဒွါရဟု ဆိုပါသည်။

မေး။ အဘယ် ပသာဒ အကြည်ရုပ်ကို ဃာနဒွါရဟု ဆိုပါသနည်း။

ဖြေ။ ဃာနပသာဒအကြည်ရုပ်ကို ဃာနဒွါရဟု ဆိုပါသည်။

မေး။ အဘယ်ပသာဒအကြည်ရုပ်ကို ဇိဝှါဒွါရဟုဆိုပါသနည်း။

ဖြေ။ ဇိဝှါပသာဒ အကြည်ရုပ်ကို ဇိဝှါဒွါရဟု ဆိုပါသည်။

မေး။ အဘယ် ပသာဒ အကြည်ရုပ်ကို ကာယဒွါရဟု ဆိုပါသနည်း။

ဖြေ။ ကာယ ပသာဒ အကြည်ရုပ်ကို ကာယဒွါရဟု ဆိုပါသည်။

မေး။ အဘယ်စိတ်တို့ကို မနောဒွါရဟု ဆိုပါသနည်း။

ဖြေ။ အာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့ ဖြစ်ကြောင်း ဖြစ်သော၊ဘဝင်ုပစ္ဆေဒ ဘာသဲ့ကိုးခုကို-မနောဒွါရဟု ဆိုပါသည်။

မေး။ စက္ခုဒွါရ၌စိတ်ပေါင်းအဘယ်မျှဖြစ်ပါသနည်း။

ဖြေ။ သောတဝိညာဏ်ဒွေး-ဃာနဝိညာဏ်ဒွေး - ဇိဝှါဝိညာဏ်ဒွေး - ကာယဝိညာဏ်ဒွေးကြဉ်သော-ကာမစိတ်ပေါင်း(၄၆)ပါး ဖြစ်ပါသည်။

မေး။ သောတဒွါရ၌ စိတ်ပေါင်း အဘယ်မျှ ဖြစ်ပါသနည်း။

ဖြေ။ စက္ခုဝိညာဏ်ဒွေ ကြဉ်သော စက္ခုဒွါရ၌ဖြစ်သောစိတ်(၄၄)ပါး၊ သောတဝိညာဏ်ဒွေ အားဖြင့် (၄၆)ပါး ဖြစ်ပါသည်။

မေး။ ဃာနဒွါရ၌စိတ်ပေါင်းအဘယ်မျှဖြစ်ပါသနည်း။

ဖြေ။ သောတဝိညာဏ်ဒွေကြဉ်သော၊ သောတဒွါရ၌ဖြစ်သောစိတ်(၄၄)ပါး၊ ဃာနဝိညာဏ်ဒွေအားဖြင့်(၄၆)ပါး ဖြစ်ပါသည်။

မေး။ ဇိဝှါဒွါရ၌စိတ်ပေါင်းအဘယ်မျှ ဖြစ်ပါသနည်း။

ဖြေ။ ဃာနဝိညာဏ်ဒွေကြဉ်သော၊ ဃာနဒွါရ၌ ဖြစ်သောစိတ်(၄၄)ပါး၊ ဇိဝှါဝိညာဏ်ဒွေ အားဖြင့်(၄၆)ပါး ဖြစ်ပါသည်။

မေး။ ကာယဒွါရ၌ စိတ်ပေါင်းအဘယ်မျှဖြစ်သနည်း။

ဖြေ။ ဇိဝှါဝိညာဏ်ဒွေကြဉ်သော၊ဇိဝှါဒွါရ၌ဖြစ်သောစိတ်(၄၄)ပါးကာယဝိညာဏ်ဒွေအားဖြင့်(၄၆)ပါး ဖြစ်ပါသည်။

မေး။ မနောဒွါရ၌စိတ်ပေါင်းအဘယ်မျှဖြစ်ပါသနည်း။

ဖြေ။ မနောဒွါရဝဇ္ဇန်းတပါး၊ဇောငါးဆဲ့ငါးပါး တဒါရုံတဆဲ့တပါးအားဖြင့်(၆၇)ပါးဖြစ်ပါသည်။

မေး။ ဒွါရခြောက်ပါးမှ လွတ်၍ဖြစ်သော စိတ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဥပေက္ခာ သန္တီရဏ စိတ်နှစ်ပါး၊ မဟာဝိပါက် စိတ်ရှစ်ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါး အားဖြင့် စိတ်ပေါင်း(၁၉)ပါး ရှိပါသည်။

မေး။ အဘယ်ကိစ္စတင်သောအခါ၊ ဒွါရခြောက်ပါးမှ လွတ်၍ဖြစ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတင်သော အခါ၊ ဒွါရခြောက်ပါးမှလွတ်၍ဖြစ်ပါသည်။

မေး။ ဒွါရခြောက်ပါးမှ၊ အဘယ့်ကြောင့် လွတ်၍ ဖြစ်ပါ သနည်း။

ဖြေ။ ငါးဒွါရ၌ ဖြစ်ခြင်းမရှိသောကြောင့်ရင်း။ မနော ဒွါရဟုဆိုအပ်သော-ဘဝင်မှ၊ အာရုံအထူးကို၊ ယူသည်၏အစွမ်းအားဖြင့်မဖြစ်ခြင်းကြောင့်ရင်း ဒွါရခြောက်ပါးမှ လွတ်၍ဖြစ်ပါသည်။

မေး။ တဒွါရိက ဖြစ်သော စိတ်ပေါင်းကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်၊ အပ္ပနာဇော - နှစ်ဆဲ့ ခြောက်ပါးအားဖြင့်(၃၆)ပါး ရှိပါသည်။

မေး။ ငါးဒွါရ၌ဖြစ်သော စိတ်ပေါင်းကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် - သမ္ပဋိစ္ဆိုင်းဒွေ အားဖြင့် သုံးပါးရှိပါသည်။

မေး။ ခြောက်ဒွါရ၌ ဖြစ်သော စိတ်ပေါင်းကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သောမနဿ သန္တီရဏစိတ် - မနောဒွါရာဝဇ္ဇန်း စိတ် - ကာမဇောနှစ်ဆယ်ကိုးပါး အားဖြင့်(၃၁) ပါး ရှိပါသည်။

မေး။ ရန်ခါခြောက်ဒွါရမှာဖြစ်၍-ရန်ခါခြောက်ဒွါရမှ လွတ်၍ ဖြစ်သော စိတ်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဥပေက္ခာ သန္တီရဏ စိတ်နှစ်ပါး၊ မဟာဝိပါက် စိတ်ရှစ်ပါးအားဖြင့်(၁၀)ပါး ရှိပါသည်။

မေး။ အဘယ်ကိစ္စ တပ်သောအခါ၊ ခြောက်ဒွါရမှာ ဖြစ်ပါသနည်း။

ဖြေ။ တဒါရုံကိစ္စတပ်သောအခါ၊ ခြောက်ဒွါရမှာဖြစ် ပါသည်။

မေး။ အဘယ်ကိစ္စတပ်သောအခါ၊ခြောက်ဒွါရမှလွတ် ၍ဖြစ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော အခါ ခြောက်ဒွါရမှလွတ်၍ဖြစ်ပါသည်။

မေး။ အချင်းခပ်သိမ်း ခြောက်ဒွါရမှလွတ်၍ဖြစ်သော စိတ်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ရူပဝိပါက်ငါးပါး၊ အရူပဝိပါက်လေးပါး အား ဖြင့် ကိုးပါးရှိပါသည်။

**အာရမ္မဏသင်္ဂဟကိုပြခြင်း။**

မေး။ အာရမ္မဏသင်္ဂဟ၌၊ အာရုံပေါင်းအဘယ်မျှရှိပါ သနည်း။

ဖြေ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဟု-ခြောက်ပါး ရှိပါသည်။

မေး။ ဓမ္မာရုံကား အဘယ်မျှ ပြားပါသေးနည်း။

ဖြေ။ ပသာဒဓမ္မာရုံ-သုခုမဓမ္မာရုံ-စိတ်ဓမ္မာရုံ-စေတသိက်ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံအားဖြင့် ခြောက်ပါး ပြားပါသေးသည်။

မေး။ ရူပါရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ အဖြူ အနီ-အပြာ စသော အဆင်းဓာတ်မျိုးစုံကို ရူပါရုံဟု ခေါ်ပါသည်။

မေး။ သဒ္ဒါရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ အသံဓာတ်အမျိုးစုံကို သဒ္ဒါရုံဟု ခေါ်ပါသည်။

မေး။ ဂန္ဓာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ အနံ့ဓာတ်မျိုးစုံကို ဂန္ဓာရုံဟု ခေါ်ပါသည်။

မေး။ ရသာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ စားဘွယ်-ခဲဘွယ်-သောက်ဘွယ်-လျက်ဘွယ် တို့၌တည်ရှိသော အချိုအချဉ် အဖန်အငန်အခါး အစပ်စသော ဓာတ်မျိုးစုံကို ရသာရုံဟု ခေါ်ပါသည်။

မေး။ ဖောဋ္ဌဗ္ဗာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ တွေ့အပ်-ထိအပ်သော-အတွေ့အထိ ဓာတ်မျိုးစုံကို ဖောဋ္ဌဗ္ဗာရုံဟု ခေါ်ပါသည်။

မေး။ ပသာဒဓမ္မာရုံဆိုဒါ၊ ဘာကိုခေါ်ပါသနည်း။

ဖြေ။ မျက်လုံးအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်အားဖြင့် အကြည်ခတ်ငါးပါးကို ပသာဒဓမ္မာရုံဟု ခေါ်ပါသည်။

မေး။ သုခုမဓမ္မာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ လက္ခဏာရေးသုံးပါးသို့တင်၍၊ သုံးသပ်ဆင်ခြင်သောအခါ၊ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ မြင်နိုင်သော၊ သိမ်မွေ့တဲ့-အာပေါ-ဣတ္ထိန္ဒြေ-ပုရိသိန္ဒြေ-ဟဒယ ဇီဝိတိန္ဒြေ - အာဟာရဇရုပ်-ပရိစ္ဆေဒရုပ်-ကာယဝိညတ်-ဝစီဝိညတ် -လဟုတာ-မုဒုတာ - ကမ္မညတာ-ဥပစယ - သန္တတိ-ဇရတာ၊အနိစ္စတာအားဖြင့်(၁၆)ပါးသောရုပ်ကို သုခုမဓမ္မာရုံဟု ခေါ်ပါသည်။

မေး။ စိတ်ဓမ္မာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ စိတ်တခုယုတ်ကိုးဆယ်ကို စိတ်ဓမ္မာရုံဟုခေါ်ပါသည်။

မေး။ စေတသိက်ဓမ္မာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ဖဿစသော စေတသိက်ငါးဆဲ့နှစ်ပါးကို စေတသိက်ဓမ္မာရုံဟု ခေါ်ပါသည်။

မေး။ နိဗ္ဗာန်ဓမ္မာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ အသင်္ခတ ဖြစ်သော တရားကို နိဗ္ဗာန် ဓမ္မာရုံဟု ခေါ်ပါသည်။

မေး။ ပညတ်ဓမ္မာရုံဆိုဒါ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ပညတ်တရားဥဿုံအလုံးစုံကို ပညတ်မွှာရုံဟု ခေါ်ပါသည်။

မေး။ စက္ခုဒွါရ၌ ဖြစ်သော စိတ်(၄၆)ပါး တို့သည်၊ အဘယ် အာရုံကို အာရုံပြုကုန်သနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြုပါသည်။

မေး။ သောတဒွါရ၌ ဖြစ်သောစိတ်(၄၆)ပါးတို့သည်၊ အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သောသဒ္ဒါရုံကို အာရုံပြုပါသည်။

မေး။ ဃာနဒွါရ၌ ဖြစ်သော စိတ်(၄၆)ပါး တို့သည်၊ အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန် ဖြစ်သော ဂန္ဓာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ ဇိဝှါဒွါရ၌ ဖြစ်သော စိတ်(၄၆)ပါး တို့သည်၊ အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော ရသာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ ကာယဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့သည်၊အဘယ် အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ မနောဒွါရ၌ ဖြစ်သောစိတ်(၆၇)ပါး တို့သည်၊ အဘယ်အာရုံကို အာရုံပြုကုန်သနည်း။

ဖြေ။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ် ဖြစ်သော အာရုံခြောက်ပါးကို ထိုက်သည် အားလျော်စွာ အာရုံပြုပါသည်။

မေး။ ဒွါရဝိမုတ်စိတ် တချို့တို့ နှစ်ဆယ်တို့သည်၊ အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ များသောအားဖြင့် အတိတ်ဘဝ နှင့်ရဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် အတိတ်၊ ပညတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးကို ပြုသင့်သည့် အားလျော်စွာ ပြုပါသည်။

## ယထာသမ္ဘဝဋ္ဌာနီအမိမှာ်ယ်။

မေး။ ပဉ္စဒွါရ၌ဖြစ်သောကာမပဋိသန္ဓေဘဝင်တဆယ်တို့သည် အဘယ်အာရုံကို အာရုံပြုကုန်သနည်း။

ဖြေ။ ပဉ္စဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်ဟုသမုတ်အပ်သော ရူပါရုံစသော အာရုံငါးပါးကို အာရုံပြုပါသည်။

မေး။ ခြောက်ဒွါရ၌ဖြစ်သော ကာမစုတိစိတ် တဆယ်သည် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ဆဒွါရိက မရဏာ သန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သောကမ္မနိမိတ်ဟုသမုတ်အပ်သော အာရုံငါးပါးကို အာရုံပြုပါသည်၊

မေး။ မနောဒွါရ၌ ဖြစ်သော ကာမပဋိသန္ဓေ ဘဝင်တ ဆယ်သည် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ မနောဒွါရိက မရဏာသန္နဇောသည် ယူအပ် သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ် အပ်သော အာရုံငါးပါးကို အာရုံပြုပါသည်။

မေး။ မနောဒွါရ၌ဖြစ်သော ကာမပဋိသန္ဓေဘဝင်စုတိ တို့သည်၊ အဘယ်အာရုံကို အာရုံပြု၍ဖြစ်ကြကုန် သနည်း။

ဖြေ။ မနောဒွါရိက မရဏာ သန္နဇောသည် ယူအပ် သော ကံဟု သမုတ်အပ်သော၊ ကုသိုလ် အကု သိုလ်ဟု ဆိုအပ်သော၊ အတိတ်ဖြစ်သော ကာမ ဓမ္မာရုံကိုလည်း၊ မနောဒွါရိက မရဏာ သန္နဇော သည်၊ ယူအပ်သော အတိတ် ဖြစ်သော ကမ္မနိ မိတ်ဟု သမုတ်အပ်သော ပသာဒယုတ်၊ သုခုမ ယုတ်၊ မဟာဝိပါက်၊ မဟာကြိယာဟု ဆိုအပ် သော ဓမ္မာရုံကိုလည်း၊ မနောဒွါရိက မရဏာသန္န ဇောသည် ယူအပ်သော ဧကန္တပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ် ဖြစ်သော ရူပါရုံကိုလည်း၊ အာရုံပြု၍ ဖြစ်ကြပါသည်။

မေး။ ရူပဝိပါက်ငါးခု၊ ပထမ၊ ဒုတိယ အရူပဝိပါက် နှစ်ခုအားဖြင့် မဟဂ္ဂုတ် ပဋိသန္ဓေ ဘဝင်စုတိ စိတ်ခုနစ်ပါးတို့သည်အဘယ် အာရုံကို အာရုံပြု ကုန်သနည်း။

ဖြေ၊ မနောဒွါရိက မရဏာသန္န ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ဓမ္မာရုံ အာရုံပြုပါသည်။

မေး။ ဒုတိယ၊ စတုတ္ထဖြစ်သော အရူပ၊ ပဋိသန္ဓေ၊ ဘဝင် စုတိစိတ်တို့သည် အဘယ်အာရုံကို အာရုံပြုပါကုန်သနည်း။

ဖြေ၊ မနောဒွါရိကမရဏာသန္နဇောသည် ယူအပ်သော အတိတ် ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ပထမ၊ တတိယ အရူပကုသိုလ် ကြိယာဖြစ်သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြုပါသည်။ ယာထာသမ္ဗန်၏ အဋ္ဌိပ္ပါယ်ကား ပြီး၏။

မေး။ စက္ခုဝိညာဏ်နှစ်သည် အဘယ်အာရုံကိုအာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သောရူပါရုံကိုအာရုံပြု၍ဖြစ်ပါသည်။

မေး။ သောတဝိညာဏ် နှစ်သည်၊ အဘယ် အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ၊ ပစ္စုပ္ပန် ဖြစ်သော သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ ဃာနဝိညာဏ်နှစ်သည်၊ အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သောဂန္ဓာရုံကိုအာရုံပြု၍ဖြစ်ပါသည်။

မေး။ ဖဿဝိညာဏ်ဓာတ်နှစ်ခုသည်၊ အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန် ဖြစ်သော ရသာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ ကာယဝိညာဏ်ဓာတ်နှစ်ခုသည်၊အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သောဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ မနောဓာတ်သုံးခုသည်၊ အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော အာရုံငါးပါးကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ သန္တီရဏစိတ်သုံးပါး၊ ဟသိတုပ္ပါဒ်စိတ်၊မဟာဝိပါက်စိတ် ရှစ်ပါး အားဖြင့် တဆဲ့ နှစ်ပါးသော စိတ်တို့သည်၊ အဘယ် အာရုံကို အာရုံ ပြုပါကုန်သနည်း။

ဖြေ။ ကာမအာရုံခြောက်ပါးကို အာရုံပြုပါကုန်သည်။

မေး။ ဟသိတုပ္ပါဒ်စိတ်သည်၊ ကာမအာရုံ ခြောက်ပါးကို အဘယ်သို့ အာရုံပြုပါသနည်း။

ဖြေ။ သမာပတ် ဝင်စားခြင်း၌ လျှောက်ပတ်သော-အရပ်ကိုမြင်သောအခါ၊နှစ်သက်သောရဟန္တာပုဂ္ဂိုလ်အား ရူပါရုံကို အာရုံပြုပါသည်။ သက်နိုး သမိတ် အစရှိသော - ပရိက္ခရာကို စေတနာရှ၍၊

ကြွယ်ဝသောအသံကို ကြားသည့် ရှိသော်-ငါ
သည် လောလုပ္ပတဏှာကို ပယ်အပ်ပေပြီဟု-
နှစ်သက်ခြင်း ဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်အား
သဒ္ဒါရုံကို အာရုံပြုပါသည်။ ပန်းနံ့သာစသည်ဖြင့်
စေတီကို ပူဇော်သော ကာလ၌ နှစ်သက်သော
ရဟန္တာပုဂ္ဂိုလ်အား ဂန္ဓာရုံကိုအာရုံပြု၍ ဖြစ်ပါ
သည်၊ အရသာနှင့် ပြည့်စုံသော ဆွမ်းခဲဘွယ်
ဘောဇဉ်စသည်ကို၊ သီတင်းသုံးဘော်တို့နှင့်ဝေ
ဘန်၍ သုံးဆောင်သောအခါ၊ နှစ်သက်သော
ရဟန္တာပုဂ္ဂိုလ်အား-ရသာရုံကိုအာရုံပြု၍ဖြစ်ပါ
သည်။ အဘိသမာစရိကဝတ်ကို ဖြည့်ကျင့်သော
ကာလ၌၊ နှစ်သက်သော ရဟန္တာ ပုဂ္ဂိုလ်အား
ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသည်။ ပုဗ္ဗေနိဝါ
သဉာဏ်ဖြင့်ယူအပ်သောကာမာဝစရတရားကို
အာရုံပြု၍၊ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား
ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ အကုသိုလ်စိတ်ဒွါဒသ၊ ကာမာဝစရ ကုသိုလ်
ကြိယာ ဉာဏဝိပ္ပယုတ်၄ပါးအားဖြင့် နှစ်ဆယ်
သောစိတ်သည် အဘယ် အာရုံကို အာရုံပြုပါ
သနည်း။

ဖြေ။ လောကုတ္တရာ ကိုးပါးကိုကြဉ်၍ အာရုံခြောက်
ပါးကို အာရုံပြုပါသည်။

မေး။ လောကုတ္တရာ ကိုးပါးကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဉာဏ်ကင်းသည်ဖြစ်၍မိမိ၏ယုတ်သောသဘော ရှိသောကြောင့် ကြဉ်ပါသည်။

မေး။ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါး၊ ရူပကုသိုလ်ပဉ္စမဈာန်အဘိညာဉ်စိတ်အားဖြင့် ငါးပါးသောစိတ်တို့သည် အဘယ်အာရုံကို-အာရုံပြုပါသနည်း။

ဖြေ။ အရဟတ္တမဂ်-အရဟတ္တဖိုလ်ကိုကြဉ်၍၊ အာရုံခြောက်ပါးကို အာရုံပြုပါသည်။

မေး။ အရဟတ္တမဂ်-အရဟတ္တဖိုလ်ကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ပုထုဇ္ဇန်-သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဖြစ်သောကြောင့် ကြဉ်ပါသည်။

မေး။ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးပါး၊ ရူပကြိယာပဉ္စမဈာန် အဘိညာဉ်စိတ်တပါး၊ မနောဒွါရာဝဇ္ဇန်းစိတ်အားဖြင့်၊ ခြောက်ပါးသောစိတ်တို့သည် အဘယ်အာရုံကို-အာရုံပြုပါသနည်း။

ဖြေ။ အလုံးစုံသော အာရုံခြောက်ပါးကို အာရုံပြုပါသည်။

မေး။ ဒုတိယ-စတုတ္ထအရူပစိတ် ခြောက်ပါးတို့သည်၊ အဘယ်အာရုံကို-အာရုံပြုပါသနည်း။

ဖြေ။ ပထမ တတိယဟုဆိုအပ်သော မဟာဂုတ် မွော ရုံကိုအာရုံပြုပါသည်။

မေး။ ရူပစိတ်တဆဲ့ငါးပါး၊ ပထမ တတိယ အရူပ စိတ်ခြောက်ပါးအားဖြင့် နှစ်ဆဲ့တပါးသောစိတ် တို့သည်အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ကသိုဏ်းနိမိတ်စသော ပညတ်မွောရုံကို အာရုံ ပြုပါသည်။

မေး။ လောကုတ္တရာစိတ်သည် အဘယ်အာရုံကို အာရုံ ပြုပါသနည်း။

ဖြေ။ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်မွောရုံကို အာရုံပြု ပါသည်။

## ဝတ္ထုသင်္ဂဟကိုပြခြင်း။

မေး၊ ဝတ္ထုသင်္ဂဟ၌ ဝတ္ထုရုပ်ပေါင်း အဘယ်မျှ ရှိပါ သနည်း။

ဖြေ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယ ဝတ္ထု၊ ဟဒယဝတ္ထု၊ အားဖြင့် ဝတ္ထုရုပ် ပေါင်း ခြောက်ပါးရှိပါသည်။

မေး။ အဘယ်ရုပ်ကို စက္ခုဝတ္ထုဟုခေါ်ပါသနည်း။

ဖြေ။ မျက်လုံး အကြည်ရုပ်ကို စက္ခုဝတ္ထုဟု ခေါ်ပါ သည်။

မေး၊ အဘယ်ရုပ်ကို သောတဝတ္ထုဟု ခေါ်ပါသနည်း။

ဖြေ။ နားအကြည်ရုပ်ကိုသောတဝတ္ထုဟုခေါ်ပါသည်။

မေး။ အဘယ်ရုပ်ကို ဃာနဝတ္ထုဟုခေါ်ပါသနည်း။

ဖြေ။ နှာခေါင်းအကြည်ရုပ်ကို ဃာနဝတ္ထုဟု ခေါ်ပါသည်။

မေး၊ အဘယ်ရုပ်ကို ဇိဝှါဝတ္ထုဟု ခေါ်ပါသနည်း။

ဖြေ။ လျှာအကြည်ရုပ်ကို ဇိဝှါဝတ္ထုဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်ကို ကာယဝတ္ထုဟု ခေါ်ပါသနည်း။

ဖြေ။ ကိုယ်အကြည်ရုပ်ကိုကာယဝတ္ထုဟုခေါ်ပါသည်။

မေး။ အဘယ်ရုပ်ကို ဟဒယဝတ္ထုဟု ခေါ်ပါသနည်း။

ဖြေ။ ဟဒယအကြည်ရုပ်ကို ဟဒယဝတ္ထုဟု ခေါ်ပါသည်။

မေး။ ကာမတဆဲ့တဘုံတို့၌ ဝတ္ထုရုပ်ပေါင်းအဘယ်မျှ ရပါသနည်း။

ဖြေ။ ဇာန္ဓေ့ခြောက်ပါးနှင့်ပြည့်စုံသောသူအားခြောက်ပါးလုံးရပါသည်၊ စက္ခုသောတ ဃာနတို့တွင် တပါးပါး ချို့သောသူအား ငါးပါးရပါသည်၊ နှစ်ပါးချို့လျှင်၊ လေးပါးသာရပါသည်၊ သုံးပါးချို့လျှင်၊ သုံးပါးသာ ရပါသည်။

မေး။ အသညတ်ကြဉ်သော ရူပတဆဲ့ငါးဘုံတို့၌ ဝတ္ထုရုပ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု၊ အားဖြင့် သုံးပါးရပါသည်။

မေး။ ထိုရူပတဆဲ့ငါးဘုံတို့၌ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုတို့ကို အဘဲ့ကြောင့် မရကြပါသနည်း။

ဖြေ။ ဘာဝနာ၏ အစွမ်းအားဖြင့် ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ တို့၌တတ်ခြင်းကင်းသဖြင့် ထိုဂန္ဓ ရသ ဖောဋ္ဌဗ္ဗ လျှင် အာရုံရှိသော ပသာဒတို့၌လည်း တတ်ခြင်း ကင်းခြင်း ဖြစ်သင့်သောကြောင့် ဃာန ဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ တို့ကိုမရပါ။

မေး။ ထိုရူပဗြဟ္မာတို့အား စက္ခုဝတ္ထု၊ သောတဝတ္ထု၊ တို့ကို အဘယ်အကျိုးငှါရကြပါသနည်း။

ဖြေ။ ဘုရားကို ဖူးမြင်ခြင်း တရားတော်ကို နာခြင်း စသော အကျိုးငှါသာရကြပါသည်။

မေး။ အရူပလေးပုံတို့၌ ဝတ္ထုရုပ်ကား အဘယ်မျှရ ပါသနည်း။

ဖြေ။ ဝတ္ထုရုပ် ခြောက်ပါးစလုံး အရူပကို၌ မရ တော့ပါ။

မေး။ ဝတ္ထုရုပ် ခြောက်ပါးတို့ကို အရူပကို၌ အဘယ့် ကြောင့် မရပါသနည်း။

ဖြေ။ ရုပ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်း အားဖြင့် ထိုအရူပကို၌ အချင်းခပ်သိမ်းရုပ်ဖြစ် ခြင်း မရှိသောကြောင့် ဝတ္ထုရုပ်ခြောက်ပါးကို မရပါ။

မေး။ စက္ခုဝိညာဏဓာတ်သည် အဘယ်ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ စက္ခုပသာဒအကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်၊

မေး။ သောတဝိညာဏခတ်သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသနည်း။

ဖြေ။ သောတပသာဒ အကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်။

မေး။ ဃာနဝိညာဏခတ်သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ဃာနပသာဒအကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်။

မေး။ ဇိဝှါဝိညာဏ ခတ်သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသနည်း။

ဖြေ။ ဇိဝှါပသာဒအကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်။

မေး။ ကာယဝိညာဏခတ်သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသနည်း။

ဖြေ။ ကာယပသာဒ အကြည်ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ပါသည်။

မေး။ မနော ခတ်သုံးပါး တို့သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်သနည်း။

ဖြေ။ ဟဒယအကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်။

မေး။ မနောဝိညာဏ ခတ်ဖြစ်သော သန္တီရဏစိတ်သုံးပါး မဟာဝိပါက်စိတ်ရှစ်ပါး ဒေါသမူစိတ်နှစ်ပါး ဟသိတုပ္ပါဒ်စိတ်တပါး သောတပတ္တိမဂ်စိတ်တပါး ရူပစိတ်တဆဲ့ငါးပါး အားဖြင့် ၃၀ သောစိတ်သည် အဘယ်ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ဟာဒယအကြည်ဝတ္ထုကို မှီ၍သာဖြစ်ပါသည်။
မေး။ ဒေါသမူဒွေကြဉ်သော အကုသိုလ်စိတ်တဆယ် မှနေ၁၀ါရ ၊ ဝဏ္ဏန်းစိတ်တပါး မဟာကုသိုလ် ကြိယာစိတ်ရှစ်ပါး၊ အရူပကြိယာ စိတ်ရှစ်ပါး၊ သောတာပတ္တိမဂ်စိတ် ကြဉ်သော လောကုတ္တရာ စိတ်ခုနစ်ပါး အားဖြင့် မနောဝိညာဏဓာတ် စိတ် ပေါင်း ၄၂ ပါးတို့သည်၊အဘယ်ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါကုန်သနည်း။
ဖြေ။ ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ၊ ဟာဒယအ ကြည်ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ပါသည်။
စတုဝေါကာရဘုံ၌ ဖြစ်သောအခါ ဟာဒယအ ကြည်ဝတ္ထုရုပ်ကိုမမှီဘဲ ဖြစ်ပါသည်။
မေး။ ရူပဗြဟ္မာဘုံ၌ အဘယ့်ကြောင့် ဒေါသမူစိတ် မဖြစ် မဖြစ်ပါသနည်း။
ဖြေ။ နီဝရဏမထိုက်သော ပဋိဃ၏ မရှိခြင်းကြောင့် ထိုပဋိဃနှင့် သမ္ပယုတ်ဖြစ်သော ဒေါသမူစိတ် သည်လည်းနီဝရဏဖြစ်၍ ရူပဗြဟ္မာဘုံ၌ မဖြစ်ပါ။
မေး။ သန္တီရဏစိတ်သုံးပါး၊ ဟောဋ္ဌပါက်စိတ်ရှစ်ပါး တို့သည်အဘယ့်ကြောင့်အရူပဘုံမှာမရပါသနည်း။
ဖြေ။ အရူပဘုံ၌ ဒွါရ၏၏ရင်း၊ ကိစ္စ၏ရင်း၊ မရှိသော ကြောင့် မရပါ။
မေး။ အရူပဘုံ၌၊ သောတာပတ္တိမဂ်စိတ်သည်၊ အဘယ့် ကြောင့် မဖြစ်ပါသနည်း။

ဖြေ။ ဟောပြောတတ်သော၊ ဘုရားအစရှိသောသူတ ပါးမှု၊ ဟောပြောခြင်းတည်းဟူသောအကြောင်း မရှိရာ၌ သောတာပန်မဖြစ်သောကြောင့်၊ သော တပတ္တိမဂ်စိတ်မဖြစ်ပါ။

မေး။ အရူပဘုံ၌ အဘယ့်ကြောင့် ဟသိတုပ္ပါဒ် စိတ် မဖြစ်ပါသနည်း။

ဖြေ။ အရူပဘုံ၌ ရူပကာယမရှိ၍ ပြုံးရွှင်ခြင်း မရှိ သောကြောင့် ဟသိတုပ္ပါဒ်စိတ်မဖြစ်ပါ။

မေး။ အရူပဘုံ၌ အဘယ့်ကြောင့် ရူပစိတ် တဆယ့်ငါးပါး ကား၊ မဖြစ်ပါသနည်း။

ဖြေ။ ရုပ်၌တပ်ခြင်းကင်းသောဘာဝနာ၏အစွမ်းအား ဖြင့် ထိုရုပ်ကိုအာရုံပြု၍ဈာန်တို့၌လည်း တပ်ခြင်း ကင်းခြင်းကြောင့် အရူပဘုံ၌မဖြစ်ပါ။

မေး။ မနောဝိညာဏဓာတ်ဖြစ်သောအရူပဝိပါက်စိတ် လေးပါးတို့သည်၊ ၆ ပါးသောဝတ္ထုရုပ်တို့တွင် အဘယ်ဝတ္ထုရုပ်ကို မှီ၍ဖြစ်ပါသနည်း။

ဖြေ။ တစုံတခုသောဝတ္ထုရုပ်ကိုမျှ မမှီဘဲဖြစ်ပါသည်။

မေး။ ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးကိုမှီ၍ဖြစ်သော ဝိညာဏဓာတ်ကား၊ အရေအတွက် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ပဉ္စဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏ ဓာတ်အားဖြင့် ၇ ပါးရှိပါသည်။

မေး၊ ရူပ တဆဲ့ငါးဘုံ၌၊ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်သော ဝိညာဏခေတ်ကား အဘယ်မျှရှိပါသနည်း။
ဖြေ။ စက္ခု ဝိညာဏခေတ် သောတ ဝိညာဏခေတ် မနောခေတ် မနောဝိညာဏ ခေတ် အားဖြင့် ၄ ပါးရှိပါသည်။
မေး။ အရူပဘုံ၌ ဝတ္ထုရုပ်ကိုမမှီဘဲ ဖြစ်သောဝိညာဏ ခေတ်ကား အဘယ်မျှ ရှိပါသနည်း။
ဖြေ။ ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်သော၊ မနောဝိညာဏ ခေတ်တပါးရှိပါသည်။
မေး။ ဝတ္ထုရုပ်ကို မှီ၍ဖြစ်သော စိတ်ပေါင်းကား အဘယ်မျှရှိပါသနည်း။
ဖြေ။ ဒွေါသမူဒွေကာမဝိပါက်တေဝိသပဋိဃ္ဃါရဝဇ္ဇနန်း ဟသိတုပ္ပါဒ် ရူပစိတ်ပန္နရသ သောတပတ္တိမဂ် စိတ်အားဖြင့် ၄၃ ပါး ရှိပါသည်။
မေး ဝတ္ထုရုပ်ကို ရန်ခါမှီ၍ဖြစ်သောစိတ် ရန်ခါမမှီ ဘဲဖြစ်သောစိတ်ကား အဘယ်မျှရှိပါသနည်း။
ဖြေ၊ ဒေါသမူဒွေကြဉ်သော အကုသိုလ်စိတ်တဆယ် ရူပကြိယာစိတ်ငါးခု ပဉ္စဒွါရဝဇ္ဇနန်း ဟသိတုပ္ပါဒ် ကြဉ်သောကြိယာစိတ်တဆဲ့သုံးပါး၊ ရူပကုသိုလ် ငါးခုကြဉ်သော လောကီ ကုသိုလ်စိတ် တဆဲ့ နှစ်ပါး၊ သောတာပတ္တိမဂ်စိတ်ကြဉ်သော လောကုတ္တရာစိတ် ခုနှစ်ပါး၊ အားဖြင့် စိတ်ပေါင်း ၄၂ ပါးရှိပါသည်။

**မေး။** ဝတ္ထုရုပ်ကို အချင်းခံသိမ်းမရှိဘဲ ဖြစ်သော စိတ်ကား အဘယ်မျှရှိပါသနည်း။

**ဖြေ။** အရူပါဝစရ ဝိပါက်စိတ်အားဖြင့် ၄ ပါးရှိပါသည်။

ပကိဏ်းပိုင်းပြီး၏။

---

# ဝီထိပိုင်း။

## ဝီထိသင်္ဂဟကိုပြခြင်း။

**မေး။** ဤဝီထိသင်္ဂဟ၌ ဆက္ကပေါင်းကား၊ အဘယ်မျှရှိပါသနည်း။

**ဖြေ။** ဝတ္ထု ခြောက်ပါး၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဝီထိခြောက်ပါး၊ ဝိသယပ္ပဝတ္တိခြောက်ပါး အားဖြင့်၍ဆက္ကပေါင်း ခြောက်ပါးရှိပါသည်။

**မေး။** ဒွါရ ဝိမုတ်စိတ်တို့၏၊ ဝိသယပ္ပဝတ္တိကား အဘယ်မျှရှိပါသနည်း။

**ဖြေ** ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၏ အစွမ်းအားဖြင့် သုံးပါးရှိပါသည်။

(ဆဝတ္ထု ဆဒွါရ ဆအာရမ္မဏ တို့၏၊ သရုပ်ကို ပကိဏ်းပိုင်း အတိုင်းမှတ်လေ)

မေး။ ဆဝိညာဏ၏၊ သရုပ်ကိုရေတွက်၍၊ ပြစမ်းပါ။
ဖြေ။ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ် အားဖြင့် ခြောက်ပါးရှိပါသည်။
မေး။ ဆဝိထိ၏၊ အရသရုပ်ကိုရေတွက်ပြစမ်းပါ။
ဖြေ။ ဒွါရ၏အစွမ်းအားဖြင့် စက္ခုဝိထိ သောတဝိထိ ဃာနဝိထိ ဇိဝှါဝိထိ ကာယဝိထိ မနောဝိထိ အားဖြင့် ခြောက်ပါး၊ ဝိညာဏ်၏၊ အစွမ်းအားဖြင့် စက္ခုဝိညာဏဝိထိ သောတဝိညာဏဝိထိ ဃာနဝိညာဏဝိထိ ဇိဝှါဝိညာဏဝိထိ ကာယဝိညာဏဝိထိ မနောဝိညာဝိထိ အားဖြင့်ခြောက်ပါးစီရှိပါသည်။
မေး။ ဆဒွါရ ဝိသယပ္ပဝတ္တိ၏၊ သရုပ်ကို ရေတွက်၍၊ ပြစမ်းပါ။
ဖြေ။ ပဉ္စဒွါရ၌ အတိမဟန္တာရုံ မဟန္တာရုံ ပရိတ္တာရုံ အတိပရိတ္တာရုံ အားဖြင့် လေးပါး၊ မနောဒွါရ၌ ဝိဘူတာရုံ အဝိဘူတာရုံ အားဖြင့် နှစ်ပါး၊ ဤသို့ ဝိသယပ္ပဝတ္တိ ၆ ပါးရှိပါသည်။
မေး။ အဘယ်အာရုံကို မဟန္တာရုံဟု ခေါ်ပါသနည်း။
ဖြေ။ ဝိတ္တက္ခဏ တချက်လွန်သည်ဖြစ်၍ ထင်ခြင်းသို့၊ ရောက်သော၊ တဆဲ့ခြောက်ချက် ဝိတ္တက္ခဏ အသက်ရှိသော၊ အာရုံကို အတိမဟန္တာရုံဟု ခေါ်ပါသည်။

မေး။ အဘယ်အခါရုံကို မဟာနန္ဒာခါရုံဟု ခေါ်ပါသနည်း။

ဖြေ။ နှစ်ချက်၊ သုံးချက်၊ စိတ္တက္ခဏာ လွန်ခြင်းရှိသော၊ တဆဲ့ငါးချက်၊ တဆဲ့လေးချက်၊ စိတ္တက္ခဏာ အသက်ရှည်သောအာရုံကို မဟာနန္ဒာရုံဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ပရိတ္တာရုံဟုခေါ်ပါသနည်း။

ဖြေ။ လေးချက်သော စိတ္တက္ခဏာမှစ၍ ကိုးချက်သော စိတ္တက္ခဏာ တိုင်အောင် လွန်ခြင်း ရှိသည်ဖြစ်၍ တဆဲ့သုံးချက်သော စိတ္တက္ခဏာမှစ၍ ရှစ်ချက် သောစိတ္တက္ခဏာ တိုင်အောင် အသက်ရှည်သော အာရုံကို ပရိတ္တာရုံဟုခေါ်ပါသည်။

မေး။ အဘယ်အာရုံကို အတိပရိတ္တာရုံဟု ခေါ်ပါ သနည်း။

ဖြေ။ ဆယ်ချက်သော စိတ္တက္ခဏာမှစ၍ တဆဲ့ငါးချက် သော စိတ္တက္ခဏာ လွန်ခြင်းရှိသည်ဖြစ်၍၊ ခုနှစ် ချက်သောစိတ္တက္ခဏာမှစ၍ နှစ်ချက်သောစိတ္တက္ခ ဏာအသက်ရှည်သောအာရုံကို အတိပရိတ္တာရုံဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ဝိဘူတ အဝိဘူတဟု ခေါ်ပါ သနည်း။

ဖြေ။ ထင်ရှားသောအာရုံကို ဝိဘူတ၊ မထင်ရှားသော အာရုံကို အဝိဘူတဟုခေါ်ပါသည်။

မေး။ စိတ်၏ သက်ကား အဘယ်မျှ အသက်ရှည်ပါသနည်း။

ဖြေ။ ဥပါဒ် ဌီ ဘင်၏၊ အစွမ်းအားဖြင့် စိတ္တက္ခဏ တချက် အသက်ရှည်ပါသည်။

မေး။ ရုပ်၏သက်ကား စိတ္တက္ခဏအဘယ်မျှ အသက်ရှည်ပါသနည်း။

ဖြေ။ ဝိညတ်ဒွေလက္ခဏာရုပ်လေးခုကြဉ်သောနှစ်ဆဲ့နှစ်ပါးသောရုပ်တို့သည်၊ စိတ္တက္ခဏတဆဲ့ခုနှစ်ချက် ခဏငယ်ငါးဆဲ့တချက် အသက်ရှည်ပါသည်။

မေး။ ဝိညတ်ဒွေ လက္ခဏာရုပ်လေးခုတို့ကား အဘယ်မျှအသက်ရှည်ပါသနည်း။

ဖြေ။ ဝိညတ်ဒွေကား စိတ္တက္ခဏတချက် အသက်ရှည်ပါသည်၊ ဇာတိကားဥပါဒ်ခဏ အနိစ္စတာကားဘင်ခဏ သာအသက်ရှည်ပါသည်၊ ဇရတာကား၊ ခဏငယ်ပေါင်းတခုယုတ်ငါးဆယ် (၄၉) အသက်ရှည်ပါသည်။

မေး။ စက္ခုဒွါရ အတိမဟန္တာရုံဝိထိကား အဘယ်သို့ စိတ်အစဉ်ဖြစ်ပါသနည်း။

ဖြေ။ အတိတဘဝင်တချက်ဘဝင်စလနဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏဝုဋ္ဌောဇောခုနစ်ကြိမ်တဒါရုံနှစ်ကြိမ် ထိုနောင် ဘဝင်ဖြစ်လိုက်သ၍ ဖြစ်ပါသည်။

မေး။ စက္ခုဒွါရ ဝီထိ၌ ရူပါရုံသည် အဘယ်စိတ်၏ ခဏ၌ ထင်ခြင်းသို့ရောက်ပါသနည်း။

ဖြေ။ ဘဝင်္ဂစလနာစိတ်၏ ဥပါဒ်ခဏ၌ ထင်ခြင်းသို့ ရောက်ပါသည်။

မေး။ ဤရူ ထင်ခြင်းသို့ ရောက်သော ရူပါရုံသည်၊ အဘယ်စိတ်နှင့်ပြိုင်၍ ချုပ်ပါသနည်း။

ဖြေ။ ထင်ခြင်းသို့ ရောက်သော ရူပါရုံသည် ဒုတိယ တဒါရုံစိတ်နှင့် ပြိုင်၍ချုပ်ပါသည်။

မေး။ စက္ခုဝိညာဏ် စိတ်သည် မန္ဒာယုက ပသာဒ မဇ္ဈိမာယုကပသာဒအားဖြင့် သုံးပသာဒတို့တွင် အဘယ်ပသာဒချပ်ကို မှီ၍ဖြစ်ပါသနည်း။

ဖြေ။ အတီတဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သောမဇ္ဈိမာယုက စက္ခုပသာဒချပ်ကိုမှီ၍ စက္ခုဝိညာဏ် စိတ်ဖြစ်ပါသည်။

မေး။ အတိမဟန္တာရုံဝီထိ၌ ဝီထိစိတ်ပေါင်းအဘယ်မျှ ဖြစ်ပါသနည်း။

ဖြေ။ ဘဝင်စိတ် သုံးပါး၊ ဝီထိစိတ် ဆယ့်လေးပါး၊ အားဖြင့် စိတ်ပေါင်း ၁၇ ပါးဖြစ်ပါသည်။

မဟန္တာရုံ ဝီထိဘားအရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပဌမ မဟန္တာရုံဝီထိ ဒုတိယ မဟန္တာရုံ ဝီထိ အားဖြင့်နှစ်ဝီထိရှိပါသည်။

မေး။ စက္ခုဒွါရ ပထမမန္ဒာရုံ ဝိထိကား အဘယ်သို့ စိတ်အစဉ်ဖြစ်ပါသနည်း။

ဖြေ။ အတီတဘဝင်နှစ်ချက်ဘဝင်စလနဘဝင်ုပစ္ဆေဒ ပဉ္စဒွါရဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇောခုနစ်ကြိမ် ထို့နောင်၊ ဒုတိယဘဝင်မှစ၍၊ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်ပါသည်။

မေး။ သတ္တမဇောနောင် အဘယ်စိတ်ဖြစ်၍ ချုပ်ပါသနည်း။

ဖြေ။ သတ္တမဇောနောင် ဘဝင်စိတ်ဖြစ်၍၊ ချုပ်ပါသည်။

မေး။ သတ္တမဇောချုပ်သည်နောက်စိတ္တက္ခဏ တချက် အသက်ကြွင်း ရှိပါလျက်၊ တဒါရုံတကြိမ် အဘယ့်ကြောင့်မဖြစ်ပါသနည်း။

ဖြေ။ အဘိဓမ္မာပါဠိတော်၌၊ နှစ်ကြိမ်သာလျှင် တဒါရုံ၏ ဖြစ်ခြင်းကို ဟောတော်မူသောကြောင့်၊ ဒုတိယတဒါရုံဖြစ်လောက်အောင် အသက်ကြွင်း မရှိ၍၊ ပထမတဒါရုံလည်း မဖြစ်တော့ပါ။

မေး။ ပရိတ္တာရုံ ဝိထိကား အဘယ်မျှ၊ အရေအတွက် ရှိပါသနည်း။

ဖြေ။ ပထမ ပရိတ္တာရုံ ဝိထိစသောအားဖြင့်၊ ခြောက် ဝိထိအရေအတွက် ရှိပါသည်။

မေး။ ပရိတ္တာရုံဝိထိ၌၊ ဇောစိတ်ကား ဘယ်နှစ်ကြိမ် ဖြစ်ပါသနည်း။

ဖြေ။ ဝုဋ္ဌောစိတ်ကား နှစ်ကြိမ်-သုံးကြိမ်ဖြစ်ပါသည်။

မေး။ ဝုဋ္ဌောစိတ်သည် နှစ်ကြိမ်-သုံးကြိမ် ဖြစ်လျက် အဘယ့်ကြောင့် ဇောကိစ္စမတပ်နိုင်ပါသနည်း။

ဖြေ။ အာရုံ၏အရသာကို ခံစားခြင်းသဘောမရှိသော ကြောင့် ဇောကိစ္စမတပ်နိုင်ပါ။

မေး။ ဝုဋ္ဌော စိတ်ချုပ် ပြီးနောက် ခြောက်ချက်သော စိတ္တက္ခဏ အသက်ရှိသေးလျက်၊ ဇောခြောက် ကြိမ်ဖြစ်လောက်ပါလျက်၊ အဘယ့်ကြောင့် မဖြစ် ပါသနည်း။

ဖြေ။ ကာမဇောတို့မည်သည်၊ ပကတိကာလ၌၊ ခုနစ် ကြိမ်သာဖြစ်မြဲဖြစ်၍၊ သတ္တမဇော-ဖြစ်လောက် အောင် အသက်ကြွင်း မရှိသောကြောင့် ဇောမ ဖြစ်တော့ပါ။

မေး။ အတိပရိတ္တာရုံ ဝီထိကား အဘယ်မျှ အရေ အတွက်ရှိပါသနည်း။

ဖြေ။ ပထမအတိပရိတ္တာရုံ စသောအားဖြင့် ခြောက် ပါး အရေအတွက်ရှိပါသည်။

မေး။ အတိပရိတ္တာရုံ ဝီထိ၌ ဝီထိစိတ်ကား အဘယ်မျှ ဖြစ်ပါသေးသနည်း။

ဖြေ။ ဝီထိစိတ်ကားမဖြစ်တော့ပါ၊ 'အတီတဘဝင်နှင့် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် ဘဝင်ဖြစ် သင့်သည်အားလျော်စွာသာဖြစ်ပါတော့သည်။

မေး။ အတိပရိတ္တာရုံ ဝီထိ၌၊ လွန်သော အပိုင်းအခြား

အားဖြင့် ခုနစ်ချက်မိဏ္ဍကွဏာ အသက်ကြွင်းရှိ သေးလျက် ပဉ္စဒွါရဝဇ္ဇန်းစသော၊ ဝီထိစိတ်တို့ အသဲ့ကြောင့် မဖြစ်ပါသနည်း။

ဖြေ။ ဝုဋ္ဌောစိတ်နှစ်ကြိမ် သုံးကြိမ်ဖြစ်လောက်အောင် အသက်ကြွင်း မရှိသောကြောင့် ပဉ္စဒွါရစသော ဝီထိစိတ်တို့မဖြစ်တော့ပါ။

မေး။ ပဉ္စဒွါရ၌၊ ဝီထိပေါင်းကား၊ အဘယ်မျှ အရေ အတွက်ရှိပါသနည်း။

ဖြေ။ တဒွါရ၊ တဒွါရ၌၊ ၁၅ ဝီထိ ရှိသောကြောင့်၊ ဝီထိပေါင်း ၇၅ ဝီထိရှိပါသည်။

မေး။ ဝါရအားဖြင့်၊ ဝိသယ ပဝတ္တိကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ တဒါရမ္မဏ ဝါရ၊ ဇဝနဝါရ၊ ဝေါဋ္ဌဗ္ဗနဝါရ မောဃဝါရအားဖြင့် လေးပါးရှိပါသည်။

မေး။ ပဉ္စဒွါရ၌၊ ဝီထိစိတ်ပေါင်း အကျဉ်း အကျယ် စိတ္တုပ္ပါဒ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝီထိစိတ်ပေါင်း၇ပါးအကျယ် ၅၄ ပါးစိတ္တုပ္ပါဒ် အားဖြင့် ၁၄ ပါးရှိပါသည်။

**ကာမဇောဝါရ မနောဒွါရဝီထိကိုပြခြင်း။**

မေး။ မနောဒွါရ၌၊ ဝီထိပေါင်းကား အဘယ်မျှ ရှိပါ သနည်း။

ဖြေ။ ဝိဘူတာရုံဝါးဝီထိ အဝိဘူတာရုံနှစ်ဝီထိအားဖြင့် ခုနစ်ဝီထိ ရှိပါသည်။

မေး။ ပထမဝိဘူတာရုံဝိထိကား စိတ်အစဉ်အဘယ်သို့ ဖြစ်ပါသနည်း။

ဖြေ။ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ကြိမ် တဒါရုံနှစ်ကြိမ် ဘဝင် လေးချက်မျှစ၍ ဖြစ်သိုက်သဖြင့် ဖြစ်ပါသည်။

မေး။ ပထမ အဝိဘူတာရုံ ဝိထိကား စိတ်အစဉ် အဘယ်သို့ဖြစ်ပါသနည်း။

ဖြေ။ အတီတ ဘဝင်ခြောက်ချက်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း ဇောခုနစ် ကြိမ်၊ ထို့နောင် ဘဝင်ဘချက်မျှစ၍ ဖြစ်သိုက်သဖြင့် ဖြစ်ပါသည်။

မေး။ မနောဒွါရ ဝိထိ၌၊ ဝိထိမုတ်ပေါင်းကား၊ အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝိထိမုတ်ကား အကျဉ်းသုံးပါး၊ စိတ္တုပ္ပါဒ် အားဖြင့် ဆယ်ပါး၊ အကျယ်အားဖြင့် ဒွိပဉ္စဝိညာဏ် တဆယ် မနောဓါတ်သုံးခုကြဉ်သော ကာမစိတ် လေးဆဲ့တပါးအရေအတွက်ရှိပါသည်။

### အပ္ပနာဇောဇော်၏ မနောဒွါရဝိထိကိုပြခြင်း

မေး။ မနောဒွါရအပ္ပနာဇောဝါရ၌၊ ဝိဘူတ အဝိဘူတ ဟု အပြားရှိပါသလော။

ဖြေ။ အပ္ပနာ ဇောတို့သည် ထင်ရှားသော အာရုံကို

အာရုံပြု၍ဖြစ်သောကြောင့်၊ဝိတက္ကအဝိတက္ကဟု အပြားမရှိပါ ဝိတက္ကသာသာရှိပါသည်။

မေး။ အပ္ပနာဇော၏၊ ရှေ့အတွက်၌၊ အဘယ်ဇောတို့ စောကုန်သနည်း။

ဖြေ။ မဟာကုသိုလ် ကြိယာ ဉာဏသမ္ပယုတ်ဇော ၄စ်ပါးတို့တွင် တပါးပါးသော ဇောသည်၊ ပုထုဇ္ဇန်သေက္ခ အသေက္ခအားလျော်စွာ တိက္ခ ပုဂ္ဂိုလ်ဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟူသော အမည်အားဖြင့် သုံးကြိမ် မန္ဒပုဂ္ဂိုလ်ဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော၊အမည် အားဖြင့်၊ လေးကြိမ် အပ္ပနာဇော၏၊ ရှေ့အတွက် ကစောပါသည်။

မေး။ ပထမဇောကိုပရိကံဇောဟုအဘယ့်ကြောင့်ခေါ်ပါ သနည်း၊

ဖြေ။ အပ္ပနာကိုပြုပြင်စီရင်တတ်သောကြောင့် ပရိကံ ဇောဟုခေါ်ပါသည်။

မေး။ ဒုတိယဇောကို ဥပစာဇောဟု အဘယ့်ကြောင့်၊ ခေါ်ပါသနည်း။

ဖြေ အပ္ပနာ၏ အနည်း၌ရင်း၊ အပ္ပနာသို့ ကပ်၍ရင်း၊ ဖြစ်တတ်သောကြောင့်၊ ဥပစာဇောဟု ခေါ်ပါ သည်၊

မေး။ တတိယဇောကို အနုလုံဇောဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ရှေ့အဘိဇ္ဈ၊ ပရိကံအားရင်း၊ နောက်အဘိဇ္ဈ အပ္ပနာအားချင်း၊ လျော်သောကြောင့် အနုလုံဟု ခေါ်ပါသည်။

မေး။ ဇဝနဇောကို ဂေါ်တြဘူဇောဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ကာမအနွယ် ပုထုဇ္ဇန်အနွယ်တို့ကို လွှမ်းမိုးနှိုင် စက်တတ်သောကြောင့်ရင်း မဟဂ္ဂုတ်အနွယ် လောကုတ္တရာ အနွယ်တို့ကို ပွါးစီးတတ်သော ကြောင့်ရင်း၊ ဂေါ်တြဘူဇောဟု ခေါ်ပါသည်။

မေး။ ကာမဇောသုံးကြိမ် လေးကြိမ် နောင်အဘယ် ဇောစောပါသနည်း။

ဖြေ။ ၂၆ ပါးသော၊ အပ္ပနာဇောတို့တွင် ရူပ အရူပ လောကုတ္တရာအားလျော်စွာ သမထ ဝိပဿနာ ဘာဝနာသို့ ရှေးရှုသည်အစွမ်းအားဖြင့်၊ အမှတ် မရှိတပါးပါးသော၊ ဇောသည်၊ မန္ဒပုဂ္ဂိုလ်အား လေးကြိမ်မြောက် တိက္ခပုဂ္ဂိုလ်အား သုံးကြိမ် မြောက်အပ္ပနာဇောစောပါသည်။

မေး။ အပ္ပနာဇောနောင် အဘယ်စိတ်ဖြစ်ပါသနည်း။

ဖြေ။ အပ္ပနာဇောနောင် ဘဝင်စိတ်ဖြစ်ပါသည်။

မေး။ အပ္ပနာဇောနောင် အဘယ့်ကြောင့် တဒါရုံမကျပါ သနည်း။

ဖြေ။ မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်ကံသည် တဒါ ရုံတည်းဟူသော မိမိကို မဖြစ်စေတတ်သော

ကြောင့်ရှင်း၊ မိမိကိုဖြစ်စေတတ်သော ကာမ ဝစရကုသိုလ်ကံနှင့်တူသည်၏၊ အဖြစ်မရှိသော ကြောင့်ရှင်း၊အပ္ပနာဇောနော်င် တဒါရုံမကျပါ။

မေး။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ကုသိုလ် ကြိယာဇော လေးခုနှောင် အပ္ပနာဇောပေါင်း အဘယ်မျှနှောင်းပါသနည်း။

ဖြေ။ ရူပဝစရ ကုသိုလ်ကြိယာ သောမနဿဇော ၇စ်ပါး လောကုတ္တရာ သောမနဿဇော သုံးဆဲ့ နှစ်ပါးအားဖြင့်၊ သောမနဿအပ္ပနာဇောပေါင်း ၄၀ နှောင်းပါသည်။

မေး။ ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကုသိုလ် ကြိယာဇော လေးခုနှောင် အပ္ပနာဇောပေါင်း အဘယ်မျှနှောင်းပါသနည်း။

ဖြေ။ ရူပါဝစရ ကုသိုလ်ကြိယာ ဉပေက္ခာ ပဉ္စမဈာန် ဇော နှစ်ပါး၊ အရူပဝစရ ကုသိုလ် ကြိယာ ဉပေက္ခာဇော၇စ်ပါး၊ လောကုတ္တရာ ဉပေက္ခာ ပဉ္စမဈာန်ဇော၇စ်ပါးအားဖြင့် ဉပေက္ခာအပ္ပနာ ဇောပေါင်း ၁၈ပါးနှောင်းပါသည်။

မေး။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကုသိုလ် ကြိယာဇော လေးခုနှောင်း ဉပေက္ခာ အပ္ပနာ ဇောသည်ရှင်း၊ ဉပေက္ခာသဟဂုတ် ဉာဏသမ္ပ ယုတ် ကုသိုလ် ကြိယာဇော လေးခုနှောင်

သောမနဿအပ္ပနာဇောသည်ဇင်း၊ အဘယ့်ကြောင့် မနှောင်းပါသနည်း။

ဖြေ။ ပြားသောဝေဒနာရှိသောဇောတို့၏၊ အချင်းချင်း အာသေဝနပစ္စည်း မတပ်သောကြောင့်။ သောမနဿ ဇောနောင် ဥပေက္ခာ အပ္ပနာဇော ဥပေက္ခာ ဇောနောင် သောမနဿအပ္ပနာဇော မနှောင်းပါ။

မေး။ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော လေးခု နှောင်အပ္ပနာဇောအဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ မဟဂ္ဂုတ် ကုသိုလ်ဇော ကိုးခု၊ လောကုတ္တရာ ကုသိုလ်ဇော နှစ်ဆယ်၊ အောက်ဖိုလ်ဇောတသုံး ငါးခုအားဖြင့်၊ အပ္ပနာ ဇောပေါင်း၊ ၄၄ ပါး နှောင်းပါသည်။

မေး။ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောလေးခုနောင် အပ္ပနာဇောအဘယ်မျှနှောင်းပါသနည်း။

ဖြေ။ မဟဂ္ဂုတ်ကြိယာဇော ကိုးခု၊ အရဟတ္တဖိုလ်ဇောငါးခုအားဖြင့်၊ အပ္ပနာဇောပေါင်း ၁၄ ပါး နှောင်းပါသည်။

မေး။ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော လေးခု နောင်အပ္ပနာကြိယာဇောအဘယ့်ကြောင့်မနှောင်းပါသနည်း။

ဖြေ။ ပြားသောဓာတ်ရှိသော သန္တာန် ပုထုဇ္ဇန်ပုဂ္ဂိုလ်

တို့၏ သန္တာန်၌ အပ္ပနာကြီးယာဇောမဖြစ်သော ကြောင့် မရှောင်းပါ။

**သောမနဿဝေဒနာ အရေကိုပြခြင်း။**

မေး။ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ်ဇော နှစ်ခုရှောင်၊ အပ္ပနာဇောပေါင်း အဘယ်မျှရှောင်း ပါသနည်း။

ဖြေ။ ရူပါဝစရ ကုသိုလ်စိတ်က သောမနဿဇော လေးခု၊ လောကုတ္တရာ ကုသိုလ်စိတ်က သောမ နဿဇော တဆဲ့ခြောက်ခု၊ အောက်ဖိုလ်စိတ်သုံး ခုက သောမနဿဇောတဆဲ့နှစ်ပါးအားဖြင့် အပ္ပ နာ သောမနဿဇောပေါင်း(၃၂)ပါး ရှောင်းပါ သည်။

**ဥပေက္ခာဝေဒနာ အရေကိုပြခြင်း။**

မေး။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကုသိုလ် ဇောလေးခုရှောင် အပ္ပနာဥပေက္ခာဇောပေါင်း အဘယ်မျှရှောင်းပါသနည်း။

ဖြေ။ ရူပါဝစရ ကုသိုလ် ဥပေက္ခာ ပဥ္စမဈာန်စိတ် တပါး၊ အရူပါဝစရ ကုသိုလ် ဥပေက္ခာစိတ် လေးပါး၊ လောကုတ္တရာကုသိုလ် ဥပေက္ခာပဥ္စမ ဈာန်သုံးပါး၊ အောက်ဖိုလ်စိတ် သုံးပါးက၊ ဥပေက္ခာပဥ္စမဈာန်စိတ်သုံးပါးအားဖြင့် အပ္ပနာ ဇောပေါင်း ၁၂ ပါးရှောင်းပါသည်။

## သုဒ္ဓိတ ကြိယာဓာတ် အနွကိုပြခြင်း။

မေး၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ကြိယာဇော နှစ်ခုနှောင် အပ္ပနာသောမနဿဇောပေါင်း အဘယ်မျှနှောင်းပါသနည်း။

ဖြေ၊ ရူပဝစရ ကြိယာ သောမနဿဇော လေးပါး၊ အရူပာဘ္ဘဝိလ် သောမနဿဇော လေးပါး၊ အားဖြင့်သောမနဿအပ္ပနာဇောပေါင်း (၈)ပါး နှောင်းပါသည်။

## ဆသနွှောနှင့် ဥပေက္ခာဘာသကိုပြခြင်း။

မေး။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကြိယာ ဥပေက္ခာဇော နှစ်ခုနှောင် ဥပေက္ခာအပ္ပနာဇော ပေါင်း အဘယ်မျှနှောင်းပါသနည်း။

ဖြေ။ ရူပဝစရကြိယာ ဥပေက္ခာ ပဉ္စမဈာန်ဇောတခု အရူပါဝစရ ကြိယာ ဥပေက္ခာဇော လေးခု အရူပာဘ္ဘဝိလ်ဥပေက္ခာပဉ္စမဈာန်ဇောတခုအားဖြင့် အပ္ပနာ ဥပေက္ခာဇောပေါင်း ခြောက်ပါး နှောင်းပါသည်။

## တဒါရုမ္မဏာဒါရုကိုပြခြင်း။

မေး၊ အသိုမရှိအပ်သောမစင်ခွေးကောင်းပုတ်စသော အနိဋ္ဌာရုံကို အာရုံပြု၍၊ အဘယ်စိတ်တို့သည် ဖြစ်ပါကုန်သနည်း။

ဖြေ။ အကုသိုလ်ကံ၏ အကျိုးဖြစ်သော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ တဒါရုံစိတ်တို့ ဖြစ်ပါသည်။

မေး။ အလိုရှိအပ်သော ထမင်းအဖျော် အိပ်ရာနေရာ အဝတ်တန်းဆာ အစရှိသော ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ အဘယ်စိတ်တို့ဖြစ်ပါသနည်း။

ဖြေ။ ကုသိုလ်ကံ၏၊ အကျိုးဖြစ်သော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆန်း ဥပေက္ခာသန္တီရဏ ဥပေက္ခာမဟာဝိပါက် တဒါရုံစိတ်တို့ဖြစ်ပါသည်။

မေး။ အလွန် အလိုရှိအပ်သော၊ ဘုရားအစရှိသော ကောင်းသော အတိဣဋ္ဌာရုံကို အာရုံပြု၍၊ အဘယ်စိတ်သို့ဖြစ်ကုန်သနည်း။

ဖြေ။ ကုသိုလ်ကံ၏၊ အကျိုးဖြစ်သော၊ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆန်းသောမနဿသန္တီရဏသောမနဿ မဟာဝိပါက်တဒါရုံတို့ဖြစ်ပါသည်။

မေး။ အဟိတ် သဟိတ် သောမနဿကြိယာဇောငါးခု နောင် အဘယ်တဒါရုံတို့ ဖြစ်ပါသနည်း။

ဖြေ။ သောမနဿ သန္တီရဏ သောမနဿ မဟာဝိပါက်တဒါရုံတို့ဖြစ်ပါသည်။

မေး။ ဥပေက္ခာသဟဂုတ် ကြိယာဇော လေးခုနောင် အဘယ်တဒါရုံတို့ဖြစ်ပါသနည်း။

ဖြေ။ ကုသိုလ်ကံ၏ အကျိုးဖြစ်သော ဥပေက္ခာသန္တီရဏ ဥပေက္ခာမဟာဝိပါက်တဒါရုံတို့ဖြစ်ပါသည်။

မေး၊ ဒေါမနဿ ဇောနောင် အဘယ်တဒါရုံ ဖြစ်ပါသနည်း။

ဖြေ။ ဥပေက္ခာတဒါရုံခြောက်ပါး ဖြစ်ပါသည်။

မေး။ ဒေါမနဿ ဇောနောင် အဘဲ့ကြောင့် သောမနဿ တဒါရုံမဖြစ်ပါသနည်း။

ဖြေ။ သောမနဿနှင့် ဒေါမနဿတို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဒေါမနဿ ဇောနောင် သောမနဿ တဒါရုံ မဖြစ်နိုင်ပါ။

မေး၊ သောမနဿစိတ်နှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ဒေါမနဿ ဇောနောင် သောမနဿ တဒါရုံ မကျနိုင်လျှင် အဘယ်စိတ် ဖြစ်ပါသေးသနည်း။

ဖြေ။ ရှေးရှေးက လေ့ကျက်ခဲ့ဘူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စတင်သောအားဖြင့် တကြိမ်ဖြစ်ပါသည်။

မေး။ အာဂန္တုက ဥပေက္ခာဘဝင်စိတ်နောင် အဘယ်စိတ် ဖြစ်ပါသနည်း။

ဖြေ၊ အာဂန္တုကဘဝင်စိတ်အား အနန္တရပစ္စည်းပြု၍ သောမနဿဘဝင်စိတ်ဖြစ်ပါသည်။

မေး၊ အဘယ်ဇော၊ အဘယ် သတ္တဝါ၊ အဘယ် အာရုံ၊ အဘယ် ဝိထိတို့၌ တဒါရုံကျပါသနည်း။

ဖြေ။ ကာမဇော၊ ကာမသတ္တာ၊ ကာမအာရုံ၊ အတိမဟန္တာရုံဝိထိ၊ ဝိဘူတာရုံ ဝိထိတို့၌သာ တဒါရုံကျပါသည်။

မေး။ ဗြဟ္မာတို့အား အဘယ့်ကြောင့် တဒါရုံစိတ်မဖြစ်ပါသနည်း။

ဖြေ။ တဒါရုံ၏အားကြီးသော၊ အကြောင်း ဖြစ်သောကာမာဝစရ ပဋိသန္ဓေ ဟူသော တဒါရုံ၏ အကြောင်း မရှိသောကြောင့် ဗြဟ္မာတို့အားတဒါရုံမဖြစ်ပါ။

မေး။ ကာမဇော၏အဆုံး၌သာ အဘယ့်ကြောင့်တဒါရုံကိုအလိုရှိပါသနည်း။

ဖြေ။ ကာမ တဏှာလျှင် အကြောင်းရင်း ရှိသောကာမာဝစရကံကြောင့် ဖြစ်ရကား၊ကာမဇော၏အဆုံး၌သာ တဒါရုံကို အလိုရှိအပ်ပါသည်။

## ဇောနဝါရကိုပြခြင်း။

မေး။ ဇော ငါးဆဲ့ငါးပါးတို့တွင် ကာမာဝစရ ဇော၏ဝိထိ၌ ကာမာဝစရဇောတို့သည် ဘယ်နှစ်ကြိမ်စောပါကုန်သနည်း။

ဖြေ။ ကာမဇောတို့သည် ပကတိကာလ၌ ခုနစ်ကြိမ်၊ မန္ဒကာလ၌ခြောက်ကြိမ်စောပါသည်။

မေး။ သေကာနီးကာလ စသည်တို့၌ မရဏာသန္နဇောသည် ဘယ်နှစ်ကြိမ် စောပါသနည်း။

ဖြေ။ မရဏာသန္နအခါ၊ မရဏာသန္နအခါနှင့် တူသော မုစ္ဆာကာလတို့၌ နှုံသည်ဖြစ်၍၊ ဖြစ်ခြင်းကြောင့် ၎င်း။ မှိရာဝဋ္ဋ၊ ရုပ်အား နိုးသောကြောင့်၎င်း။ ငါးကြိမ်သာ စောပါသည်။

မေး။ မဟာကြိယာ ပစ္စဝေက္ခဏဇောတို့သည် ဘယ်နှစ်ကြိမ် စောကုန်သနည်း။

ဖြေ။ ယမကပါဋိဟာရိယကို ပြတော်မူသော အခါ၊ မြတ်စွာဘုရားအား လေးကြိမ် ပကတိသာဝကတို့အား ငါးကြိမ်စောပါသည်။

မေး။ အာဒိကမ္မိကဇော၊ အဘိညာဉ် ဇောတို့သည် ဘယ်နှစ်ကြိမ် စောကုန်သနည်း။

ဖြေ။ မဟဂ္ဂုတ်အာဒိကမ္မိကဇော၊ အဘိညာဉ်ဇောတို့သည် တကြိမ်သာ စောပါသည်။

မေး။ မဂ်ဇော၊ ဖိုလ်ဇောတို့သည် ဘယ်နှစ်ကြိမ် စောကုန်သနည်း။

ဖြေ။ မဂ်ဇောတကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ် သုံးကြိမ် စောပါသည်။

မေး။ နိရောဓ သမာပတ် ဝင်စားသည်မှ ရှေ့အဘို့ ကာလ၌ အဘယ်ဇောတို့ ဖြစ်ပါသနည်း။

ဖြေ။ နေဝသညာနာသညာယတန ကုသိုလ် ကြိယာ ဇောတို့သည် အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့အား ထိုက်သည် အားလျော်စွာ တကြိမ်ဖြစ်၍၊ ဘဝင်ကျပါသည်။

မေး။ ဈာနဝိထိ၊ ဖလသမာပတ္တိ ဝိထိတို့၌ ဝိထိစိတ်ပေါင်း အဘယ်မျှ ဖြစ်ပါသနည်း။

ဖြေ။ ဘဝင်အလျှင်ကဲ့သို့ ဝိထိစိတ်ပေါင်း များစွာဖြစ်ပါသည်။

(ဝိထိနှင့် စပ်လျဉ်းသချုပ်အကျယ်ကို အလိုရှိပါက ဝိထိလက်ရိုးကျမ်းမှာ ကြည့်လေ)။

## ပုဂ္ဂလဘေဒကိုပြခြင်း။

မေး။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား စိတ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ အကုသိုလ်စိတ် တဆဲ့နှစ်ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ်တဆဲ့ခုနစ်ပါး၊ မဟာကုသိုလ်စိတ်ရှစ်ပါး အားဖြင့် စိတ်ပေါင်း ၃၇ပါးရပါသည်။

မေး။ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့အားစိတ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ဒွါဒသ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်သတ္တရသ မဟာကုသိုလ်စိတ် အဋ္ဌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးပါးအားဖြင့် စိတ်ပေါင်း ၄၁ ပါးစီရပါသည်။

မေး။ ဈာန်မရ ဈာန်ရတိဟိတ်ပုဂ္ဂိုလ်အားစိတ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ဒွါဒသ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် သတ္တရသ ကာမာဝစရ ကုသိုလ်

ဝိပါက်စိတ်သော ၁၆ ဆဲ့သအားဖြင့် ဈာန်မရတိဟိတ် ပုဂ္ဂိုလ်အား ၄ ၅ ပါး ဈာန်ရပုဂ္ဂိုလ်အား မဟာဂ္ဂုတ် ကုသိုလ်ကိုးပါးထည့်၍ ၅၄ ပါးရပါသည်။

မေး၊ ဈာန်မရ ဈာန်ရသောတာပတ္တိမဂ်ပုဂ္ဂိုလ်အား စိတ်ပေါင်းအဘယ်မျှရပါသနည်း။

ဖြေ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါး၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်ကြဉ်သောအကုသိုလ်စိတ်ခုနစ်ပါး ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ် တဆဲ့ ခုနစ်ပါး၊ ကာမာဝစရ ကုသိုလ်ဝိပါက် တဆဲ့ ခြောက်ပါး၊ သောတာပတ္တိဖိုလ်စိတ် တပါး၊ အားဖြင့် ဈာန်မရ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား ၄၂ ပါး၊ ဈာန်ရသောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား မဟာဂ္ဂုတ်ကုသိုလ်ကိုးပါးထည့်၍ ၅၀ ရပါသည်။

မေး၊ ဈာန်မရ ဈာန်ရ သကဒါဂါမိမဂ်ပုဂ္ဂိုလ်အား စိတ်ပေါင်းအဘယ်မျှရပါသနည်း။

ဖြေ၊ သောတာပတ္တိဖိုလ်စိတ်ကို ကြဉ်၍ သကဒါဂါမိ ဖိုလ်စိတ်ကိုထည့်လျှင်ဈာန်မရသကဒါဂါမိဖိုလ် ပုဂ္ဂိုလ်အား ၄၁ ပါး ဈာန်ရ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်အား ၅၀ ရပါသည်။

မေး၊ ဈာန်မရ ဈာန်ရ အနာဂါမိဖိုလ် ပုဂ္ဂိုလ်အား စိတ်ပေါင်းအဘယ်မျှရပါသနည်း။

ဖြေ၊ သကဒါဂါမိပုဂ္ဂိုလ်ရသောစိတ်တို့တွင်ဒေါသ မူဒွေနှင့် သကဒါဂါမိဖိုလ်စိတ်ကြဉ်၍ အနာဂါမိ

ဖိုလ်စိတ်ထည့်လျှင်ဈာန်မရအနာဂါမိဖိုလ်ပုဂ္ဂိုလ်အား(၃၉)ပါးဈာန်ရအနာဂါမိဖိုလ်ပုဂ္ဂိုလ်အား(၄၇)ပါး ရပါသည်။

မေး။ ဈာန်မရ ဈာန်ရ ရဟန္တာပုဂ္ဂိုလ်အား စိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ အဟိတ်စိတ်တဆဲ့ရှစ်ပါး၊ ကာမာဝစရ ဝိပါက် ကြိယာစိတ် တဆဲ့ခြောက်ပါး၊ အရဟတ္တဖိုလ် စိတ်တပါးအားဖြင့်၊ ဈာန်မရ ရဟန္တာပုဂ္ဂိုလ်အား(၃၅)ပါးဈာန်ရ ရဟန္တာပုဂ္ဂိုလ်မဟဂ္ဂုတ်ကြိယာကိုးခုထည့်၍ (၄၄)ပါး ရပါသည်။

မေး။ မဂ်ပုဂ္ဂိုလ် လေးယောက်တို့အား စိတ်ပေါင်း အဘယ်မျှစီရပါသနည်း။

ဖြေ။ မဂ်စိတ္တက္ခဏာ၌သာ မဂ်ပုဂ္ဂိုလ်ဟု ဆိုရသဖြင့် မိမိ၏မဂ်စိတ်တပါးစီသာ ရကြပါသည်။

(ကာမပုဂ္ဂိုလ်စိတ်ရကားပြီး၏)။

မေး။ ရူပ တိဟိတ်ပုထုဇ္ဇန် ပုဂ္ဂိုလ်အား စိတ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ်တဆယ် ဃာနဝိညာဏ်ဒွေ ဇိဝှါ ဝိညာဏ်ဒွေ ကာယဝိညာဏ်ဒွေ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် တဆဲ့တပါး။ လောကီ ကုသိုလ်စိတ်တဆဲ့ ခုနစ်ပါး၊ ရူပဝိပါက်စိတ် တပါး၊ အားဖြင့်စိတ်ပေါင်း (၃၉)ပါးရပါသည်။

မေး။ ရူပသောတာပတ္တိမိုလ် ပုဂ္ဂိုလ်အား စိတ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ ရူပတိဟိတ် ပုထုဇ္ဇန်ရသော စိတ်တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် တပါးအားဖြင့်၊ စိတ်ငါးပါးကြဉ်၍၊ သောတာပတ္တိမိုလ်စိတ် ထည့်လျှင် သောတာပတ္တိမိုလ်ပုဂ္ဂိုလ်အား စိတ်ပေါင်း(၃၅)ပါး ရပါသည်။

မေး။ သကဒါဂါမိမိုလ်ပုဂ္ဂိုလ် အနာဂါမိမိုလ်ပုဂ္ဂိုလ်တို့အား စိတ်ပေါင်းအဘယ်မျှစီရပါသနည်း။

ဖြေ။ သောတာပတ္တိမိုလ် ပုဂ္ဂိုလ်ရသော စိတ်တို့တွင် သောတာပတ္တိ မိုလ်စိတ်ကိုကြဉ်၍၊ မိမိတို့၏၊ မိုလ်စိတ်ကိုထည့်လျှင် သုံးဆဲ့ငါးပါးစီရပါသည်။

မေး။ ရူပရဟန္တာပုဂ္ဂိုလ်အား စိတ်ပေါင်းအဘယ်မျှ ရပါသနည်း။

ဖြေ။ ဃာန ဝိညာဏ်ဒွေ ဇိဝှါ ဝိညာဏ်ဒွေ ကာယ ဝိညာဏ်ဒွေ၊ ကြဉ်သော ကြွင်းသော အဟိတ်ဝိပါက်စိတ်ကိုးခု၊ ကြိယာစိတ်နှစ်ဆယ်၊ ရူပဝိပါက်စိတ်တပါး အရဟတ္တမိုလ်စိတ် တပါးအားဖြင့် ရူပရဟန္တာ ပုဂ္ဂိုလ်အား စိတ်ပေါင်း(၃၅)ပါး ရပါသည်။

(ရူပပုဂ္ဂိုလ်စိတ်ရကားပြီး၏။)

မေး။ အရူပ တိဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ်အား စိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ ဒေါသမူဒွေ ကြဉ်သော အကုသိုလ်စိတ်တဆယ်၊ မနောဒွါရာဝဇ္ဇန်း စိတ်တပါး၊ ကာမာဝစရ ကုသိုလ်စိတ်ရှစ်ပါး၊ အရူပကုသိုလ်စိတ်လေးပါး၊ အရူပဝိပါက် စိတ်တပါးအားဖြင့် အရူပတိဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ်အား စိတ်ပေါင်း (၂၄)ပါး ရပါသည်။

မေး။ အရူပ အောက်မိုလ်ပုဂ္ဂိုလ် သုံးယောက် တို့အား စိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် လေးပါး၊ ဥဒ္ဓစ္စသဟဂုတ် စိတ်တပါး မနောဒွါရဝဇ္ဇန်းစိတ်တပါး၊ ကာမာဝစရ ကုသိုလ်စိတ်ရှစ်ပါး၊ အရူပါဝစရ ကုသိုလ် စိတ်လေးပါး၊ အရူပါဝစရ ဝိပါက်စိတ်တပါး၊ မိမိတို့၏ မိုလ်စိတ်တပါးအားဖြင့် အောက်မိုလ် သုံးယောက်တို့အား စိတ်ပေါင်း(၂၀)စီ ရကြပါသည်။

မေး။ အရူပရဟန္တာပုဂ္ဂိုလ်အားစိတ်ပေါင်းအဘယ်မျှ ရပါသနည်း။

ဖြေ။ မနောဒွါရဝဇ္ဇန်းစိတ်တပါး၊ မဟာကြိယာစိတ် ရှစ်ပါး၊ အရူပကြိယာစိတ်လေးပါး၊ အရူပဝိပါက် စိတ်တပါး၊ အရဟတ္တဖိုလ်စိတ် တပါးအားဖြင့်

အရူပရဟန္တာပုဂ္ဂိုလ်အား စိတ်ပေါင်း(၁၅)ပါး ရပါသည်။

(အရူပပုဂ္ဂိုလ်စိတ်ရပြီး၏။)

## ဘူမိဝိပါကကိုပြခြင်း။

မေး၊ ကာမတသဲ့တဘုံတို့၌ ဝိထိစိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ မဟဂ္ဂုတ် ဝိပါက်ကိုးပါး ကြဉ်သော ဝိထိစိတ် ပေါင်း ထိုက်သင့်သည် အားလျော်စွာ ကာမ တသဲ့တဘုံ၌ ရှစ်ဆယ်ရပါသည်။

မေး၊ အသညသတ်ကြဉ်သောရူပတသဲ့ငါးဘုံတို့၌ ဝိထိ စိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ၊ ဒေါသမူဒွေ ကြဉ်သော အကုသိုလ်စိတ်တဆယ်၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယ ဝိညာဏ်ဒွေကြဉ်သောအဟိတ်စိတ်တသဲ့နှစ်ပါး၊ ကာမာဝစရကုသိုလ်ကြိယာစိတ် တသဲ့ခြောက် ပါး၊ ရူပါဝစရကုသိုလ် ကြိယာစိတ် တဆယ်၊ အရူပါဝစရကုသိုလ်ကြိယာစိတ်ရှစ်ပါး၊ လော ကုတ္တရာစိတ် ရှစ်ပါးအားဖြင့် ဝိထိ စိတ်ပေါင်း ရူပတသဲ့ငါးဘုံတို့၌ (၆၄)ပါး ရပါသည်။

မေး။ အရူပလေးဘုံတို့၌၊ ဝိထိစိတ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ ဒေါမနဿ္သဟဂုတ်ကြည်သော အကုသိုလ်စိတ် တဆယ်၊ မနောဒွါရာဝဇ္ဇန်းစိတ် တပါး၊ ကာမာဝစရကုသိုလ်ကြိယာ စိတ်တဆဲ့ခြောက်ပါး၊ အရူပကုသိုလ်ကြိယာစိတ်ရှစ်ပါး၊ သောတာပတ္တိမဂ်ကြည်သော လောကုတ္တရာစိတ်ခုနစ်ပါးအားဖြင့် ဝိထိစိတ်ပေါင်း အရူပဘုံတို့၌ (၄၂) ပါးရပါသည်။

---

## ဝိထိမုတ်ပိုင်း

### ဝိထိမုတ္တသင်္ဂဟာကိုပြဆိုခြင်း။

မေး။ ဝိထိမုတ်ပိုင်း၌ စတုက္ကပေါင်းကား အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဘူမိစတုက္က၊ ပဋိသန္ဓေစတုက္က၊ ကမ္မစတုက္က၊ မရဏစတုက္ကအားဖြင့် လေးပါးရှိပါသည်။

### (ဘူမိစတုက္ကကိုပြခြင်း)

မေး။ ဘူမိစတုက္ကဘုံ၌ လေးပါး၏ သရုပ်ကိုရေတွက်ပြစမ်းပါ

ဖြေ။ အပါယ်ဘုံ ကာမသုဂတိဘုံ ရူပါဝစရဘုံ အရူပါဝစရဘုံအားဖြင့် လေးပါးရှိပါသည်။

မေး။ အပါယ်ဘုံကား အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံအားဖြင့် လေးပါးပြားပါသည်။

မေး။ ငရဲဘုံကားအဘယ်မျှပြားပါသေးသနည်း။

ဖြေ။ သဉ္ဇီဝ ကာလသုတ္တ သံဃာတ ရောရုဝ မဟာရောရုဝ တာပန မဟာတာပန အဝီစိဟု ငရဲကြီး ရှစ်ထပ်ပြားပါသည်။

မေး။ ကာမသုဂတိဘုံကား အဘယ်မျှ ပြားပါသေးသနည်း။

ဖြေ။ လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တီဘုံအားဖြင့် ခုနစ်ပါးပြားပါသည်။

မေး။ ဤဆိုခဲ့ပြီးသောဘုံတို့ကို အဘယ်ဘုံဟု ခေါ်ပါသနည်း။

ဖြေ။ ကာမတဆဲ့တဘုံဟု ခေါ်ပါသည်။

မေး။ ရူပါဝစရဘုံကား အဘယ်မျှ ပြားပါသနည်း။

ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာဟု ပထမဈာန် သုံးဘုံ၊ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာဟု ဒုတိယဈာန် သုံးဘုံ၊ ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘကိဏှာဟု တတိယဈာန်သုံးဘုံ၊ ဝေဟပ္ဖိုလ်ဘုံ အသညသတ်ဘုံ သုဒ္ဓါဝါသငါးဘုံဟု စတုတ္ထဈာန် ခုနစ်ဘုံအားဖြင့် ရူပါဝစရ ၁၆ ဘုံပြားပါသည်။

မေး။ သုဒ္ဓါဝါသငါးဘုံအရ၊ ရေတွက်၍ပြစမ်းပါ။

ဖြေ။ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌာဟု ငါးဘုံဖြစ်ပါသည်။

မေး။ အရူပါဝစရဘုံကား အဘယ်မျှ ပြားပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတန ဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသ ညာယတနဘုံဟု လေးပါးပြားပါသည်။

မေး။ အပါယ်လေးဘုံတို့၌ ပုဂ္ဂိုလ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ တဘုံလျှင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တယောက်စီရ သောကြောင့် လေးယောက်ရပါသည်။

မေး။ လူဘုံ၊ စတုမဟာရာဇ် ဘုံတို့၌ ပုဂ္ဂိုလ်ပေါင်း အဘယ်မျှစီ ရပါသနည်း။

ဖြေ။ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ ပုထုဇ္ဇန် ပုဂ္ဂိုလ်သုံးယောက်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက် အားဖြင့် တဘုံလျှင် တကျိပ်တယောက်စီရသော ကြောင့်(၂၂)ယောက် ရပါသည်။

မေး။ အထက် နတ်ပြည် ငါးဘုံတို့၌၊ ပုဂ္ဂိုလ်ပေါင်း ဘယ်နှစ်ယောက်စီရပါသနည်း။

ဖြေ။ ဒွိဟိတ် တိဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ် နှစ်ယောက် အရိယာပုဂ္ဂိုလ်ရှစ်ယောက်အားဖြင့် တဘုံလျှင် တကျိပ်စီရသောကြောင့် ပုဂ္ဂိုလ်ပေါင်း (၅၀) ရပါသည်။

မေး။ ပထမဈာန်သုံးဘုံ၊ဒုတိယဈာန်သုံးဘုံ၊ တတိယ ဈာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံတို့၌၊ ပုဂ္ဂိုလ်ပေါင်း အဘယ်မျှစီရပါသနည်း။

ဖြေ။ တိဟိတ်ပုထုဇ္ဇန်ပုဂ္ဂိုလ် တယောက်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်အားဖြင့် တဘုံလျှင် ကိုးယောက်စီ ရသောကြောင့် ပုဂ္ဂိုလ်ပေါင်း (၉၀) ရပါသည်။

မေး။ အသညသတ်ဘုံ၌၊ ပုဂ္ဂိုလ် ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ သုဂတိ အဟိတ်ပုတုဇ္ဇန် ပုဂ္ဂိုလ်တယောက်သာ ရပါသည်။

မေး။ သုဒ္ဓါဝါသငါးဘုံတို့၌ ပုဂ္ဂိုလ်ပေါင်းအဘယ်မျှစီ ရပါသနည်း။

ဖြေ။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် အရဟတ္တဖိုလ်ပုဂ္ဂိုလ် အားဖြင့် တဘုံလျှင် သုံးယောက်စီ ရသောကြောင့် ပုဂ္ဂိုလ်ပေါင်း(၁၅) ယောက်ရပါသည်။

မေး။ အရူပလေးဘုံတို့၌ ပုဂ္ဂိုလ် ဘယ်နှစ်ယောက်စီရပါသနည်း။

ဖြေ တိဟိတ်ပုထုဇ္ဇန် ပုဂ္ဂိုလ်တယောက်၊ သောတာပန် မဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာပုဂ္ဂိုလ် ခုနစ်ယောက်အားဖြင့် တဘုံလျှင် ရှစ်ယောက်စီရပါသောကြောင့်ပုဂ္ဂိုလ်ပေါင်း(၃၂)ယောက်ရပါသည်။

မေး။ ပုဂ္ဂိုလ်ပေါင်း အကျဉ်းအကျယ်အားဖြင့်အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပုဂ္ဂိုလ်ပေါင်း အကျဉ်း တကျိပ် နှစ်ယောက် အကျယ်နှစ်ရာတဆဲ့ လေးယောက် ရှိပါသည်။

## ပဋိသန္ဓိစတုက္ကကိုပြခြင်း။

မေး။ ပဋိသန္ဓေစတုက္က၌ ပဋိသန္ဓေလေးပါးအရ၊ ရေတွက်ပြစမ်းပါ။

ဖြေ၊ အပါယ်ပဋိသန္ဓေ၊ကာမသုဂတိ ပဋိသန္ဓေ၊ ရူပါဝစရ ပဋိသန္ဓေ၊ အရူပါဝစရ ပဋိသန္ဓေအားဖြင့် ပဋိသန္ဓေပေါင်း လေးပါးရှိပါသည်။

## အဟိတ်ပဋိသန္ဓေကိုပြခြင်း။

မေး။ အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ၊ အပါယ်လေးဘုံတို့၌၊ ပဋိသန္ဓေ ဘဝင်စုတိစိတ်တို့၏ အစွမ်းဖြင့်ဖြစ်ပါသည်။

မေး။ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏစိတ်သည် အဘယ်ဘုံတို့၌၊ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်စိတ်၏အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ၊ လူဘုံ စတုမဟာရာဇ်ဘုံတို့၌၊ အမိဝမ်းတွင်းက မျက်စိကန်းခြင်းနားထိုင်းခြင်း၊ အခြင်းသွင့်ခြင်း ရူးခြင်း ပဏ္ဍုတ် ဥဘတောဗျည်းစသည် ချို့တဲ့သော အချို့သောလူ အချို့သော ဝိနိပါတိက

အသူရာတို့အား ပဋိသန္ဓေ ဘဝင်စုတိစိတ်၏ အစွမ်းဖြင့်ဖြစ်ပါသည်။

**မေး။** ဝိနိပါတိက အသူရာတို့သည် ဘုမ္မစိုးနတ်တို့နှင့် ဘယ်လိုအလားတူကြပါသနည်း။

**ဖြေ။** ဘုမ္မစိုး နတ်တို့သည် သုဂတိ အဟိတ် ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်ရှိသကဲ့သို့ရင်း၊ သံသေဒဇ ဩပပါတိက အဏ္ဍဇ ဇလာဗုဇ တည်းဟူသော ယောနိလေးပါးဖြင့် ပဋိသန္ဓေ နေသကဲ့သို့ရင်း ထိုအတူ ဝိနိပါတိက အသူရာတို့ သည်လည်း သုဂတိအဟိတ် ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ်ရှိသော ကြောင့်ရင်း ယောနိလေးပါးဖြင့် ပဋိသန္ဓေနေ သောကြောင့်ရင်း ဘုမ္မစိုးနတ်တို့နှင့် အလားတူကြပါသည်။

**သဟိတ်ကာမာဝစရ ပဋိသန္ဓေကိုပြခြင်း။**

**မေး။** မဟာဝိပါက်စိတ် ရှစ်ပါးသည်၊ အဘယ်ဘုံအအဘယ်စိတ်၏အစွမ်းဖြင့် ဖြစ်ပါသနည်း။

**ဖြေ။** ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်၏အစွမ်းဖြင့်ဖြစ်ပါသည်။

**မေး။** ဤဆယ်ပါးသော ပဋိသန္ဓေ ကို အဘယ်ပဋိသန္ဓေဟုခေါ်ပါသနည်း။

**ဖြေ။** ကာမဘုံမှာ သာဖြစ်သောကြောင့် ကာမပဋိသန္ဓေတဆယ်ဟု ခေါ်ပါသည်။

မေး၊ ယောဒိကား အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ သံသေဒဇ ဩပပါတိက အဏ္ဍဇ ဇလဗုဇအား ဖြင့်လေးပါးရှိပါသည်။

မေး။ အဘယ်ပဋိသန္ဓေကိုသံသေဒဇ ပဋိသန္ဓေဟုခေါ်ပါသနည်း။

ဖြေ။ ကြာတိုက် ဝမ်း၏ အညစ်အကြေး သုတ်သွေးစသည်တို့၌ စွဲ၍ဖြစ်သော ပဋိသန္ဓေကို သံသေဒဇပဋိသန္ဓေဟု ခေါ်ပါသည်။

မေး၊ အဘယ်ပဋိသန္ဓေကို ဩပပါတိကပဋိသန္ဓေဟု ခေါ်ပါသနည်း။

ဖြေ၊ ကိုယ်ခန္ဓာ ထင်ရှားဖြစ်ပေါ်လာသော ပဋိသန္ဓေကို ဩပပါတိက ပဋိသန္ဓေဟုခေါ်ပါသည်။

မေး အဘယ်ပဋိသန္ဓေကို အဏ္ဍဇ ပဋိသန္ဓေဟုခေါ်ပါသနည်း။

ဖြေ။ အဥ၌စွဲ၍ဖြစ်သော ပဋိသန္ဓေကိုအဏ္ဍဇ ပဋိသန္ဓေဟုခေါ်ပါသည်။

မေး၊ အဘယ်ပဋိသန္ဓေကို ဇလဗုဇပဋိသန္ဓေဟု ခေါ်ပါသနည်း။

ဖြေ။ သူငယ်ကို ရစ်ပတ်၍နေသော သားအိမ်အတွင်း၌ တည်သော ပဋိသန္ဓေကို ဇလဗုဇပဋိသန္ဓေဟု ခေါ်ပါသည်။

မေး။ ဘုမ္မစိုးမှတပါးသော နတ် နိဇ္ဈာမတဏှိကပြိတ္တာ ငရဲသူသတ္တာ ဤသူတို့ကား ယောနိလေးပါး တို့တွင် အဘယ်ယောနိဖြင့် ပဋိသန္ဓေ နေကုန် သနည်း။

ဖြေ။ ယောနိလေးပါးတို့တွင် ဥပပါတ်ဖြင့် ပဋိသန္ဓေ နေကြပါသည်။

မေး။ ဘုမ္မစိုးနတ် လူတိရစ္ဆာန် နိဇ္ဈာမတဏှိကပြိတ္တာမှ ကြွင်းသောပြိတ္တာ၊ ဤသူတို့ကား ယောနိလေး ပါးတို့တွင် အဘယ်ယောနိဖြင့် ပဋိသန္ဓေနေကြ ပါသည်။

ဖြေ။ ယောနိလေးပါးတို့တွင် တပါးပါးဖြင့်ပဋိသန္ဓေ နေကြပါသည်။

မေး။ အပါယ်ပုဂ္ဂိုလ် လူ ဝိနိပါတိက အသူရာတို့၏ အသက် အပိုင်းအခြား အရှည်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ထိုပုဂ္ဂိုလ်တို့ကား အသက်အပိုင်းအခြား အရေ အတွက် အမြဲမရှိပါ။ မိမိပြုခဲ့ဘူးသောကုသိုလ်ကံ အကုသိုလ်ကံသာလျှင် ပဓာနဖြစ်၍ အချို့ကား အသက်တိုကြပါသည်။

မေး။ စတုမဟာရာဇ်နတ်တို့၏ အသက်အပိုင်းအရှည် ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ စတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ငါးရာ ရှိပါသည်။ လူတို့၏ အရေအတွက်

အားဖြင့်ကား၊ အနှစ်ကိုးသန်း အရေအတွက်ရှိ ပါသည်။

မေး၊ တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည် ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ၊ တာဝတိံသာနတ်တို့၏ အရေအတွက် အားဖြင့် အနှစ်တထောင် ရှိပါသည်။ လူတို့၏ အရေအ တွက် အားဖြင့်ကား၊ သုံးကုဋေ အနှစ်ခြောက် သန်း အရေအတွက် ရှိပါသည်။

မေး၊ ယာမာနတ်တို့၏ အသက် အတိုင်းအရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ၊ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ် နှစ်ထောင် ရှိပါသည်။ လူတို့၏အရေအတွက် အားဖြင့် ဟသဲ့လေးကုဋေအနှစ်လေးသန်းအရေ အတွက် ရှိပါသည်။

မေး၊ တုသိတာနတ်တို့၏အသက်အတိုင်းအရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ၊ တုသိတာနတ်တို့၏အရေအတွက်အားဖြင့် အနှစ် လေးထောင် ရှိပါသည်။ လူတို့၏အရေအတွက် အားဖြင့် ငါးသဲ့ခုနစ်ကုဋေ အနှစ်ခြောက်သန်း အရေအတွက် ရှိပါသည်။

မေး၊ နိမ္မာနရတိနတ်တို့၏အသက်အတိုင်းအရှည်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ နိမ္မာနရတိနတ်တို့၏ အရေအတွက် အားဖြင့် အနှစ်ရှစ်ထောင် ရှိပါသည်။ လူတို့၏ အရေအတွက်အားဖြင့် ကုဋေနှစ်ရာသုံးဆယ် အနှစ်လေးသန်း အရေအတွက် ရှိပါသည်။

မေး။ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အသက် အတိုင်းအရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏ အရေအတွက် အားဖြင့် တသောင်းခြောက်ထောင် ရှိပါသည်။ လူတို့၏ အရေအတွက် အားဖြင့် ကုဋေကိုးရာ နှစ်ဆဲ့ကုဋေ အနှစ်ခြောက်သန်း ရှိပါသည်။

ရူပါဝစရပဋိသန္ဓေကိုပြခြင်း။

မေး။ ရူပါဝစရပထမဈာန် ဝိပါက်စိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ ပထမဈာန် သုံးဘုံတို့၌ ပဋိသန္ဓေ ဘဝင်စုတိ စိတ်၏အစွမ်းဖြင့် ဖြစ်ပါသည်။

မေး။ ဒုတိယဈာန် တတိယဈာန် ဝိပါက်စိတ်တို့သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ ဒုတိယဈာန် သုံးဘုံတို့၌ ပဋိသန္ဓေ ဘဝင်စုတိ စိတ်၏အစွမ်းဖြင့်ဖြစ်ပါသည်။

မေး။ စတုတ္ထဈာန် ဝိပါက်စိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ တတိယဈာန်သုံးဘုံတို့၌ ပဋိသန္ဓေ ဘဝင် စုတိ စိတ်၏အစွမ်းဖြင့် ဖြစ်ပါသည်။

မေး။ ပဥ္စမဈာန် ဝိပါက်စိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ စတုတ္ထဈာန်ခြောက်ဘုံတို့၌ ပဋိသန္ဓေ ဘဝင်စုတိ စိတ်၏အစွမ်းဖြင့် ဖြစ်ပါသည်။

မေး။ အသညသတ်ဘုံ၌ အဘယ်ရုပ်နှင့်ပဋိသန္ဓေနေပါသနည်း။

ဖြေ။ ဇီဝိတသက္က ဇီဝိတနဝကလာပ်နှင့် အသညသတ် ပုဂ္ဂိုလ်တို့ ပဋိသန္ဓေနေပါသည်။

မေး။ ပဝတ္တိအခါ စုတိအခါတို့၌ အဘယ်ရုပ်ဖြစ်၍ အဘယ်ရုပ် ချုပ်ပါသနည်း။

ဖြေ။ ပဝတ္တိအခါ၌ ဇီဝိတနဝ ကလာပ်ရုပ် ဖြစ်၍ စုတိ အခါ၌ ဇီဝိတနဝကလာပ်ရုပ် ချုပ်ပါသည်။

မေး။ ဗြဟ္မာပါရိသဇ္ဇာ ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သင်္ချေယျကပ်၏ သုံးပုံတပုံ၊ အသက် အပိုင်းအခြား ရှိပါသည်။

မေး။ ဗြဟ္မာပုရောဟိတ်တာ ဗြဟ္မာတို့၏ အသက် အတိုင်း အရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ အသင်္ချေယျ၏ထက်ဝက် အသက် အပိုင်းအခြား ရှိပါသည်။

မေး။ မဟာဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား အဘယ်မျှ ရှိပါသနည်း။
ဖြေ။ အသင်္ချေယျကပ်တကပ် အသက် အပိုင်းအခြား ရှိပါသည်။
မေး။ ပရိတ္တာဘာဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။
ဖြေ။ မဟာကပ်နှစ်ကပ် အသက် အပိုင်းအခြား ရှိပါသည်။
မေး။ အပ္ပမာဏာဘာဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။
ဖြေ။ မဟာကပ်လေးကပ်အသက်အပိုင်းအခြား ရှိပါ ပါသည်။
မေး။ အာဘဿရာ ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား၊ အဘယ်မျှ ရှိပါသနည်း။
ဖြေ။ မဟာကပ်ရှစ်ကပ် အသက်အပိုင်းအခြား ရှိပါသည်။
မေး။ ပရိတ္တသုဘာ ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။
ဖြေ။ မဟာကပ် တဆယ်ခြောက်ကပ် အသက်အပိုင်း အခြားရှိပါသည်။
မေး။ အပ္ပမာဏသုဘာဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် သုံးဆယ်နှစ်ကပ် အသက် အပိုင်း အခြားရှိပါသည်။

မေး။ သုဘကိဏှာ ဗြဟ္မာတို့၏ အသက် အတိုင်း အရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် ခြောက်ဆယ်လေးကပ် အသက်အပိုင်းအခြားရှိပါသည်။

မေး။ ဝေဟပ္ဖိုလ် ဗြဟ္မာ အသညသတ်ဗြဟ္မာတို့၏အသက်အတိုင်းအရှည်ကားအဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ်ငါးရာ အသက် အပိုင်းအခြား ရှိပါသည်။

မေး။ အဝိဟာဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် တထောင်အသက် အပိုင်းအခြား ရှိပါသည်။

မေး။ အတပ္ပါ ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ်နှစ်ထောင်အသက်အတိုင်းရှိပါသည်။

မေး။ သုဒဿာ ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် လေးထောင် အသက် အတိုင်းအရှည် ရှိပါသည်။

မေး။ သုဒဿီ ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် ၇၈ထောင် အသက် အတိုင်းအရှည် ရှိပါသည်။

မေး။ အာကိဉ္စညာ ဘုံသား ဗြဟ္မာတို့၏ အသက် အတိုင်းအရှည် ကား အဘယ်မျှရှည်ပါသနည်း။

ဖြေ။ မဟာကပ် ၆သောင်းခြောက်ထောင် အသက် အတိုင်းအရှည်ရှိပါသည်။

(အရူပါဝစရ ပဋိသန္ဓေကိုပြခြင်း။)

မေး။ အရူပါဝစရဝိပါက်စိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ အရူပ လေးဘုံတို့၌၊ ထိုက်သည်အားလျော်စွာ ပဋိသန္ဓေ ဘဝင်စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

မေး။ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏အသက် အတိုင်းအရှည်ကားအဘယ်မျှ ရှိပါသနည်း။

ဖြေ။ မဟာကပ် ၂သောင်း အသက်အတိုင်းအရှည် ရှိပါသည်။

မေး။ ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ်လေးသောင်း အသက်အတိုင်းအရှည် ရှိပါသည်။

မေး။ အာကိဉ္စညာယတန ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မဟာကပ် ခြောက်သောင်း အသက်အတိုင်း အရှည်ရှိပါသည်။

မေး။ နေဝသညာ နာသညာယတန ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ မဟာကပ်ရှစ်သောင်းလေးထောင် အသက် အတိုင်းအရှည်ရှိပါသည်။

မေး။ တခုသောဘဝ၌ ပဋိသန္ဓေ ဘဝင်စုတိစိတ်သည် တူသလော၊ ပြားသလော ဘယ်သို့ဖြစ်ကြပါ သနည်း။

ဖြေ။ ဘုမ္မိ ဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရ အာရုံအားဖြင့် တူကြပါသည်။

မေး။ မဟာကပ် တကပ်မှာ အသင်္ချေယျ ကပ်ပေါင်း အဘယ်မျှရှိပါသနည်း။

ဖြေ။ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ် ဝိဝဋ္ဋကပ် ဝိဝဋ္ဋဋ္ဌာယီကပ်အားဖြင့် လေးကပ်ရှိပါသည်။

မေး။ ထိုအသင်္ချေယျကပ်တို့၏ အပိုင်းအခြားကာလကို အဘယ်သို့ပိုင်းခြားပါသနည်း။

ဖြေ။ ကပ္ပါပုက်မိုးသည်း ရွာသည့်ကာလ၌ မီးအလျှံစဲသည့်တိုင်အောင်သော ကာလသည် သံဝဋ္ဋကပ်မည်၏။ မီးအလျှံစဲသည့်မှစ၍ စကြာဝဠာ ကုဋေ တသိန်း ရေပြည့်သည့်တိုင်အောင်သော ကာလသည် သံဝဋ္ဋဋ္ဌာယီကပ်မည်၏ ရေပြည့်သည့်မှ

စ၍ နေလနက္ခတ် ပေါ်သည့်တိုင်အောင် သော ကာလသည် ဝိဝဋ္ဋကပ်မည်၏။ နေလနက္ခတ် ပေါ်သည်မှစ၍ ကပ္ပါဖျက် မိုးရွာသည့်တိုင် အောင် ကာလသည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။
(ဤသို့အပိုင်းတခြားကာလကိုပြပါသည်။)

မေး။ အသင်္ချေယျတကပ်မှာ အန္တရကပ်ပေါင်း အဘယ်မျှရှိပါသနည်း။

ဖြေ။ အန္တရကပ်ပေါင်းခြောက်ဆယ်လေးကပ် ရှိပါသည်။

မေး။ အန္တရကပ်တကယ် ကာလ အဘယ်မျှကြာပါသနည်း။

ဖြေ။ သတ္ထန္တရကပ် ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ် တည်းဟူသော သုံးပါးသောကပ်တို့တွင်တပါးပါးဖြင့် သတ္တဝါတို့သည်ပျက်စီးခြင်းသို့ရောက်ရသည့်ကိုသော်ကြွင်းသောသတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကုသိုလ်ကံ၏ အာနုဘော်ကြောင့် အသက်နှစ်ဆယ် နေရသည်မှစ၍ အသက် အသင်္ချေအတိုင်း အရှည် ရှိသော သတ္တဝါတို့သည် တဘန် မသူတော်တို့၏ အကျင့်ဟုဆိုအပ်သော အဓမ္မကို သောက်တည်သဖြင့် အစဉ် အတိုင်း ယုတ်၍ အသက် နှစ်ဆယ်ရှိသော ကာလသို့ ရောက်လျှင် ကပ်သုံးပါးတို့တွင် တပါးပါးဖြင့် ပျက်စီးခြင်းသို့ သတ္တဝါ တို့သည် ရောက်ကြ

ကုန်၏။ ဤမျှလောက်သော ကာလသည် တခု
သောအန္တရကပ်မည်၏။ ဤမျှကြာပါသည်။

မေး။ ကပ္ပါပျက်သောအခါအဘယ်သို့ပျက်ပါသနည်း။

ဖြေ။ ခုနစ်ကြိမ် ခုနစ်ကြိမ်မီးဖြင့် ဖျက်၏။ ရှစ်ကြိမ်
ရှစ်ကြိမ်မြောက်၌ ရေတကြိမ်ဖျက်၏။ အကြွင်
အခါ၌ ခြောက်ဆယ်လေးကြိမ်စေ့၏။ ထိုအခါ
လေတကြိမ်ဖျက်၏။ ဤသို့ကပ္ပါကြီးစကြာဝဠာ
ကုဋေတသိန်းပျက်ပါသည်။

မေး။ မီးဖြင့် ဖျက်သောအခါ အဘယ်ဘုံတိုင်အောင်
ပျက်ပါသနည်း။

ဖြေ။ ပထမဈာန် သုံးဘုံတိုင်အောင်ပျက်ပါသည်။

မေး။ ရေဖြင့် ဖျက်သောအခါ အဘယ်ဘုံတိုင်အောင်
ပျက်ပါသနည်း။

ဖြေ။ ဒုတိယဈာန်သုံးဘုံတိုင်အောင်ပျက်ပါသည်။

မေး။ လေဖြင့်ဖျက်သောအခါ အဘယ်ဘုံတိုင်အောင်
ပျက်ပါသနည်း။

ဖြေ။ တတိယဈာန်သုံးဘုံတိုင်အောင် ပျက်ပါသည်။

## (ကမ္ဘာစတုက္ကကို ပြခြင်း။)

မေး။ ကမ္ဘာစတုက္က၌၊ ကံသည်ကိစ္စ၏၊ အစွမ်းအားဖြင့်
အဘယ်မျှရှိပါသနည်း။

ဖြေ။ ဇနကကံ ဥပထမ္ဘကကံ ဥပပီဠကကံ ဥပဃာ
တကကံဟု လေးပါးရှိပါသည်။

မေး။ အဘယ်ကံကို ဇနကကံဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက် ကဋတ္တာ ရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ဇနကကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို ဥပထမ္ဘကကံဟု ခေါ်ပါသနည်း။

ဖြေ။ မိမိသည် အကျိုးကို ဖြစ်စေခြင်းငှါ မစွမ်း နိုင်သော်လည်း၊ ကံတပါး၏ ရှည်မြင့် စွာသော ကာလပတ်လုံး အကျိုးကိုဖြစ်စေရာ၌ အကြောင်း ဖြစ်သော ထောက်ပံ့တတ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ဥပထမ္ဘကကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို ဥပပီဠကကံဟု ခေါ်ပါသနည်း။

ဖြေ။ တပါးသောကံသည်၊ ပေးအပ်သော ပဋိသန္ဓေ သည် အကျိုးကိုဖြစ်စေရာ၌-ဖြစ်သော ချမ်းသာ ဆင်းရဲကို မြင့်ရှည်စွာသော ကာလပတ်လုံး-အ အကျိုးမပေးနိုင်လေအောင် ကပ်၍နှိပ်စက်တတ် သော-ကုသိုလ်အကုသိုလ်ကံကို ဥပပီဠကကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို ဥပဃာတကကံဟု ခေါ်ပါသနည်း။

ဖြေ။ အားနည်းသောကံ၏အကျိုးကို ကပ်၍သတ်ဖြတ် ပြီးလျှင်၊ မိမိအကျိုးကို ပေးခြင်းငှါစွမ်းနိုင်သော

ကုသိုလ် အကုသိုလ်ကံကို -ဥပဃာတက ကံဟု ခေါ်ပါသည်။

မေး။ ဇနကကံ - ဥပဃာတကကံ နှစ်ပါး တို့သည်၊ အဘယ်သို့ အကျိုးပေးထူးကြပါသနည်း။

ဖြေ။ ဇနကကံသည် တပါးသောကံ၏အကျိုးကို မဖြတ်ဘဲ၊ မိမိအကျိုးကိုသာ ပေးပါသည်။ ဥပဃာတကကံသည် တပါးသော ကံ၏အကျိုးကို သတ်ဖြတ်၍၊ မိမိအကျိုးကို ပေးပါသည်။ ဤသို့ ကံနှစ်ပါးတို့ အကျိုးပေးပုံ ထူးကြပါသည်။

မေး။ အကျိုးပေးသောအစဉ်ဖြင့် ကံသည် အဘယ်မျှ ပြားပါသေးအနည်း။

ဖြေ။ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံဟု လေးပါးပြားပါသေးသည်။

မေး။ အဘယ်ကံကို ဂရုကံဟု ခေါ်ပါသနည်း။

ဖြေ။ ပဉ္စာနန္တရိယကကံ၊ သံဃဘေဒကကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံ၊ မဟဂ္ဂုတ်ကုသိုလ်ကံတို့ကို ဂရုကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို အာသန္နကံဟု ခေါ်ပါသနည်း။

ဖြေ။ သေခါနီးကာလ၌ ပြုအပ်-အောက်မေ့အပ်သော ကုသိုလ် အကုသိုလ်ကံကို အာသန္နကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို အာစိဏ္ဏကံဟု ခေါ်ပါသနည်း။
ဖြေ။ နေ့စဉ်မပြတ် ပြုလုပ်အပ်သော ကုသိုလ် အကုသိုလ်ကံကို အာစိဏ္ဏကံဟု ခေါ်ပါသည်။
မေး။ အဘယ်ကံကို ကဋတ္တာကံဟုခေါ်ပါသနည်း။
ဖြေ။ ရှေ့ကံ သုံးပါးမှ လွတ်သော အဘန်တလဲလဲ ရအပ်သော အာသေဝနပစ္စည်းမရှိသော ပြုကာမျှသာဖြစ်သော ကုသိုလ်အကုသိုလ်ကံကို ကဋတ္တာကံဟု ခေါ်ပါသည်။
မေး။ အကျိုးပေးရာကာလ၏အစွမ်းအားဖြင့် ကံသည် အဘယ်မျှပြားပါသနည်း။
ဖြေ။ ဒိဋ္ဌဓမ္မဝေဒနီယကံ-ဥပပဇ္ဇဝေဒနီယကံ၊အပရာပရိယ ဝေဒနီယကံ - အဟောသိကံ အားဖြင့် လေးပါး ပြားပါသေးသည်။
မေး။ အဘယ်ဇော စေတနာကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်ပါသနည်း။
ဖြေ။ မျက်မှောက်ဖြစ်သော ပဋိသန္ဓေ အတ္တဘော၌ အကျိုးပေးသော ကုသိုလ် - အကုသိုလ် ဖြစ်သော ပထမဇောစေတနာကို ဒိဋ္ဌဓမ္မ ဝေဒနီယ ကံဟု ခေါ်ပါသည်။
မေး။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဖြစ်မှားလွန်ကြူးလျှင်၊ ယခုပစ္စုပ္ပန်ဘဝ၌၊ အကုသိုလ် ပထမဇော စေတနာ အကျိုးပေးပါသနည်း။

ဖြေ။ ဘုရားအလောင်း စသော သူတော်ကောင်းတို့ကိုရင်း၊ မိဘဆရာတို့ကိုရင်း၊ သီလဝန္တပုထုဇ္ဇန်ရဟန်း သံဃာ တို့ကိုရင်း၊ ဘုရားပစ္စေက ဗုဒ္ဓါရဟန္တာစသော အရိယာပုဂ္ဂိုလ်တို့ကိုရင်း၊ ပြစ်မှား လွန်ကြူးခဲ့လျှင်၊ ယခု ပစ္စုပ္ပန် ဘဝ-ခုနှစ်အတွင်းမှာ အကုသိုလ်ဖြစ်သော ပရိပါကပထမဇောစေတနာ အကျိုးပေးပါသည်။

မေး။ အဘယ် အင်္ဂါတို့နှင့် ညီညွတ်လျှင် ကုသိုလ်ပထမဇော စေတနာသည်-ယခု ပစ္စုပ္ပန်ဘဝ၌၊ အကျိုးပေးပါသနည်း။

ဖြေ။ တရားသဖြင့် ရအပ်သော-အလှူဝတ္ထု ဖြစ်ခြင်း၊ ရတနာသုံးပါး၌၊ သက်ဝင်ယုံကြည်သော သဒ္ဓါစေတနာနှင့် ပြည့်စုံခြင်း၊ အာသဝေါ ကင်းပြီးသော ဘုရားရဟန္တာဖြစ်ခြင်း၊ နိရောဓ သမာပတ်မှထသော ပုဂ္ဂိုလ်ဖြစ်ခြင်း-ဤအင်္ဂါလေးပါးနှင့်ပြည့်စုံညီညွတ်၍၊ လှူဒါန်းအပ်သော ကုသိုလ်စေတနာသည်၊ ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ခုနစ်ရက်အတွင်းမှာပင် အကျိုး ပေးပါသည်။

မေး။ အဘယ်ကံကို ဥပပဇ္ဇ ဝေဒနီယကံဟု ခေါ်ပါသနည်း။

ဖြေ။ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌၊ ပဋိသန္ဓေ အကျိုးကိုပေးသော ကုသိုလ် အကုသိုလ်ဖြစ်သော

သတ္တမဇော စေတနာကို ဥပပဇ္ဇဝေဒနီယကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို အပရာပရိယဝေဒနီယကံဟုခေါ် ပါသနည်း။

ဖြေ။ တတိယ ဘဝကစ၍၊ နိဗ္ဗာန်ရသည် ဘဝတိုင်အောင် အခွင့် ရတိုင်း အကျိုးကို ပေးသော ကုသိုလ်အကုသိုလ်ဖြစ်သော အလယ်ဇော ငါးချက် စေတနာကို အပရာပရိယ ဝေဒနီယ ကံဟု ခေါ်ပါသည်။

မေး။ အဘယ်ကံကို အဟောသိကံဟု ခေါ်ပါသနည်း။

ဖြေ။ မိမိတို့၏ အကျိုးပေးရာကာလကိုလွန်သော ရှေ့ကံနှစ်ပါး အပေါင်းကိုရင်း။ သံသရာ၌ ဖြစ်ခြင်းပြတ်သည်ဖြစ်၍၊ အကျိုးမပေးသောသုံးခုမြောက်ကံကိုရင်း။ အဟောသိကံဟု ခေါ်ပါသည်။

မေး။ အကျိုးပေးရာ ဌာန၏ အစွမ်းအားဖြင့် ကံသည် အဘယ်မျှ ပြားပါသေးသနည်း။

ဖြေ။ အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပာဝစရ ကုသိုလ်ကံ၊ အရူပါဝစရ ကုသိုလ်ကံ အားဖြင့် လေးပါး ပြားပါသေးသည်။

မေး။ အကုသိုလ်ကံသည်၊ ကံဒွါရ၏ အစွမ်းအား ဖြင့် အဘယ်မျှပြားပါသနည်း။

ဖြေ။ ကာယကံ-ဝစီကံ-မနောကံ အားဖြင့် သုံးပါး ပြားပါသည်။

မေး။ ကာယာကာကား၊ အဘယ်မျှပြားပါသနည်း။
ဖြေ၊ ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသု မိစ္ဆာစာရကံအားဖြင့် သုံးပါးပြားပါသည်။
မေး၊ ထိုသုံးပါးသောကံတို့ကို အဘယ့်ကြောင့် ကာယကံ ဟုခေါ်ပါသနည်း။
ဖြေ။ ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ များစွာဖြစ်သောကြောင့် ကာယကံဟု ခေါ်ပါသည်။
မေး။ ဝစီကံသည်၊ အဘယ်မျှအပြားရှိပါသနည်း။
ဖြေ၊ မုသာဝါဒကံ ပိသုဏာဝါစာကံ- ဖရုသဝါစာကံ သမ္ဖပ္ပလာပကံအားဖြင့် လေးပါး ပြားပါသည်။
မေး။ ထိုလေးပါးသောကံတို့ကို အဘယ့်ကြောင့် ဝစီကံ ဟုခေါ်ပါသနည်း။
ဖြေ။ ဝစီဝိညတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ များစွာ ဖြစ်သောကြောင့် ဝစီကံဟု ခေါ်ပါသည်။
မေး၊ မနောကံသည်၊ အဘယ်မျှ အပြားရှိပါသနည်း။
ဖြေ။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အားဖြင့် သုံးပါး အပြားရှိပါသည်။
မေး၊ ထိုသုံးပါးသောတို့ကို အဘယ့်ကြောင့် မနောကံဟု ခေါ်ပါသနည်း။
ဖြေ။ ကာယဝိညတ်၊ ဝစီဝိညတ်ကိုကြဉ်၍၊ မနောဒွါရ၌များစွာဖြစ်သောကြောင့် မနောကံဟုခေါ်ပါ သည်၊

မေး။ ပါဏာတိပါတ-ဖရုသဝါစာ-ဗျာပါဒတို့သည်၊ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ဒေါသဟုဆိုအပ်သော-မူလတပါးကြောင့် ဖြစ်ပါသည်။

မေး။ ကာမေသုမိစ္ဆာစာရ-အဘိဇ္ဈာ - မိစ္ဆာဒိဋ္ဌိတို့သည်၊ အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ လောဘဟုဆိုအပ်သော-မူလတပါးကြောင့်ဖြစ်ပါသည်။

မေး။ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့သည်၊ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း။

ဖြေ။ လောဘ ဒေါသဟု ဆိုအပ်သော - မူလနှစ်ပါးကြောင့်ဖြစ်ပါသည်။

မေး။ အကုသိုလ်ကံသည်၊ စိတ္တုပ္ပါဒ်၏အစွမ်းဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် အကုသိုလ်ကံကား၊ တဆယ်နှစ်ပါးရှိပါသည်။

မေး။ ကာမာဝစရ ကုသိုလ်ကံသည်၊ ကံ ဒွါရ စသည် အစွမ်းဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့်သုံးပါး၊ ဒါန သီလ၊ ဘာဝနာအားဖြင့် သုံးပါးစီရှိပါသည်။

မေး။ ကာမာဝစရ ကုသိုလ်ကံသည်၊ စိတ္တုပ္ပါဒ်၏အစွမ်းဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝိဏ္ဏုပ္ပါဒ်၏အစွမ်းဖြင့် ကာမာဝစရ ကုသိုလ်ကံ ကား ရှစ်ပါးရှိပါသည်။

မေး။ ကာမာဝစရ ကုသိုလ် ကံသည်၊ ပုညကြိယာ ဝတ္ထုအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မအားဖြင့် ဆယ်ပါးရှိပါသည်။

မေး။ ဒါနဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ မိမိကိုယ်ပိုင် ပစ္စည်း ဝတ္ထုတို့ကို အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းကို ဒါနဟု ခေါ်ပါသည်။

မေး။ သီလဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ငါးပါးသီလ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ စတုပါရိသုဒ္ဓိသီလတို့ကို ကာယဒွါရ၊ ဝစီဒွါရတို့ဖြင့် မကျိုးမပေါက်ရအောင် စောင့်ရှောက် ထိန်းသိမ်းမှုကို သီလဟုခေါ်ပါသည်။

မေး။ ဘာဝနာဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို အဘန်တလဲလဲ အားထုတ်၍ ပွါးများမှုကို ဘာဝနာဟု ခေါ်ပါသည်။

မေး။ အပစာယနဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ရတနာသုံးပါး ဆရာ မိဘ မိမိထက် ကြီးသော

သူတို့အား ရှိသေကိုင်းညွှတ်ခြင်းကို အပစာယန
ဟု ခေါ်ပါသည်။

မေး။ ဝေယျာဝစ္စဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ရတနာသုံးပါး၊ဆရာ၊ မိဘစသော သူတို့၏အမှု
ကိစ္စတို့ကို အားထုတ်လို့ လုပ်ကျွေးရွက်ဆောင်ခြင်း
ကို ဝေယျာဝစ္စဟု ခေါ် ပါသည်။

မေး။ ပတ္တိဒါနဆိုတာ ဘာကို ခေါ်ပါသနည်း။

ဖြေ။ မိမိပြုအပ်သော ကုသိုလ်ကောင်းမှု၏အဘို့ကို သူ
တပါးတို့အား ပေးဝေခြင်းကို ပတ္တိဒါနဟု ခေါ်
ပါသည်။

မေး။ ပတ္တာနုမောဒနာဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ သူတပါးတို့ ပြုသော ကုသိုလ်ကောင်းမှု၏အဘို့
ကို အမျှပေးဝေသောအခါ ဝမ်းမြောက် ဝမ်း
သာ သာခုခေါ် ခြင်းကို ပတ္တာနုမောဒနာဟုခေါ်
ပါသည်။

မေး။ ဓမ္မဿဝနဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ဘုရားရှင်၏ အလိုတော်ကျ သံသရာဝဋ်ဆင်းရဲမှ
ထွက် မြောက် ကြောင်း ဖြစ် သော သူ တော်
ကောင်း တရားကို ကြားနာခြင်းကို ဓမ္မဿဝန
ဟု ခေါ်ပါသည်။

မေး။ ဓမ္မဒေသနာဆိုတာ ဘာကို ခေါ်ပါသနည်း။

ဖြေ။ ဘုရားရှင်၏ အလိုတော်ကျ သံသရာဝဋ်ဆင်းရဲ
မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်

သောသူတော်ကောင်းတို့၏တရားစကားတော်ကို လာဘ်စသည်ကို မငဲ့ဘဲဟောကြားမှုကို ဓမ္မဒေသနာဟု ခေါ်ပါသည်။

မေး။ ဒိဋ္ဌိဇုကမ္မဆိုတာ ဘာကိုခေါ်ပါသနည်း။

ဖြေ။ ပေးကမ်းခြင်း၊ သူ့ဒါန်းပူဇော်ခြင်းသည်ကောင်းသော အကျိုးရှိ၏ဟု အယူကို ဖြောင့်မှန်စွာ ယူခြင်းကို ဒိဋ္ဌိဇုကမ္မဟု ခေါ်ပါသည်။

မေး။ ပုညကြိယာဝတ္ထုဆယ်ပါးကို သဘောတူရာကို ပေါင်းလျှင် အဘယ်မျှရှိသနည်း။

ဖြေ။ ဒါနနှင့်ပတ္တိဒါန၊ ပတ္တာနုမောဒနာတို့သည်၊ ဣဿာမစ္ဆရိယတို့၏ ဆန့်ကျင်ဘက် ဖြစ်ခြင်းတူသောကြောင့် ဒါနမယပုညကြိယာဝတ္ထု၌ သွင်း၍ယူရ၏၊ သီလနှင့် အပစာယန-ဝေယျာဝစ္စတို့သည်၊ စာရိတ္တသီလအဖြစ်ဖြင့်တူသောကြောင့်၊ သီလမယပုညကြိယာဝတ္ထု၌ သွင်း၍ယူရ၏။ ဘာဝနာနှင့်ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့သည် ကုသိုလ်ဓမ္မပွားကြောင်းဖြစ်သောကြောင့်၊ ဘာဝနာမယ ပုညကြိယာ ဝတ္ထု၌ သွင်း၍ ယူရ၏။ ဤသို့သဘောတူရာကို ပေါင်းလျှင် သုံးပါးသာ ရှိပါသည်။

မေး။ မဟဂ္ဂုတ် ကုသိုလ်ကံ ကိုးခုသည်၊ အဘယ်ကံဖြစ်ပါသနည်း။

ဖြေ။ ဝိညတ်ကိုမဖြစ်စေတတ်ရကား၊ ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်ခြင်းမရှိသောကြောင့် မနောဘာသာ ဖြစ်ပါသည်။

မေး။ မဟာဂ္ဂုတ် ကုသိုလ်ကံကိုးခုသည်၊ အဘယ်မယ ဖြစ်ပါသနည်း။

ဖြေ။ ဒါနမယ၊ သီလမယ၏ အစွမ်းဖြင့် မဖြစ်ရကား၊ ဘာဝနာမယသာဖြစ်ပါသည်။

မေး။ မဟာဂ္ဂုတ်ကုသိုလ်ကံကိုးခုသည်၊ အဘယ် အပ္ပနာသို့ ရောက်ပါသနည်း။

ဖြေ။ ပရိကမ္မဘာဝနာ၊ ဥပစာရ ဘာဝနာကို လွန်၍ မဟာဂ္ဂုတ်အပ္ပနာဘာဝနာသို့ ရောက်ပါသည်။

မေး။ ရူပါဝစရ ကုသိုလ်ကံသည်၊ အဘယ်မျှ အရေ အတွက်ရှိပါသနည်း။

ဖြေ။ ပထမဈာန် အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ် သောအားဖြင့် ငါးပါးရှိပါသည်။

မေး။ အရူပါဝစရကုသိုလ်ကံသည်၊ အဘယ်မျှ အရေ အတွက် ရှိပါသနည်း။

ဖြေ။ ကောင်းကင် အာရုံ အစ ရှိသော အာရုံ တို့၏ အပြားအားဖြင့် လေးပါးရှိပါသည်။

မေး။ အကုသိုလ်ကံသည်၊ အဘယ်ဘုံ၌အဘယ်စိတ်ကို ဖြစ်စေပါသနည်း။

ဖြေ။ ဥဒ္ဓစ္စစေတနာသည် ကြဉ်အပ်သော တဆဲ့တပါး သောအကုသိုလ်ကံသည်၊ အပါယ်ဘုံ၌ ပဋိသန္ဓေ

အခါ၊ အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ကိုဖြစ်စေ၍၊ ပဝတ္တိအခါ၌ တဆဲ့နှစ်ပါးသော အကုသိုလ်ကံသည်၊ ကာမဘုံ၊ ရူပဘုံတို့၌ ယထာရဟ-အဟိတ်အကုသလဝိပါက်စိတ်၊ ခုနစ်ပါးကို ဖြစ်စေပါသည်။

မေး။ ပဋိသန္ဓေအခါ၌၊ ဥဒ္ဓစ္စစေတနာကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘော မရှိသောကြောင့် ကြဉ်ပါသည်။

မေး။ ပဋိသန္ဓေ အကျိုးကို အဘယ့်ကြောင့် ပေးခြင်းသဘောမရှိပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်သည်၊ မပယ်အပ်သည်အဖြစ်ကြောင့် အကျိုးပေးခြင်းမရှိပါ။

မေး။ ကာမာဝစရ ကုသိုလ်ကံသည်၊ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ အဘယ်စိတ်ကို ဖြစ်ပါသနည်း။

ဖြေ။ ကာမသုဂတိဘုံ၌၊ ပဋိသန္ဓေကိုဖြစ်စေ၍၊ ပဝတ္တိအခါ၌၊ ကာမသုဂတိဘုံ၌ မဟာဝိပါက်စိတ်ရှစ်ပါးကိုဖြစ်စေ၍၊ အဟိတ်ကုသလဝိပါက်စိတ်ကိုကား - အလုံးစုံသောကာမဘုံ - ရူပဘုံတို့၌၊ ယထာရဟ ဖြစ်စေပါသည်။

မေး။ လေးပါးသော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည်၊ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၌တို့ အဘယ်စိတ်ကို ဖြစ်စေပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ၌၊ တိဟိတ်ပဋိသန္ဓေစိတ်လေးပါးကိုဖြစ်စေ၍၊ ပဝတ္တိအခါ၌ တဆဲ့ခြောက်ပါးသောဝိပါက်စိတ်တို့ကို ဖြစ်စေပါသည်။

မေး။ တိဟိတ်ဩမကာ၊ ဒွိဟိတ်ဥက္ကဋ္ဌ ကံသည်၊ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌၊ အဘယ်စိတ်ကိုဖြစ်စေသနည်း။

ဖြေ။ ပဋိသန္ဓေအခါ၌၊ ဒွိဟိတ်ပဋိသန္ဓေကိုဖြစ်စေ၍၊ ပဝတ္တိအခါ၌၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးပါးအားဖြင့် တဆဲ့နှစ်ပါးသော ဝိပါက်စိတ်တို့ကို ဖြစ်စေပါသည်။

မေး။ ဒွိဟိတ်ဩမက ကံသည်၊ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ အဘယ်စိတ်ကို ဖြစ်စေပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ၌၊ သုဂတိ ပဋိသန္ဓေစိတ်ကို ဖြစ်စေ၍၊ ပဝတ္တိအခါ၌၊ ရှစ်ပါးသော အဟိတ်ကုသလဝိပါက်စိတ်ကို ဖြစ်စေပါသည်။

## ကေစိဝါးကိုပြခြင်း။

မေး။ ကေစိဆရာတို့ကား၊ ဝိပါက်စိတ်ကိုဖြစ်စေရာ၌၊ ဘယ်လိုပြောသေးသနည်း။

ဖြေ။ အသင်္ခါရိက ကုသိုလ် ကံသည်၊ သသင်္ခါရိက ဝိပါက်စိတ်ကိုမဖြစ်နိုင်ဟုဆိုသဖြင့်တဆဲ့ခြောက်ပါးသောဝိပါက်စိတ်တို့တွင် သသင်္ခါရိကဝိပါက်စိတ်လေးပါးကိုကြဉ်၍၊ သသင်္ခါရိက ကုသိုလ်ကံ

သည်၊ အသင်္ခါရိက ဝိပါက်စိတ်ကို မဖြစ်နိုင်ဟု ဆိုသဖြင့် အသင်္ခါရိက ဝိပါက်စိတ် လေးပါးကို ကြဉ်၍၊ တသဲ့နှစ်ပါးသော ဝိပါက်စိတ်ကိုသာ ဖြစ်စေသည်ဟု ဆိုပါသည်။ ဒွိဟိတ်ဥက္ကဋ္ဌကံ အကျိုးပေးသော တသဲ့နှစ်ပါးသော ဝိပါက်စိတ် တို့တွင်လည်း၊ အသင်္ခါရိကကံဖြစ်အံ့၊ သသင်္ခါ ရိက ဝိပါက်ကိုကြဉ်၍၊ သသင်္ခါရိက ကံဖြစ်အံ့။ အသင်္ခါရိက ဝိပါက်ကိုကြဉ်၍ ဆယ်ပါးသော ဝိပါက်စိတ်ကိုသာ ဖြစ်ပါသည်ဟု ကေစိဆရာ တို့က ပြောကြပါသည်။

မဟဂ္ဂုတ်ကုသိုလ်ကံကိုပြခြင်း။

မေး။ ရူပါဝစရပထမဈာန်ကို နည်းသောအာနုဘော် ရှိအောင်ပွားလျှင်၊ အဘယ်ဘုံမှာဖြစ်သနည်း။

ဖြေ။ ဗြဟ္မပါရိသဇ္ဇာဘုံမှာဖြစ်ပါသည်၊ အလတ် အာ နုဘော်ရှိအောင် ပွားလျှင် ဗြဟ္မပုရောဟိတာဘုံ မှာဖြစ်ပါသည်၊ မြတ်သော အာနုဘော်ရှိအောင် ပွားလျှင် မဟာဗြဟ္မာဘုံမှာဖြစ်ပါသည်။

မေး။ ဒုတိယဈာန်၊ တတိယဈာန်ကို ပရိတ္တ - မဇ္ဈိမ ပဏီတဖြစ်အောင်ပွားလျှင်၊ အဘယ်ဘုံမှာ ဖြစ် ပါသနည်း။

ဖြေ။ ဒုတိယဈာန်သုံးဘုံမှာအစဉ်အတိုင်းဖြစ်ပါသည်။

မေး။ စတုတ္ထဈာန်ကိုပရိတ္တစသည်ဖြစ်အောင်ပွါးလျှင် အဘယ်ဘုံမှာ ဖြစ်သနည်း။

ဖြေ။ တတိယဘျာန် သုံးဘုံမှာ အစဉ် အတိုင်း ဖြစ်ပါသည်။

မေး။ အဘိညာဉ်၏ အဖြစ်သို့ မရောက်သော ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတအားဖြင့် သုံးပါးသောပဉ္စမဈာန်ကိုပွားလျှင်၊ အဘယ်ဘုံမှာဖြစ်ပါသနည်း။

ဖြေ။ ဝေဟပ္ဖိုလ်ဘုံမှာဖြစ်ပါသည်၊ ထိုပဉ္စမဈာန်ကိုပင် သညာကင်းအောင်ပွားလျှင်၊ အသညသတ်ဘုံမှာဖြစ်ပါသည်။ အနာဂါမ်ဖြစ်သောအရိယာ ပုဂ္ဂိုလ်သည်၊ ပုထုဇ္ဇန်ဖြစ်သောအခါ၌ပင်။အနာဂါမ် တည်ပြီးသော နောက်၌၊ သုံးပါး အပြား ရှိသော ပဉ္စမဈာန်ပွား၍ သဒ္ဓါအစ ရှိသော ဣန္ဒြေ ရင့်ကျက်သော အစဉ်ဖြင့် သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်းဖြစ်ပါသည်။

မေး။ မိန်းမတို့သည်၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံလျှင် အဘယ်ဘုံမှာ ဖြစ်ရပါသနည်း။

ဖြေ။ မိန်းမတို့သည် ပုထုဇ္ဇန်ဖြစ်စေ၊ အရိယဖြစ်စေ၊ သမာပတ် ရှစ်ပါးကို ရသော်လည်း ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ ဖြစ်ကြရပါသည်။

မေး။ ဗြဟ္မာဘုံမှာ မိန်းမဗြဟ္မာ၊ ယောကျ်ားဗြဟ္မာဟု ရှိပါသေးသနည်း။

ဖြေ။ ဗြဟ္မာဘုံမှာ မိန်းမဗြဟ္မာ၊ ယောကျ်ားဗြဟ္မာဟု မရှိတော့ပါ။

**ခမေး။** ယောက်ျား မိန်းမ မဂ္ဂိုလျှင် အဘယ်သဏ္ဍာန် အားဖြင့် ဖြစ်ကြပါသနည်း။

**ခဖြေ။** ပြဟ္မာတို့သည် ရူပသဏ္ဍာန်အားဖြင့်ယောက်ျား သဏ္ဍာန်ဖြစ်ကြပါသည်။

**ခမေး။** အရူပါဝစရကုသိုလ်ကို အစဉ်အတိုင်းပွားလျှ အဘယ်ဘုံမှာ ဖြစ်ပါသနည်း။

**ခဖြေ။** အရူပလေးဘုံတို့၌၊ အစဉ် အတိုင်း ဖြစ်ကြပါ သည်။

**ခမေး။** မဟဂ္ဂုတ်ကုသိုလ်ကံသည်၊ မဟာကုသိုလ်ကဲ့သို့ မိမိနှင့်မတူသောအကျိုးကို ပေးပါသလော။

**ခဖြေ။** ဘုံကို မှတ်သည် အားလျော်စွာ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၌၊ မိမိနှင့် တူသော အကျိုးကိုသာ ပေးပါသည်။

## ဝေဘ်ပဋိသန္ဓေကိုပြခြင်း။

**ခမေး။** သေခြင်းတရားကား၊ အဘယ်မျှ အရေအတွက် ရှိပါသနည်း။

**ခဖြေ။** အာယုက္ခယမရဏ၊ ကမ္မက္ခယမရဏ၊ ဥဘယက္ခ ယမရဏ၊ ဥပစ္ဆေဒကကမ္မမရဏအားဖြင့် သေ ခြင်းတရား လေးပါးရှိပါသည်။

**ခမေး။** အဘယ်ကဲ့သို့ သေခြင်းကိုအာယုက္ခယ မရဏဟု ခေါ်ပါသနည်း။

**ခဖြေ။** မီးတောက်နှင့် တူသော သတ္တဝါသည်၊ ဆီနှင့်တူ

သော ကံရှိသေးသော်လည်း မီးစာနှင့် တူသော အသက်ကုန်ခြင်းကြောင့် သေခြင်းကို အာယုက္ခယမရဏဟု ခေါ်ပါသည်။

မေး။ အဘယ်ကဲ့သို့ သေခြင်းကို ကမ္မက္ခယ မရဏဟု ခေါ်ပါသနည်း။

ဖြေ။ မီးစာနှင့် တူသော အသက်ရှိသေး သော်လည်း ဆီနှင့်တူသော ကံကုန်ခြင်းကြောင့် သေခြင်းကို ကမ္မက္ခယမရဏဟု ခေါ်ပါသည်။

မေး။ အဘယ်ကဲ့သို့သေခြင်းကို ဥဘယက္ခယမရဏဟု ခေါ်ပါသနည်း။

ဖြေ။ မီးစာနှင့်တူသောအသက်၊ ဆီနှင့်တူသော ကံနှစ်ပါးကုန်ခြင်းကြောင့် သေခြင်းကို ဥဘယက္ခယ မရဏဟု ခေါ်ပါသည်။

မေး။ အဘယ်ကဲ့သို့သေခြင်းကို ဥပစ္ဆေဒက ကမ္မမရဏဟု ခေါ်ပါသနည်း။

ဖြေ။ မီးစာနှင့်တူသောအသက်၊ ဆီနှင့်တူသော ထံနှစ်ပါးပင်ရှိသော်လည်း လေရေစသည်နှင့်တူသော ဥပစ္ဆေဒကကံဖြတ်၍ သေခြင်းကို ဥပစ္ဆေဒက မရဏဟု ခေါ်ပါသည်။

မေး။ ဥပစ္ဆေဒကမရဏသည် အဘယ်သူတို့အားမရှိပါသနည်း။

ဖြေ။ ငရဲသူ၊ မြောက်ကျွန်းသူ၊ ဘုမ္မစိုးနတ်မှ တပါးသောနတ်တို့၌မရှိပါ။

မေး။ ထိုလေးပါးတို့တွင် တပါးပါးဖြင့်သေကုန်သော သတ္တဝါတို့သည်၊ အဘယ် ဂတိသို့ လာကြကုန်သနည်း။

ဖြေ။ အာသဝေါမကင်းကြကုန်သော သတ္တဝါတို့သည် သေသောအခါ ဒေဝဂတိ၊ မနုဿဂတိ၊ ပေတဂတိ၊ နိရယဂတိ၊ တိရစ္ဆာနဂတိအားဖြင့် ငါးပါးသောဂတိတို့တွင် တပါးပါးသောဂတိသို့ လာကြပါသည်။

မေး။ သေခါနီးကာလ၌ ထင်သောအာရုံကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်အာရုံကို ကံနိမိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေ တတ်သော ကုသိုလ်အကုသိုလ်ဟုဆိုအပ်သောအဘိတ်စေ့ဓာ ရုံကို ကံနိမိတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ကမ္မနိမိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကုသိုလ်-အကုသိုလ်ကံကို ပြုရာ ပြုကြောင်း ဖြစ်သောကာလ၌ရှေ့အဘို့၌ရအပ်သောအဆောက် အဦးဖြစ်သော တုတ်-လှံကန်-ဓါး-လှံ လေးမြှား ကျောင်း-ဘုရား-စေတီ-ဆွမ်း-သင်္ကန်း - ထီး- တံခွန်ပန်းမာလ်အစရှိသော အတိတ်ပစ္စုပ္ပန်ဖြစ်

သောအာရုံခြောက်ပါးကို ကမ္မနိမိတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ဂတိနိမိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ အခြားမဲ့ ဖြစ်လတ္တံ့သောဘဝ၌၊ ရအပ်၊ ခံစားအပ်သော အမိဝမ်းရေ-ငရဲအိုး-ငရဲထိန်း ငှက်လျှံ ခွေးနက်ကြီး-နတ်သွိုး-ဗိမာန်-ပဒေသာပင် အစရှိသော ပစ္စုပ္ပန်ဖြစ်သောရူပါရုံကို ဂတိနိမိတ်ဟု ခေါ်ပါသည်။

မေး။ ထိုလေးပါးသော အကြောင်းကြောင့် သေကုန်သောသတ္တဝါတို့အား သေခါနီးကာလ အဘယ်အာရုံကို အာရုံပြု၍ ရှေးရှုထင်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ။ သေခါနီးကာလ၌၊ ခြောက်ပါးသောဒွါရတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ဒွါရ၌ ကံ- ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသောနိမိတ်သည်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏အစွမ်းကြောင့် ရှေးရှုထင်ပါသည်။

မေး။ ထိုသို့ရှေးရှုထင်ပြီးနောက် စိတ်အစဉ်သည် အဘယ်သို့ ဖြစ်ပါသနည်း။

ဖြေ။ ထိုသို့အဘန်တလဲလဲ ရှေးရှုသည်ဖြစ်၍ထင်သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟုဆိုအပ်သော အာရုံကိုပင်အာရုံပြု၍ပဋိသန္ဓေကိုဖြစ်စေတတ်သောကံအားလျော်စွာ ရအပ်ခံစားအပ်သော ဘဝ

သံစိ၌ ညွှတ်သကဲ့သို့ စိတ်အစဉ်သည် များသော အားဖြင့် ဖြစ်ပါသည်။

မေး။ ပဋိသန္ဓေကို ဖြစ်စေတတ်သော အတိတ် ဖြစ်သောကံသည်၊ အဘယ်သို့ပြု၍ ဒွါရနှိုထင်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ။ အတိုင်ဖြစ်သောကံသည်၊ ငါမိကိုယ်ကို အသစ်ပြုသည့်အစွမ်းအားဖြင့် မနောဒွါရ၌ထင်ခြင်းသို့ ရောက်ပါသည်။

မေး။ အလွန်နည်းသောသေခြင်းရှိသောသတ္တဝါအား အဘယ်ဝိထိစိတ်၏ အဆုံး၌ အဘယ်စိတ်သည် ဖြစ်၍ချုပ်ပါသနည်း။

ဖြေ။ ဇောအဆုံး-တဒါရုံအဆုံးရှိသော ဝိထိစိတ်တို့၏ အဆုံး၌ရင်း၊ ဘဝင်၏အဆုံး၌ရင်း၊ စုတေသည် အစွမ်းအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်သည် ဖြစ်၍ချုပ်ပါသည်။

မေး။ စုတိစိတ်ချုပ်ပြီးသည်နောက်အဘယ်စိတ်ဖြစ်၍ တည်ပါသနည်း။

ဖြေ။ စုတိစိတ်၏အခြားမဲ့၌ မရဏာသန္နဇောသည်ယူအပ်သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍၊ ပဋိသန္ဓေစိတ်သည်၊ ရှေ့နောက်ဖြစ်သော ဘဝထူးကို တစပ်တည်းစပ်သည်၏ အစွမ်းအားဖြင့် ဘဝသစ်၌ ဖြစ်၍ တည်ပါသည်။

မေး။ ဘယ်အကြောင်းကံသည် မဖြစ်စေသော ပဋိသန္ဓေစိတ်ပင်ဖြစ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် အကြောင်းရှိသော ကုသိုလ်ကံ - အကုသိုလ်ကံသည် ဖြစ်စေအပ်သော ပဋိသန္ဓေစိတ်ဖြစ်ပါသည်။

မေး။ ပဋိသန္ဓေစိတ်သည်၊ ဘဝသစ်၌ ဖြစ်သောအခါ၊ ဝတ္ထုရုပ်ကိုမမှီဘဲ၊ သမ္ပယုတ်တရားတို့နှင့်ကင်း၍ မိမိတပါးတည်းသာ ဖြစ်ပါသလော။

ဖြေ။ ပဋိသန္ဓေစိတ်သည်၊ ပဉ္စဝေါကာရဘုံ၌ဖြစ်လျှင် ဝတ္ထုရုပ်ကိုမှီ၍ရင်း၊ စတုဝေါကာရဘုံ၌ဖြစ်လျှင် ဝတ္ထုရုပ်ကိုမမှီမူ၍ရင်း၊ ဖဿအစရှိသော သမ္ပယုတ်တရားတို့နှင့် မရောမနှောင်း တပြိုင်နက် အတူတကွဖြစ်ပါသည်။

မေး။ အဘယ်တရားတို့၏အဖြစ်ဓာတ်သိမ်း၍ချုပ်ငြိမ်းသည်ကို သေသည်ဟု ခေါ်ပါသနည်း။

ဖြေ။ အသက်ဟုခေါ်ကြသော ဇီဝိတိန္ဒြေ၊ ကမ္မဇတေဇောဓာတ်၊ ဝိပါက်ဝိညာဏ်အားဖြင့် သုံးပါးသောတရားတို့၏ အဖြစ်ဓာတ်သိမ်း၍ ချုပ်ငြိမ်းသောသတ္တဝါကိုလောက၌သေသည်ဟု ခေါ်ကြပါသည်။

မေး။ သတ္တဝါတို့စုတေပြီးသည်နောက် လားရာဂတိသို့ မသွားရသေးဘဲ၊ သေသူ၏လိပ်ပြာသည်၊ မိမိ၏

ရုပ်အလောင်းကို ခုနစ်ရက်အတွင်း စောင့်နေရသေးသည်ဟူ၍ရင်း၊ မိမိကိုစိုးပိုင်သောသူတို့က အမိန့်တော်ပြန်တမ်းဖြင့် ခွင့်မပြုသေးလျှင် လားရာဘုံဘဝသို့ မသွားနိုင်သေးဟူ၍ရင်း၊ ပြောဆိုငြင်းလန်းနေကြသောအယူသည်၊ ကျမ်းဂန်နှင့် ညီညွတ်၍ အမှန်ပင်ဖြစ်ပါသလော။

**ဖြေ။** တဿာနန္တရမေဝါတိ ဣမိနာ - အန္တရာဘဝဝါဒိမတံ ပဋိက္ခိတ္တံ ဟု - ဋီကာကျော် မိန့်ချက်ကို ထောက်သဖြင့် သတ္တဝါတို့စုတေလျှင်၊ စုတိစိတ်ချုပ်ပြီးသည့်နောက် စိတ္တက္ခဏမျှ အခြားမရှိဘဲ၊ ပဋိသန္ဓေစိတ်ဖြစ်သောကြောင့် ဘဝခြားရှိသည်ဟု ယူသော အယူဝါဒသည်၊ ကျမ်းဂန်နှင့်မညီညွတ်သောကြောင့်မှား ယွင်းသောအယူသာဖြစ်ပါသည်။

**မေး။** သေခါနီးသော အခါ၌ မရဏာ သန္နဇောသည်၊ ဘယ်နှစ်ကြိမ်စောပါသနည်း။

**ဖြေ။** သေခါနီးကာလ၌၊ နုံ့သည်ဖြစ်၍ မရဏာသန္နဇော ငါးကြိမ်စောပါသည်။

**မေး။** ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံထင်ရှားရှိစဉ် စုတေသော သူတို့၏ ပဋိသန္ဓေ ဘဝင်စိတ်တို့သည်၊ အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ၊ ပစ္စုပ္ပန်အာရုံဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ်ကို အာရုံပြုပါသည်။

မေး။ ကာမပဋိသန္ဓေ တဆယ်ဘို့သည်၊ အဘယ်ဒွါရ ဖြင့်ယူအပ်သောအာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ခြောက်ဒွါရဖြင့်ယူအပ်သော ပစ္စုပ္ပန်၊ အတိတ် ဖြစ်သောကမ္မနိမိတ်အာရုံကိုဂင်း၊ မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ် အာ ရုံကိုဂင်း၊ မနောဒွါရဖြင့်ယူအပ်သော အတိတ် ဖြစ်သော ကံအာရုံကိုဂင်း၊ အာရုံပြုပါသည်။

မေး၊ ရူပပဋိသန္ဓေသည်၊ အဘယ်အာရုံကို အာရုံပြုပါ သနည်း။

ဖြေ၊ ပထဝီ ကသိုဏ်းအစရှိသော ပညတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

မေး။ အရူပပဋိသန္ဓေသည်၊ အဘယ်အာရုံကို အာရုံပြု ပါသနည်း။

ဖြေ။ ဒုတိယ - စတုတ္ထ - ပထမ -တတိယ-ပဋိသန္ဓေ အားလျော်စွာ မဟဂ္ဂုတ် ပညတ်ဖြစ်သော ကမ္မ နိမိတ်ကို ထိုက်သည်အားလျော်စွာ အာရုံပြုပါ သည်။

မေး။ ရုပ်သာရှိသောပုဂ္ဂိုလ်-နာမ်သာရှိသော ပုဂ္ဂိုလ် နာမ်ရုပ်နှစ်ပါးစုံရှိသော ပုဂ္ဂိုလ်တို့တွင် အသည္ သာ်စသော ပုဂ္ဂိုလ်ဘို့ကား၊ အဘယ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသနည်း။

ဖြေ။ အသညသတ်ပုဂ္ဂိုလ်ကား၊ ရုပ်သာရှိသောပုဂ္ဂိုလ်ဖြစ်ပါသည်။ (အရူပ ပုဂ္ဂိုလ်ကား၊ နာမ်သာရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ပဉ္စဝေါကာရပုဂ္ဂိုလ်ကား၊ နာမ်ရုပ် နှစ်ပါးစုံရှိသော ပုဂ္ဂိုလ်များဖြစ်ပါသည်။)

မေး။ အာကာသာနဉ္စာယတန စုတိစိတ်နောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ် ပဋိသန္ဓေစိတ်လေးပါး၊ အရူပပဋိသန္ဓေစိတ် လေးပါးအားဖြင့် ပဋိသန္ဓေစိတ်ပေါင်း ရှစ်ပါးနှောင်းပါသည်။

မေး။ ဝိညာဏဉ္စာယတန စုတိစိတ်နောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ်ပဋိသန္ဓေစိတ်လေးပါး၊ အာကာသာနဉ္စာယတန ဝိပါက်ကြဉ်သော အရူပ ပဋိသန္ဓေသုံးပါးအားဖြင့် ပဋိသန္ဓေစိတ်ပေါင်းခုနစ်ပါး နှောင်းပါသည်။

မေး။ အာကိဉ္စညာယတန စုတိစိတ်နောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှနှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ် ပဋိသန္ဓေစိတ်လေးပါး၊ အာကာသာနဉ္စာယတနဝိပါက်၊ ဝိညာဏဉ္စာယတနဝိပါက်ကြဉ်သော အရူပပဋိသန္ဓေစိတ် နှစ်ပါးအားဖြင့် ပဋိသန္ဓေစိတ်ပေါင်းခြောက်ပါးနှောင်းပါသည်။

မေး။ နေဝသညာနာသညာယတနစုတိစိတ်နောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ် ပဋိသန္ဓေစိတ်လေးပါး၊ နေဝသညာယတန ပဋိသန္ဓေစိတ် တပါးအားဖြင့် ပဋိသန္ဓေစိတ်ပေါင်းငါးပါးနှောင်းပါသည်။

မေး။ အောက်အောက်၌ဖြစ်သောအရူပပဋိသန္ဓေစိတ်ကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ အထက် အထက်၌ဖြစ်ကုန်သော အရူပဗြဟ္မာတို့သည်၊ အောက်အောက်၌ ဖြစ်ကုန်သော အရူပကုသိုလ် ကံတို့ကို အားမထုတ်သည် အဖြစ်ကြောင့် ကြဉ်ပါသည်။

မေး။ ရူပစုတိစိတ်ငါးပါးနောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ၊ ကာမဒွိဟိတ် တိဟိတ် ပဋိသန္ဓေစိတ် ရှစ်ပါး၊ မဟဂ္ဂုတ် ပဋိသန္ဓေစိတ် ကိုးပါးအားဖြင့် ပဋိသန္ဓေစိတ်ပေါင်းတဆဲ့ခုနစ်ပါး နှောင်းပါသည်။

မေး၊ ကာမတိဟိတ်စုတိလေးပါးနောင် ပဋိသန္ဓေစိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမပဋိသန္ဓေတဆယ်၊ မဟဂ္ဂုတ်ပဋိသန္ဓေကိုးပါး အားဖြင့် ပဋိသန္ဓေစိတ်ပေါင်းတခုယုတ် နှစ်ဆယ် နှောင်းပါသည်။

မေး၊ ကာမဒွိဟိတ် အဟိတ်စုတိ ခြောက်ခုနောင် ပဋိသန္ဓေစိတ် အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမပဋိသန္ဓေ တဆယ်သာ နှောင်းပါသည်။

မေး။ ယူအပ်ပြီးသောပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေစိတ်သည်ချုပ်သည်မှနောက်၌ အဘယ် အမည်မျိုးဖြင့် ဖြစ်ပါသေးသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်သည် ယူအပ်ပြီးသော အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်သည်တိုင်အောင် ဝီထိဖြစ်ခြင်းမှ လွတ်သော်၊ ဘဝ၏ အကြောင်း၏ အပြစ်တည်းဟူသော ကိစ္စဖြင့် ဘဝင်ဟူသော အမည်ဖြစ် စိတ်အစဉ်သည် မြစ်ရေအလျှင်ကဲ့သို့မပြတ် ဖြစ်ပါသည်။

မေး။ ပစ္စုပ္ပန်ဘဝ၏ အဆုံး၌ အဘယ်စိတ် ဖြစ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဘဝ၏အဆုံး၌ စုတိစိတ်ဖြစ်ပါသည်။

မေး။ စုတိစိတ်ချုပ်ပြီးသည်နောက် အဘယ်စိတ် ဖြစ်ပါသေးသနည်း။

ဖြေ။ ပဋိသန္ဓေအစရှိသောစိတ်တို့သည့် အစဉ်အတိုင်း ရထားလှည်းဘီး စက်ကဲ့သို့ မပြတ် လည်ကုန်၍ သာလျှင် ဖြစ်ကြပါသည်။

မေး။ အဘယ်တရားကို အားထုတ်လျှင် သံသရာစက် ပြတ်၍၊ နိဗ္ဗာန်သို့ ရောက်ပါသနည်း။

ဖြေ။ တိဟိတ် ပဋိသန္ဓေ ဉာဏ်ပညာနှင့် ပြည့်စုံကုန် သော ပုဂ္ဂိုလ်တို့သည် မြဲသောသဘောမရှိသော

ဝန့်တရားကို လဲ့ဍဲ့ကာယာဥ်သုံးပါးသို့ တင်၍ ဝိပဿနာ ဉာဏ်ပညာဖြင့် အဘန် တလဲလဲ ရှုဆင်ခြင်လတ်သော်၊ ကောင်းစွာမဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း၊နှောင်ဖွဲ့ခြင်း ရှိကုန်သည် ဖြစ်၍ စုတေခြင်းမရှိသော အသခ်တခေတ်မြတ်သော နိဗ္ဗာန်သို့ ရောက်ပါသည်။

ဝိထိချုတ်ပိုင်းပြီး၏။

## ရုပ်ပိုင်း။

ရူပသင်္ဂဟကိုပြခြင်း။

မေး။ ရူပသင်္ဂဟ၌ ဥဒ္ဒေသပေါင်းကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပသမုဒ္ဒေသ၊ ရူပဝိဘာဂ၊ ရူပသမုဋ္ဌာန၊ ရူပကလာပ၊ရူပပဝတ္တိက္ကမအားဖြင့် ဥဒ္ဒေသပေါင်း ငါးပါးရှိပါသည်။

မေး။ အဘယ် ဥဒ္ဒေသကို ရူပသမုဒ္ဒေသဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကိုအကျဉ်းပြသော ဥဒ္ဒေသကို ရူပသမုဒ္ဒေသဟု ခေါ်ပါသည်။

မေး။ အဘယ်ဥဒ္ဒေသကိုရူပဝိဘာဂဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကိုဝေဘန်၍ပြသော ဥဒ္ဒေသကို ရူပဝိဘာဂဟု ခေါ်ပါသည်။

မေး။ အဘယ် ဥဒ္ဒေသကို ရူပသမုဒ္ဒေသနယ ခေါ်ပါသနည်း။

ဖြေ။ စဉ့်အစရှိသော ရုပ်ကလာပ်တို့၏ အကြောင်းကို ပြသော ဥဒ္ဒေသကို ရူပသမုဒ္ဒေသနယ ခေါ်ပါသည်။

မေး။ အဘယ်ဥဒ္ဒေသကိုရူပကလာပနယခေါ်ပါသနည်း။

ဖြေ။ စဉ့်အစရှိသော ရုပ်ကလာပ်တို့၏ အပေါင်းအစည်းအားဖြင့်ပြသောဥဒ္ဒေသကို ရူပကလာပနယ ခေါ်ပါသည်။

မေး။ အဘယ် ဥဒ္ဒေသကို ရူပပဝတ္တိက္ကမနယ ခေါ်ပါသနည်း။

ဖြေ။ ဘဝကာလသတ္တဝါအပြားအားဖြင့် ရုပ်ကလာပ်တို့၏ဖြစ်စဉ်ကိုပြသောဥဒ္ဒေသကို ရူပပဝတ္တိက္ကမနယ ခေါ်ပါသည်။

## ရူပသမုဒ္ဒေသကိုပြခြင်း။

မေး။ ရုပ်သည် အကျဉ်းအားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ မဟာဘုတ်ရုပ် ဥပါဒါရုပ်အားဖြင့် နှစ်ပါး ရှိပါသည်။

မေး။ ရုပ်သည် အမည်နာမ အားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဘူတရုပ်၊ ပသာဒရုပ်၊ ဂေါစရရုပ်၊ ဘာဝရုပ် ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒ ရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ်အားဖြင့် ရုပ်သည်အမည်အားဖြင့် တဆဲ့တပါးရှိပါသည်။

မေး။ ဘူတရုပ်သည်၊ အရေအတွက်အားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်အားဖြင့် လေးပါးရှိပါသည်။

မေး။ ပထဝီ ဓာတ်သည်၊ အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ပထဝီဓာတ်သည်၊ ခိုင်မာခြင်း ကြမ်းထန်းခြင်း လက္ခဏာ ရှိပါသည်။

မေး။ အာပေါဓာတ်သည်၊ အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ အာပေါဓာတ်သည်၊ ယိုစီးခြင်း၊ ဖွဲ့စီးခြင်းလက္ခဏာရှိပါသည်။

မေး။ တေဇောဓာတ်သည်၊ အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ တေဇောဓာတ်သည်ရင့်ကျက်စေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဝါယောဓာတ်သည်၊ အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ဝါယောဓာတ်သည်၊ လှုပ်ရှားခြင်း၊ တောင့်တင်းစေခြင်းလက္ခဏာရှိပါသည်။

မေး။ ပသာဒရုပ်သည်၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒအားဖြင့် ပသာဒရုပ်ငါးပါးရှိပါသည်။

မေး။ စက္ခုပသာဒသည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ရူပါရုံ၏ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာ ရှိပါသည်။

မေး။ စက္ခုပသာဒရုပ်သည်၊ အဘယ်အရပ်ကို ပြန့်နှံ့၍တည်ပါသနည်း။

ဖြေ။ မျက်နက်ဝန်း၏အလယ် သန်းဦးခေါင်း ပမာဏရှိသောအရပ်၌ မျက်လွှာ ခုနစ်လွှာကို ပြန့်နှံ့၍ တည်ပါသည်။

မေး။ သောတပသာဒသည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ သဒ္ဒါရုံ၏ ရှေ့ရှုထိခိုက်ခြင်း ထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာ ရှိပါသည်။

မေး။ သောတပသာဒသည်၊ အဘယ်အရပ်ကိုပြန့်နှံ့၍ တည်ပါသနည်း။

ဖြေ။ နားဧ။်အတွင်း၌ လက်စွပ်ကွမ်းသဏ္ဌာန်ရှိသော ကံကြောင့်ဖြစ်သော သိမ်မွေ့နူးညံ့သော နီမြန်းသောအမွေးရှိသော အရပ်ကိုပြန့်နှံ့၍ တည်ပါသည်။

မေး။ ဃာနပသာဒသည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဂန္ဓာရုံ၏ရှေးရှုထိခိုက်ခြင်းကိုထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဃာနပသာဒသည်၊ အဘယ် အရပ်ကို ပြန့်နှံ့၍ တည်ပါသနည်း။

ဖြေ။ နှာခေါင်း၏အတွင်း ဆိတ်ခြေသဏ္ဌာန် ရှိသော အရပ်ကို ပြန့်နှံ့၍တည်ပါသည်။

မေး။ ဇိဝှါပသာဒသည်၊ အဘယ် သဘော လက္ခဏာ ရှိပါသနည်း။

ဖြေ။ ရသာရုံ၏ရှေးရှုထိခတ်ခြင်းကိုထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဇိဝှါပသာဒသည်၊ အဘယ် အရပ်ကို ပြန့်နှံ့၍ တည်ပါသနည်း။

ဖြေ။ လျှာအလယ် ကြာရွက်အဖျား သဏ္ဌာန်ရှိသော အရပ်ကို ပြန့်နှံ့၍ တည်ပါသည်။

မေး။ ကာယ ပသာဒသည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ၊ ဖေါဋ္ဌဗ္ဗာရုံ၏ထိခိုက်ခြင်းတို့ကိုထိုက်သောမဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ကာယပသာဒ ရုပ်သည်၊ အဘယ် အရပ်တို့ကို ပြန့်နှံ့၍ တည်ပါသနည်း။

ဖြေ။ ကမ္ဘာတေဇောခေတ်၏တည်ရာအရပ်ကိုဒင်း၊ ဆံ အမွေး၊ ခြေသီး လက်သီးဖျား အရေဇနခြောက် တို့ကိုကြဉ်၍တကိုယ်လုံးကိုပြန့်နှံ့၍တည်ပါသည်

မေး။ ကာယပသာဒရုပ်သည်၊ တကိုယ်လုံးကို ပြန့်နှံ့၍ တည်ခဲ့ပါလျှင်၊ စက္ခုပသာဒစသော လေးပါးသောပသာဒရုပ်တို့နှင့်ရောယှက်ကြမည် မဟုတ်ပါလော။

ဖြေ။ မိရာမဟာဘုတ်ချင်းအားဖြင့်ဒင်း၊ လက္ခဏာချင်းအားဖြင့်ဒင်း၊ ကွဲပြားကြသည်ဖြစ်၍ ကာယပသာဒနှင့်စက္ခုပသာဒစသည်တို့သည် ရောယှက်ခြင်းမရှိကြပါ။

မေး၊ ဂေါစရရုပ်ကား၊ အရေအတွက် အဘယ်မျှရှိပါသနည်း။

ဖြေ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ အပေါခေတ်ကြဉ်သော မဟာဘုတ်သုံးပါးဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာရုံ အားဖြင့် ရုပ်အရေအတွက် ခုနစ်ပါး ရှိပါသည်။

မေး။ အာပေါ ဓာတ်ကို ပေါဋ္ဌဗ္ဗာရုံ အဖြစ်မှ အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ အလွန် သိမ်မွေ့ သည်ဖြစ်၍ တွေ့ထိ ခြင်းငှါ မတတ်ကောင်းသောကြောင့် အာပေါဓာတ်ကို ပေါဋ္ဌဗ္ဗာရုံအဖြစ်မှ ကြဉ်ပါသည်။

မေး။ ရူပါရုံသည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ရူပါရုံသည်၊ စက္ခုပသာဒ၌၊ ထိပါးခြင်း လက္ခဏာရှိပါသည်။

မေး။ သဒ္ဒါရုံသည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ သဒ္ဒါရုံသည်၊ သောတပသာဒ၌၊ ထိပါးခြင်း လက္ခဏာ ရှိပါသည်။

မေး။ ဂန္ဓာရုံသည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဂန္ဓာရုံသည်၊ ဃာနပသာဒ၌၊ ထိပါးခြင်း လက္ခဏာရှိပါသည်။

မေး။ ရသာရုံသည် အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ ရသာရုံသည် ဇိဝှါပသာဒ၌ ထိပါးခြင်း လက္ခဏာ ရှိပါသည်။

မေး။ ဖောဋ္ဌဗ္ဗာရုံသည်အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထိပါးခြင်း လက္ခဏာရှိပါသည်။

မေး။ ဘာဝရုပ်သည် အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဓာတုဘာဝရုပ်၊ ပုရိသ ဘာဝရုပ်အားဖြင့် နှစ်ပါး ရှိပါသည်။

မေး။ ဣတ္ထိဘာဝရုပ်သည် အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဤသူကား၊ မိန်းမတည်းဟု သိစေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ပုရိသ ဘာဝရုပ်သည် အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဤသူကား၊ ယောကျ်ားတည်းဟု သိစေခြင်း လက္ခဏာရှိပါသည်။

မေး။ ဘာဝရုပ်သည် အဘယ်အရပ်ကိုပြန့်နှံ့၍တည်ပါသနည်း။

ဖြေ။ ဘာဝရုပ်သည် ကာယပြသာဒကဲ့သို့ တကိုယ်လုံးကို ပြန့်နှံ့၍ တည်ပါသည်။

မေး။ ဘာဝရုပ်သည် ကာယပြသာဒကဲ့သို့ တကိုယ်လုံးကို ပြန့်နှံ့၍တည်ခဲ့သော်၊ ကာယပြသာဒနှင့် ဘာဝရုပ်တို့ အချင်းချင်း ရောယှက်ကြမည် မဟုတ်ပါလော။

ဖြေ။ ဘာဝရုပ်သည် ကာယပြသာဒနှင့် ပြားသော မိရေ ပြားသော လက္ခဏာရှိသောကြောင့် ရောယှက်ခြင်း မရှိပါ။

မေး။ ဟဒယရုပ်သည် အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာ လက္ခဏာ ရှိပါသည်။

မေး။ ဟာဒယရုပ်သည် အဘယ်အရပ်ကို ပြန့်နှံ့၍တည် ပါသနည်း။
ဖြေ။ ရင်ချိုင့်အတွင်း၌ တလက်စွန်းမျှသော နှစ်လုံး သွေးကို ပြန့်နှံ့၍ တည်ပါသည်။
မေး။ ဇီဝိတိန္ဒြေသည် အဘယ်လက္ခဏာ ရှိပါသနည်း။
ဖြေ။ မိမိနှင့်အတူတကွဖြစ်သောကမ္မရုပ်တို့ကို စောင့် ရှောက်ခြင်း လက္ခဏာ ရှိပါသည်။
မေး။ ဇီဝိတိန္ဒြေသည် အဘယ်အရပ်ကိုပြန့်နှံ့၍တည် ပါသနည်း။
ဖြေ။ စားအပ်၊ ခဲအပ်သည်စသော ဘောဇဉ်ခဲဘွယ် တို့ကို ကျေစေ၊ ကျက်စေတတ်သော ဝမ်းမီး၌ စွဲလန်းသည်ဖြစ်၍ ဂဟဏီဟုခေါ်ဝေါ်အပ်သော တေဇောဓာတ်နှင့် တကွ ဆံဖျား၊ အမွေးဖျား စသည်ကြဉ်အပ်သော အလုံးစုံသော ကမ္မဇဖြစ် သော ရူပကာယကို ပြန့်နှံ့၍ တည်ပါသည်။
မေး။ အဘယ် သဘောကို အာဟာရရုပ်ဟု ခေါ်ပါ သနည်း။
ဖြေ။ ထိုထို အင်္ဂါကြီးငယ်သို့ အစဉ် လျှောက်တတ် သော မြှီအပ်သော ဘောဇဉ်လေးပါး၌ တည် သော ရသာခြောက်ပါး၏ အဆီအနှစ် အစေးဟု ဆိုအပ်သောဩဇာအာဟာရရုပ်ဟုခေါ်ပါသည်။
မေး။ အာဟာရ ရုပ်သည် အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ဆုန္ဒိယာဗဒ္ဓကာသယ၏အထောက်အပံ့ အကြောင်း ဖြစ်သော လက္ခဏာ ရှိပါသည်။

မေး။ ဤသို့ ပြခဲ့ပြီးသော (၁၈)ပါးသော ရုပ်တို့ကို အဘယ့်ကြောင့် သဘာဝရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကြမ်းတမ်း ခိုင်မာသည်အဖြစ် အစရှိသော မိမိ သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝ ရုပ်ဟုခေါ်ပါသည်။

မေး။ ဤ (၁၈)ပါးသော ရုပ်တို့ကို သလက္ခဏရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ အနိစ္စအစရှိသော လက္ခဏာနှင့်တကွ ဖြစ်သော ကြောင့် သလက္ခဏရုပ်ဟု ခေါ်ပါသည်။

မေး။ ဤ (၁၈)ပါးသော ရုပ်တို့ကို နိပ္ဖန္နရုပ်ဟု အဘယ့် ကြောင့် ခေါ်ပါသနည်း။

ဖြေ။ သဘောအားဖြင့် ကံအစရှိသော အကြောင်းတို့ သည် ပြီးစေအပ်သည်အဖြစ်ကြောင့် နိပ္ဖန္နရုပ်ဟု ခေါ်ပါသည်။

မေး။ ဤ (၁၈)ပါးသော ရုပ်တို့ကို ရူပ ရူပရုပ်ဟု ခေါ် ပါသနည်း။

ဖြေ။ အချမ်းအပူအစရှိသော ဖောက်ပြန်ခြင်းဖြစ်သော အကြောင်းတို့သည် ပြီးစေအပ်သည် အဖြစ် ကြောင့် ရူပ ရူပရုပ်ဟု ခေါ်ပါသည်။

မေး။ ဤ(၁၈)ပါးသောရုပ်တို့ကို သမ္မသနရုပ်ဟုအဘယ့် ကြောင့်ခေါ်ပါသနည်း။

ဖြေ။ အနိစ္စ အစရှိသော လက္ခဏာယာဉ် သုံးပါးသို့ တင်၍ သုံးသပ်ခြင်း၌ ထိုက်သည့်၏ အဖြစ်ကြောင့် သမ္မသနရုပ်ဟု ခေါ်ပါသည်။

မေး။ ပရိစ္ဆေဒ ရုပ်ဟူသည်၊ အဘယ်ရုပ်ကို ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်း လက္ခဏာရှိသော အာကာသကို ပရိစ္ဆေဒရုပ်ဟုခေါ်ပါသည်။

မေး။ အာကာသဓာတ်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ၊ ရုပ်တို့ကို ပိုင်းခြား ခြင်းမျှလျှင် မှတ်ကြောင်း လက္ခဏာရှိပါသည်။

မေး။ ဝိညတ်ရုပ်သည်၊ အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်အားဖြင့် နှစ်ပါး ရှိပါသည်။

မေး။ ကာယဝိညတ်ရုပ်သည်၊ အဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ဘောက် ပြန်သော အချင်းအရာ အထူးဖြင့် မိမိအလိုကို သူတပါးအား သိစေခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဝစီဝိညတ်သည်အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ စိတ္တဇပထဝီ၊ ကမ္မဇပထဝီဓာတ် နှစ်ပါးတို့၏ ထိခိုက်ခြင်းကြောင့် ဘောက်ပြန်သော အခြင်း

အရာ အထူးဖြင့် မိမိအလိုကို သူတပါးတို့အား သိစေခြင်းလက္ခဏာရှိပါသည်။

မေး။ ဝိကာရရုပ်ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ ဝိညတ်ရုပ်အားဖြင့် ငါးပါးရှိပါသည်။

မေး။ လဟုတာ ရုပ်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ ဥတု စိတ်အာဟာရကြောင့်ဖြစ်သော နိပ္ဖန္နရုပ်၏ ပေါ့ပါးခြင်းလက္ခဏာ ရှိပါသည်။

မေး။ မုဒုတာရုပ်သည်၊ အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ထိုဖြစ်သော နိပ္ဖန္နရုပ်တို့၏-နူးနူးညံ့ညံ့ ဖြစ်ခြင်း လက္ခဏာရှိပါသည်။

မေး ကမ္မညတာရုပ်သည် အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အား ဆောင်သည်၏ အဖြစ်ဟု ဆိုအပ်သောအမှု၌ ကောင်းခြင်းလက္ခဏာရှိပါသည်။

မေး။ လက္ခဏာရုပ်ကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်အားဖြင့် လေးပါးရှိပါသည်။

မေး။ ဥပစယ ရုပ်သည်၊ အဘယ် လက္ခဏာ ရှိပါ သနည်း။

ဖြေ။ နိပ္ဖန္နရုပ်၏ ရှေးဦးအစ ဖြစ်ခြင်း လက္ခဏာ ရှိပါသည်။

မေး။ သန္တတိ ရုပ်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ်၏ ဆက်ကာဆက်ကာဖြစ်ခြင်းလက္ခဏာ ရှိပါသည်။

မေး။ ဇရတာရုပ်သည်၊အဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ်တို့၏ရင့်ခြင်းဟောင်းခြင်းလက္ခဏာရှိပါသည်။

မေး။ အနိစ္စတာ ရုပ်သည်၊ အဘယ် လက္ခဏာ ရှိပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ်တို့၏ ထက်ဝန်းကျင်အားဖြင့် ပျက်ခြင်း လက္ခဏာရှိပါသည်။

မေး။ ဥပစယ သန္တတိရုပ်နှစ်ပါးသည်၊ စက္ခုသောတစသည် တို့ကဲ့သို့ တရားကိုယ် အရ ကွဲပြားသလော။

ဖြေ။ ဇာတိရုပ်တပါးကိုပင် ဥပစယ သန္တတိဟုဟောတော်မူသောကြောင့် တရားကိုယ်ကွဲပြားခြင်း မရှိပါ။

မေး။ တရားကိုယ် မကွဲပြားဘဲလျက် အဘယ့်ကြောင့် နှစ်ပါးပြု၍ ဟောတော်မူပါသနည်း။

ဖြေ။ ဖြစ်သော အခြင်းအရာ ထူးသော အားဖြင့်ရင်း၊

ဝေနေယျတို့၏အလိုအားဖြင့်ရင်း၊ ဥပစယသန္တတိဟု ဥဒ္ဒေသဒေသနာကိုဟောတော်မူပါသည်။

အမေး၊ ဥပစယ သန္တတိနှစ်ပါးတို့သည် အဘယ်သို့ ထူးကြပါသနည်း။

အဖြေ၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အဒ္ဒကာထာနည်းအားဖြင့် ပဋိသန္ဓေစိတ်၏ဥပ္ပါဒက္ခဏာမှစ၍ခြောက်ဆယ်လေးရက်ဟု ဆိုအပ်သော ကာလ၌ ဋီကာနည်းအားဖြင့် လေးဆယ်ကိုးရက်ကာလ၌ စက္ခုသောတ ဃာန၊ဇိဝှါဒသကတို့ဖြစ်သောအတွင်း၌ ရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယရုပ် မည်၏။ စက္ခုဒသကရုပ် စသည်ဖြစ်ပြီးမှနောက်၌ ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိရုပ်မည်၏။သံသေဒဇဩပပါတိကတို့အား ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏာ၌ ရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယရုပ်မည်၏။ ပဋိသန္ဓေအခါမှနောက်၌စုတိအဆုံးတိုင်အောင် ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိရုပ်မည်၏။ ဤသို့ ရုပ်နှစ်ပါးဖြစ်သောအခြင်းအရာထူးကြပါသည်။

မေး၊ အနိပ္ဖန္နရုပ်ကား၊ အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ၊ ပရိစ္ဆေဒရုပ်တပါး၊ ဝိညတ်ရုပ်နှစ်ပါး၊ဝိကာရရုပ်သုံးပါး၊ လက္ခဏာရုပ် လေးပါး အားဖြင့် ဂဟိတ-အဂဟိတ နည်းဖြင့် အနိပ္ဖန္နရုပ်ဆယ်ပါး ရှိပါသည်။

မေး။ ဤဆယ်ပါးသော ရုပ်တို့ကို အဘယ့်ကြောင့် အနိပ္ဖန္နရုပ်ဟု ခေါ်ပါသနည်း။
ဖြေ၊ အသီးအခြား ကံစသော အကြောင်းတို့သည် မပြီးစေအပ်သည့် အဖြစ်ကြောင့် အနိပ္ဖန္နရုပ်ဟု ခေါ်ပါသည်။

ရုပ်ဝိဘာဂကိုပြခြင်း။

မေး၊ နှစ်ဆယ် ရှစ်ပါးသော ရုပ်တို့ကို အဟေတုက ရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။
ဖြေ၊ အလောဘ စသော သမ္ပယုတ်ဟိတ် မရှိသော ကြောင့် အဟေတုကရုပ်ဟု ခေါ်ပါသည်။
မေး။ သပ္ပစ္စယရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။
ဖြေ။ ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်း လေးပါးရှိသောကြောင့် သပ္ပစ္စယရုပ်ဟု ခေါ် ပါသည်။
မေး၊ သာသဝရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။
ဖြေ။ အာသဝေါတရား လေးပါးနှင့် တကွ ဖြစ်သော ကြောင့် သာသဝရုပ်ဟု ခေါ်ပါသည်။
မေး။ သင်္ခတရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။
ဖြေ၊ ကံစသော အကြောင်းတရားတို့သည် ပြုပြင်အပ် သောကြောင့် သင်္ခတရုပ်ဟု ခေါ်ပါသည်၊
မေး။ လောကီယရုပ်ဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။
ဖြေ။ ဖြစ်တတ် ပျက်တတ်သော ဥပါဒါန်၏အာရုံဖြစ် သော ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောက၌

ယှဉ်တတ်သည် အဖြစ်ကြောင့် လောကီယရုပ်ဟု ခေါ်ပါသည်။

မေး။ ကာမာဝစရ ရုပ်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရရုပ်ဟု ခေါ်ပါသည်။

မေး။ အနာရမ္မဏရုပ်ဟုအဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ နာမ် တရားတို့ကဲ့သို့ အာရုံကို မယူတတ်သော ကြောင့် အနာရမ္မဏရုပ်ဟု ခေါ်ပါသည်။

မေး။ အပ္ပဟာတဗ္ဗရုပ်ဟုအဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် တို့ဖြင့် မပယ်အပ်သည် အဖြစ်ကြောင့် အပ္ပဟာတဗ္ဗရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါ သနည်း။

ဖြေ။ ပသာဒရုပ် ငါးပါးတို့ကို အဇ္ဈတ္တိကရုပ်ဟု ခေါ် ပါသည်။

မေး။ ဟဒယရုပ်အစရှိသော တပါးသော ရုပ်တို့သည် အဇ္ဈတ္တိကသန္တာန်၌ ဖြစ်ကုန်လျက်၊ ဤငါးပါး သောရုပ်တို့ကိုသာလျှင် အဇ္ဈတ္တိကရုပ်ဟု အဘယ့် ကြောင့် ခေါ်ပါသနည်း။

ဖြေ။ အတင်ရဦး၏ အစွမ်း အားဖြင့်ရင်း၊ အဘူသော အား လွန်စွာကျေးဇူးပြုတတ်၏အဖြစ်ကြောင့်ရင်း။

ရင်း။ အတ္တဟုဆိုအပ်သော စိတ်ကိုစွဲ၍ ထိုစိတ်၏ တည်ရာ ဒွါရ၏အဖြစ်ဖြင့် ဖြစ်သောကြောင့်ရင်း။ အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဗာဟိရရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပသာဒ ရုပ်မှတပါး (၂၃) ပါးသော ရုပ်တို့ကို ဗာဟိရရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဝတ္ထုရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပသာဒရုပ် ၊ ဟဒယရုပ်အားဖြင့်(၆)ပါးသောရုပ်တို့ကို ဝတ္ထုရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို အဝတ္ထုရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ ဝတ္ထုရုပ်မှတပါးသော(၂၂)ပါးသော ရုပ်တို့ကို အဝတ္ထုရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဒွါရရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပသာဒရုပ် ဝိညတ်ရုပ်အား ခုနစ်ပါးသော ရုပ်တို့ကို ဒွါရရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို အဒွါရရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဒွါရရုပ်မှတပါးသော နှစ်ဆယ်တပါးသော ရုပ်တို့ကို အဒွါရရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဣန္ဒြိယရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပသာဒ-ဘာဝ-ဇီဝိတရုပ်အားဖြင့် ရှစ်ပါးသော ရုပ် တို့ကို ဣန္ဒြိယရုပ်ဟု ခေါ်ပါသည်။

မေး။ ဤရှစ်ပါးသော ရုပ်တို့ကို အဘယ့်ကြောင့် ဣန္ဒြိယ ရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ ပဋ္ဌဝိညာဏ် တို့၌ရင်း၊ လိင်စသည် တို့၌ရင်း၊ သဟဇ ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်ခြင်း၊ အစိုးရခြင်းနှင့် ယှဉ်ခြင်းကြောင့် ဣန္ဒြိယရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို အနိန္ဒြိယ ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဣန္ဒြိယရုပ်မှတပါး ၂၀ သောရုပ်တို့ကို အနိန္ဒြိယ ရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို ဩဠာရိကရုပ်၊ သန္တိကေရုပ်၊ သပ္ပဋိဃရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပသာဒရုပ်၊ ဂေါစရရုပ်အားဖြင့် ၁၂-ပါးသော ရုပ်တို့ကို ဩဠာရိကရုပ်၊ သန္တိကေရုပ်၊ သပ္ပဋိဃ ရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို သုခုမရုပ်၊ ဒူရေရုပ်၊ အပ္ပဋိဃ ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အာပေါဓာတ်၊ဘာဝရုပ်၊ ဟဒယရုပ် ဇီဝိတရုပ်၊ အာဟာရရုပ်၊ အနိပ္ဖန္နရုပ် တဆယ်အားဖြင့် ဤ ၁၆-ပါးသော ရုပ်တို့ကို သုခုမရုပ်၊ ဒူရေရုပ်၊ အပ္ပဋိဃရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဥပါဒိန္နရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ တဆယ်ခြောက်ပါးသော ကမ္မဇရုပ်တို့ကို ဥပါဒိန္နရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို အနုပါဒိန္နရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော ရုပ်တို့ကို အနုပါဒိန္နရုပ်ဟု ခေါ်ပါသည်။

မေး။ အ ဘယ် ရုပ် ကို သနိဒဿနရုပ်ဟု ခေါ် ပါသနည်း။

ဖြေ။ ရူပါရုံကို သနိဒဿနရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို အနိဒဿနရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါရုံမှတပါးသော ၂၇-ပါးသော ရုပ်တို့ကို အနိဒဿနရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို ဂေါစရဂ္ဂါဟိကရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိဟုဆိုအပ်သောပသာဒရှိရာအရပ်သို့မရောက်သော အာရုံကိုယူအပ်သော စက္ခုပသာဒ၊သောတ ပသာဒ မိမိဟုဆိုအပ်သော ပသာဒရှိရာ အရပ်သို့ ရောက်မှသာ အာရုံကို ယူတတ်သော ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ အား ဖြင့် ငါးပါးသောရုပ်တို့ကို ဂေါစရဂ္ဂါဟိကရုပ် ဟု ခေါ်ပါသည်။

အဘယ်ရုပ်တို့ကို အဂေါစရဂ္ဂဟိကရုပ်ဟု ခေါ် ပါသနည်း။

ဖြေ။ ပသာဒရုပ်မှ တပါးသော ၂၃-ပါးသော ရုပ်တို့ကို အဂေါစရဂ္ဂါဟိကရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်တို့ကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ မဟာဘုတ်လေးပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤ ၈-ပါးသော ရုပ်တို့ကို အဝိနိဗ္ဘောဂ ရုပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် ရုပ်တို့ကို ဝိနိဗ္ဘောဂ ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်မှတပါး၊ ၂၀-သော ရုပ်တို့ကို ဝိနိဗ္ဘောဂရုပ်ဟု ခေါ်ပါသည်။

**ရုပ်သမုဋ္ဌာနကိုပြဆိုခြင်း။**

မေး။ ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားတို့ကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အားဖြင့် အကြောင်း တရားလေးပါး ရှိပါသည်။

မေး။ အဘယ် အကြောင်းတရားကို ကံဟု ခေါ်ပါသနည်း။

ဖြေ။ အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ ၊ရူပါဝစရကုသိုလ်ကံအားဖြင့် ၂၅-ပါးသောအကြောင်း တရားတို့ကို ကံဟု ခေါ်ပါသည်။

မေး။ အဘယ် အကြောင်းတရားတို့ကို စိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ်တဆယ်၊ အရူပဝိပါက် လေးပါး ကြဉ်သော ၇၅-ပါးသော အကြောင်းတရားတို့ ကို စိတ်ဟု ခေါ်ပါသည်။

မေး။ အဘယ် အကြောင်းတရားတို့ကို ဥတုဟု ခေါ်ပါ သနည်း။

ဖြေ။ သီတဥတု၊ ဥဏှဥတုဟု ဆိုအပ်သောအကြောင်း တရားတို့ကို ဥတုဟု ခေါ်ပါသည်။

မေး။ အဘယ် အကြောင်းတရားတို့ကို အာဟာရဟု ခေါ်ပါသနည်း။

ဖြေ။ ရှေးနေ့နှင့် တကွသော ကိုယ်ကို ထောက်ပံ့ခြင်း အကြောင်းဖြစ်၍ ဖြစ်သော လက် ခြေ စသော အင်္ဂါကြီးငယ်ကို လျှောက်၍ အရသာကိုဆောင် တတ်သော မြိုအပ်သော အာဟာရ၌ အစေးဖြစ် ၍၊ ဖြစ်သော ဩဇာဟုဆိုအပ်သော အကြောင်း တရားကို အာဟာရဟု ခေါ်ပါသည်။

မေး။ ၂၅-ပါးသော အကြောင်း ကံသည် အဘယ် သန္တာန်၌ အဘယ်စိတ်၏ ခဏက စ၍ အဘယ် ရုပ်တို့ကို ဖြစ်စေတတ်ပါသနည်း။

ဖြေ။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်ပါသည်။

မေး။ ခုနစ်ဆယ် ငါးပါးသော စိတ်သည် အဘယ်

သဏ္ဌာန်၌ အဘယ်စိတ်၏ခဏကာကစ၍အဘယ်ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ကစ၍ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း အဆွဲဆွဲသဏ္ဌာန်၌ စိတ္တဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

မေး။ ထို ၇၅-ပါးသော စိတ်တို့သည် စိတ်၏ဌီခဏ၊ ဘင်ခဏတို့၌ အဘယ့်ကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ အနန္တရအစရှိသော ပစ္စည်းကိုရသဖြင့် ဥပ္ပါဒက္ခဏာ၌သာဖြစ်စေတတ်သော အစွမ်းသတ္တိနှင့်ယှဉ်သောကြောင့် ဌီခဏ၊ ဘင်ခဏတို့၌ စိတ္တဇရုပ်ကို မဖြစ်နိုင်ပါ။

မေး။ အရူပဝိပါက်သည် အဘယ့်ကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ရုပ်၌ တပ်ခြင်းကင်းသော ဘာဝနာသည် ဖြစ်စေအပ်သည့်၏ အဖြစ်ကြောင့်၎င်း၊ အရူပဝိပါက်၏ အကြောင်းဖြစ်သော အရူပါဝစရကုသိုလ်ကံ၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၎င်း၊ အရူပါဝစရဝိပါက်စိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။

မေး။ ဒွိပဉ္စဝိညာဏ်တဆယ်သည်ရုပ်ကိုအဘယ့်ကြောင့် မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ရုပ်ကို ဖြစ်စေခြင်း၌ ထူးသော ပစ္စည်းဖြစ်သော

ဈာန်နှင်တရားတို့နှင့် ယှဉ်ခြင်းမရှိသောကြောင့် စိတ္တဇရုပ်ကို မဖြစ်နိုင်ပါ။

မေး။ ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို အဘယ့်ကြောင့် မဖြစ်စေနိုင်ပါသနည်း။

ဖြေ၊ ပစ္ဆာဇာတ ပစ္စည်းမှ ကင်းသောကြောင့်ရင်း၊ အာဟာရပစ္စည်းအစရှိသည့်တို့၏ မထောက်ပံ့ မခိုင်စေအပ်သည် အဖြစ်ကြောင့်ရင်း၊ မိမိဟု ဆိုအပ်သော ပဋိသန္ဓေစိတ်၏ အာဂန္တုကဏ၏အဖြစ်ကြောင့်ရင်း။ ကမ္မဇရုပ်တို့သည် စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ တည်ရာကိုယူ၍ တည်သည်၏ အဖြစ်ကြောင့်ရင်း။ ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ပါ။

မေး။ အဘယ်ပုဂ္ဂိုလ်တို့၏စုတိစိတ်သည်၊ စိတ္တဇရုပ်ကို ဖြစ်စေတတ်ပါသနည်း။

ဖြေ။ ပုထုဇ္ဇန် - သေက္ခပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေတတ်ပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်သည်အဘယ့်ကြောင့် စိတ္တဇရုပ်ကို မဖြစ်စေပါသနည်း။

ဖြေ၊ ငြိမ်းပြီးသော အဝိဇ္ဇာ တဏှာဟု ဆိုအပ်သော ဝဋ်အရင်းရှိသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ အလွန်အကဲငြိမ်သက်ခြင်းရှိသည်၏အဖြစ်ကြောင့် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည်၊ စိတ္တဇရုပ်ကို မဖြစ်နိုင်ပါ။

မေး။ နှစ်ဆဲ့ခြောက်ပါးသော အပ္ပနာဇော တို့သည် ဘာကိုထောက်ပံ့နိုင်စေတတ်ပါသနည်း။

ဖြေ။ သွားခြင်း ထိုင်ခြင်း စသော ဣရိယာပုတ်တို့ကို ထောက်ပံ့ နိုင်စေ တတ်သည်ပြင် ဝိညတ္တိရုပ်ကို လည်းဖြစ်စေတတ်ပါသေးသည်။

မေး။ မနောဒွါရဉ္စဖြစ်သော ဝုဋ္ဌော-ကာမဇော - တချ ယုတ်သုံးဆယ်၊ အဘိညာဉ်နှစ်တို့ကား ဘာကို ဖြစ်စေတတ်ပါသနည်း။

ဖြေ။ ဝိညတ်ကို ဖြစ်စေတတ်သည်ပြင်၊ ဣရိယာပုတ် ကိုထောက်ပံ့နိုင်စေခြင်း၊ ဝိဇ္ဇာဇကို ဖြစ်စေခြင်း ကိုလည်း ပြုတတ်ပါသေးသည်။

မေး။ ပဉ္စဒွါရဉ္စဖြစ်သော ဇောစိတ်တို့သည်၊ ဝိညတ် ကိုရင်း၊ ရှင်ခြင်းကိုရင်း၊ အဘယ့်ကြောင့် မဖြစ်နိုင် ပါသနည်း။

ဖြေ။ ပဉ္စဒွါရဉ္စဖြစ်သော ဇောစိတ်တို့သည်၊ အလွန် အားနည်းသောကြောင့် မဖြစ်စေနိုင်ပါ။

မေး။ လောဘမူ သောမနဿဇောလေးပါး၊ ကာမာ ဝစရ ကုသိုလ်ကြီးယာဇောရှစ်ပါး၊ ဟာသိတုပ္ပါဒ် ဇောအားဖြင့် (၁၃)ပါးသော ဇောတို့သည် ဘာ ကိုဖြစ်စေတတ်ပါသနည်း။

ဖြေ။ ရှင်ခြင်းကိုဖြစ်စေတတ်သည့်ပြင်၊ ဝိညတ်ကိုဖြစ် စေခြင်း၊ ဣရိယာပုတ်ကို ထောက်ပံ့နိုင်စေခြင်း၊ ဝိဇ္ဇာဇရုပ်ကိုလည်း ဖြစ်စေတတ်ပသည်။

မေး။ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည်၊ အဘယ်စိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ကြကုန်သနည်း။

ဖြေ။ လောဘမူသောမနသ္သဖော လေးပါး၊ မဟာကုသိုလ် သောမနဿဖောလေးပါး အားဖြင့် ရှစ်ပါးသောစိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ကြပါသည်။

မေး။ သေက္ခပုဂ္ဂိုလ်တို့သည်၊ အဘယ်စိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ကြကုန်သနည်း။

ဖြေ။ ရှစ်ပါးသောစိတ်တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် နှစ်ပါးကိုကြဉ်၍ ခြောက်ပါးသော စိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ကြပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်တို့အား အဘယ်စိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ပါသနည်း။

ဖြေ။ ဟသိတုပ္ပါဒ်စိတ်တပါး မဟာကြိယာ သောမနဿစိတ်လေးပါးအားဖြင့် ငါးပါးသောစိတ်တို့ဖြင့် ရှင်ခြင်းဖြစ်ပါသည်။

မေး။ သိတဥတု၊ ဥဏှဥတုဟုဆိုအပ်သော တေဇော ဓာတ်သည်၊ အဘယ်ရုပ်ကို ဖြစ်စေပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ ဌီခဏကစ၍ တေဇောဓာတ်သည် ရုပ်၏ဌီသို့ရောက်သည်ဖြစ်၍ ဥတုလျှင်ဖြစ်ကြောင်းရှိသောရုပ်ကို အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်နှစ်ပါး၌ ထိုက်သည်အားလျော်စွာ ဖြစ်စေတတ်ပါသည်။

မေး။ ဩဇာဟု ဆိုအပ်သောအာဟာရသည်၊ အဘယ်ရုပ်ကို ဖြစ်စေတတ်ပါသနည်း။

ဖြေ။ ခဲဘွယ်ဘောဇဉ်စသည်ကို မျိုသောကာလ၌ ရုပ်ဇါဋ္ဌိသို့ ရောက်သည် ဖြစ်၍ သာလျှင် အဇ္ဈတ္တသန္တာန်၌ အာဟာရဇရုပ်ကို ဖြစ်စေ တတ်ပါသည်။

မေး။ ဟဒယရုပ်၊ ဇီဝိန္ဒြိယ ရုပ်တို့သည်၊ အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ကံဟု ဆိုအပ်သော အကြောင်းကြောင့် ဖြစ်ပါသည်။

မေး။ ဝိညတ် ဒွေကား၊ အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ စိတ်ဟုဆိုအပ်သော အကြောင်းကြောင့် ဖြစ်ပါသည်။

မေး။ သဒ္ဒရုပ်ကား၊ အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း။

ဖြေ။ စိတ် ဥတု ဟူသော အကြောင်း နှစ်ပါးကြောင့် ဖြစ်ပါသည်။

မေး။ လဟုတာရုပ် သုံးပါးကား၊ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ဥတု-စိတ်-အာဟာရ ဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်ပါသည်။

မေး။ အဝိနိဗ္ဗောဂရုပ်ရှစ်ပါးအာကာသဓာတ်တို့ကား အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ကံ၊စိတ်၊ဥတု၊အာဟာရဟူသောလေးပါးသော အကြောင်းကြောင့် ဖြစ်ပါသည်။

မေး။ လက္ခဏာရုပ် လေးပါး တို့ကား၊ အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ၊ တစုံ တခုသော အကြောင်းကြောင့် ဖြစ်ခြင်း မရှိပါ။

မေး။ ကံကြောင့်ဖြစ်သော ရုပ်ပေါင်းကား၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ဟဒယရုပ်၊ ဣန္ဒြိယရုပ် အားဖြင့် ကိုးပါး၊ အဝိနိဗ္ဗောဂရုပ်၊အာကာသဓာတ်အားဖြင့် အနေ ကိုးပါး၊ ဤသို့အားဖြင့်(၁၈)ပါး ရှိပါသည်။

မေး။ စိတ်ကြောင့်ဖြစ်သော ရုပ်ပေါင်းကား၊ အဘယ် မျှရှိပါသနည်း။

ဖြေ။ ဝိညတ်နှစ်-သဒ္ဒရုပ်-လဟုတာရုပ်(၃)ပါး၊ အဝိ နိဗ္ဗောဂရုပ်(၈)ပါး၊ အာကာသဓာတ်အားဖြင့် (၁၈)ပါး ရှိပါသည်။

မေး။ ဥတုကြောင့်ဖြစ်သောရုပ်ပေါင်းကား၊အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သဒ္ဒရုပ်၊လဟုတာရုပ်၊အဝိနိဗ္ဗောဂရုပ်၊ အာကာ သဓာတ်အားဖြင့်(၁၃)ပါး ရှိပါသည်။

မေး။ အာဟာ ရကြောင့် ဖြစ်သော ရုပ်ပေါင်းကား၊

အဘယ်မျှ ရှိပါသနည်း။

ဖြေ။ လဟုတာရုပ်၊ အဝိနိဗ္ဘောဂရုပ်၊ အာကာသဓါတ် အားဖြင့်(၁၂)ပါး ရှိပါသည်။

ရူပကလာပကိုပြခြင်း။

မေး။ ရုပ်ကလာပ်တို့၏ အင်္ဂါလက္ခဏာကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောမှီရာအားဖြင့် ကလာပ်စည်းရသော အင်္ဂါလက္ခဏာကား သုံးပါးရှိပါသည်။

မေး။ ကံကြောင့်ဖြစ်သော ကမ္မဇကလာပ်စည်းပေါင်းကား အဘယ်မျှရှိပါသနည်း။

ဖြေ။ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဣတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက၊ ကလာပ် အားဖြင့် ကမ္မဇကလာပ် စည်းပေါင်း ကိုးစည်းရှိပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို စက္ခုဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်ရှစ်ပါး၊ ဇီဝိတရုပ်တပါး၊ စက္ခုပသာဒရုပ်တပါး၊ ဤဆယ်ပါးသောရုပ်အပေါင်းကို စက္ခုဒသက ကလာပ်ရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို သောတဒသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ သောတပသာဒ အားဖြင့် ဆယ်ပါးသောရုပ်အပေါင်းကို သောတဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို ဃာနဒသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ဃာနပသာဒအားဖြင့်ဆယ်ပါးသောရုပ်အပေါင်းကို ဃာနဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်ရုပ်အပေါင်းကို ဇိဝှါဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ဇိဝှါပသာဒအားဖြင့် ဆယ်ပါးသော ရုပ်အပေါင်းကို ဇိဝှါဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှလောက်သော ရုပ်အပေါင်းကို ကာယဒသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ကာယ ပသာဒ အားဖြင့် ဆယ်ပါးသောရုပ်အပေါင်းကို ကာယဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို ဣတ္ထိဘာဝဒသကကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ဣတ္ထိဘာဝရုပ် အားဖြင့် ဆယ်ပါးသော ရုပ်အပေါင်းကို ဣတ္ထိဘာဝဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို ပုဗ္ဗာဝဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ပုဗ္ဗာဝရုပ်အားဖြင့် ဆယ်ပါးသော ရုပ်အပေါင်းကို ပုဗ္ဗာဝဒသက ကလာပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို ဝတ္ထုဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဇီဝိတရုပ်၊ ဟဒယရုပ်အားဖြင့် ဆယ်ပါးသော ရုပ်အပေါင်းကို ဝတ္ထုဒသက ကလာပ်ဟု ခေါ်ပါသည်။

မေး။ အဘယ် မျှသော ရုပ် အပေါင်းကို ဇီဝိတ နဝ ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်ရှစ်ပါး၊ ဇီဝိတရုပ်အားဖြင့် ကိုးပါးသော ရုပ်အပေါင်းကို ဇီဝိတနဝကလာပ်ဟု ခေါ်ပါသည်။

မေး။ စိတ်ကြောင့် ဖြစ်သော စိတ္တဇ ကလာပ် စည်းပေါင်းကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ သုဒ္ဓဋ္ဌက၊ ကာယဝိညတ္တိနဝက၊ ဝစီဝိညတ္တိဒသကလဟုတာဒေကာဒသက၊ ကာယဝိညတ္တိ လဟုတာဒိဒွါဒသက၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက၊ ကလာပ်အားဖြင့် စိတ္တဇကလာပ်စည်းပေါင်း ခြောက်စည်းရှိပါသည်။

မေး။ အဘယ်ရုပ်ကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ မဟာဘုတ်လေးပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ ဤရှစ်ပါးသော အဝိနိဗ္ဘောဂ ရုပ်တို့ကို သုဒ္ဓဋ္ဌက ကလာပ်ရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ် မျှသော ရုပ်အပေါင်း တို့ကို ကာယဝိညတ္တိနဝက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် ကာယဝိညတ်အားဖြင့် ကိုးပါးသော ရုပ်အပေါင်းကို ကာယဝိညတ္တိနဝက ကလာပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းတို့ကို ဝစီဝိညတ္တိဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဝစီဝိညတ်၊ သဒ္ဒရုပ်အားဖြင့် ဆယ်ပါးသော ရုပ်အပေါင်းတို့ကို ဝစီဝိညတ္တိဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းတို့ကို လဟုတာဒေကာဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ လဟုတာရုပ် သုံးပါးအားဖြင့် တဆဲ့တပါးသော ရုပ်တို့ကို လဟုတာဒေကာဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်အပေါင်းကို ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်ဟု ခေါ်ကြပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ကာယဝိညတ်၊ လဟုတာရုပ် သုံးပါးအားဖြင့် တဆဲ့နှစ်ပါးသောရုပ်အပေါင်း တို့ကို ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်တို့ကို ဝစီဝိညတ္တိသဒ္ဒလဟု တာဒိတေရသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်၊ ဝစီဝိညတ်၊ သဒ္ဒရုပ်၊လဟုတာ ရုပ်သုံးခု အားဖြင့် တဆဲ့သုံးပါးသော ရုပ်တို့ကို ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ် ဟုခေါ်ပါသည်။

မေး။ ဥတုကြောင့် ဖြစ်သော ဥတုဇ ကလာပ်စည်း ပေါင်းကား အဘယ်မျှရှိပါသနည်း။

ဖြေ။ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝက၊ လဟုတာဒေက ဒသက သဒ္ဒလဟုတာဒိဒွါဒသကကလာပ်အားဖြင့်ဥတုဇ ကလာပ် စည်းပေါင်းလေးပါးရှိပါသည်။

မေး။ အဘယ်ရုပ်တို့ကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်ပါ သနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ်ရှစ်ပါးတို့ကို သုဒ္ဓဋ္ဌက ကလာပ် ဟု ခေါ်ပါသည်။

မေး။ အဘယ်မျှသောရုပ်တို့ကို သဒ္ဒနဝက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဿြဲသဂရုပ်၊ သဒ္ဒရုပ်အားဖြင့် ကိုးပါးသော ရုပ်တို့ကို သဒ္ဒနဝကကလာပ်ဟု ခေါ်ပါသည်။

မေး။ အဘယ်မျှသောရုပ်တို့ကို လဟုတာဒေကဒသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဿြဲသဂရုပ်၊ လဟုတာရုပ် အားဖြင့် တဆဲ့တပါးသော ရုပ်တို့ကို လဟုတာဒေက ဒသက ကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသော ရုပ်တို့ကို သဒ္ဒလဟုတာဒွါဒသက ကလာပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဿြဲသဂရုပ်ရှစ်ပါး၊ သဒ္ဒရုပ်၊ လဟုတာရုပ် သုံးပါးအားဖြင့် ရုပ်ပေါင်း တဆဲ့ နှစ်ပါးတို့ကို သဒ္ဒလဟုတာဒွါဒသက ကလာပ်ဟု ခေါ်ပါသည်။

မေး။ အာဟာရကြောင့်ဖြစ်သောအာဟာရဇကလာပ် စည်းပေါင်းကား အဘယ်မျှရှိပါသနည်း။

ဖြေ။ သုဒ္ဓဋ္ဌက-လဟုတာဒေကဒသက ကလာပ်အားဖြင့် နှစ်စည်းရှိပါသည်။

မေး။ အဘယ်မျှသောရုပ်တို့ကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဿြဲသဂရုပ်ရှစ်ပါးတို့ကိုသုဒ္ဓဋ္ဌ ကကလာပ်ဟုခေါ်ပါသည်။

မေး။ အဘယ်မျှသောရှစ်တို့ကို လဟုတာဒေကဒသက ကလာဝ်ဟုခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရှစ်ရှစ်ပါး၊ လဟုတာရှစ် သုံးပါး အားဖြင့် တဆဲ့တပါးသော ရှစ်တို့ကို လဟုတာ ဒေကဒသက ကလာဝ်ဟု ခေါ်ပါသည်။

မေး။ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် နှစ်ပါးတို့၌၊ ကလာဝ် စည်းပေါင်းအဘယ်မျှ ရပါသနည်း။

ဖြေ။ ဥတုဇ ကလာဝ် လေးစည်း တို့တွင် သဒ္ဒနဝက ကလာဝ်၊ သဒ္ဒနဝက ကလာဝ်တို့သည်၊ သန္တာန် နှစ်ပါး၌ ဖြစ်သောကြောင့် ကလာဝ် နှစ်စည်း ရပါသည်။

မေး။ အဇ္ဈတ္တသန္တာန်၌၊ ကလာဝ်စည်းပေါင်းအဘယ် မျှရပါသနည်း။

ဖြေ။ သန္တာန် နှစ်ပါး၌ ဖြစ်သော ကလာဝ်ကို ကြည်၍ တခုယုတ်နှစ်ဆယ်ရပါသည်၊ ဝါ-နှစ်ဆယ်တ ပါးရပါသည်။

မေး။ အာကာသခာတ် လက္ခဏာရှစ်တို့ကို ကလာဝ်၏ အင်္ဂါဟုအဘဲ့ကြောင့် မဆိုပါသနည်း။

ဖြေ။ ရှစ်ကလာဝ်တို့၏မိုင်းခြားကြောင်းမှတ်ကြောင်း ဖြစ်သောကြောင့် ကလာဝ်၏ အင်္ဂါ အဖြစ်ဖြင့် ဆိုတော်မမူပါ။

## ရူပပဝတ္တိက္ကမဆိုပြခြင်း။

မေး။ ကာမဘုံမှာ၊ ပဝတ္တိအခါ၌ ရုပ်ပေါင်း အဘယ်မျှ ရပါသနည်း။

ဖြေ။ နှစ်ဆယ့်ရှစ်ပါးသော ရုပ်တို့ကို ထိုက်သည့်အား လျော်စွာ ရပါသည်။

မေး။ ပဋိသန္ဓေအခါ၌သံသေဒဇဥပပါတ်ပုဂ္ဂိုလ်တို့အား ရုပ် ကလာပ်ပေါင်းအဘယ်မျှစီရပါသနည်း။

ဖြေ။ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထု ဒသကအားဖြင့် ခုနစ်ပါးသော ရုပ်ကလာပ်တို့ကို အလွန်အားဖြင့် ရပါသည်။

မေး။ ထိုပုဂ္ဂိုလ်တို့အား အယုတ်အားဖြင့် အဘယ်ရုပ် ကလာပ်တို့ကို မရထိုက်ပါသနည်း။

ဖြေ။ ကာမသုဂတိဘုံ၌၊ သံသေဒဇပုဂ္ဂိုလ်အား စက္ခု ဒသက၊ သောတဒသက၊ ဃာန ဒသကတို့ကို ရန်ခါမရထိုက်ပါ။ ကပ္ပါဦးကဖြစ်သော လူဥပ ပါတ် ပုဂ္ဂိုလ်တို့အား ဘာဝဒသက မရထိုက်ပါ ဒုဂ္ဂတိဘုံ၌ သံသေဒဇ ပုဂ္ဂိုလ်အား စက္ခုဒသက သောတဒသက၊ဃာနဒသက၊ဘာဝဒသကတို့ကို မရထိုက်ပါ၊ အပါယ်ဥပပါတ်ပုဂ္ဂိုလ်အားစက္ခု ဒသကို၊ သောတဒသက၊ ဘာဝဒသက တို့ကို ရန်ခါမရထိုက်ပါ။

မေး။ ပဋိသန္ဓေအခါ၌ ဂဗ္ဘသေယျပုဂ္ဂိုလ်တို့အား ရုပ်အဘယ်မျှရပါသနည်း။

ဖြေ။ ကာယဒသက ဘာဝဒသက ဝတ္ထုဒသကအားဖြင့် သုံးပါးရပါသည်။

မေး။ ထိုကလာပ် သုံးစည်းတို့တွင် အဘယ်ကလာပ်ချို့သင့်ပါသနည်း။

ဖြေ။ ဘာဝရုပ် မပါသောသူအား ဘာဝ ဒသက ကလာပ်ချို့ပါသည်။

မေး။ ဂဗ္ဘသေယျ ပုဂ္ဂိုလ်၏၊ ကလာပ်အားဖြင့် သုံးစည်းရုပ်အားဖြင့် သုံးဆယ်ရှိသော ကလလာပ်ရေကြည် သည် ပမာဏ အားဖြင့် အဘယ်မျှလောက် ရှိပါသနည်း။

ခြေ။ ထိုပုဂ္ဂိုလ်၏ ကလလာပ်ရေကြည်ကား ယင်ငယ်သောက်လောက်ရုံသာ ပမာဏရှိပါသည်။ တနည်းမှာ အကြမ်တရာချက်အပ်သော ဆိကြည်ထောပတ်တွင် ဇာတိဥဏ္ဏမည်သော သား၏၊ သိမ်မွေ့နူညံ့စွာသော သားမွေးတမြှင်ဖြင့် နှစ်၍ ဆယ်ယူအပ်သော အမွေးဖျားမှာ ပါသော ဆီကြည်ပေါက်မျှသာရှိပါသည်။

မေး။ ကလလာပ်ရေကြည်စသည်ကား အဘယ်သတ္တာဟစ် ဖြစ်ကြပါသနည်း။

ဖြေ။ ကလလာပ်ရေကြည်ကါးတသတ္တာဟအဖြစ်ကါ; တသတ္တာဟ သားတစ်ကား တသတ္တာဟ အခဲကား

တသဏ္ဍာန ခက်မငါးဖြားကား တသဏ္ဍာန၊ ပရိ ပါကတသဏ္ဍာန အားဖြင့်ခြောက်သဏ္ဍာန၊ ရက် ပေါင်း အားဖြင့်၊ လေးဆဲ့နှစ်ရက် အတွင်းမှာ ခုနှစ်ရက်စီဖြစ်ကြပါသည်။

မေး။ ပဝတ္တိကာလ၌ အဘယ်ရုပ်ကလာပ်တို့ ဖြစ်ပါ သနည်း။

ဖြေ။ အဇ္ဈတ္တ အသုံမှုသဏ္ဍာန်မသဏ္ဍာန်ကာအလိုမှု ဧကာဒသမ သဏ္ဍာနက စ၍ နှစ်ဆယ့်ရှစ်ရက် အတွင်းမှာ စက္ခုဒသက သောတဒသက ဃာန ဒသက ဇိဝှါဒသက ရုပ်ကလာပ်တို့သည် အစဉ် အတိုင်း ခုနစ်ရက်စီဖြစ်ကြပါသည်။

မေး။ ကမ္မဇရုပ်သည် အဘယ်စိတ်၏ ခဏက စ၍ ဖြစ် ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ ဥပါဒက္ခဏက စ၍ဖြစ်ပါသည်။

မေး။ စိတ္တဇရုပ်သည် အဘယ်စိတ်၏ခဏက စ၍ဖြစ်ပါ သနည်း။

ဖြေ။ ပဋိသန္ဓေစိတ်နောင် ဒုတိယစိတ်ဟုဆိုအပ်သော ပထမဘဝင်စိတ်၏ဥပါဒက္ခဏက စ၍ စိတ္တဇရုပ် ဖြစ်ပါသည်။

မေး။ ဥတုဇရုပ်သည်အဘယ်စိတ်၏ ခဏက စ၍ဖြစ်ပါ သနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ ဌီခဏက စ၍ ဥတုဇရုပ် ဖြစ်ပါ သည်။

**၃မေး။** အာဟာရရုပ်သည် အဘယ်ကာလကစ၍ဖြစ်ပါသနည်း။

**ဖြေ။** ဂဗ္ဘသေယျ ပုဂ္ဂိုလ်တို့အား အမိ၏ မျိုအပ်သော အာဟာရမှ တသတ္တဟ နှစ်သတ္တဟအလွန် သံသေဒဇ ဥပပါတ် ပုဂ္ဂိုလ်တို့အား ခံတွင်း၌ ဖြစ်သော သလိပ်စသည်မှဖြစ်သောဩဇာ၏နှံ့သော ကာလကို အစပြု၍ အာဟာရရုပ်ဖြစ်ပါသည်။

**၄မေး။** လေးပါးသောအကြောင်းကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏အစဉ်သည်ကာမဘုံ၌ အဘယ်ကဲ့သို့ဖြစ်ပါသနည်း။

**ဖြေ။** စတုဇရုပ်တို့၏ အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့၎င်း မြစ်ရေအလျှင်ကဲ့သို့၎င်း အသက်ရှည်သမျှ ကာလပတ်လုံးမပြတ်ဖြစ်ပါသည်။

**၅မေး။** သေကာနီး ကာလ၌ အဘယ် စိတ် ၏ ခဏက စ၍ ကမ္မဇရုပ်ချုပ်ပါသနည်း။

**ဖြေ။** စုတိစိတ်၏ အထက်၌ရှိသော ၁၇ ချက်မြောက်သောဘဝင်စိတ်၏ ဌီခဏကစ၍ ကမ္မဇရုပ်ချုပ်ပါသည်။

**၆မေး။** စုတိစိတ်မှပြန်၍ ရေသည်ဆိုသော် ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ်သည် အဘယ်စိတ်နှင့် ပြိုင်၍ချုပ်ပါသနည်း။

ဖြေ။ ရုပ်စိတ်နှင့်မျှသောကာလပတ်လုံးတည်၍ ရုပ်စိတ်၏ဘင်ခဏမှာချုပ်ပါသည်။

မေး။ စိတ္တဇရုပ်သည် အဘယ်စိတ်နှင့် ပြိုင်၍ချုပ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေပုဂ္ဂိုလ်တို့၏ရုပ်စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သေးသောကြောင့် ရုပ်စိတ်မှနောက် ၌ တဆဲ့ငါးချက်မြောက်သောဘဝင်စိတ်နှင့်အတူ ပြိုင်၍ချုပ်ပါသည်။

မေး။ အာဟာရရုပ်သည် အဘယ်စိတ်၏ခဏ၌ချုပ်ပါသနည်း။

ဖြေ။ အာဟာရရုပ်သည် ဝိညာဏ်၏ အထောက်အပံ့ကို ရသည်ဖြစ်၍ရုပ်စိတ်၏ဘင်ခဏတိုင်အောင် ဖြစ်သောကြောင့်၊ ရုပ်စိတ်မှနောက်၌၊ တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ဘင်ခဏနှင့်ပြိုင် ချုပ်ပါသည်။

မေး။ ဥတုဇရုပ်သည် အဘယ်သို့တိုင်အောင် ဖြစ်ပါသနည်း။

ဖြေ။ သေ၍ အကောင်ပုပ် ဖြစ်သည့်တိုင်အောင် ဖြစ်ပါသည်။

မေး။ သေကုန်သောသတ္တဝါတို့အား ဘဝသစ်၌ တေသခုန္ဓာနိက ရုပ်တို့သည် အဘယ်သို့ဖြစ်ကြကုန်သနည်း။

၄ဖြေ။ ယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ စတုသမုဋ္ဌာနိကရုပ်တို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ တဖန် ဘဝသစ်၌လည်း ပဋိသန္ဓေစိတ်၏ဥပါဒ်ကိုအစပြု၍ စတုသမုဋ္ဌာနိကရုပ်တို့သည် အစဉ်အတိုင်းဖြစ်ကြပါသည်။

၅မေး။ ရူပဗြဟ္မာဘုံ၌ အဘယ်ရုပ်ကလာပ်တို့ကို မရပါသနည်း။

၅ဖြေ။ ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝဒသကအားဖြင့် ကမ္မဇကလာပ်ငါးစည်း အာဟာရဇကလာပ်နှစ်စည်း အားဖြင့် ရုပ်ကလာပ်စည်းပေါင်း ခုနစ်စည်းမရပါ။

၆မေး။ ရူပဗြဟ္မာဘုံ၌ ဘာဝကဒသကကလာပ်ကိုအဘယ့်ကြောင့်မရပါသနည်း။

၆ဖြေ။ ဘာဝရုပ် နှစ်ပါးသည်၊ ထူထဲသော ကာမရာဂ သျှင်မိရာ ရှိသောကြောင့် ဗြဟ္မာတို့အားလည်း ထူးထဲသော ကာမရာဂမရှိသည်ဖြစ်၍ ဘာဝဒသကကိုမရပါ။

၇မေး။ ဗြဟ္မာတို့အား အာဟာရဇကလာပ်ကို အဘယ့်ကြောင့် မရပါသနည်း။

၇ဖြေ။ ဗြဟ္မာတို့၏ သန္တာန်၌ရှိသော အဇ္ဈတ္တိကသြဇာသည် ဗာဟိရအာဟာရဟူသော အထောက်အပံ့ကို မရသည်ဖြစ်၍ ရုပ်ကိုဖြစ်စေနိုင်သော သတ္တိမရှိ

သောကြောင့် ဗြဟ္မာတို့အား အာဟာရဇကလာပ်ကိုမရပါ။

**မေး။** ရူပဗြဟ္မာတို့အားပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ကလာပ်စည်းပေါင်းအဘယ်မျှရပါသနည်း။

**ဖြေ။** ပဋိသန္ဓေအခါ၌၊ စက္ခုဒသက သောတဒသက ဝတ္ထုဒသကဇီဝိတနဝကကလာပ်အားဖြင့် ကမ္မဇကလာပ်လေးစည်း ပဝတ္တိအခါ၌ စိတ္တဇကလာပ်ခြောက်စည်း ဥတုဇကလာပ် လေးစည်းအားဖြင့် ကလာပ်စည်းပေါင်း ၁၄ စည်းရပါ

**မေး။** အသညသတ် ဗြဟ္မာတို့အား ပဋိသန္ဓေ ပဝတ္တိအခါတို့၌ ကလာပ်စည်းအဘယ်မျှ ရသနည်း။

**ဖြေ။** ပဋိသန္ဓေ အခါ၌ ဇီဝိတ နဝကလာပ်တစည်း၊ ပဝတ္တိအခါ၌ ဥတုဇဖြစ်သောသဒ္ဒမှက ကလာပ် လဟုတာဒေကာဒသက ကလာပ်အားဖြင့် သုံးစည်းရပါသည်။

**မေး။** ကာမတဆဲ့တဘုံတို့၌ ကလာပ်စည်းပေါင်း ရုပ်ပေါင်းအဘယ်မျှရပါသနည်း။

**ဖြေ။** ကလာပ်စည်းအားဖြင့် နှစ်ဆဲ့တစည်း ရုပ်အားဖြင့် နှစ်ဆဲ့ရှစ်ပါးရပါသည်။

**မေး။** ရူပ တဆယ်ငါးဘုံတို့၌ ကလာပ် စည်းပေါင်း ရုပ်ပေါင်းအဘယ်မျှရပါသနည်း။

ဖြေ။ ကမ္မဇ ကလာပ် လေးစည်း စိတ္တဇ ကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်း အားဖြင့် ကလာပ်စည်းပေါင်းတဆဲ့လေးစည်း ဃာန ဇိဝှါကာယဘာဝရုပ်အားဖြင့်ငါးပါးကြွင်းသော ရုပ်ပေါင်းတဆဲ့သုံးပါးရပါသည်။

မေး။ အသညသတ်ဘုံ၌ ကလာပ် စည်းပေါင်း ရုပ်ပေါင်း အဘယ်မျှရပါသနည်း။

ဖြေ။ ဇီဝိတနဝကကလာပ် ဥတုဇကလာပ် နှစ်စည်းအားဖြင့် ကလာပ်သုံးစည်း ဇီဝိတရုပ် အဝိနိဗ္ဘောဂရုပ်ရှစ်ပါး၊ လဟုတာရုပ်သုံးပါး၊ အကာသဓါတ်လက္ခဏာရုပ်လေးပါးအားဖြင့်ရုပ်ပေါင်း ၁၇-ပါး ရပါသည်။

မေး။ အရူပလေးဘုံ၌ ရုပ်ကလာပ်စည်း ရပါသေးသလော။

ဖြေ။ တစုံတခုသော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း မရှိသောကြောင့် မရတော့ပါ။

မေး။ ခပ်သိမ်းသော သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ မရထိုက်သောရုပ်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ သဒ္ဒရုပ် ဝိကာရရုပ် ဇရတာအနိစ္စတာအားဖြင့် ရှစ်ပါးရှိပါသည်။

## နိဗ္ဗာန အကြောင်းကိုပြခြင်း။

မေး။ အဘယ်တရားကို နိဗ္ဗာန်ဟုခေါ်ပါသနည်း။

ဖြေ။ လောကုတ္တရာဟု ဆိုအပ်သော လေးပါးသော

မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက် တတ်သည်အဖြစ်ကြောင့် နိဗ္ဗာန်ဟုခေါ်ပါသည်။

**တနည်း။** စုတေခြင်းမရှိသော စုတိဟုဆိုအပ်သော အဆုံးကိုလွန်သော ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားတို့သည် ပြုခြင်းစီမံခြင်းကင်းသောမိမိထက်လွန်ကဲတုံးမြတ်သောတရားမရှိသောမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အကြောင်းတရားကို နိဗ္ဗာန်ဟုခေါ်ပါသည်။

**မေး။** သိစေတတ်သော အကြောင်း၏ အစွမ်းအားဖြင့် နိဗ္ဗာန်သည်အဘယ်မျှ ရှိပါသနည်း။

**ဖြေ။** သဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်အားဖြင့် နှစ်ပါးပြားပါသည်။

**မေး။** အဘယ်နိဗ္ဗာန်ကို သဉပါဒိသေသ နိဗ္ဗာန်ဟုခေါ်ပါသည်။

**ဖြေ။** ကိလေသာတို့မှကြွင်းသော ခန္ဓာငါးပါးနှင့်တကွဖြစ်သောနိဗ္ဗာန်ကိုသဉပါဒိသေသနိဗ္ဗာန်ဟုခေါ်ပါသည်။

**မေး။** အဘယ်နိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်ပါသနည်း။

**ဖြေ။** ကိလေသာတို့ မကြွင်းသော ခန္ဓာငါးပါး မရှိ

သောနိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်ပါသည်။

**မေး။** အခြင်းအရာ၏ အပြားအားဖြင့် နိဗ္ဗာန်သည် အဘယ်မျှရှိပါသနည်း။

**ဖြေ။** သုညတနိဗ္ဗာန် အနိမိတ္တ နိဗ္ဗာန် အပ္ပဏိဟိတ နိဗ္ဗာန်ဟု သုံးပါးရှိပါသည်။

**မေး။** အဘယ်နိဗ္ဗာန်ကို သုညတနိဗ္ဗာန်ခေါ်ပါသနည်း။

**ဖြေ။** ရာဂ၊ ဒေါသ၊ မောဟတို့မှဆိတ်သော နိဗ္ဗာန်ကို သုညတနိဗ္ဗာန်ဟုခေါ်ပါသည်။

**မေး။** အဘယ်နိဗ္ဗာန်ကို အပ္ပဏိဟိတနိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရာဂ၊ ဒေါသ၊ မောဟ၊ တည်းဟူသော တောင့်တခြင်းကင်းသောနိဗ္ဗာန်ကို အပ္ပဏိဟိတနိဗ္ဗာန်ဟုခေါ်ပါသည်။

**မေး။** အဘယ် နိဗ္ဗာန်ကို အနိမိတ္တ နိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရာဂ ဒေါသ မောဟ တည်းဟူသော အကြောင်းကင်းသောနိဗ္ဗာန်ကို အနိမိတ္တနိဗ္ဗာန်ဟု ခေါ်ပါသည်။

ရုပ်ပိုင်းပြီး၏။

# သမုစ္စည်းပိုင်း၊

## သမုစ္စည်းပိုင်းကိုပြခြင်း၊

မေး။ သမုစ္စည်းပိုင်း၌ အဘယ်တရားတို့ကို ပေါင်းစု၍ တဟန်ပြပါသနည်း။

ဖြေ။ စိတ် စေတသိတ်နိပ္ဖန္နရုပ် နိဗ္ဗာန်အားဖြင့် ၇၂ ပါး သောတရားတို့ကို စုပေါင်း၍တဟန်ပြပါသည်။

မေး။ ထို ၇၂ ပါးတရားတို့ကို အဘယ်မျှသောသင်္ဂဟ ဖြင့်ပြပါသနည်း။

ဖြေ။ အကုသလသင်္ဂဟ၊ မိဿကသင်္ဂဟ၊ ဗောဓိပက္ခိယသင်္ဂဟ၊ သဗ္ဗသင်္ဂဟအားဖြင့် လေးပါးသော သင်္ဂဟတို့ဖြင့်ပြပါသည်။

## အကုသလသင်္ဂဟကိုပြခြင်း

မေး။ အာသဝတရားတို့သည်ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဟု ကိစ္စအားဖြင့် လေးပါးတရားကိုယ်အားဖြင့် ကာမာသဝ ဘဝါသဝတို့ကား လောဘ စေတသိက် ဒိဋ္ဌာသဝကား ဒိဋ္ဌိစေတသိက် အဝိဇ္ဇာသဝကား မောဟစေတသိက်အားဖြင့် သုံးပါးရှိပါသည်။

မေး။ ဤလေးပါးသော တရားတို့ကို အဘယ့်ကြောင့် အာသဝဟုခေါ်ပါသနည်း။

ဖြေ။ သံသရာ၏ရှေ့အစွန်းကို မသိအပ်သောကြောင့် ၎င်း။ မြင့်ရှည်စွာသော ကာလပတ်လုံး ထုံအပ်

သော အနက်ကြောင့်ရင်း၊ အာသဝဟု ခေါ်ပါသည်။

မေး။ အထက် ဘဝဂ်တိုင်အောင်ရင်း၊ သေးတာပတ္တိမင်၏ရှေ့ ဂေါတြဘူတိုင်အောင်ရင်း၊ ယုံစီးတတ်ကုန်သော မာနစသောတရားတို့သည်ရှိပါကုန်လျက် လောဘ ဒိဋ္ဌိ မောဟတို့ကိုသာလျှင် အာသဝဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ ကိုယ်ကိုယ်ကိုနှင့်စပ်၍ဖြစ်ခြင်းရှိ၏ဟုယူခြင်း၏အစွမ်းအားဖြင့်လွန်စွာနှံ့တတ်သောကြောင့်ရင်း၊ ယဉ်မူးခြင်းကို ပြုတတ်သောအနက်ကြောင့်ရင်း၊ အရက်နှင့်တူသည်၏ အဖြစ်ကြောင့်ရင်း ထိုအာသဝစသော တရားတို့ကိုသာလျှင် အာသဝ၏အဖြစ်ဖြင့် ထင်ရှားသည်၏ အဖြစ်ကြောင်ရင်း၊ ထိုသုံးပါးသော တရားတို့ကိုသာလျှင်အာသဝဟု ဟောတော်မူပါသည်။

မေး။ ဩဃတရားသည် ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃဟု ကိစ္စအားဖြင့် လေးပါး၊ တရား ကိုယ် အားဖြင့် လောဘ ဒိဋ္ဌိ မောဟဟု သုံးပါးရှိပါသည်။

မေး။ ဤ လေးပါးသော တရားတို့ကို အဘယ့်ကြောင့် ဩဃဟုခေါ်ပါသနည်း။

ဖြေ။ သတ္တဝါတို့ကို လွှမ်းမိုး၍၊ ဝဋ်ဘူမကဝဋ်၌ ဆောင်တတ်သောကြောင့်ဩဃဟုခေါ်ပါသည်။

မေး။ ယောဂ တရားသည် ကိစ္စတရားကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂဟု ကိစ္စအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့်လောဘဒိဋ္ဌိမောဟဟုသုံးပါးရှိပါသည်။

မေး။ ဤလေးပါးသောတရားတို့ကို အဘယ့်ကြောင့် ယောဂဟု ခေါ်ပါသနည်း။

ဖြေ။ တေဘူမကဝဋ်၌ သတ္တဝါတို့ကို ကံ၏အကျိုးနှင့် ယှဉ်စေ တတ် သောကြောင့် ဝါ ဘဝဟူသော စက်ယန္တရား၌ ကာယိကဒုက္ခ စေတသိကဒုက္ခ နှင့် သတ္တဝါ တို့ကို ယှဉ်စေ တတ်သောကြောင့် ယောဂဟုခေါ်ပါသည်။

မေး။ ဂန္ထ တရား သည် ကိစ္စ တရား ကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ အဘိဇ္ဈာကာယဂန္ထ ဗျာပါဒကာယဂန္ထ သီလဗ္ဗတပရာမာသကာယဂန္ထ ဣဒံသစ္စာဘိနိဝေသကာယဂန္ထဟု ကိစ္စအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့်အဘိဇ္ဈာကာယဂန္ထကားလောဘ ဗျာပါဒကာယဂန္ထကား ဒေါသ အကြွင်းနှစ်ပါးကား ဒိဋ္ဌိဖြစ်၍ သုံးပါးရှိပါသည်။

မေး။ ဤလေးပါးသောတရားတို့ကို အဘယ့်ကြောင့်ဂန္ထဟုခေါ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန်အကြောင်းဖြစ်သော နာမကာယ ရူပ
ကာယနှင့် အနာဂတ်အကျိုးဖြစ်သော နာမကာ
ယ ရူပကာယ နာမရူပကာယကို ဖြေနိုင်ခဲ့သည်
ဖြစ်၍ ရစ်ပတ် တတ်သောကြောင့် ဂန္ထဟု ခေါ်
ပါသည်။

မေး။ ဥပါဒါန်တရားသည် ကိစ္စတရားကိုယ် အားဖြင့်
အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တ
ဝါဒုပါဒါန်ဟု ကိစ္စအားဖြင့် လေးပါး၊ တရား
ကိုယ် အားဖြင့် ကာမုပါဒါန်ကား လောဘ
နောက်သုံးပါးကား ဒိဋ္ဌိဖြစ်၍ နှစ်ပါးရှိပါသည်။

မေး။ ဤလေးပါးသော တရားတို့ကို ဥပါဒါန်ဟုအဘယ့်
ကြောင့်ခေါ်ပါသနည်း။

ဖြေ။ မြွေသည်ဖားသူငယ်ကို မြဲမြန်စွာ စွဲဖမ်းသကဲ့သို့
အာရုံကို မြဲမြန်စွာ စွဲလမ်းတတ်သောကြောင့်
ဥပါဒါန်ဟုခေါ်ပါသည်။

မေး။ နီဝရဏတရားသည် ကိစ္စတရားကိုယ် အားဖြင့်
အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝ
ရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏ
အဝိဇ္ဇာနီဝရဏဟု ကိစ္စအားဖြင့် ခြောက်ပါး
တရား ကိုယ်အားဖြင့် ကာမစ္ဆန္ဒနီဝရဏကား
လောဘ ဗျာပါဒနီဝရဏကားဒေါသ ထိနစေ

တသိက်၊ မိဒ္ဓ စေတသိက်၊ ဉဒ္ဓစ္စ စေတသိက်၊ ကုက္ကုစ္စ စေတသိက် ဝိစိကိစ္ဆာ စေတသိက် အဝိဇ္ဇာနီဝရဏကား မောဟစေတသိက်အားဖြင့် ရှစ်ပါးရှိပါသည်။

မေး။ ။ နှစ်ပါးနှစ်ပါး ကုန်သော ထိနမိဒ္ဓ ဉဒ္ဓစ္စကုက္ကုစ္စ ဟုဆိုအပ် စေတသိက်တို့ကို တခု တခုသော နီဝရဏာအဖြစ်ဖြင့် အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ ကိစ္စ အကြောင်း ဆန့်ကျင်ဘက်တို့ တူသည်၏ အဖြစ်ကြောင့် တရားကိုယ် ပြားသော စေတသိက်တို့ကို တခု တခုသော နီဝ ရဏ အဖြစ် ဖြင့် ဟောတော်မူပါသည်။

မေး။ ထိနမိဒ္ဓ ဉဒ္ဓစ္စ ကုက္ကုစ္စ တို့သည် ကိစ္စအားဖြင့် အဘယ်သို့ တူပါကုန်သနည်း။

ဖြေ။ ထိနမိဒ္ဓတို့သည် စိတ္တုပ္ပါဒ်၏တွန့်ခြင်းသို့ရောက်ခြင်း ကိစ္စအားဖြင့်ရင်း။ ဉဒ္ဓစ္စ ကုက္ကုစ္စတို့သည် စိတ်၏ မငြိမ်သက်ခြင်းကို ပြုခြင်းကိစ္စ အားဖြင့် တူပါသည်။

မေး။ ထိနမိဒ္ဓ ဉဒ္ဓစ္စ ကုက္ကုစ္စတို့သည် အကြောင်းအားဖြင့် အဘယ်သို့တူပါသနည်း။

ဖြေ။ ထိနမိဒ္ဓတို့သည် ပြင်းယိခြင်း၊ ကိုယ်တဆန့်ဆန့် ပြုခြင်း အကြောင်းအားဖြင့်ရင်း၊ ဉဒ္ဓစ္စကုက္ကုစ္စ တို့သည် ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်ကို

ကြံခြင်းဟု ဆိုအပ်သော အကြောင်း အားဖြင့် တူပါသည်။

မေး။ ထိန မိဒ္ဓ ဥဒ္ဒစ္စ ကုက္ကုစ္စတို့သည် ဆန့်ကျင်ဘက် အားဖြင့် အဘယ်သို့တူပါသနည်း။

ဖြေ၊ ထိနမိဒ္ဓတို့သည်ဝီရိယ၏ဆန့်ကျင်ဘက်အားဖြင့် ၎င်း၊ ဥဒ္ဒစ္စကုက္ကုစ္စတို့သည် သမထ ဝိပဿနာ၏ ဆန့်ကျင်ဘက်အားဖြင့်၎င်း တူကြပါသည်။

မေး၊ ဤ၄စ်ပါးသောတရားတို့ကို အဘယ့်ကြောင့် နီဝရဏဟုခေါ်ပါသနည်း။

ဖြေ၊ သမထဝိပဿနာမဂ်အစရှိသည်တို့၏ အဖြစ်ဖြင့် ဖြစ်ထိုက်သောတရားတို့ကို တားမြစ်တတ်သော ကြောင့် နီဝရဏဟုခေါ်ပါသည်။

မေး။ အနုသယတို့သည် ကိစ္စတရားကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမရာဂါနုသယ ဘဝရာဂါနုသယ ပဋိဃာ နုသယ မာနာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနု သယ အဝိဇ္ဇာနုသယဟု ကိစ္စအားဖြင့် ခုနစ်ပါး၊ တရားကိုယ်အားဖြင့်လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ မောဟဟုခြောက်ပါးရှိပါသည်။

မေး၊ ဤခုနစ်ပါးသော တရားတို့ကို အဘယ့်ကြောင့် နုသယဟုခေါ်ပါသနည်း။

ဖြေ။ မဂ်ဖြင့်အကြွင်းမဲ့ မပယ်နိုင်သေးသော ပုဂ္ဂိုလ်၏

အဇ္ဈတ္တသန္တာန်၌ အဘန်တလဲလဲ ကိန်းတတ်ဖြစ်တတ်သောကြောင့် အနုသယဟုခေါ်ပါသည်။

မေး။ သုတ္တန်နည်း အားဖြင့် သံယောဇဉ် တရားသည် ကိစ္စတရားကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမရာဂသံယောဇဉ် ရူပရာဂသံယောဇဉ် အရူပရာဂသံယောဇဉ် ပဋိဃ သံယောဇဉ် မာန သံယောဇဉ်ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ် ဝိစိကိစ္ဆာ သံယောဇဉ် ဥဒ္ဓစ္စ သံယောဇဉ် အဝိဇ္ဇာသံယောဇဉ်ဟု ကိစ္စအားဖြင့် ဆယ်ပါး၊ တရားကိုယ်အားဖြင့် ကာမ ရူပ အရူပသံယောဇဉ်တို့ကား လောဘစေတသိက် ပဋိဃ သံယောဇဉ်ကား ဒေါသ စေတသိက် မာနသံယောဇဉ်ကား မာနစေတသိက် ဒိဋ္ဌိသီလဗ္ဗတသံယောဇဉ်တို့ကား ဒိဋ္ဌိစေတသိက် ဝိစိကိစ္ဆာ သံယောဇဉ်ကား ဝိစိကိစ္ဆာစေတသိက် ဥဒ္ဓစ္စ သံ သံယောဇဉ်ကား ဥဒ္ဓစ္စစေတသိက် အဝိဇ္ဇာ သံယောဇဉ်ကား မောဟ စေတသိက် အားဖြင့် ခုနစ်ပါး ရှိပါသည်။

မေး။ အဘိဓမ္မာ နည်းအားဖြင့် သံယောဇဉ် တို့သည် ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကာမရာဂ သံယောဇဉ် ဘဝရာဂ သံယောဇဉ် ပဋိဃသံယောဇဉ် မာနသံယောဇဉ် ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ် ဝိစိကိစ္ဆာ

သံယောဇဉ် ရာဂသံယောဇဉ် မနုဿရိယ သံယောဇဉ် အဝိဇ္ဇာသံယောဇဉ်ဟု ကိစ္စအားဖြင့် ဆယ်ပါးတရားကိုယ်အားဖြင့် ရှစ်ပါးရှိပါသည်။

မေး၊ နည်းနှစ်ပါးကို ပေါင်း၍ ယူလျှင် တရားကို အဘယ်မျှရှိပါသနည်း။

ဖြေ၊ ကာမ ရူပ အရူပ ကာမ ဘဝ ဤငါးပါး လောဘစေတသိက် ပဋိဃနှစ်ပါးကား ဒေါသစေတသိက် မာနနှစ်ပါးကား မာနစေတသိက် ဒိဋ္ဌိသီလဗ္ဗတလေးပါးတို့ကား ဒိဋ္ဌိစေတသိက် ဝိစိကိစ္ဆာ နှစ်ပါးကား ဝိစိကိစ္ဆာစေတသိက် အဝိဇ္ဇာ နှစ်ပါးကား မောဟစေတသိက် ဥဒ္ဓစ္စစေတသိက် မစ္ဆရိယစေတသိက် ဣဿာစေတသိက် အားဖြင့် တရားကိုယ်နှစ်ပါးပေါင်းကိုးပါးသာရှိပါသည်။

မေး။ ဤကိုးပါးသော တရားတို့ကို အဘဲ့ကြောင့် သံယောဇဉ်ဟု ခေါ်ပါသနည်း။

ဖြေ။ သတ္တဝါတို့ကို သံသရာမှ မထွက် နိုင်အောင် တုပ်နှောင် ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ်ဟုခေါ်ပါသည်။

မေး၊ ယောဂ ဂန္ထသံယောဇဉ် ဤ ၃ မျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တမျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်သဖြင့် သဘောတူဘဲမှတ်ရမည်လော။

ဖြေ။ အဝေးဘုံသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့် ချည်ထားသကဲ့သို့ ချည်နှောင်ဖွဲ့နှောင်တတ်သောသဘောသည် သံယောဇဉ်မည်၏။ သံကွင်းချင်းဖွဲ့ဆက်သကဲ့သို့ ဂုဏ်ပဋိသန္ဓေ ပဋိသန္ဓေ စုတိအားဖြင့် ရုပ်နာမ် အပေါင်းတို့ကို ဖွဲ့ဆက်တတ်သော သဘော ဂန္ထမည်၏။ သစ်စေးဖြင့်ကပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာ သတ္တဝါတို့ကို ယှဉ်စပ် ကပ်ထား တတ်သော သဘောသည် ယောဂမည်၏။ ဤသို့အားဖြင့် အချင်းချင်း သဘောမတူကြပါ။

မေး။ ကိလေသာတို့သည် ကိစ္စတရားကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန မိဒ္ဓ ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟု ကိစ္စတရားကိုယ်အားဖြင့် ဆယ်ပါးစီရှိပါသည်။

မေး။ ဤဆယ်ပါးသော တရားတို့ကို ကိလေသာဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ သတ္တဝါတို့ကို နှိပ်စက်တတ် ပူပန်စေ တတ်သောကြောင့်ကိလေသာဟု ခေါ်ပါသည်။

## မိဿကသင်္ဂဟကိုပြခြင်း။

မေး။ မိဿက သင်္ဂဟ၌ ဟိတ် တို့သည် ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟု ကိစ္စတရားကိုယ်အားဖြင့် ခြောက်ပါးစီ ရှိပါသည်။

မေး။ ဈာန်နှင်တရားတို့သည် ကိစ္စတရားကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဝိတက်ဈာန်နှင် ဝိစာရဈာန်နှင် ပီတိဈာန်နှင် ဧကဂ္ဂတာဈာန်နှင် သောမနဿဈာန်နှင် ဒေါမနဿဈာန်နှင် ဥပေက္ခာဈာန်နှင်ဟု ကိစ္စအားဖြင့် ခုနစ်ပါး၊တရားကိုယ်အားဖြင့် သောမနဿဒေါမနဿ ဥပေက္ခာ ဈာန်နှင်သုံးပါးကို ဝေဒနာ၏ အစွမ်းအားဖြင့်ပေါင်း၍ ငါးပါးရှိပါသည်။

မေး။ မဂ္ဂင်တရားတို့သည် ကိစ္စတရား ကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာ အာဇီဝ မဂ္ဂင်၊ သမ္မာဝါယာမမဂ္ဂင်၊သမ္မာသတိမဂ္ဂင်၊သမ္မာသမာဓိမဂ္ဂင်၊ မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊မိစ္ဆာဝါယာမမဂ္ဂင်၊ မိစ္ဆာသမာဓိ မဂ္ဂင်ဟု ကိစ္စအားဖြင့် ၁၂-ပါး၊ တရားကိုယ်အားဖြင့် သမ္မာဒိဋ္ဌိကား ပညာစေတသိက်၊ သမ္မာ သင်္ကပ္ပကား ဝိတက်စေတသိက်၊ သမ္မာဝါစာကား သမ္မာဝါစာစေတသိက်၊သမ္မာကမ္မန္တကား သမ္မာကမ္မန္တ

စေတသိက်၊ သမ္မာအာဇီဝကား သမ္မာအာဇီဝ
စေတသိက်၊ သမ္မာဝါယမကား ဝီရိယစေတ
သိက်၊ သမ္မာသတိကားသတိစေတသိက်၊ သမ္မာ
သမာဓိကား ဧကဂ္ဂတာစေတသိက်-မိစ္ဆာဒိဋ္ဌိ
ကား ဒိဋ္ဌိစေတသိက် မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါ
ယမ မိစ္ဆာသမာဓိတို့၏ စိတ်၏ တည်ခြင်း
သဘော အားဖြင့် သမ္မာသင်္ကပ္ပ သမ္မာဝါစာ
သမ္မာသမာဓိနှင့်ပေါင်း၍ရေတွက်သည် အစွမ်း
အားဖြင့် ကိုးပါးရှိပါသည်။

မေး။ ဣန္ဒြေတရားတို့သည် ကိစ္စတရား ကိုယ်အားဖြင့်
အဘယ်မျှရှိပါသနည်း။

ဖြေ။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာ
ယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊သု
ခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ဒေါမနဿိန္ဒြေ၊
ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သ
မာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ
အညိန္ဒြေ၊ အညာတာဝိန္ဒြေဟု ကိစ္စအားဖြင့်နှစ်ဆဲ့
နှစ်ပါး တရားကိုယ်အားဖြင့် ငါးပါးသော ဝေ
ဒိန္ဒြေတို့၏ ဝေဒနာခြင်းတူသဖြင့်၎င်း၊ လေးပါး
ကုန်သောပညိန္ဒြေတို့၏ဉာဏ်ခြင်းတူသဖြင့်၎င်း
ဇီဝိတိန္ဒြေကို ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေဟု
နှစ်ပါးယူသဖြင့်၎င်း၊ တရားကိုယ်ပေါင်း ၁၆
ပါးရှိပါသည်။

မေး။ အဘယ်စိတ်နှင့် ယှဉ်သောပညာကို ပညိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ကာမ တိဟိတ်စိတ် တဆယ်နှစ်ပါး၊ မဟဂ္ဂုတ်စိတ် နှစ် ဆဲ့ခုနစ်ပါးတို့ ယှဉ်သော ပညာ ကို ပညိန္ဒြေဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်နှင့်ယှဉ်သော ပညာကို အနညာတညဿာမိတိန္ဒြေဟုခေါ်ပါသနည်း။

ဖြေ။ သောတာပတ္တိ မဂ်စိတ်နှင့် ယှဉ်သောပညာကို အနညာတညဿာမိတိန္ဒြေဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်နှင့် ယှဉ်သောပညာကို အညတာဝိန္ဒြေဟုခေါ်ပါသနည်း။

ဖြေ။ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သောပညာကို အညတာဝိန္ဒြေဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်နှင့် ယှဉ်သောပညာကို အညိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ လောကုတ္တရာအလယ်စိတ်ခြောက်ပါးတို့နှင့်ယှဉ်သောပညာကို အညိန္ဒြေဟုခေါ်ပါသည်။

မေး။ အဓိပတိအစိုးရခြင်းနှင့် ဣန္ဒြေအစိုးရခြင်းသည် အဘယ်သို့ထူးကြပါသနည်း။

ဖြေ။ အဓိပတိအစိုးရခြင်းမှာ တပါးသော အဓိပတိတို့၏ သတ္တိကိုဖြစ်၍ အစိုးရပါသည်။ ဣန္ဒြေအစိုးရခြင်းမှာ တပါးသော ဣန္ဒြေတို့၏ သတ္တိကို

မဖြစ်မူ၍ စင်စစ် အားဖြင့် စက္ခုန္ဒြေ စသည်တို့၏ ဒဿနကိစ္စ စသည်တို့၌ စက္ခုန္ဒြေ စသည်တို့ကို အစဉ်လိုက်စေခြင်းမှုသာ အသုံးရပါသည်၊ ဤသို့အသုံးရခြင်း ထူးကြပါသည်။

မေး။ ဗိုလ်တရားတို့သည် ကိစ္စတရား ကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် အဟိရိကဗိုလ် အနောတ္တပ္ပဗိုလ် ဟု ကိစ္စတရားကိုယ်အားဖြင့် ကိုးပါးစီရှိပါသည်။

မေး။ အဓိပတိတရားသည် ကိစ္စတရား ကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ စိတ္တာဓိပတိ ဝီမံသာဓိပတိ ဟု ကိစ္စအားဖြင့်လေးပါး၊ တရားကိုယ်အားဖြင့် မောဟမူဒွေ ဟသိတုပ္ပါဒ် ဇောကြဉ်သော ဒွိဟိတ် တိဟိတ်ဇော ငါးဆယ် နှစ်ပါး၌ရှိသော ဆန္ဒသည် ဆန္ဒာဓိပတိ မည်၏။ ဝီရိယသည် ဝီရိယ အဓိပတိ မည်၏။ သာဓိပတိ ဇော ၅၂-ပါးသည် စိတ္တာဓိပတိ မည်၏။ မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ်ဇော ရှစ်ပါး၊ အပ္ပနာဇော ၂၆-ပါး အားဖြင့် သုံးဆဲ့လေးပါးသော ဇောတို့၌ ရှိသော ပညာသည် ဝီမံသာ

ဓိပတိမည်၏။ ဤသို့အားဖြင့် တရားကိုယ်လေး ပါးရှိပါသည်။

ခမေး။ အာဟာရသည် ကိစ္စတရား ကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ကဗဠီကာရာဟာရ ဖဿာဟာရ မနောသဥ္စေတနာဟာရ ဝိညာဏာဟာရဟု ကိစ္စအားဖြင့် လေးပါး၊ တရား ကိုယ်အားဖြင့် အာဟာရသ မုဋ္ဌာနိကရုပ်ကိုဆောင်တတ်သောဩဇာသည် ကဗဠီကာရာဟာရမည်၏။ ဝေဒနာသုံးပါးကို ဆောင်တတ်သော ဖဿသည် ဖဿာဟာရ မည်၏။ ပဋိသန္ဓေစိတ် တခုယုတ် နှစ်ဆယ်ကို ဆောင်တတ်သော လောကီ ကုသိုလ် အကု သိုလ်စေတနာနှစ်ဆဲ့ကိုးပါးသည် မနောသဥ္စေ တနာဟာရမည်၏။ ရုပ် နာမ်နှစ်ပါးကိုဆောင် တတ်သော စိတ်တခုယုတ်ကိုးဆယ်သည်ဝိညာ ဏာဟာရမည်၏။ ဤသို့အားဖြင့် လေးပါးရှိ ပါသည်။

ဓမေး။ မိမိတို့ကြောင့် ဖြစ်ကုန်သော အကျိုးတရားတို့ ကို ဆောင်တတ် ကုန် သော တ ပါး သော အ ကြောင်း တ ရား တို့ သ ည် ရှိကုန် လျက် ဖဿစသော တရားတို့ကိုသာလျှင် အာဟာရ ဟု အဘယ့်ကြောင့်ဟောတော်မူပါသနည်း။

ဖြေ။ အရူပဗြဟ္မာတို့က သညာဝန်၌ အစဉ်၏ ထူးသော အကြောင်း ဖြစ်ခြင်းကြောင့် ထိုလေးပါးသော တရားတို့ကိုသာလျှင်အာဟာရဟု ဟောတော်မူပါသည်။

မေး။ ဒွိပဉ္စဝိညာဏ်တဆယ်တို့နှင့်ယှဉ်သော စေတနာ ဝေဒနာတို့သည် အဘယ့်ကြောင့် ဈာန်နှင် မထိုက်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်တို့နှင့်ယှဉ်သော စေတနာသည် ဝိတက်နှင့် ကင်းသော ကြောင့် ဥပေက္ခာ သုခ ဒုက္ခဝေဒနာတို့သည် အာရုံသို့ ကပ်၍ ကြံခြင်းမရှိသောကြောင့် ဈာန်နှင်မရထိုက်ပါ။

မေး။ ဝီရိယနှင့် မယှဉ်သော စိတ်တဆဲ့ခြောက်ခုတို့၌ ရှိသော သမာဓိ သည် အဘယ့်ဗိုလ် မထိုက်ပါ သနည်း။

ဖြေ။ ထို ၁၆ ပါးသော စိတ်တို့နှင့်ယှဉ်သော သမာဓိ သည့်ဝီရိယ ကင်းသည့်ဖြစ်၍ အားနည်းသော ကြောင့်သမာဓိဗိုလ်မထိုက်ပါ။

မေး။ အဟိတ်စိတ်နှင့်ယှဉ်သောဝိတက်၊ဝီရိယ၊စေတနာတို့သည် အဘယ်ကြောင့် မဂ္ဂင် ဣန္ဒြေ ဗိုလ် မထိုက်ပါသနည်း။

အဖြေ။ အဟိတ်စိတ်၌ အလောဘ အစရှိသော သမ္ပ
ယုတ်ဟိတ်တို့နှင့်ယှဉ်ခြင်းမရှိသည်ဖြစ်၍ဟိတ်
ကင်းသောကြောင့် မဂ္ဂင်ဈာန္ဒြေဗိုလ်မထိုက်ပါ။

မေး။ ဝိစိကိစ္ဆာစိတ်နှင့်ယှဉ်သောဧကဂ္ဂတာသည် အ
ဘယ့်ကြောင့် မဂ္ဂင်ဈာန္ဒြေဗိုလ်အဖြစ်သို့ မရောက်
ပါသနည်း။

အဖြေ။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ အဓိမောက္ခ ကင်း
သောကြောင့် ဧကဂ္ဂတာ စေတသိက်သည်
စိတ်၏တည်ကြည်ကာမျှသာဖြစ်၍ မဂ္ဂင် ဈာန္ဒြေ
ဗိုလ်အဖြစ်သို့မရောက်ပါ။

မေး။ ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌ အဓိပတိတို့ကို
တပြိုင်နက် လေးပါးဖြစ်စေ သုံးပါး ဖြစ်စေ
နှစ်ပါး ဖြစ်စေပြိုင်၍ အဓိပတိ ပစ္စည်း အဘယ့်
ကြောင့်မတပ်ပါသနည်း။

အဖြေ။ ပဋ္ဌာန်းပါဠိတော်၌အဓိပတိသမ္ပယုတ္တာနံဓမ္မာနံ
ဟု ဟောတော်မမူဘဲ ဆန္ဒာဓိပတိ ဆန္ဒသမ္ပ
ယုတ္တကာနံ ဓမ္မာနံစသည်ဖြင့် အသီးအသီး ဟော
တော်မူသောကြောင့် တပြိုင်နက်မတပ်ဘဲ တ
ပါးတပါးစီသာ အဓိပတိပစ္စည်းတပ်ပါသည်။

**ဝေါဟာရကွဲသင်္ဂဟကိုပြခြင်း။**

မေး။ သတိ ပဋ္ဌာန်သည် ကိစ္စတရား ကိုယ်အားဖြင့်
အဘယ်မျှရှိပါသနည်း။

အဖြေ။ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿ
နာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်ဟု ကိုးခွအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့် လောကုတ္တရာ စိတ်နှင့် ယှဉ်သော သတိ စေတသိက် တပါး သာဖြစ်ပါသည်။

မေး။ အဘယ်သို့ပွါးခြင်း အောက်မေ့ခြင်းကို ကာယာ နုပဿနာဟုခေါ်ပါသနည်း။

ဖြေ။ ဆံအစ ရှိသော သုံးဆယ်နှစ်ပါးသော ကောဋ္ဌာသတို့၏ အပေါင်းဖြစ်သော ကိုယ်ကို အသုဘဟု အဘန် တလဲလဲ ရှုခြင်း အောက်မေ့ ခြင်းကိုရင်း ထွက်သက် ဝင်သက် ဖြစ်သော လေတို့ကို ထွက်သက် လေ ဝင်သက် လေဟု စီးဖြန်းသော ပရိကံ၏ အစွမ်း အားဖြင့်ရင်း၊ ဝိပဿနာ၏အစွမ်းအားဖြင့်ရင်းအဘန်တလဲလဲ ရှုခြင်းအောက်မေ့ခြင်းသတိကိုကာယာနုပဿ နာသတိပဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ အဘယ်သို့ပွါးခြင်းအောက်မေ့ခြင်းကိုဝေဒနာ နုပဿနာသတိပဋ္ဌာန်ဟုခေါ်ပါသနည်း။

ဖြေ။ ဒုက္ခဝေဒနာ မနသိကာရဟု ဆိုအပ်သော ဇောနှင့် ဒုက္ခသုခဝေဒနာ၊ သောမနဿဝေဒနာဟု ဆိုအပ်သော ဝိပရိနာမဒုက္ခ ဥပေက္ခာဟုဆိုအပ်သော သင်္ခါရဒုက္ခတို့ကို အဘန်တလဲလဲ ရှုခြင်း အောက် မေ့ခြင်းသတိကို ဝေဒနာနုပဿနာသတိပဋ္ဌာန် ဟုခေါ်ပါသည်။

မေး၊ အဘယ်သို့ ရှုခြင်း အောက်မေ့ခြင်းကို စိတ္တာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်ပါသနည်း။

ဖြေ၊ သရာဂစိတ်၊ မဟဂ္ဂုတ်စိတ်တို့၏ အစွမ်းအားဖြင့် သမ္ပယောဂ တည်ရာ၏ အပြား အားဖြင့် ပြားသည်သာလျှင် ဖြစ်ကုန်သော စိတ်တို့ကို အဘန်တလဲလဲရှုခြင်းအောက်မေ့ခြင်းကိုစိတ္တာနုပဿနာသတိပဋ္ဌာန်ဟုခေါ်ပါသည်။

မေး၊ အဘယ်သို့ ရှုခြင်း အောက်မေ့ခြင်းကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်ပါသနည်း။

ဖြေ။ သညာသင်္ခါရဟု ဆိုအပ်ကုန်သော ပြားသောလက္ခဏာရှိသည်သာလျှင်ဖြစ်ကုန်သောတရားတို့ကို လက္ခဏာယဉ် သုံးပါးသို့တင်၍ အဘန်တလဲလဲရှုခြင်း အောက်မေ့ခြင်း သတိကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟုခေါ်ပါသည်။

မေး။ သမ္မပ္ပဓာန်သည် ကိစ္စတရား ကိုယ် အား ဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ဥပ္ပန္နပါပ၊ ပဟာန၊ အနုပ္ပန္နပါပ၊ အနုပ္ပါဒန၊ အနုပ္ပန္န၊ ကုသလုပ္ပါဒန ဥပ္ပန္နကုသလာဘိဝဍ္ဎိဟု ကိစ္စအားဖြင့် လေးပါးတရား ကိုယ်အားဖြင့် လောကုတ္တရာ စိတ်၌ ယှဉ်သော ဝီရိယ စေတသိက်တပါးသာတည်း။

မေး၊ အဘယ်သို့ လုံ့လ ပြုခြင်းကို ဥပ္ပန္နပါပ ပဟာန သတိပဋ္ဌာန်ဟုခေါ်ပါသနည်း။

ဖြေ။ ဖြစ်ကုန်ပြီးသောယုတ်မာကုန်သောအကုသိုလ်တရားတို့ကို တဖန်မဖြစ်စိမ့်သောငှါ လုံ့လပြုသောဝီရိယကိုဥပ္ပန္နပါပ ပဟာနသမ္မပ္ပဓာန်ဟုခေါ်ပါသည်။

မေး။ အဘယ်သို့လုံ့လပြုခြင်းကိုအနုပ္ပန္နပါပ အနုပ္ပါဒနသမ္မပ္ပဓာန်ဟုခေါ်ပါသနည်း။

ဖြေ။ မဖြစ်ကုန်သေးသောယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှါ လုံ့လပြုသောဝီရိယကိုအနုပ္ပန္နပါပအနုပ္ပါဒနသမ္မပ္ပဓာန်ဟုခေါ်ပါသည်။

မေး။ အဘယ်သို့လုံ့လပြုခြင်းကို အနုပ္ပန္န ကုသလုပ္ပါဒနဟုခေါ်ပါသနည်း။

ဖြေ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကိုဖြစ်စိမ့်သောငှါ လုံ့လပြုသော ဝီရိယကို အနုပ္ပန္န ကုသလုပ္ပါဒနဟုခေါ်ပါသည်။

မေး။ အဘယ်ကဲ့သို့ လုံ့လပြုခြင်းကိုဥပ္ပန္န ကုသလာဘိဝုဍ္ဎိဟုခေါ်ပါသနည်း။

ဖြေ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကိုလွန်စွာပွါးများ စိမ့်သောငှါ လုံ့လပြုသော ဝီရိယကို ဥပ္ပန္နကုသလာဘိဝုဍ္ဎိဟုခေါ်ပါသည်။

မေး။ ဣဒ္ဓိပါဒ်သည် ကိစ္စတရား ကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

**ဖြေ။** ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်ဟုကိစ္စအားဖြင့် လေးပါးတရားကိုယ်အားဖြင့် ဆန္ဒ ဝီရိယ လောကုတ္တရာစိတ် ပညာဟု လေးပါးရှိပါသည်။

**မေး။** ဣန္ဒြေသည် ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

**ဖြေ။** သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟု ကိစ္စတရားကိုယ်အားဖြင့် ငါးပါးစီရှိပါသည်။

**မေး။** ဗိုလ် တရားသည် ကိစ္စ တရား ကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

**ဖြေ။** သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟု ကိစ္စ တရားကိုယ်အားဖြင့်ငါးပါး စီ ရှိပါသည်။

**မေး။** ဗောဇ္ဈင်တရားသည် ကိစ္စတရားကိုယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

**ဖြေ။** သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင် ဟု ကိစ္စအားဖြင့် ခုနစ်ပါး တရားကိုယ်အားဖြင့် သတိ ပညာ ဝီရိယ ပီတိ ပဿဒ္ဓိ ဧကဂ္ဂတာ တတြမဇ္ဈတ္တတာစေတသိက်အားဖြင့် ခုနစ်ပါး ရှိပါသည်။

မေး။ မဂ္ဂင်တရားသည် ကိစ္စတရား ကိုယ် အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သမ္မာဒိဋ္ဌိ မဂ္ဂင် သမ္မာသင်္ကပ္ပ မဂ္ဂင် သမ္မာဝါစာ မဂ္ဂင် သမ္မာကမ္မန္တ မဂ္ဂင် သမ္မာအာဇီဝ မဂ္ဂင် သမ္မာဝါယာမမဂ္ဂင် သမ္မာသတိမဂ္ဂင် သမ္မာသမာဓိမဂ္ဂင်ဟု ကိစ္စတရားကိုယ်အားဖြင့် ရှစ်ပါး ရှိပါသည်။

မေး။ ဗောဓိပက္ခိယတရားတို့သည် တရားကိုယ်အား ဖြင့်အဘယ်မျှရှိပါသနည်း။

ဖြေ။ ဆန္ဒစေတသိက် လောကုတ္တရာစိတ် တဗြ မဇ္ဈတ္တတာစေတသိက်သဒ္ဓါစေတသိက်ပဿဒ္ဓိ စေတသိက် ဝီရိယစေတသိက် ပညာစေတ သိက် ဝိတက်စေတသိက် ပီတိစေတသိက် သမ္မာဝါစာ စေတသိက် သမ္မာကမ္မန္တ စေတ သိက် သမ္မာအာဇီဝစေတသိက် ဧကဂ္ဂတာ စေတသိက်သတိစေတသိက်အားဖြင့် ၁၄-ပါး ရှိပါသည်။

မေး။ ဗောဓိပက္ခိယ တရားတို့သည် ကိစ္စအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ သတိ ပဋ္ဌာန် လေးပါး၊ သမ္မ ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါးအားဖြင့် ၃၇ပါး ရှိပါသည်။

မေး။ ဝိတက် ပသာဒ် ဒိတိ တတြမဇ္ဈတ္တတာ ဆန္ဒ လောဘ ကုဿရ စိတ် ဝိရတိ စေတသိက် သုံးခု အားဖြင့် ကိုးပါးသောတရားတို့သည် အဘယ် နှာနတစ်ကုန်သနည်း။

ဖြေ။ ဝိတက် စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် ကိစ္စတပါး တစ်ပါ သည်။ ပသာဒ် စေတသိက် သည် ပသာဒ်သမ္မောဇ္ဈင် ကိစ္စတပါး တစ်ပါ သည်။ ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသမ္မောဇ္ဈင် ကိစ္စတပါးသာ တစ်ပါသည်။ တတြမဇ္ဈတ္တတာ စေတ သိက်သည် ဥပေက္ခာ သမ္မောဇ္ဈင် ကိစ္စ တပါးသာတစ်ပါသည်။ ဆန္ဒစေတသိက်သည် အဓိပ္ပတိ ကိစ္စတပါးသာ တစ်ပါသည်၊ လော ကုဿရ စိတ်သည် စိတ္တာဓိပတိ ကိစ္စတပါးသာ တစ်ပါသည်။ သမ္မာဝါစာစေတသိက်သည် သမ္မာ ဝါစာမဂ္ဂင်ကိစ္စ တပါးသာတစ်ပါသည်။ သမ္မာ ကမ္မန္တစေတသိက်သည်။ သမ္မာကမ္မန္တမဂ္ဂင်ကိစ္စ တပါးသာ တစ်ပါသည် သမ္မာ အာဇီဝစေတ သိက်သည် သမ္မာအာဇီဝ မဂ္ဂင်ကိစ္စတပါးသာ တစ်ပါသည်။ ဤသို့လျှင် ကိုးပါးသောစိတ်စေ တသိက်တို့သည် တကိစ္စ တနှာနစီသာတစ်ပါ သည်၊

မေး။ ဝိရိယစေတသိက်သည် နှာနပေါင်း အဘယ်မျှ တစ်ပါသနည်း။

ဖြေ။ သမ္မပဓာန် လေးဌာန ဝီရိယိန္ဒြိယ ဝီရိယဗလ ဝီရိယသမ္ဗောဇ္ဈင် သမ္မာဝါယာမမဂ္ဂင် အားဖြင့် ဌာနပေါင်း ကိုးဌာန တင်ပါသည်။

မေး။ သတိစေတသိက်သည် ဌာနပေါင်း အဘယ်မျှ တင်ပါသနည်း။

ဖြေ။ သတိပဋ္ဌာန်လေးဌာန သတိန္ဒြေသတိဗိုလ်သတိ သမ္ဗောဇ္ဈင် သမ္မာသမာဓိမဂ္ဂင် အားဖြင့် ဌာန ပေါင်းရှစ်ဌာနတင်ပါသည်။

မေး။ ဧကဂ္ဂတာ စေတသိက် သည် ဌာနပေါင်း အ ဘယ်မျှတင်ပါသနည်း။

ဖြေ။ သမာဓိန္ဒြေ သမာဓိဗိုလ် သမာဓိ သမ္ဗောဇ္ဈင် သမာဓိ မဂ္ဂင် အားဖြင့် ဌာနပေါင်း လေးဌာန တင်ပါသည်။

မေး။ ပညာစေတသိက်သည် ဌာနပေါင်း အဘယ်မျှ တင်ပါသနည်း။

ဖြေ။ ဝိမံသိဣဒ္ဓိပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယ သမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်အားဖြင့်ဌာနပေါင်း ငါးဌာနတင်ပါသည်။

မေး။ သဒ္ဓါစေတသိက်သည် ဌာနပေါင်း အဘယ်မျှ တင်ပါသနည်း။

ဖြေ။ သဒ္ဓိန္ဒြေသဒ္ဓါဗိုလ်အားဖြင့်နှစ်ဌာနတင်ပါသည်။

မေး။ လောကုတ္တရာစိတ် ရှစ်ပါးတို့၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကိုအကုန်ရပါသလော။

ဖြေ။ လောကုတ္တရာ ပဌမဈာန် ရှစ်ပါး တို့၌သာ အကုန်ရပါသည်၊ ဒုတိယဈာန် တတိယဈာန် စိတ်တို့၌ ဝိတက် စေတသိက်ကိုငင်း၊ စတုတ္ထ ဈာန် ပဉ္စမဈာန်စိတ်တို့၌ ပီတိ စေတသိက်ကို ငင်းကြဉ်၍ ၃၆-ပါးသာရပါသည်။

မေး။ လောကီကုသိုလ်စိတ်တို့၌ဗောဓိပက္ခိယတရား တို့ကိုရပါသေးသလော။

ဖြေ။ ခြောက်ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်သောအခါ၌ ယှဉ်သင့်သည့်အားလျော်စွာရပါသေးသည်။

သဗ္ဗသင်္ဂဟကိုပြခြင်း။

မေး။ စတုဘူမိကခန္ဓာတို့ကား၊ အဘယ်မျှ အရေအတွက် ရှိပါသနည်း။

ဖြေ။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာအားဖြင့် ခန္ဓာငါးပါး အရေအတွက် ရှိပါသည်။

မေး။ အဘယ် တရား တို့ကို ရူပက္ခန္ဓာဟု ခေါ်ပါသနည်း။

ဖြေ။ နှစ်ဆယ့်ရှစ်ပါးသောရုပ်တရားတို့ကိုရူပက္ခန္ဓာဟု ခေါ်ပါသည်။

မေး။ အဘယ် တရား တို့ကို ဝေဒနက္ခန္ဓာဟု ခေါ်ပါသနည်း။

ဖြေ။ ဝေဒနာစေတသိက်ကို ဝေဒနက္ခန္ဓာဟု ခေါ်ပါသည်။

မေး။ အဘယ် တရား တို့ကို သညာက္ခန္ဓာဟု ခေါ်ပါသနည်း။
ဖြေ။ သညာစေတသိက်ကို သညာက္ခန္ဓာဟု ခေါ်ပါသည်။
မေး။ အဘယ်တရားတို့ကို သင်္ခါရက္ခန္ဓာဟု ခေါ်ပါသနည်း။
ဖြေ။ ဝေဒနာသညာမှ ကြွင်းသော ငါးဆယ်သော စေတသိက် တို့ကို သင်္ခါရက္ခန္ဓာဟု ခေါ်ပါသည်။
မေး။ အဘယ်တရားတို့ကို ဝိညာဏက္ခန္ဓာဟုခေါ်ပါသနည်း။
ဖြေ။ စိတ်တခု ယုတ်ကိုးဆယ်သော တရား တို့ကို ဝိညာဏက္ခန္ဓာဟု ခေါ်ပါသည်။
မေး။ ရုပ်-ဝေဒနာ-သညာစသောတရားတို့ကို ခန္ဓာဟုအဘယ့်ကြောင့် ခေါ်ပါသနည်း။
ဖြေ။ ရုပ်-ဝေဒနာ-သညာစသော တရား တို့ကို အပေါင်းအစုပြု၍ပြသောကြောင့် ခန္ဓာဟုခေါ်ပါသည်။
မေး။ ဝေဒနာ-သညာတို့၌ အပေါင်းအစုမရှိ၊ တခုသာဖြစ်သောကြောင့် ခန္ဓာဟု မခေါ်သင့်သည် မဟုတ်ပါလော။
ဖြေ။ သုခဝေဒနာ- ဒုက္ခဝေဒနာ- ဥပေက္ခာဝေဒနာဟူ၍ အတိတ်စသော တဆဲ့တပါးသော အရာ

တို့၌ ဝေဘန်အပ်သောစတုဘူမကဝေဒနာအစု
ကိုပေါင်း၍ ခန္ဓာဟုဆိုသောကြောင့် ခေါ်သင့်
ပါသည်။
(သညာခန္ဓလည်းစက္ခုသမ္ဖဿဇာသညာ၊သော
တသမ္ဖဿဇာသညာ၊ဃာနသမ္ဖဿဇါသညာ
ဇိဝှါသမ္ဖဿဇာသညာ၊ ကာယသမ္ဖဿဇာ
သညာ၊ မနောသမ္ဖဿဇာသညာဟူ၍-ထိုတဆဲ့
တပါးသောအရာတို့၌ ဝေဘန်အပ်သော စတု
ဘူမကသညာအစုကိုပေါင်း၍ခန္ဓာဟုဆိုသော
ကြောင့်ခေါ်သင့်ပါသည်။)

မေး။ ဥပါဒါန်၏ အာရုံဖြစ်သော၊ တိဘူမက ခန္ဓာ
တို့ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပုပါဒါနက္ခန္ဓာ- ဝေဒနူပါဒါနက္ခန္ဓာ - သညု
ပါဒါနက္ခန္ဓာ - သင်္ခါရုပါဒါနက္ခန္ဓာ—ဝိညာဏု
ပါဒါနက္ခန္ဓာအားဖြင့် ငါးပါးရှိပါသည်။

မေး။ အဘယ်တရားတို့ကို ဝိညာဏုပါဒါနက္ခန္ဓာဟု
ခေါ်ပါသနည်း။

ဖြေ။ ဥပါဒါန်၏အာရုံဖြစ်သော လောကီစိတ် ရှစ်ဆဲ့
တပါးကို ဝိညာဏုပါနက္ခန္ဓာဟု ခေါ်ပါသည်။

မေး။ ဝေဒနာ-သညာတို့ကို ခန္ဓာအသီးအခြားပြု၍၊
အဘဲ့ကြောင့်ဟောတော်မူပါသနည်း။

ဖြေ။ ဝဋ်တရားတို့၌ သာယာခြင်း ထိုသာယာ ခြင်း၏
အကြောင်း ဖြစ်ခြင်းကြောင့် ထိုနှစ်ပါးသော

တရားတို့ကိုသာလျှင်၊ ခန္ဓာအသီးပြု၍ ဟောတော်မူပါသည်။

မေး။ အာယတနတို့သည် အဘယ်မျှရှိပါသနည်း။

ဖြေ။ ခြောက်ပါးသောဒွါရ-ခြောက်ပါးသောအာရုံတို့၏အပြားအားဖြင့် အာယတန တဆဲ့နှစ်ပါးရှိပါသည်။

မေး။ ထိုတဆဲ့နှစ်ပါးတို့ကို အဘဲ့ကြောင့် အာယတနဟုခေါ်ပါသနည်း။

ဖြေ။ ရှည်စွာသော သံသရာ ဆင်းရဲကို ဖြစ်စေတတ်သောကြောင့်ရင်း၊ စက္ခုဝိညာဏ်စသည်တို့၏တည်ရာဖြစ်သောကြောင့် အာယတနဟုခေါ်ပါသည်။

မေး။ အာယတန တဆဲ့နှစ်ပါး၏ အရသာချပ်ကို ရေတွက်ပြစမ်းပါ။

ဖြေ။ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယတန မနာယတန ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖေါဋ္ဌဗ္ဗာယတန ဓမ္မာယတနအားဖြင့် အာယတနတဆဲ့နှစ်ပါးရှိပါသည်။

မေး။ အဘယ်ပသာဒရုပ်ကို စက္ခာယတနဟုခေါ်ပါသနည်း။

ဖြေ။ စက္ခုပသာဒရုပ်ကို စက္ခာယတနဟု ခေါ်ပါသည်။

မေး။ အဘယ်ပသာဒရုပ်ကို သောတာယတနဟု ခေါ်ပါသနည်း။
ဖြေ။ သောတ ပသာဒရုပ်ကို သောတာ ယတနဟု ခေါ်ပါသည်။
မေး။ အဘယ်ပသာဒရုပ်ကို ဃာနာယတနဟုခေါ်ပါသနည်း။
ဖြေ။ ဃာနပသာဒရုပ်ကို ဃာနာယတနဟု ခေါ်ပါသည်။
မေး။ အဘယ်ပသာဒရုပ်ကို ဇိဝှါယတနဟု ခေါ်ပါသနည်း။
ဖြေ။ ဇိဝှါပသာဒရုပ်ကို ဇိဝှါယတနဟုခေါ်ပါသည်။
မေး။ အဘယ်ပသာဒရုပ်ကို ကာယာယတနဟု ခေါ်ပါသနည်း။
ဖြေ။ ကာယပသာဒရုပ်ကို ကာယာယတနဟုခေါ်ပါသည်။
မေး။ အဘယ်စိတ်ကို မနာယတနဟု ခေါ်ပါသနည်း။
ဖြေ။ စိတ်တခုယုတ်ကိုးဆယ်ကို မနာယတနဟု ခေါ်ပါသည်။
မေး။ အဘယ်အာရုံကို ရူပါယတနဟုခေါ်ပါသနည်း။
ဖြေ။ ရူပါရုံကို ရူပါယတနဟု ခေါ်ပါသည်။
မေး။ အဘယ်အာရုံကိုသဒ္ဒါယတနဟုခေါ်ပါသနည်း။
ဖြေ။ သဒ္ဒါရုံကို သဒ္ဒါယတနဟု ခေါ်ပါသည်။
မေး။ အဘယ်အာရုံကို ဂန္ဓာယတနဟုခေါ်ပါသနည်း။

ဖြေ။ ဂန္ဓရုံကို ဂန္ဓာယတနဟု ခေါ်ပါသည်။
မေး။ အဘယ်အာရုံကိုရသာယတနဟုခေါ်ပါသနည်း။
ဖြေ။ ရသာရုံကို ရသာယတနဟု ခေါ်ပါသည်။
မေး။ အဘယ်အာရုံကို ဖောဋ္ဌဗ္ဗာယတနဟု ခေါ်ပါသနည်း။
ဖြေ။ ပထဝီ တေဇော - ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကိုဖောဋ္ဌဗ္ဗာယတနဟုခေါ်ပါသည်။
မေး။ အဘယ် တရားတို့ကို ဓမ္မာယတနဟု ခေါ်ပါသနည်း။
ဖြေ။ စေတသိက်ငွေပညာသ-သုခုမရုပ် သောဠသ နိဗ္ဗာန်ကို ဓမ္မာယတနဟု ခေါ်ပါသည်။
မေး။ ဓါတ်တို့သည် အရေအတွက် အဘယ်မျှ ရှိပါသနည်း။
ဖြေ။ ခြောက်ပါးသောဒွါရ-ခြောက်ပါးသော အာရုံ ထိုဒွါရအာရုံကို မှီ၍ဖြစ်သော ဝိညာဏ်အစဉ် ဖြင့် ဓါတ်သည် တဆဲ့ရှစ်ပါးရှိပါသည်။
မေး။ ထိုတဆဲ့ရှစ်ပါးသောတရားတို့ကို အဘဲ့ကြောင့် ဓါတ်ဟုခေါ်ပါသနည်း။
ဖြေ။ မိမိ အနက် သဘောကို ဆောင်တတ်သော ကြောင့်ရင်း၊ ဝါ-များသော အပြား ရှိသော သံသရာဝဋ်ဆင်းရဲကိုစီရင်တတ်သောကြောင့် ဓါတ်ဟု ခေါ်ပါသည်။

မေး။ ဓါတ်တဆဲ့ရှစ်ပါးအရ သရုပ်ကို ရေတွက်၍ပြ စမ်းပါ။

ဖြေ။ စက္ခုဓါတ် သောတဓါတ်၊ ဃာနဓါတ်၊ ဇိဝှါ ဓါတ်၊ ကာယဓါတ်၊ ရူပဓါတ်၊ သဒ္ဒဓါတ်၊ ဂန္ဓ ဓါတ်၊ ရသဓါတ်၊ ဖောဋ္ဌဗ္ဗဓါတ်၊ စက္ခုဝိညာဏ ဓါတ်၊ သောတဝိညာဏဓါတ်၊ ဃာနဝိညာဏ ဓါတ်၊ ဇိဝှါဝိညာဏဓါတ်၊ ကာယဝိညာဏဓါတ် မနောဓါတ်၊ ဓမ္မဓါတ်၊ မနောဝိညာဏဓါတ် အားဖြင့် တဆဲ့ရှစ်ပါးဖြစ်ပါသည်။

မေး။ အဘယ် ပသာဒရုပ်ကို စက္ခုဓါတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ စက္ခုပသာဒရုပ်ကိုစက္ခုဓါတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ပသာဒရုပ်ကို သောတဓါတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ သောတပသာဒရုပ်ကို သောတဓါတ်ဟုခေါ်ပါ သည်။

မေး။ အဘယ် ပသာဒရုပ်ကို ဃာနဓါတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ ဃာနပသာဒရုပ်ကို ဃာနဓါတ်ဟုခေါ်ပါသည်။

မေး။ အဘယ် ပသာဒရုပ်ကို ဇိဝှါဓါတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ ဇိဝှါပသာဒရုပ်ကို ဇိဝှါဓါတ်ဟု ခေါ်ပါသည်

မေး။ အဘယ်ပသာဒရုပ်ကို ကာယဓါတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကာယပသာဒရုပ်ကို ကာယဓါတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ရူပဓါတ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဆင်းဟူသော ရူပါရုံကို ရူပဓါတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို သဒ္ဒဓါတ်ဟု ခေါ်ပါသနည်း။

ဖြေ။ အသံဟူသော သဒ္ဒါရုံကို သဒ္ဒဓါတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ဂန္ဓဓါတ်ဟု ခေါ်ပါသနည်း။

ဖြေ။ အနံ့ဟူသော ဂန္ဓာရုံကို ဂန္ဓဓါတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ရသဓါတ်ဟုခေါ်ပါသနည်း။

ဖြေ။ အရသာ ဟူသော ရသာ ရုံကို ရသဓါတ်ဟု ခေါ်ပါသည်။

မေး။ အဘယ် အာရုံကို ဖောဋ္ဌဗ္ဗ ဓာတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံကို ဖောဋ္ဌဗ္ဗဓာတ် ဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို စက္ခုဝိညာဏဓာတ်ဟုခေါ်ပါ သနည်း။

ဖြေ။ စက္ခုဝိညာဏ်ဒွေ စက္ခုဝိညာဏဓာတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို သောတဝိညာဏဓာတ်ဟုခေါ်ပါသနည်း။

ဖြေ။ သောတဝိညာဏ်ဒွေကို သောတဝိညာဏဓာတ်ဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို ဃာနဝိညာဏဓာတ်ဟုခေါ်ပါသနည်း။

ဖြေ။ ဃာနဝိညာဏ်ဒွေကို ဃာနဝိညာဏဓာတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို ဇိဝှါဝိညာဏဓာတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဇိဝှါဝိညာဏ်ဒွေကို ဇိဝှါဝိညာဏဓာတ် ဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို ကာယဝိညာဏဓာတ်ဟုခေါ်ပါသနည်း။

ဖြေ။ ကာယဝိညာဏ်ဒွေကို ကာယဝိညာဏဓာတ်ဟုခေါ်ပါသည်။

မေး။ အဘယ်စိတ်ကို မနောဓာတ်ဟုခေါ်ပါသနည်း။

ဖြေ။ ပဉ္စဒွါရဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေကို မနောဓာတ်ဟုခေါ်ပါသည်။

မေး။ အဘယ် တရားတို့ကို ဓမ္မဓာတ်ဟု ခေါ်ပါသနည်း။

ဖြေ။ စေတသိက်ဒွေပညာသသ သုခုမရုပ် သောဠသ နိဗ္ဗာန်ကို ဧမ္မာခတ်ဟုခေါ်ပါသည်။

မေး။ အဘယ် စိတ်တို့ကို မနောဝိညာဏ ဓာတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ်တဆယ် ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေကြဉ်သော ခုနစ်ဆဲ့ခြောက်ပါးသော စိတ်တို့ကို မနောဝိညာဏ ဓာတ်ဟု ခေါ်ပါ သည်။

မေး။ အရိယာ သစ္စာတို့သည် အဘယ်မျှ အရေအတွက်ရှိပါသနည်း။

ဖြေ။ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂ သစ္စာဟု လေးပါးရှိပါသည်။

မေး။ အဘယ် တရားတို့ကို ဒုက္ခ သစ္စာဟု ခေါ်ပါ သနည်း။

ဖြေ။ လောကီစိတ်ရှစ်ဆဲ့တပါး၊ လောဘကြဉ်သော စေတသိက်ငါးဆဲ့တပါး ရုပ်နှစ်ဆဲ့ရှစ်ပါးတို့ကို ဒုက္ခသစ္စာဟုခေါ်ပါသည်။

မေး။ အဘယ်တရားတို့ကို သမုဒယသစ္စာဟု ခေါ်ပါ သနည်း။

ဖြေ။ လောဘစေတသိက်ကို သမုဒယသစ္စာဟု ခေါ် ပါသည်။

မေး။ အဘယ် တရားကို နိရောဓ သစ္စာဟု ခေါ်ပါ သနည်း။

ဖြေ။ အသင်္ခတဓာတ် ဖြစ်သောနိဗ္ဗာန်ကို နိရောဓသစ္စာဟုခေါ်ပါသည်။

မေး။ အဘယ် တရားတို့ကို မဂ္ဂသစ္စာဟု ခေါ်ပါသနည်း။

ဖြေ။ မဂ်စိတ် လေးခုနှင့် ယှဉ်သော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးတို့ကို မဂ္ဂသစ္စာဟုခေါ်ပါသည်။

မေး။ လောဘမှတပါးကုန်သော ဒုက္ခ၏ အကြောင်းဖြစ်ကုန်သော တရားတို့သည် ရှိကုန်လျက် လောဘစေတသိက်ကိုသာလျှင် သမုဒယသစ္စာဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ လောဘသည် ဆင်းရဲခြင်း၏ ထူးသော အကြောင်းဖြစ်သောကြောင့် လောဘကိုသာလျှင် သမုဒယသစ္စာဟု ဟောတော်မူပါသည်။

မေး။ ထိုလေးပါးသော သစ္စာတို့ကို အရိယသစ္စာဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ထိုလေးပါးသောသစ္စာတို့သည် အရိယာ၏ အဖြစ်ကိုပြုတတ်သောကြောင့် ဝါ-အရိယာတို့၏ ဥက္ကာဖြစ်သောကြောင့် အရိယာသစ္စာဟု ခေါ်ပါသည်။

မေး။ မဂ်စိတ္တုပ္ပါဒ် ၂၉-ခု ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု တို့သည် အဘယ်သစ္စာထိုက်ပါသနည်း။

ဖြေ။ အဘိဓမ္မာ အလို အားဖြင့် သင်္ဂဟ လေးပါးမှ လွတ်သောကြောင့် သင်္ဂဟဝိမုတ်ဖြစ်ပါသည်။ သုတ္တန်အလို အားဖြင့် ဖိုလ်စိတ်လေးခု၌ ယှဉ်သော သမ္မာဒိဋ္ဌိစသော ရှစ်ပါးသော တရားတို့သည် သဒိသူပစာရဏ အားဖြင့် မဂ္ဂသင်္ဂဟ ထိုက်ပါသည် မဂ်စိတ္တုပ္ပါဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၂၉ ခု တို့သည်သင်္ခါရဒုက္ခအားဖြင့်တူသည်ဖြစ်၍သဒိ သူပစာရဏအားဖြင့် မဂ္ဂသင်္ဂဟထိုက်ပါသည်။

မေး။ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေ အတွက်မှ အဘယ့်ကြောင့် လွတ်ပါသနည်း။

ဖြေ။ နိဗ္ဗာန်သည် ဗာဟိရ ပဏီတ သုခုမ ဒူရတရား ဖြစ်၍ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တိက ဗာဟိရ သုခုမ ဩဠာရိက ဟီနပဏီတ ဒူရအာ သန္န အားဖြင့် အပြား မရှိသောကြောင့် ခန္ဓာ ဟူသော အရေအတွက်မှလွတ်ပါသည်။

မေး။ သတ္တဝိညာဏ ဓာတ်တို့သည် အဘယ်အာယ တနကပြားပါသနည်း။

ဖြေ။ မနာယတနတပါးက ဝိညာဏဓာတ် ခုနစ်ပါး ပြားပါသည်။

(သမုစ္စည်းပိုင်းပြီး၏။)

# ပစ္စည်းပိုင်း။

## ပစ္စယသင်္ဂဟကိုပြခြင်း။

မေး။ ပစ္စယသင်္ဂဟ၌ နည်းအားဖြင့်ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပဋိစ္စသမုပ္ပါဒ်နည်းပဋ္ဌာန်းနည်းအားဖြင့်နှစ်ပါးရှိပါသည်။

မေး။ ထိုနည်းနှစ်ပါးတို့သည် အဘယ်သို့ ထူးကြပါသနည်း။

ဖြေ။ ပစ္စုပ္ပန္နဓမ္မ၏ဖြစ်သော အခြင်းအရာမျှကို စွဲ၍ ဖြစ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏၊ ပစ္စယသတ္တိကိုစွဲ၍ ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်းမည်၏၊ ဤကား သင်္ခေပ ဝဏ္ဏနာဆရာ အလိုတည်း၊ အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိကုန်သော သင်္ခါရ အစရှိကုန်သော အကျိုးတရားတို့၏ ဖြစ်ခြင်းဟုဆိုအပ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သော နည်းသည် ပဋိစ္စ သမုပ္ပါဒ်နည်းမည်၏၊ အကျိုးကိုပြီးစေတတ်သောအထူးပြီးစေ၍ဖြစ်သောပစ္စည်းဟုဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဖြစ်သော နည်းသည် ပဋ္ဌာန်းနည်းမည်၏၊ ဤကား ဋီကာကျော်အလိုတည်း။ ဤသို့နည်းနှစ်ပါးထူးကြပါသည်။

မေး။ အဘယ်နည်းသည် ပဋိစ္စသမုပ္ပါဒ် နည်းမည်ပါသနည်း။

ဖြေ။ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊သဠာယတနပစ္စယာဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာဇာတိ၊ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိဟုဟောတော်မူအပ်သော နည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်ပါသည်။

မေး။ အဘယ်တရားကို အဝိဇ္ဇာဟုခေါ်ပါသနည်း။

ဖြေ။ သစ္စာလေးပါးတို့ကိုမသိမမြင်နိုင်အောင်သတ္တဝါတို့အား ဖုံးလွှမ်းတတ်သော မောဟကို အဝိဇ္ဇာဟုခေါ်ပါသည်။

မေး။ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဟုသုံးပါးရှိပါသည်။

မေး။ အဘယ်သင်္ခါရကို ပုညာဘိသင်္ခါရဟု ခေါ်ပါသနည်း။

ဖြေ။ မဟာကုသိုလ် စေတနာ ရှစ်ပါး၊ ရူပကုသိုလ် စေတနာငါးပါးအားဖြင့်စေတနာတဆဲ့သုံးပါးကို ပုညာဘိသင်္ခါရဟုခေါ်ပါသည်။

မေး။ အဘယ်သင်္ခါရကို အပုညာဘိသင်္ခါရဟု ခေါ်ပါသနည်း။

ဖြေ။ အကုသိုလ်စေတနာတဆဲ့နှစ်ပါးကို အပုညာဘိသင်္ခါရဟုခေါ်ပါသည်။

မေး။ အဘယ်သင်္ခါရကို အနေဉ္စာဘိသင်္ခါရဟု ခေါ်ပါသနည်း။

ဖြေ။ အရူပ ကုသိုလ်စေတနာလေးခုကို အာနေဉ္စာဘိသင်္ခါရဟုခေါ်ပါသည်။

မေး။ သင်္ခါရကြောင့် ဖြစ်သော ဝိညာဏ် ဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်တခုယုတ်နှစ်ဆယ်ကိုရင်း၊ ပဝတ္တိအခါ လောကီဝိပါက်ဗတ္တိံသ(၃၂)ပါးကိုရင်း ဝိညာဏ်ဟုခေါ်ပါသည်။

မေး။ ဝိညာဏ်ကြောင့် ဖြစ်သော နာမ် ရုပ်ဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ စေတသိက်ဒွိပညာသ ရုပ်အဋ္ဌဝီသကို နာမ်ရုပ်ဟုခေါ်ပါသည်။

မေး။ နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ စိတ်တုပ္ပတ္တ် ကိုးဆယ် ပသာဒရုပ် ငါးပါးကို သင္ဃာယတနဟုခေါ်ပါသည်။

မေး။ သင်္ဃာယတနကြောင့် ဖြစ်သော ဖဿဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ စက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿ အားဖြင့် ခြောက်ပါးသောတရားတို့ကို ဖဿ ဟုခေါ်ပါသည်။

မေး။ ဖဿကြောင့် ဖြစ်သော ဝေဒနာဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ သုခ ဝေဒနာ ဒုက္ခ ဝေဒနာ ဥပေက္ခာ ဝေဒနာ အားဖြင့် သုံးပါးသောတရားတို့ကို ဝေဒနာဟု ခေါ်ပါသည်။

မေး။ ဝေဒနာကြောင့် ဖြစ်သော တဏှာဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးပါးကိုတဏှာဟုခေါ်ပါသည်။

မေး။ အဘယ်တဏှာကို ကာမ တဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါရုံစသော အာရုံခြောက်ပါးကို တပ်တတ်သောတဏှာကို ကာမတဏှာဟုခေါ်ပါသည်။

မေး။ အဘယ် တဏှာကို ဘဝ တဏှာဟု ခေါ်ပါသနည်း။

ဖြေ။ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သောတဏှာကို ဘဝတဏှာဟုခေါ်ပါသည်။

မေး။ အဘယ်တဏှာကို ဝိဘဝတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာကို ဝိဘဝတဏှာဟုခေါ်ပါသည်။

မေး။ တဏှာကြောင့်ဖြစ်သော ဥပါဒါန်ဟူသည် အဘယ်တရားကိုခေါ်ပါသနည်း။

ဖြေ။ လောဘ ဒိဋ္ဌိတရားနှစ်ပါးကို ဥပါဒါန်ဟု ခေါ်ပါသည်။

မေး။ ဥပါဒါန်ကြောင့်ဖြစ်သော ဘဝသည် အဘယ်မျှပြားပါသနည်း။

ဖြေ။ ကမ္မဘဝ ဥပပတ္တိဘဝအားဖြင့် နှစ်ပါးပြားပါသည်။

မေး။ အဘယ် စေတနာကို ကမ္မဘဝဟု ခေါ်ပါသနည်း။

ဖြေ။ အကုသိုလ်စိတ်ဒွါဒသ လောကီကုသိုလ် သတ္တရသနှင့်ယှဉ်သော စေတနာတချယုတ်သုံးဆယ် (၂၉)ကို ကမ္မဘဝဟုခေါ်ပါသည်။

မေး။ ဥပပတ္တိဘဝကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာ

ရာဘဝအားဖြင့် ဥပပတ္တိဘဝသည် ကိုးပါးရှိ ပါသည်။

မေး။ အဘယ် တရား တို့ကို ကာမဘဝဟု ခေါ်ပါ သနည်း။

ဖြေ။ ကာမဝိပါက် တေဝီသ (၂၃) ကမ္မဇရုပ်ဝီသ (၂၀)တို့ကို ကာမဘဝဟုခေါ်ပါသည်။

မေး။ အဘယ်တရားတို့ကိုရူပဘဝဟုခေါ်ပါသနည်း။

ဖြေ။ ရူပဝိပါက်ငါးခု ကမ္မဇရုပ်ပန္နရသကို ရူပဘဝဟုခေါ်ပါသည်။

မေး။ အဘယ်တရားတို့ကို အရူပဘဝ စတုဝေါကာရဘဝဟု ခေါ်ပါသနည်း။

ဖြေ။ အရူပါဝစရဝိပါက်စိတ် လေးပါးတို့ကို အရူပဘဝ စတုဝေါကာရဘဝဟု ခေါ်ပါသည်။

မေး။ အဘယ် တရား တို့ကို သညီဘဝဟု ခေါ်ပါ သနည်း။

ဖြေ။ နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက်ဒွတ္တိံသ ကမ္မဇရုပ်ဝီသတို့ကို သညီဘဝဟုခေါ်ပါသည်။

မေး။ အဘယ် တရားတို့ကို အသညီဘဝ ဧကဝေါကာရဘဝဟု ခေါ်ပါသနည်း။

ဖြေ။ ဇီဝိတနဝကကလာပ်ရုပ်ကို အသညီဘဝ ဧကဝေါကာရဘဝဟုခေါ်ပါသည်။

မေး။ အဘယ်တရားကို နေဝသညီနာသညီ ဘဝဟု ခေါ်ပါသနည်း။

ဖြေ။ နေဝသညာ နာသညာယတန ဝိပါက်စိတ်ကို နေဝသညီနာသညီဘဝဟုခေါ်ပါသည်။

မေး။ အဘယ်တရားတို့ကို ပဉ္စဝေါကာရဘဝဟုခေါ် ပါသနည်း။

ဖြေ။ ကာမဝိပါက်တေဝီသ ရူပဝိပါက်ငါးခု ကမ္မဇ ရုပ်ဝိသတို့ကို ပဉ္စဝေါကာရ ဘဝဟု ခေါ်ပါ သည်။

မေး။ ဘဝကြောင့်ဖြစ်သော ဇာတိဟူသည် အဘယ် တရားကိုခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာလေးပါး နိပ္ဖန္နရုပ်အဋ္ဌာရသတို့၏ဖြစ် ဆဲကို ဇာတိဟုခေါ်ပါသည်။

မေး။ ဇာတိကြောင့်ဖြစ်သော ဇရာဟူသည် အဘယ် တရားကိုခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာလေးပါး နိပ္ဖန္နရုပ်အဋ္ဌာရသတို့၏ရင့် ဆဲကို ဇ ရာဟုခေါ်ပါသည်။

မေး။ ဇာတိကြောင့် ဖြစ်သော မရဏဟူသည် အ ဘယ်တရားကို ခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာ လေးပါး နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ပျက်ဆဲကို မရဏဟု ခေါ်ပါသည်။

မေး။ အဘယ်တရားကိုသောကဟု ခေါ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ့၌ ရှိသော ဒေါမနဿ ဝေဒနာကို သောကဟု ခေါ်ပါသည်။

မေး။ အဘယ်တရားကို ပရိဒေဝဟုခေါ်ပါသနည်း။

ဖြေ။ ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် ဖြစ်သော ငိုကြွေးမည် တန်းသောအခြင်းအရာဖြင့်ဖြစ်သောစိဘ္ဘုဇ ဝိပလ္လာသသဒ္ဒကို ပရိဒေဝဟုခေါ်ပါသည်။

မေး။ အဘယ်တရားကိုဒုက္ခဟုခေါ်ပါသနည်း။

ဖြေ။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်ကို ဒုက္ခဟုခေါ်ပါသည်။

မေး။ အဘယ်တရားကိုဒေါမနဿဟု ခေါ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ့၌ရှိသော ဝေဒနာ စေတသိက်ကို ဒေါမနဿဟုခေါ်ပါသည်။

မေး။ အဘယ်တရားကိုဥပါယာသဟုခေါ်ပါသနည်း။

ဖြေ။ ညာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သောသူအားလွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည်နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ့၌ရှိသော ဒေါသစေတသိက်ကို ဥပါယာသဟု ခေါ်ပါသည်။

မေး။ ပဋိစ္စသမုပ္ပါဒ်ဘို့သည် ကာလအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ အတိတ်ကာလအနာဂတ်ကာလပစ္စုပ္ပန်ကာလဟုသုံးပါးရှိပါသည်။

မေး။ အဘယ်တရားတို့ကို အတိတ် ကာလဟု ခေါ်ပါသနည်း။
ဖြေ။ အဝိဇ္ဇာသင်္ခါရတရားတို့ကို အတိတ်ကာလဟု ခေါ်ပါသည်။
မေး။ အဘယ်တရားတို့ကိုအနာဂါတ်ကာလဟု ခေါ်ပါသနည်း။
ဖြေ။ ဇာတိဇရာမရဏာ တို့ကို အနာဂါတ် ကာလဟု ခေါ်ပါသည်။
မေး။ အဘယ်တရားတို့ကို ပစ္စုပ္ပန်ကာလဟုခေါ်ပါသနည်း။
ဖြေ။ တဏှာ ဥပါဒါန်ဘဝတို့ကို ပစ္စုပ္ပန်ကာလ ဟု ခေါ်ပါသည်။
မေး။ ပဋိစ္စသမုပ္ပါဒ်တို့သည် အင်္ဂါအားဖြင့် အဘယ်မျှ ရှိပါသနည်း။
ဖြေ။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏာဟု အင်္ဂါအားဖြင့် တဆဲ့နှစ်ပါးရှိပါသည်။
မေး။ သောကစသော တရားတို့ကို အင်္ဂါ၏ အဖြစ်ဖြင့် အဘယ့်ကြောင့်မဆိုပါသနည်း။
ဖြေ။ သောကစသောတရားတို့သည် ဇာတိ၏အကျိုးဆက်မျှသာ ဖြစ်၍ မချ အကျိုး တရားမဟုတ်သောကြောင့် အင်္ဂါ၏အဖြစ်ဖြင့်မဆိုပါ။

မေး။ အဝိဇ္ဇာသင်္ခါရကိုယူသဖြင့် တဏှာဥပဒါန်ဘဝကို အဘယ့်ကြောင့်ယူပါသနည်း။
ဖြေ။ တဏှာ ဥပါဒါန်တို့သည် အဝိဇ္ဇာနှင့် ကိလေသာခြင်း တူသောကြောင့်၎င်း၊ ကမ္မဘဝသည် သင်္ခါရနှင့်ကံခြင်းတူသောကြောင့်၎င်း၊တဏှာ ဥပါဒါန်ဘဝကို ယူပါသည်။
မေး။ ဇာတိဇရာ မရဏကို ယူသဖြင့် ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာတို့ကို အဘယ့်ကြောင့် ယူရပါသနည်း။
ဖြေ။ ဇာတိဇရာ မရဏတို့သည် ဝိညာဏ် စသည်တို့၏ ဖြစ်ဆဲ ရင့်ဆဲ-ပျက်ဆဲ မျှသာ ဖြစ်သောကြောင့် ဇာတိ ဇရာ မရဏကို ယူသဖြင့် ဝိညာဏ်စသည်ကိုလည်း ယူရပါသည်။
မေး။ ပဋိစ္စသမုပ္ပါဒ် တရားတို့သည်၊ အခြင်း အရာအားဖြင့် အဘယ်မျှရှိပါသနည်း။
ဖြေ။ အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်း ငါးပါး၊ အနာဂါတ်အကျိုးငါးပါး အားဖြင့် အခြင်းအရာ နှစ်ဆယ်ရှိပါသည်။
မေး။ အဘယ်တရားတို့ကို အတိတ်အကြောင်း ငါးပါးဟု ခေါ်ပါသနည်း။
ဖြေ။ အဝိဇ္ဇာသင်္ခါရ တဏှာ ဥပါဒါန်ကမ္မဘဝတို့ကို အတိတ်အကြောင်းငါးပါးဟု ခေါ်ပါသည်။

ဒမေး။ အဘယ်တရားတို့ကို ပစ္စုပ္ပန် အကျိုးငါးပါးဟု ခေါ်ပါသနည်း။

ဒဖြေ။ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာတို့ကို ပစ္စုပ္ပန်အကျိုးငါးပါးဟုခေါ်ပါသည်။

ဓမေး။ အဘယ်တရားတို့ကို ပစ္စုပ္ပန်အကြောင်းငါးပါးဟုခေါ်ပါသနည်း။

ဓဖြေ။ တဏှာဥပါဒါန်ကမ္မဘဝအဝိဇ္ဇာ သင်္ခါရတို့ကို ပစ္စုပ္ပန်အကြောင်းငါးပါးဟု ခေါ်ပါသည်။

နမေး။ အဘယ်တရားတို့ကိုအနာဂါတ်၌အကျိုးငါးပါးဟု ခေါ်ပါသနည်း။

နဖြေ။ ဇာတိ ဇရာမရဏဟု ဆိုအပ်သော ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကို အနာဂါတ်၌အကျိုးငါးပါးဟုခေါ်ပါသည်။

ပမေး။ ပဋိစ္စသမုပ္ပါဒ် တရားတို့သည် အလွှာအားဖြင့် အဘယ်မျှရှိပါသနည်း။

ပဖြေ။ အတိတ်အကြောင်း ငါးပါးတလွှာ၊ ပစ္စုပ္ပန်အကျိုးငါးပါးတလွှာ၊ ပစ္စုပ္ပန် အကြောင်းငါးပါးတလွှာ၊ အနာဂါတ် အကျိုးငါးပါး တလွှာအားဖြင့် လေးလွှာရှိပါသည်။

ဖမေး။ ပဋိစ္စသမုပ္ပါဒ် တရားတို့သည် အစပ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖဖြေ။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး အကြားတစပ် ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန် အကြောင်း

အကြားတစပ် ပစ္စုပ္ပန် အကြောင်းနှင့် အနာဂါတ်အကျိုး အကြားတစပ် ဤသို့ အားဖြင့်သုံးစပ်ရှိပါသည်။

ခမေး။ ဝဋ်တရားကား အဘယ်မျှရှိပါသနည်း။

ခဖြေ။ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ် အားဖြင့် သုံးပါးရှိပါသည်။

ခမေး။ အဘယ် တရားတို့ကို ကိလေသာ ဝဋ်ဟု ခေါ်ပါသနည်း။

ခဖြေ။ အဝိဇ္ဇာတဏှာ ဥပါဒါန်တို့ကိုကိလေသာဝဋ်ဟု ခေါ်ပါသည်။

ခမေး။ အဘယ်တရားတို့ကိုကမ္မဝဋ်ဟုခေါ်ပါသနည်း။

ခဖြေ။ သင်္ခါရကမ္မဘဝတို့ကိုကမ္မဝဋ်ဟုခေါ်ပါသည်။

ခမေး။ အဘယ် တရားတို့ကို ဝိပါကဝဋ်ဟု ခေါ်ပါသနည်း။

ခဖြေ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿဝေဒနာ ဇာတိ ဇရာ မရဏတို့ကို ဝိပါကဝဋ်ဟု ခေါ်ပါသည်။

ခမေး။ မူလတရားကား အဘယ်မျှရှိပါသနည်း။

ခဖြေ။ အဝိဇ္ဇာ တဏှာအားဖြင့် မူလတရားနှစ်ပါးရှိပါသည်။

ခမေး။ တဏှာသည် အကျယ်အားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ၊ ကာမတဟော ဘဝတဏှာ ဝိဘဝတဏှာသုံးပါးကို အာရုံခြောက်ပါးနှင့်မြှောက်လျှင်(၁၈)ပါးဖြစ်၏။ ၎င်း ၁၈-ပါးကို ကာလသုံးပါးနှင့်မြှောက်လျှင်(၅၄)ပါးဖြစ်၏။၎င်း(၅၄)ပါးကို သန္တာန်နှစ်ပါးနှင့်မြှောက်လျှင်တဏှာအကျယ်(၁၀၈)ပါးရှိပါသည်။

မေး၊ သင်္ခါရနှင့်ကမ္မဘဝသည် စေတနာချည်းဖြစ်၍ ၎င်း ၂-ပါး၏ အထူးဘယ်သို့ မှတ်ရမည်နည်း အထူးဘဲမှတ်ရမည်လော။

ဖြေ။ အနာဂါတ် ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။ ပစ္စုပ္ပန် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာသည် သင်္ခါရမည်၏။ ဤသို့အားဖြင့် သင်္ခါရနှင့်ကမ္မဘဝတို့ ထူးကြပါသည်။

မေး၊ ဝဋ်တရားသည် စက်ယန္တရားခြားရဟတ်တို့ကဲ့သို့ မပြတ်စဲခါ လှည့်လည်၍သာ နေပါသလော။

ဖြေ။ မူလတရား နှစ်ပါးတို့၏ အရဟတ္တမဂ် ဉာဏ်ဖြင့်အကြွင်းမဲ့ချုပ်ခြင်းကြောင့်ဝဋ်တရားသည် ချုပ်ခြင်းသို့ ရောက်သဖြင့် သံသရာစက်ပြတ်ပါသည်။

မေး။ အဝိဇ္ဇာကို အဦးအစထား၍ ဆိုသောကြောင့် ထိုအဝိဇ္ဇာသည် အကြောင်းကင်း၍ မိမိအလို အလျောက်ဖြစ်ပါသလော။

ဖြေ။ ဇရာမရဏပစ္စယာအာသဝေါ အာသဝပစ္စယာ အဝိဇ္ဇာဟု ဆိုသောကြောင့်၎င်း၊ ဇရာမရဏ မုစ္ဆာယ -လ- အဝိဇ္ဇာစပဝတ္တိဟူသောဂါထာ ကိုထောက်၍၎င်း၊ အဝိဇ္ဇာသည်မိမိအလို အ လျောက်မဖြစ်ပါ အာသဝကြောင့်သာ ဖြစ်ပါ သည်၊

## ပဋ္ဌာန်းနည်းကိုပြခြင်း။

မေး။ အဘယ် နည်းသည် ပဋ္ဌာန်းနည်း မည်ပါ သနည်း။

ဖြေ။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိ ပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပ နိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊အာသေဝနပစ္စယော၊ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊အါဟာရပစ္စယော ဣန္ဒြိယပစ္စ ယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စ

ယောဂတိ၊ အယမေတ္ထပဋ္ဌာနယောဂါဟုဟောတော်မူအပ်သောနည်းသည်ပဋ္ဌာန်းနည်းမည်ပါသည်ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း၊ အာရမ္မဏ ပစ္စယော၊ အာရုံဖြစ်၍ ကျေးဇူး ပြုတတ်သော တရားရင်း၊ အဓိပတိပစ္စယော၊ အကြီး အမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ အနန္တရ ပစ္စယော၊ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း၊ သမနန္တရပစ္စယော၊ ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူး ပြုတတ်သောတရားရင်း၊ သဟဇာတ ပစ္စယော၊ တကွဖြစ်၍ ကျေးဇူး ပြုတတ်သော တရားရင်း၊ အညမည ပစ္စယော၊ အချင်းချင်း ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း၊ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ ဥပနိဿယ ပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ ပုရေဇာတ ပစ္စယော၊ ရှေ့၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း၊ ပစ္ဆာဇာတ ပစ္စယော၊ နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ အာသေဝန ပစ္စယော၊ အဘန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း၊ ကမ္မပစ္စယော မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ ဝိပါကပစ္စ

ယောအကျိုးဖြစ်၍ကျေးဇူးပြုတတ်သောတရား
ရင်း၊ အာဟာရပစ္စယော၊ ထောက်ပံ့ခိုင်းစေသည့်
ဖြစ်၍ကျေးဇူးပြုတတ်သော တရားရင်း၊ ဣန္ဒြိယ
ပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်
သောတရားရင်း။ ဈာနပစ္စယော ကပ်၍ရှုတတ်
သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊
မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ကျေးဇူးပြုတတ်
သောတရားရင်း သမ္ပယုတ္တပစ္စယော ယှဉ်သည်
ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ ဝိပ္ပ
ယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြု
တတ်သောတရားရင်း။ အတ္ထိပစ္စယော၊ ရှိသည်
ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ နတ္ထိ
ပစ္စယော မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော
တရားရင်း ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍
ကျေးဇူး ပြုတတ်သော တရားရင်း၊ အဝိဂတ
ပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်
သောတရားရင်း။ ဣတိ၊ ဤသို့ စတုဝီသတိပစ္စ
ယာ နှစ်ဆဲ့လေး ပစ္စည်းတို့သည်။ မဟာပကာ
ရဏော၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်း
ကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်သည် ဟောအပ်
ဖြစ်ကုန်၏။

မေး။ နှစ်ဆဲ့လေးပစ္စည်းတို့သည် သင့်တူရာကိုပေါင်း
လျှင် အဘယ်မျှရှိပါသနည်း။

ဖြေ။ နာမက္ခန္ဓာလေးပါးတို့သည်၊ နာမက္ခန္ဓာလေးပါး တို့အား ခြောက်ပါးသော ပစ္စယ သတ္တိ ကျေးဇူးပြုခြင်းတပါး၊ နာမက္ခန္ဓာလေးပါးတို့ သည်၊ နာမ်ရုပ်တရားတို့အား ငါးပါးသောပစ္စ ယသတ္တိဖြင့်ကျေးဇူးပြုခြင်းတပါး၊နာမ်တရား သည်၊ ရုပ်တရားအား တပါးသောပစ္စယသတ္တိ ဖြင့်ကျေးဇူးပြုခြင်းတပါး၊ရုပ်တရားသည် နာမ် တရားအါးတပါးသောပစ္စယသတ္တိဖြင့်ကျေးဇူး ပြုခြင်းတပါး၊ ပညတ်နာမ်ရုပ်တို့သည်၊ နာမ် တရားအား နှစ်ပါးသော ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်းတပါး၊ နာမ်ရုပ်တရား နှစ်ပါး သည်၊ နာမ်တရားနှစ်ပါးအား ကိုးပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းတပါး၊ ဤသို့ အားဖြင့် သတ္တိတရာကိုပေါင်းလျှင်(၆)ပါးရှိပါ သည်။

## ဆဌေနာမန္တရနာမသောကိုပြခြင်း။

မေး။ ဆခါ၏အရပစ္စည်းကို ရေတွက်၍ ပြစမ်းပါ။

ဖြေ။ အနန္တရပစ္စည်း၊သမနန္တရပစ္စည်း၊နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း၊ အာသေဝနပစ္စည်း၊ သမ္ပယုတ္တ ပစ္စည်းအားဖြင့် ခြောက်ပါးဖြစ်ပါသည်။

မေး။ အဘယ်တရားတို့ကို၊ အနန္တရ၊ သမနန္တရ နတ္ထိ၊ ဝိဂတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အခြားမဲ့ချုပ်ပြီးသော ရဟန္တာတို့၏ စုတိစိတ်ကြွင်းသော ရှေ့ဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက် နွေပညာသတို့ကို အနန္တရပစ္စည်း သမနန္တရပစ္စည်း နတ္ထိပစ္စည်း ဝိဂတပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုလေးပါးသော ပစ္စည်းတို့သည် အဘယ်ပစ္စယုပ္ပန်တရားကိုအား အနန္တရသတ္တိ သမနန္တရသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုပါကုန်သနည်း။

ဖြေ။ ရဟန္တာ တို့၏ စုတိစိတ်နှင့် တကွ နောက်နောင်သော စိတ်တခုယုတ်ကိုးဆယ်စေတသိက် နွေပညာသ ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုကြပါသည်။

မေး။ အဘယ်တရားတို့ကို အာသေဝနပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ရှေးရှေး၌ဖြစ်သော အဆုံးဇော မဂ်ဇော ဖိုလ်ဇောကြွင်းသော ဇော (၄၇)ခု စေတသိက်နွေပညာသတို့ကို အာသေဝနပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုအာသေဝနပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နောက်နောက်၌ဖြစ်သောပထမဇောမှလဲဇော ကြဉ်သော ဇောဇကပညာသ (၅၁) ပါး စေတသိက်၌ပညာသ ပစ္စယုပ္ပန် တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို သမ္ပယုတ္တပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အချင်းချင်း အားထက်သော အလုံးစုံသောစိတ် တခုယုတ် ကိုးဆယ် စေတသိက် ၌ပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးတို့ကို သမ္ပယုတ္တပစ္စည်းဟုခေါ်ပါသည်။

မေး။ ထိုသမ္ပယုတ္တပစ္စည်းသည် အဘယ် ပစ္စယုပ္ပန် တရားတို့အား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု ပါသနည်း။

ဖြေ။ အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက်၌ပညာ သ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ တို့အား သမ္ပယုတ္တသတ္တိဖြင့်ကျေးဇူးပြုပါသည်။

မေး။ ရဟန္တာတို့၏ စုတိစိတ်ကို အဘယ့်ကြောင့် ကြဉ် ပါသနည်း။

ဖြေ။ ရဟန္တာတို့၏ စုတိစိတ်မှနောက်၌ စိတ်စေတသိက်ဟု ဆိုအပ်သော ပစ္စယုပ္ပန်တရား၏ မရှိခြင်းကြောင့် ရဟန္တာတို့၏ စုတိစိတ်ကို ကြဉ် ပါသည်။

မေး။ အသုံးဖြစ်သော ဇောကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ မိမိဟုဆိုအပ်သော အသုံးဇောနှောင် ဇောမရှိသောကြောင့်အသုံးဇောကိုကြဉ်ပါသည်။

မေး။ ပဌမဇောကိုအဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ပဌမဇော၏ရှေ့၌ဇောမရှိသောကြောင့်ပဌမဇောကိုကြဉ်ပါသည်။

မေး။ မဂ်ဇောကို အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ဇာတ်ပြားသော ဖိုလ်ဇောအား အာသေဝနပစ္စည်း မတတ်သောကြောင့် မဂ်ဇောကိုကြဉ်ပါသည်။

မေး။ ဖိုလ်ဇောကိုအဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ ဖိုလ်ဇောသည် နှစ်ကြိမ်သုံးကြိမ်ပင်ဖြစ်သော်လည်း မိမိတို့ အချင်းချင်း အာသေဝနပစ္စည်း မတတ်သောကြောင့်ဖိုလ်ဇောကိုကြဉ်ပါသည်။

## ပဉ္စခေနာဝမရူဓိန်အနက်ပြခြင်း။

မေး။ ပဉ္စခ၏အရပစ္စည်းကို ရေတွက်၍ပြစမ်းပါ။

ဖြေ။ ဟေတုပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ ကမ္မပစ္စည်း၊ ဝိပါကပစ္စည်း အားဖြင့် (၅)ပါးရှိပါသည်။

မေး။ အဘယ်တရားတို့ကို ဟေတုပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ဟိတ်ခြောက်ပါးတရားတို့ကို ဟေတုပစ္စည်းဟု ခေါ်ပါသည်။

မေး။ ဟေတုပစ္စည်းသည် အဘယ်ပစ္စယုပ္ပန် တရားတို့အား ဟေတုသတ္တိဖြင့်ကျေးဇူးပြုပါသနည်း။

ဖြေ။ သဟိတ်စိတ်ဧကသတ္တိ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိတ်ဒွေပညာသ သဟိတ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို ဈာနပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ်တဆယ်ကြဉ်သောစိတ်တခုယုတ်ရှစ်ဆယ်၌ရှိသော ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာဝေဒနာဟု ဆိုအပ်သော ဈာန်နှင်တရားကိုယ်ငါးပါးတို့ကို ဈာနပစ္စည်းဟုခေါ်ပါသည်။

မေး။ ဈာနပစ္စည်းသည် အဘယ်ပစ္စယုပ္ပန် တရားတို့အားဈာနသတ္တိဖြင့်ကျေးဇူးပြုပါသနည်း။

ဖြေ။ ဒွိပဉ္စဝိညာဏ် တဆယ်ကြဉ်သော စိတ်(၇၉)ပါးစေတသိက် ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်ဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ် တရား တို့ကို မဂ္ဂပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ သဟိတ်စိတ်ဧကသတ္တတိ၌ရှိသောပညာ၊သတိ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုးပါးတို့ကို မဂ္ဂပစ္စည်းဟု ခေါ်ပါသည်။

မေး။ မဂ္ဂ ပစ္စည်းသည်၊ အဘယ် ပစ္စယုပ္ပန် တရား တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ကမ္မပစ္စည်းသည် အဘယ်မျှ ပြားပါသနည်း။

ဖြေ။ သဟဇာတကမ္မပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်းဟု နှစ်ပါးပြားပါသည်။

မေး။ အဘယ်တရားတို့ကို သဟဇာတကမ္မ ပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာတခုယုတ် ကိုးဆယ်ကို သဟဇာတကမ္မ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုသဟဇာတကမ္မပစ္စည်းသည် အဘယ်ပစ္စယုပ္ပန် တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ စိတ်တခု ယုတ်ကိုးဆယ် - စေတနာကြွင်းသော စေတသိက်ငါးဆယ့်နှစ်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို နာနက္ခဏိက ကမ္မပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ အတိတ်ဖြစ်သောကုသိုလ် အကုသိုလ်စေတနာ (၃၃) ပါးကို နာနက္ခဏိက ကမ္မပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုနာနက္ခဏိက ကမ္မပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ဝိပါက်ဆယ့်သုံး စေတသိက်အဖွဲ့သုံးဆယ့်ရှစ် ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့အား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို ဝိပါကပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ဝိပါက်ဆသ္တိသ စေတသိက်အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နှစ်ပါးလုံး၌ ဖြစ်သော ဝိပါက ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုဝိပါကပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အားဝိပါကသတ္တိဖြင့်ကျေးဇူးပြုပါသနည်း။

ဖြေ။ တပါးသည့် တပါးအားရင်း၊ အတူတကွဖြစ်သော ဝိညတ် ဒွေကြဉ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဝိညတ်ဒွေကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

ဖြေ။ ဝိပါက်ဆသ္တိသတို့သည်၊ ဝိညတ်ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ကြဉ်ပါသည်။

## အာဟာရပစ္စည်းကိုပြခြင်း။

မေး။ အဘယ် တရားတို့ကို ပဉ္စာဟာရ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ဖြစ်ဆဲဖြစ်နေ အရူပဝိပါက် စိတ်လေးခုကြဉ်သော ပဋိသန္ဓေ အစရှိသော နောက်နောက်သော စိတ်ရှစ်ဆယ်ငါးခု၊ စေတသိက်ဒွေပဉ္စာသတို့ကို ပဉ္စာဟာရ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုပဉ္စာဟာရပစ္စည်းသည်၊ အဘယ်ပစ္စယုပ္ပန်တရားတို့အား ပဉ္စာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ ရောက်သော ကေဇ ကာယ၊ ဝိတ္တဇကာယ၊ တိဇကာယ၊ ဥတုဇကာယ ပစ္စယုပ္ပန် တရားတို့အား ပစ္ဆာဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်စိတ်၏ ခဏာဠ္ဌဖြစ်သောရုပ်ကို ကေဇ ကာယဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာဠ္ဌဖြစ်သော ကမ္မဇ ရုပ်ကို ကေဇကာယဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်၏ ခဏာဠ္ဌဖြစ်သောရုပ်ကို ဝိတ္တဇကာ ယဟုခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ဋ္ဌီခဏ၊ ဘင်ခဏာစသည်တို့နှင့် တကွဖြစ်သော ကမ္မဇရုပ်၊ ဥတုဇရုပ်တို့ကို ဝိတ္တဇ ကာယဟု ခေါ်ပါသည်။

မေး။ အဘယ်စိတ်၏ခဏာဠ္ဌဖြစ်သောရုပ်ကို တိဇကာ ယဟုခေါ်ပါသနည်း။

ဖြေ။ ပထမဘဝင်အစရှိသော စိတ်တို့နှင့်အတူတကွ ဖြစ်သောရုပ်ကို တိဇကာယဟု ခေါ်ပါသည်။

မေး။ အဘယ်ရုပ်ကို ဥတုဇကာယဟုခေါ်ပါသနည်း။

ဖြေ။ ဩဇာ၏ပြန့်နှံ့သောအခါကိုစွဲ၍ စိတ်နှင့်တကွ ဖြစ်သောရုပ်ကို ဥတုဇကာယဟုခေါ်ပါသည်။

## ရုပ်နှင့်သဘောခစောဝေဘရကိုပြခြင်း။

မေး။ ပုရေဇာတပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ဝတ္ထုပုရေဇာတပစ္စည်း၊ အာရမ္မဏပုရေဇာတပစ္စည်းဟု နှစ်ပါးပြားပါသည်။

မေး။ အဘယ်တရားတို့ကို ဝတ္ထုပုရေဇာတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ မဇ္ဈိမယုကဖြစ်၍ အတီတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ပဋိသန္ဓေအခါရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓ သမာ ပတ်မှ ထသောအခါ၊ ရှေးဖြစ်သောဟဒယဝတ္ထု၊ မရဏာ သန္နအခါ၊ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော်-တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ဝတ္ထုပုရေဇာတပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုဝတ္ထုပုရေဇာတ ပစ္စည်းသည်၊ အဘယ်ပစ္စယုပ္ပန်တရားတို့အား ဝတ္ထုပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဝတ္တိအခါ၌၊ ခုနစ်ပါးသော ဝိညာဏခါတ်ပစ္စယုပ္ပန်တရားတို့အား ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ် တရားတို့ကို အာရမ္မဏ ပုရေဇာတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ တို့ကိုအာရမ္မဏ ပုရေဇာတပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုအာရမ္မဏပုရေဇာတပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏ ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဉ္စဝိညာဏ ဝီထိဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏ ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ပစ္စည်းနှင့်ရုပ်နာမ်နှင့်ဒွိဓာဒအရကိုပြခြင်း။

မေး။ ဒုဝိဓာ၏အရသရုပ်ကို ရေတွက်ပြစမ်းပါ။

ဖြေ။ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်းအားဖြင့်နှစ်ပါးရှိပါသည်။

မေး။ အာရမ္မဏပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ အာရုံ၏အစွမ်းအားဖြင့် ခြောက်ပါး အပြားရှိပါသည်။

မေး။ ထိုအာရမ္မဏ ပစ္စည်းသည် အဘယ် ပစ္စယုပ္ပန် တရား တို့အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ စိတ်တခုယုတ်ကိုးဆယ် စေတသိက် ၅၂ ပညာ သ ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ နိဿယပစ္စည်းသည် အဘယ်မျှ အပြား ရှိပါ သနည်း။

ဖြေ။ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယ ပစ္စည်းအားဖြင့် သုံးပါး အပြား ရှိပါသည်။

မေး။ အဘယ် တရား တို့ကို အာရမ္မဏူပ နိဿယ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂါတ် ရုပ္ပ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ၂ မောဟမူ ၂ ဒုက္ခသဟဂုတ်ကာယ ဝိညာဏ် ကြဉ်သောစိတ်ရှစ်ဆဲ့လေးခု၊ ဒေါသ၊ ဣဿ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ် သော စေတသိက် သတ္တစတ္တာလီသ၊ ကာလ ဝိမုတ်ဖြစ်သောနိဗ္ဗာန်တို့ကို အာရမ္မဏူပနိဿ ယပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုအာရမ္မဏာဓိပတိ နိဿယပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အလေးအမြတ် ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု၊ ဒေါသ၊ ဝိစိကိစ္ဆာ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စစတ္တာလီသဟု ဆိုအပ်သော ပစ္စယုပ္ပန် တရား တို့အား အာရမ္မဏူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

မေး။ အဘယ်တရားတို့ကို အနန္တရူပနိဿယ ပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော ရှေးရှေးသောစိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ တို့ကို အနန္တရူပနိဿယ ပစ္စည်းဟုခေါ်ပါသည်။

မေး။ ထိုအနန္တရူပနိဿယပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပါသနည်း။

ဖြေ။ ရဟန္တာတို့၏စုတိစိတ်နှင့်တကွ နောက်နောက်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ပစ္စယုပ္ပန်တရားတို့အား အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို ပကတူပနိဿယပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ ဒါန၊ သီလ၊ သုတစာဂ၊ ပညာ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ ကလျာဏမိတ္တစသောပုဂ္ဂိုလ် ကျော်ပတ်သည်စသောဘောဇဉ်၊ ကျော်ပတ်သည် စသော အချမ်းအပူဥတု ကျော်ပတ်သည်စသော ကျောင်းအိပ်ရာ နေရာတို့ကိုဎင်း၊ ဗလဝ ဖြစ်သောကုသိုလ် အကုသိုလ်ကံကိုဎင်း၊ ပကတူပနိဿယ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုပကတူပနိဿယပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အစ္ဆတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်တို့၌၊ ထိုက်သည်အား လျော်စွာ ကုသိုလ်စိတ် စေတသိက်၊ အကုသိုလ်စိတ် စေတသိက်၊ ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ နာမက္ခန္ဓာဟုဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အားဎင်း၊ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာဟုဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အားဎင်း၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ဒွယံဒွယသညာနဝခေအရက်ပြခြင်း၊

မေး။ နဝမခါ၏အရ ပစ္စည်းတို့၏သရုပ်ကို ရေတွက် ပြစမ်းပါ။

ဖြေ၊ အဓိပတိပစ္စည်း၊ သဟဇာတပစ္စည်း၊ အညမည ပစ္စည်း၊ နိဿယပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း၊ ဝိပ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းအားဖြင့် ကိုးပါးအပြား ရှိပါ သည်။

မေး။ အဓိပတိပစ္စည်းသည် အဘယ်မျှ အပြား ရှိပါ သနည်း။

ဖြေ။ အာရမ္မဏာ ဓိပတိပစ္စည်း၊ သဟဇာတ ဓိပတိ ပစ္စည်းအားဖြင့် နှစ်ပါးပြားပါသည်။

မေး။ အာရမ္မဏာဓိပတိပစ္စည်းသည် အဘယ်ပစ္စည်း နှင့်တူပါသနည်း။

ဖြေ။ အာရမ္မဏာရူပနိဿယပစ္စည်းနှင့် တူပါသည်။

မေး၊ အဘယ် တရား တို့ကို သဟဇာတ အဓိ ပတိ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဓိပတိတစ်ခိုက်တစ်နေ-မောဟမူဒွေ ဟသိ တုပ္ပါဒ်ကြဉ်သော သာဓိပတိဇော (၅၂) ပါး၌ ရှိသော ဆန္ဒ၊ ဝီရိယ၊ ဝိမံသ၊ သာဓိပတိဇော ငါးဆယ်နှစ်ခု တို့ကို သဟဇာတ အဓိပတိ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုသဟဇာတအဓိပတိပစ္စည်းသည် အဘယ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတ အဓိပတိ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အတူတကွဖြစ်ကုန်သော အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော(၅၂)ခု၊ ဝိရိယကိစ္စ ကြဉ်သော စေတသိက်ဒွေကပညာ၊ သာဓိပတိ စိတ္တဇရုပ်ဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့ အား သဟဇာတဓိပတိသတ္တိဖြင့် ကျေးဇူးပြုပါ သည်။

မေး။ သဟဇာတပစ္စည်းသည်အဘယ်မျှသောပစ္စယ သတ္တိအပြားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သဟဇာတ ပစ္စည်းဖြစ်သော စိတ်စေတသိက် တို့သည်မိမိတို့အချင်းချင်းအားလည်း၊ သဟဇာတ် ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့ အားလည်း၊ သဟဇာတပစ္စည်းဖြစ်သော မဟာ ဘုတ်တို့သည် မိမိတို့အချင်းချင်းအားလည်း၊ ဥပါ ဒါန်ရုပ်တို့အားလည်း၊ ပဋိသန္ဓေအခါ၌၊ သဟ ဇာတပစ္စည်းဖြစ်သော ဟဒယဝတ္ထု၊ ပဉ္စဝေါ ကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် မိမိတို့အ ချင်းချင်းတပါးသည် တပါးအားလည်း၊ သဟ ဇာတပစ္စယသတ္တိဖြင့် သုံးပါးပြား၍ ကျေးဇူး ပြုပါသည်။

မေး။ အညမညပစ္စည်းသည် အဘယ်မျှသော ပစ္စယသတ္တိအပြားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အညမညပစ္စည်းဖြစ်သော စိတ်စေတသိက်တို့သည်၊ မိမိတို့အချင်းချင်း တပါးသည် တပါးအားရင်း၊ အညမညပစ္စည်းဖြစ်သော မဟာဘုတ်တို့သည်၊ တပါးသည် တပါးအားရင်း၊ ပဋိသန္ဓေခဏ၌ အညမည ပစ္စည်း ဖြစ်သော ဟဒယဝတ္ထုပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ တပါးသည် တပါးအားရင်း၊ အညမညပစ္စယသတ္တိဖြင့် သုံးပါးပြား၍ ကျေးဇူးပြုပါသည်။

မေး။ နိဿယပစ္စည်းသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ သဟဇာတနိဿယပစ္စည်းနှစ်ပါး၊ ပုရေဇာတနိဿယပစ္စည်းအားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ် တရား တို့ကို သဟဇာတ နိဿယပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ စိတ်စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာတို့ကိုရင်း၊ မဟာဘုတ်လေးပါးတို့ကိုရင်း၊ သဟဇာတနိဿယပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုသဟဇာတ နိဿယပစ္စည်းသည် အဘယ် ပစ္စယုပ္ပန် တရားတို့အား သဟဇာတနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နာမက္ခန္ဓာတို့သည်၊ တပါးသည် တပါးအား
ရင်း၊ အတူတကွ ဖြစ်သော စိတ္တဇရုပ်၊ ပဋိ
သန္ဓေ ကမ္မဇရုပ်တို့အားရင်း၊ မဟာဘုတ်တို့
သည်၊ တပါးသည် တပါးအားရင်း၊ ဥပါဒါန်
ရုပ်တို့အားရင်း၊ သဟဇာတနိဿယသတ္တိဖြင့်
ကျေးဇူးပြုပါသည်။

မေး။ အဘယ် တရား တို့ကို ပုရေဇာတ နိဿယ
ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ မဇ္ဈိမယုကဖြစ်၍အတီတဘဝင်တချက်လွန်နှင့်
ဥပါဒ်ပြိုင်သော၊ စက္ခုဝတ္ထု-ပ-ကာယဝတ္ထု၊
ပဋိသန္ဓေအစရှိသော ရှေးစိတ်နှင့် အတူဥပါဒ်
သော ဟဒယဝတ္ထု၊ နိရောဓ သမာပတ်မှ ထ
သောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု၊ မရ
ဏာသန္နအခါ စုတိ စိတ်မှ ပြန်၍ ရေသည်
၁၇သော-တဆဲ့ခုနစ်ချက် မြောက်သောစိတ်နှင့်
အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဟုဆိုအပ်သော
ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ပုရေဇာတ
နိဿယပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုပုရေဇာတ နိဿယ ပစ္စည်းသည် အဘယ်
ပစ္စယုပ္ပန် တရားတို့အား ပုရေဇာတနိဿယ
သတ္တိဖြင့်ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ၊ အရူပ
ဝိပါက် လေးခုကြဉ်သော ခုနစ်ပါး ကုန်သော

ဝိညာဏ ဓါတ်တို့အား ပုရေဇာတ နိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အာဟာရပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ရုပ်အာဟာရပစ္စည်း၊ နာမ်အာဟာရ ပစ္စည်း အားဖြင့် နှစ်ပါးရှိပါသည်။

မေး။ အဘယ်တရားတို့ကို ရုပ်အာဟာရ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အလုပ်အလွေ့ကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော အဇ္ဈတ္တသန္တာနိ၌ ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓသန္တာနိ၌ရှိသော ဥတုဇဩဇာတို့ကို ရုပ်အာဟာရ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုရုပ် အာဟာရ ပစ္စည်းသည် အဘယ် ပစ္စယုပ္ပန် တရားတို့အား ရုပ်အာဟာရ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ကလာပ်တူ ဩဇာ ကြွင်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယ ပစ္စယုပ္ပန် တရားအား ရုပ်အာဟာရ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို နာမ်အာဟာရ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ဖဿ၊ ဝေဒနာ၊ ဝိညာဏ်တရားတို့ကို နာမ်အာဟာရပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုနာမ် အာဟာရ ပစ္စည်းသည် အဘယ်ပစ္စယုပ္ပန်တရားတို့အား နာမ်အာဟာရ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အဘူတဗ္ဗဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဣန္ဒြိယပစ္စည်းသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယအားဖြင့် ဣန္ဒြိယပစ္စည်းသည် သုံးပါး အပြား ရှိပါသည်။

မေး။ အဘယ်တရားတို့ကို ပုရေဇာတိန္ဒြိယပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော ငါးပါးသော ပသာဒရုပ်တို့ကို ပုရေဇာတိန္ဒြိယပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုပုရေဇာတိန္ဒြိယ ပစ္စည်းသည် အဘယ် ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ငါးပါးကုန်သော ဝိညာဏဓာတ်တို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို ရူပဇီဝိတိန္ဒြိယ ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ပဝတ္တိ ပဋိသန္ဓေ အားဖြင့် ပြားသောရုပ် ဇီဝိတိန္ဒြေကို ရူပဇီဝိတိန္ဒြိယ ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုရူပဇီဝိတိန္ဒြိယ ပစ္စည်းသည် အဘယ် ပစ္စယုပ္ပန်တရားတို့အား ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကလာပ် ပြားဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့အားရူပဇီဝိတိန္ဒြိယသတ္တိဖြင့်ကျေးဇူး ပြုပါသည်။

မေး။ အဘယ်တရားတို့ကို သဟဇာတိန္ဒြိယ ပစ္စည်း ဟုခေါ်ပါသနည်း။

ဖြေ။ ဇီဝိတိန္ဒြေ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာအားဖြင့် နာမ်ဣန္ဒြေ ရှစ်ပါး တို့ကို သဟဇာတိန္ဒြိယပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုသဟဇာတိန္ဒြိယ ပစ္စည်းသည်၊ အဘယ် ပစ္စယုပ္ပန် တရားတို့အား သဟဇာတိန္ဒြိယ သတ္တိ ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာ သ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပစ္စယုပ္ပန် ဘရား တို့အား သဟဇာတဝိပ္ပယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဣတ္ထိန္ဒြေ - ပုရိသိန္ဒြေတို့သည်၊ အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်းမတပ်ပါသနည်း။

ဖြေ။ ကာလကာသ၌ ထိုဣန္ဒြေနှစ်ပါးတို့သည် ရှိကုန်သော်လည်း လိင်စသည်တို့၏ မရှိသေးသောကြောင့်၊ ထိုဣန္ဒြေနှစ်ပါးတို့သည်၊ လိင်စသည်တို့၏ဣန္ဒြိယအဖြစ်ကို မပြီးစေနိုင်သောကြောင့် ဣန္ဒြိယပစ္စည်းမတတ်နိုင်ပါ။

မေး။ ဝိပ္ပယုတ္တပစ္စည်းသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၊ ပုရေဇာတဝိပ္ပယုတ္တပစ္စည်း အားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ အဘယ် တရား တို့ကို သဟဇာတ ဝိပ္ပယုတ္တပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေ ခဏ၌၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို သဟဇာတဝိပ္ပယုတ္တပစ္စည်းဟုခေါ်ပါသည်။

မေး။ ထိုသဟဇာတ ဝိပ္ပယုတ္တပစ္စည်းသည်၊ အဘယ် ပစ္စယုပ္ပန် တရားတို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပစ္ဆာဇာတ ပစ္စယုပ္ပန် ... ပဋိသန္ဓေ နာမက္ခန္ဓာ တို့အား သဟဇာတဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

မေး။ အဘယ် တရား တို့ကို သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းဟု တနည်းခေါ်ပါသေးသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် စိတ်လေး၊ ဒွိပဉ္စဝိညာဏ် (၁၀) တဆယ်၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်(၇၅) ပါး စေတသိက် ဒွေပညာသ နာမက္ခန္ဓာ တို့ကို သဟဇာတဝိပ္ပယုတ္တပစ္စည်းဟု တနည်း ခေါ်ပါသေးသည်။

မေး။ ထိုသဟဇာတ ဝိပ္ပယုတ္တပစ္စည်းသည် အဘယ် ပစ္စယုပ္ပန် တရားတို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သဟဇာတ ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိ ဖြင့်ကျေးဇူးပြုပါသည်။

မေး။ အဘယ် တရားတို့ကို ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်းဟုခေါ်ပါသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်ဖြစ်နေဒဲရူပဝိပါက် စိတ်လေးခုကြဉ်သော နောက်နောက်၌ဖြစ်ကုန်သော ပထမအစရှိကုန်သော စိတ်ရှစ်ဆယ်ငါးခု စေတသိက် ဒွေပညာသ နာမက္ခန္ဓာတရားတို့ကို ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်းဟုခေါ်ပါသည်။

မေး။ ထိုပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းသည်၊ အဘယ်ပစ္စယုပ္ပန် တရားတို့အား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယရုပ်တရားတို့အား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘယ်တရားတို့ကို ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်းဟုခေါ် ပါသနည်း။

ဖြေ။ မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်စိတ်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သောဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည့်

ရှိသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ် သော ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းဟု ခေါ်ပါသည်။

မေး။ ထိုဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ပစ္စည်းသည် အ ဘယ်ပစ္စယုပ္ပန်တရားတို့အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဝတ္တိအခါ၌ အရူပဝိပါက် စိတ်ကြဉ် သော ခုနစ်ပါး ကုန်သော ဝိညာဏ ဓာတ် တို့ အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

မေး။ အတ္ထိပစ္စည်းသည် အဘယ်မျှ အပြားရှိပါသ နည်း။

ဖြေ။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ရူပဇီဝိတတ္ထိ အားဖြင့် ငါးပါး အပြားရှိပါသည်။

မေး။ အဝိဂတ ပစ္စည်းသည် အဘယ်မျှ အပြားရှိပါ သနည်း။

ဖြေ။ သဟဇာတာဝိဂတ၊ ပုရေဇာတာဝိဂတ၊ ပစ္ဆာ ဇာတာ ဝိဂတ၊ အာဟာရာ ဝိဂတ၊ ရူပဇီဝိတာ ဝိဂတအားဖြင့် ငါးပါး အပြားရှိပါသည်။

မေး။ ပုရေဇာတတ္ထိ၊ ပုရေဇာတာဝိဂတ ပစ္စည်းတို့ သည် အဘယ်ပစ္စည်းတို့နှင့်တူပါကုန်သနည်း။

ဖြေ။ ပုရေဇာတပစ္စည်းနှစ်ပါးတို့နှင့်တူကြပါသည်။

မေး။ သဟဇာတဖွဲ့၊ သဟဇာတာဝိဂတ ပစ္စည်းတို့သည် အဘယ်ပစ္စည်းတို့နှင့်တူကြကုန်သနည်း။

ဖြေ။ သဟဇာတပစ္စည်းသုံးပါးတို့နှင့်တူကြပါသည်။

မေး။ ပစ္ဆာဇာတဖွဲ့၊ ပစ္ဆာဇာတာဝိဂတ ပစ္စည်းတို့သည် အဘယ်ပစ္စည်းတို့နှင့် တူပါကုန် သနည်း။

ဖြေ။ ပစ္ဆာဇာတပစ္စည်းနှင့်တူပါသည်။

မေး။ အာဟာရဖွဲ့၊ အာဟာရာဝိဂတ ပစ္စည်းတို့သည် အဘယ်ပစ္စည်းနှင့်တူပါသနည်း။

ဖြေ။ ရုပ်အာဟာရပစ္စည်းနှင့်တူပါသည်။

မေး။ ရူပဇီဝိတဖွဲ့၊ ရူပဇီဝိတာဝိဂတပစ္စည်းတို့သည် အဘယ်ပစ္စည်းနှင့်တူပါသနည်း။

ဖြေ။ ရူပဇီဝိတိန္ဒြိယ ပစ္စည်းနှင့် တူပါသည်။

မေး။ အကျယ်အားဖြင့် ဟောတော်မူအပ်သော (၂၄) ပါး သော ပစ္စည်းတို့သည် သဘောတူရာကို ပေါင်းလျှင် အဘယ်မျှရှိပါသနည်း။

ဖြေ။ အာရမ္မဏ ပစ္စည်း၊ ဥပနိဿယ ပစ္စည်း၊ ကမ္မ ပစ္စည်း၊ အတ္ထိ ပစ္စည်းအားဖြင့် (၄) ပါး ရှိပါသည်။

မေး။ သဟဇာတ် ဟူသော ပုဒ်အရ အဘယ်ရုပ်တို့ကို ယူရမည်နည်း။

ဖြေ။ ပဝတ္တိအခါ၌ဖြစ်သော စိတ္တဇရုပ်ကိုရင်း၊ ပဋိသန္ဓေအခါ၌ဖြစ်သော ကဋတ္တာရုပ်ကိုရင်း၊ ယူရပ်သည်။

မေး။ အဘယ်ပစ္စည်းတို့သည် - အတိတ်ကာလ နှင့် ယှဥ်ပါသနည်း။

ဖြေ။ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ အာသေဝနပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း-အားဖြင့် ငါးပါးသော ပစ္စည်းတို့သည် အတိတ်ကာလနှင့် ယှဥ်ပါသည်။

မေး။ အဘယ်ပစ္စည်းတို့သည် ပစ္စုပ္ပန် ကာလ နှင့် ယှဥ်ပါကုန်သနည်း၊

ဖြေ။ ဟေတုပစ္စည်း၊ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယ ပစ္စည်း၊ ပုရေဇာတ ပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ ဝိပါကပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယ ပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ သမ္ပယုတ္တ ပစ္စည်း၊ ဝိပ္ပယုတ္တ ပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းအားဖြင့် ၁၅ပါးသောပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလနှင့် ယှဥ်ပါသည်။

မေး။ အဘယ်ပစ္စည်းသည်၊ ပစ္စုပ္ပန် အတိတ်ကာလ နှစ်ပါးနှင့် ယှဥ်ပါသနည်း။

ဖြေ။ ကမ္မပစ္စည်းသည်၊ ပစ္စုပ္ပန်ကာလ အတိတ်ကာလ နှစ်ပါးနှင့် ယှဥ်ပါသည်။

မေး။ အဘယ်ပစ္စည်းတို့သည်၊ ကာလသုံးပါးနှင့် ယှဉ်ကုန်သနည်း။

ဖြေ။ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ ဥပနိဿယပစ္စည်းတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးနှင့်ယှဉ်ပါသည်။

မေး။ အဘယ်ပစ္စည်းတို့သည် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါး၌ဖြစ်ကုန်သနည်း။

ဖြေ။ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည နိဿယ၊ ဥပနိဿယ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတအားဖြင့် ၉ကိုးပစ္စည်းတို့သည်၊ သန္တာန် နှစ်ပါး၌ ဖြစ်ကြပါသည်။

မေး။ အဘယ်ပစ္စည်းတို့သည် အဇ္ဈတ္တသန္တာန်၌ ဖြစ်ပါသနည်း။

ဖြေ။ ကိုးပစ္စည်းမှကြွင်းသော ၁၅ ပစ္စည်းတို့သည်– အဇ္ဈတ္တသန္တာန်၌ဖြစ်ပါသည်။

မေး။ ပဋ္ဌာန်း ပါဠိတော်၌ ဟောတော်မူအပ်သော တရားတို့သည် အကျဉ်းအားဖြင့် ရေတွက်လျှင် အဘယ်မျှရှိပါသနည်း။

ဖြေ။ ပညတ်နာမ်ရုပ်အားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်တရားတို့ကို ရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ ရူပက္ခန္ဓာတရားတို့ကို ရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်တရားတို့ကို အရူပဟူ၍၎င်း၊ နာမ်ဟူ၍၎င်း ခေါ်ပါသနည်း။

ဖြေ။ စိတ်စေတသိတ်ဖြစ်သော နာမ်ခန္ဓာ လေးပါး တို့ကိုရင်း၊ နိဗ္ဗာန်ကိုရင်း၊ အရူပဟူ၍ရင်း၊ နာမ် ဟူ၍ရင်း ခေါ်ပါသည်။

## ပညတ်အရေအတွက်ပြခြင်း။

မေး။ ပညတ်သည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ အတ္ထပညတ်၊ သဒ္ဒပညတ် အားဖြင့် နှစ်ပါး အပြားရှိပါသည်။

မေး။ အတ္ထပညတ်သည်- အဘယ်မျှအပြားရှိပါ သနည်း။

ဖြေ။ သဏ္ဌာနပညတ်၊ သမူဟပညတ်၊ ဇာတိပညတ်၊ ဒိသာပညတ်၊ ကာလပညတ်၊ မာသပညတ် အာကာသပညတ်၊ နိမိတ္တပညတ်အားဖြင့် ရှစ် ပါး အပြားရှိပါသည်။

မေး။ အဘယ်ပညတ်ကို သဏ္ဌာနပညတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ အပေါင်း၏ အစွမ်းအားဖြင့် - ဖြစ်ကုန်သော မဟာဘုတ်တို့၏ဖေါက်ပြန်သော အခြင်းအရာ အားဖြင့် ဖေါက်ပြန်သည်ကိုစွဲ၍ ပထဝီအဆိုင် အခဲ၊ အဖု၊ အဆစ်၊ အထပ်အလွှာ ရှိသည်ကို စွဲ၍ ပဗ္ဗတဟု သမုတ်သည်ကို သဏ္ဌာနပညတ် ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို သမူဟပညတ်ဟု ခေါ်ပါ သနည်း။

ဖြေ။ သစ်သားအပေါင်းကိုစွဲ၍ ဂေဟ ဝန်ရိုးလှံညှိုး သန်စသောအပေါင်းကိုစွဲ၍ ရထ၊ သကဋ၊ ဟု သမုတ်သည်ကို သမူဟ ပညတ်ဟု ခေါ်ပါ သည်။

မေး။ အဘယ်ပညတ်ကို ဇာတိပညတ်ဟု ခေါ်ပါသ နည်း။

ဖြေ။ ခန္ဓာငါးပါးအပေါင်းကိုစွဲ၍၊မိန်းမ,ယောကျ်ား ဟု သမုတ်ခြင်းကို ဇာတိပညတ်ဟု ခေါ်ပါ သည်။

မေး။ အဘယ်ပညတ်ကို ဒိသာပညတ်ဟု ခေါ်ပါသ နည်း။

ဖြေ။ လနေနက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လကျ်ာ ရစ်လည်ခြင်းစသည်ကိုစွဲ၍ အရှေ့, အနောက် အရပ်ဟု သမုတ်ခြင်းကို ဒိသာပညတ်ဟုခေါ် ပါသည်။

မေး။ အဘယ်ပညတ်ကို ကာလပညတ်ဟုခေါ်ပါသ နည်း။

ဖြေ။ နံနက်ကာလ မွန်းတည့်ကာလစသည်ဟု သမု ခြင်းကို ကာလပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို မာသပညတ်ဟု ခေါ်ပါသ နည်း။

ဖြေ။ ကဆုန်လ၊ နယုန်လ စသည်ဟု သမုတ်ခြင်းကို မာသပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို အာကာသပညတ်ဟုခေါ်ပါသနည်း။

ဖြေ။ အခေါင်းအစရှိသော အခြင်းအရာကိုစွဲ၍ ကူပ၊ ဂူဟာ-စသည်ဖြင့် သမုတ်ခြင်းကို အာကာသ ပညတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို နိမိတ္တပညတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟုသမုတ်ခြင်းကို နိမိတ္တပညတ်ဟုခေါ်ပါသည်။

မေး။ သဒ္ဒပညတ်သည်၊အဘယ်မျှအပြားရှိပါသနည်း

ဖြေ။ နာမ–နာမကမ္မ၊ နာမဓေယျ၊ နာမနိရုတ္တိ၊ နာမဗျဉ္ဇန၊ နာမဘိလာပအားဖြင့်၊သဒ္ဒပညတ်သည် ခြောက်ပါးအပြားရှိပါသည်။

မေး။ အဘယ်သဒ္ဒါကို နာမဟုခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွှတ်တတ်သော စိတ်ကြောင့် ဖြစ်သော သဒ္ဒါကို နာမဟုခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါကို နာမကမ္မဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ညွှတ်သည်ဖြစ်၍ ပြုအပ်သောအက္ခရာ အစဉ်ဟု ဆိုအပ်သော သဒ္ဒါကို နာမကမ္မဟု ခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါကို နာမဓေယျဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွှတ်သည်ဖြစ်၍ ထားအပ်သော အက္ခရာအစဉ်ဟု ဆိုအပ်သော သဒ္ဒါကို နာမ ပေယျဟုခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါကို နာမနိရုတ္တိဟုခေါ်ပါသနည်း။

ဖြေ။ မိမိကြောင့်ဖြစ်သော အနက်ကို ထုတ်၍ဆိုအပ်သော စိတ်ကြောင့်ဖြစ်သော အက္ခရာအစဉ်ဟု ဆိုအပ်သော သဒ္ဒါကို နာမနိရုတ္တိဟု ခေါ်ပါ သည်။

မေး။ အဘယ်သဒ္ဒါကို နာမဗျဉ္ဇနဟု ခေါ်ပါသနည်း။

ဖြေ။ အနက်ကို ပြတတ်သော အက္ခရာအစဉ်ဟု ဆို အပ်သော သဒ္ဒါကို နာမဗျဉ္ဇန ခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါကို နာမအဘိလာပ ဟု ခေါ်ပါသ နည်း။

ဖြေ။ မိမိသည်ဟောအပ်သောအနက်ကို ရှေးရှုသည် ဖြစ်၍ ထိုအနက်ကို ဟောတတ်သော စိတ္တဇ အက္ခရာအစဉ်ဟုဆိုအပ်သော သဒ္ဒါကို နာမ အဘိလာပဟုခေါ်ပါသည်။

မေး။ ထိုခြောက်ပါးသော အမည်ဖြင့် ပြအပ်သော- သဒ္ဒပညတ်သည် အဘယ်မျှပြားပါသနည်း။

ဖြေ။ ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇ မာနေန အဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်

ဟု သဒ္ဒပညတ်သည်ခြောက်ပါးပြားပါသည်။

မေး။ အဘယ်ပညတ်ကို ဝိဇ္ဇမာနပညတ်ဟုခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထအားဖြင့်ထင်ရှားရှိသော ရူပ-ဝေဒနာ အစရှိသော သဒ္ဒပညတ်သည်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ဝေဒနာဟူသော အနက်ကို သိစေတတ်ရကား၊ ထိုရူပ - ဝေဒနာ စသော သဒ္ဒပညတ်ကို ဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို အဝိဇ္ဇမာန ပညတ်ဟုခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဘူမိ-ပဗ္ဗတ စသော သဒ္ဒပညတ်သည် - ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေတောင်စသော အနက်ကို သိစေတတ်ရကား ထိုဘူမိ - ပဗ္ဗတ စသော သဒ္ဒပညတ်ကို အဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို ဝိဇ္ဇမာနေန-အဝိဇ္ဇမာန ပညတ်ဟုခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အဘိညာဉ် ခြောက်ပါးဖြင့် အညပုဒ်၏ အရဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်ကို အပြားအားဖြင့် သိကြောင်းဖြစ်ရကား-ထိုဆဠ

ဘိညောဟူသော သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို အဝိဇ္ဇမာနေန - ဝိဇ္ဇမာနပညတ်ဟုခေါ်ပါသနည်း။

ဖြေ။ ရှေ့ပုဒ်၏အရဖြစ်သော- ပရမတ္ထအားဖြင့် ထင်ရှား မရှိသော မိန်းမဖြင့် - ပရမတ္ထ အားဖြင့် ထင်ရှားရှိသောအသံကို အပြားအားဖြင့် သိကြောင်း ဖြစ်ရကား ထိုမှတ္ထိသဒ္ဒါဟူသော သဒ္ဒါကို အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇာမာန ပညတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော စက္ခုဝိညာဏ် အားဖြင့် ပရမတ္ထအားဖြင့် ထင်ရှား ရှိသော စက္ခုဝိညာဏ်ကိုအပြားအားဖြင့်သိစေကြောင်း ဖြစ်ရကား ထိုစက္ခု ဝိညာဏ်ဟူသော နာမ ပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရှေ့ပုဒ်၏အရဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားမရှိသောမင်းဖြင့် ပရမတ္ထအားဖြင့် ထင်ရှား မရှိသော သားကို သိကြောင်း ဖြစ်ရ

ကား၊ ထိုရာဇပုတ္တောဟူသော သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟု ခေါ်ပါသည်။

## ဝေမီးသော သာနုသာရနုစသောဂါထာ၏ အရကိုပြခြင်း။

မေး။ ဝဒန္တပုဂ္ဂိုလ်သည် ရှတ်ဆို အပ်သော နာမပညတ်ကို ကြားသောအခါ၊ သုန္တ - ပုဂ္ဂိုလ်အား၊ ဘယ်နှစ်ဝီထိကျမှ အတ္ထပညတ်ကို သိပါသနည်း။

ဖြေ။ တလုံးသော အက္ခရာ ရှိသော ဂေါစသောပြယုတ်၌ ဂေါဟူသောပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍၊ ရှေးဦးစွာသောတဒ္ဓါရတဝီထိ၊ ထို့နောက် အတိတ်ဖြစ်သော ထိုသဒ္ဒါရုံကို အာရုံပြု၍ နှစ်ကြိမ်မြောက် တဒနုဝတ္တက မနောဒွါရတဝီထိ ထို့နောက် ဂေါဟူသော နာမပညတ်ကို အာရုံပြု၍ သုံးကြိမ်မြောက် သုဒ္ဓမနော ဒွါရ တဝီထိ၊ထို့နောက် နာမပညတ်ကို အစဉ်လျှောက်သဖြင့် နွား၏ခန္ဓာ ပဥ္စကဖြစ်ဟု ဆိုအပ်သော အတ္ထပညတ်ကို အာရုံပြု၍ လေးကြိမ်မြောက် သုဒ္ဓမနောဒွါရတဝီထိ၊ ဤသို့အားဖြင့် လေးဝီထိကျမှ အတ္ထပညတ်ကိုသိပါသည်။

မေး။ အဘယ်အကြောင်းနှင့် ပြည့်စုံမှ၊ အတ္ထပညတ်သိပါသနည်

ဖြေ၊ သောဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်ခြင်း သဘောတပညတ်ဖြင့် ဂေါသဒ္ဒါသည် နွားဟူသော အနက်ကိုဟော၏ဟု ရှေး၌မှတ်ဘူးခြင်း ဤနှစ်ပါးသော အကြောင်းနှင့်ပြည့်စုံမှ သိပါသည်။

မေး၊ ဣတ္ထိသဒ္ဒါကိုကြားသောအခါ ဘယ်နှစ်ဝိထိကျမှ မိန်းမဟူသော အတ္ထပညတ်ကိုသိပါသနည်း။

ဖြေ၊ ဣဟူသော သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရတဝီထိ၊ တဒနုဝတ္တကမနောဒွါရတဝီထိ၊ ထိဟူသောသဒ္ဒါရုံကို အာရုံပြု၍ ထို့အတူ နှစ်ဝိထိ ထို့နောက် အသိဉာဏ်ဖြင့် ယူအပ်သော နာမပညတ်ဟုဆိုအပ်သော ဣတ္ထိဟူသော အက္ခရာအစဉ်ကို အာရုံပြု၍၊သုဒ္ဓမနောဒွါရတဝိထိ ထို့နောက်၊ မိန်းမ၏ ခန္ဓာပဉ္စကဒြပ်ဟု ဆိုအပ်သော အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရတဝီထိ၊ ဤသို့အားဖြင့် ခြောက်ဝိထိကျမှ အတ္ထပညတ်ကိုသိပါသည်။

ဤနည်းအတူ အက္ခရာများလျှင် ဝိထိအကျများကို သိပါလေ။

**ပစ္စည်းပိုင်းအမေးအဖြေကားပြီးပြီ။**

# ကမ္မဋ္ဌာန်းပိုင်း။

## ကမ္မဋ္ဌာန်းကိုပြခြင်း။

မေး။ ကမ္မဋ္ဌာန်းပိုင်း၌၊ ဘာဝနာသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာအားဖြင့် နှစ်ပါးရှိပါသည်။

မေး။ သမထဘာဝနာဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ နီဝရဏ တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထဟုခေါ်ပါသည်။

မေး။ ဝိပဿနာဟုအဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ အနိစ္စအစရှိသော အထူးထူးသောအချင်းအရာအားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာဟုခေါ်ပါသည်။

မေး။ သမထဘာဝနာသည် အရေအတွက် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာလေးပါး၊ ပဋိကူလသညာတပါး၊ စတုဓာတုဝဝတ္ထာန်တပါး၊ အာရုပ္ပလေးပါးအားဖြင့် သမထဘာဝနာ လေးဆယ် ဖြစ်ပါသည်။

မေး။ ကသိုဏ်းဆယ်ပါးအရ ရေတွက်၍ပြစမ်းပါ။
ဖြေ။ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇော ကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတ ကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း အားဖြင့် ဆယ်ပါးဖြစ်ပါသည်။
မေး။ အသုဘဆယ်ပါး၏အရကိုရေတွက်ပြစမ်းပါ။
ဖြေ။ ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက၊ ဝိစ္ဆိဒ္ဒက ဝိက္ခာယိတက၊ ဝိက္ခိတ္တက၊ ဟတဝိက္ခိတ္တက၊ လောဟိတက၊ ပုဠုဝက၊ အဋ္ဌိက အားဖြင့် ဆယ်ပါးဖြစ်ပါသည်။
မေး။ အနုဿတိဆယ်ပါး၏အရ သချာင်ကိုရေတွက် ပြစမ်းပါ။
ဖြေ။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿ တိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယ ဂတာနုဿတိ၊ အာနာပါဏာနုဿတိ အား ဖြင့် ဆယ်ပါး ဖြစ်ပါသည်။
မေး။ အပ္ပမညာလေးပါး၏အရ သချာင်ကိုရေတွက်ပြ စမ်းပါ။
ဖြေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အားဖြင့် လေးပါးဖြစ်ပါသည်။
မေး။ သညာကား အဘယ်မျှရှိပါသနည်း။

ဖြေ။ အာဟာရေပဋိကူလသညာအားဖြင့်တပါးရှိပါသည်။

မေး။ ဝဝတ္ထာန်ကား အဘယ်မျှရှိပါသနည်း။

ဖြေ။ စတုဓာတုဝဝတ္ထာန်အားဖြင့် တပါးရှိပါသည်။

မေး။ အာရုပ္ပလေးပါး အရသာချပ်ကို ရေတွက်ပြစမ်းပါ။

ဖြေ။ အာကာသာနဉ္စာ အာရုပ္ပ၊ ဝိညာဏဉ္စာယတန အာရုပ္ပ၊ အာကိဉ္စညာယတန အာရုပ္ပ၊ နေဝသညာ နာသညာယတနအာရုပ္ပအားဖြင့် လေးပါးဖြစ်ပါသည်။

မေး။ ပထဝီကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်ကသိုဏ်းဝန်းကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ နေအာရုံ အဆင်းနှင့်တူသောမြေကိုယူ၍ ကြီးစွအဆုံး ကောက်နယ်တလင်းခန့်၊ ငယ်စွအဆုံး ခွက်မျှ၊ စကောမျှ၊ အချင်းတထွာ၊ လက်လေးသစ်ရှိသော ကသိုဏ်းဝန်းကိုပြု၍၊ ပထဝီ၊ ပထဝီဟု စက္ခုဝိညာဏ်ဖြင့်ကြည့်ရှု၍ စီးဖြန်းရပါသည်။

မေး။ အာပေါကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်ကသိုဏ်းကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ မြူကြေးမတင် သန့်ရှင်းစင်သော ရေကို၊ သပိတ်၊ အိုးအင်၊ လင်ဘန်း၊ ရေခွက် စသည်၌ ပြည့်အောင်ထည့်၍ အာပေါ အာပေါဟု၊ စက္ခုဝိညာဏ်ဖြင့်ရှု၍ စီးဖြန်းရပါသည်။

မေး။ တေဇောကသိုဏ်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်ကသိုဏ်းကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ များစွာသော ထင်းတို့ကိုစုပုံ၍ မီးဖြင့်တိုက်ပြီးလျှင်၊ ရိုင်ဖျာစသည်တို့ဖြင့်ကာ၍ ထိုရှိုင်ဖျာစသည်တို့၌စက်ကွင်းဖေါက်ပြီးလျှင်၊ မီးတောက်ကိုကြည့်၍ တေဇော တေဇောဟု စီးဖြန်းရပါသည်။

မေး။ ဝါယောကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ အဘယ် ကသိုဏ်းကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ သစ်ပင်စသည်တို့၌ ထိခိုက်သောလေကို ဤအရပ်၌ ထိခိုက်၏ဟု သတိကိုပြု၍၎င်း၊ ကိုယ်၌ ထိခိုက်သောလေကို ဤအရပ်၌ ထိခိုက်၏ဟု သတိကိုပြု၍၎င်း၊ ဝါယောဝါယောဟု စီးဖြန်းရပါသည်။

မေး။ နီလကသိုဏ်းကို စီးဖြန်း လိုသော ယောဂီပုဂ္ဂိုလ်သည်၊ အဘယ်အာရုံကိုကြည့်ရှု၍စီးဖြန်းရသနည်း။

ဖြေ။ အောင်းမဲညို၊ မဲပြာညို၊ စသည်တို့ကို အာရုံပြု၍ နီလကံနီလကံဟုစကျွပ်ညာဏ်ဖြင့်ကြည့်ရှု၍ စီးဖြန်းရပါသည်။

မေး။ ပီတကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်အာရုံကို ရှုကြည့်၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဆေးဒါန်း နှင်းမြင်းသီလာ ဖဲဝါစသည်တို့ကို ကသိုဏ်းဝန်းပြု၍ ပီတကံ ပီတကံဟု စကျွပ်ညာဏ်ဖြင့် ရှုကြည့်၍စီးဖြန်းရပါသည်။

မေး။ လောဟိတကသိုဏ်းကိုစီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည် အဘယ်အဆင်းကို အာရုံ ပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဟင်းသပတား ပတ္တမြား-နီပါးစသည်ကို ကသိုဏ်းဝန်းပြု၍ လောဟိတကံ လောဟိတကံဟု စကျွပ်ညာဏ်ဖြင့်ရှု၍ စီးဖြန်းရပါသည်။

မေး။ ဩဒါတကသိုဏ်းကို စီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည် အဘယ်အဆင်းကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဖြင်ဖြူပိတ်ဖြူ၊ ထုံးဖြူစသည်ကိုကသိုဏ်းဝန်းပြု၍ ဩဒါတံ ဩဒါတံဟု (ဝါ) အဖြူအဖြူ၍ စကျွပ်ညာဏ်ဖြင့်ကြည့်ရှု၍စီးဖြန်းရပါသည်။

မေး။ အာကာသ ကသိုဏ်းကို စီးဖြန်း လိုသော

ယောဂီ ပုဂ္ဂိုလ်သည် အဘယ်ကို အာရုံပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ နံရံစသည်၌ တထွာလက်လေးသစ်ချင်း စက်ကွင်းပေါက်ပြု၍ အာကာသံ အာကာသံဟု (ဝါ)အပေါက် အပေါက်ဟု ကသိုဏ်းဝန်းကို စက္ခုဝိညာဏ်ဖြင့်ကြည့်ရှု၍ စီးဖြန်းရပါသည်။

မေး။ အာလောက ကသိုဏ်းကို စီးဖြန်း လိုသော ယောဂီပုဂ္ဂိုလ်သည်အဘယ်အရောင်ကို အာရုံပြု၍စီးဖြန်းရပါသနည်း။

ဖြေ။ နံရံပေါက်စသည်မှဝင်၍ ထင်လာသော နေလ စသည်တို့၏အရောင်အလင်းကို စက္ခုဝိညာဏ်ဖြင့် ရှုကြည့်၍ အာလောက အာလောက(ဝါ) အလင်းအလင်းဟုအဘန်ဘန်စီးဖြန်းရပါသည်။

အသုဘဆယ်ပါးကိုပွားများပုံ။

မေး။ ဥဒ္ဓုမာတကကို စီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု၍စီးဖြန်းရပါသနည်း။

ဖြေ။ သေပြီး၍အညိုကွက်မလာခင်ဖူးဖူးရောင်သော သူသေကောင်ကို ကသိုဏ်းနိမိတ်ယူဘိသကဲ့သို့မျက်စိနှင့်ရှုကြည့်၍စိတ်ထဲ၌ထင်လာအောင် ဥဒ္ဓုမာတကံဥဒ္ဓုမာတကံဟုအဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဝိနီလကကိုစီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု

၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဖူးဖူးရောင်ပြီး၍ ကွဲ ပေါက် ခါ နီး၊ အညှိ အနံ့ စသည် ရေလျှက်အကွက်အကွက်ပေါ ၍ပုတ် ယိုသောသူသေကောင်ကိုနိမိတ်ယူ၍ စိတ်ထဲ၌ ထင်လာအောင် မျက်စိနှင့်ရှုကြည့်၍ ဝိနီလကံ ဝိနီလကံ ဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဝိပုဗ္ဗကကို စီးဖြန်းလိုလျှင် အဘယ်ကိုကြည့်ရှု ၍ စီးဖြန်းရပါသနည်း။

ဖြေ။ ပုပ်ယိုပြီး၍သွေးပြည်တို့ဖြင့် အက်ကွဲယိုကျနေ သော သူသေကောင်ကို မျက်စိနှင့် ရှုကြည့်၍ စိတ်ထဲ၌ ထင်လာအောင် ဝိပုဗ္ဗကံ ဝိပုဗ္ဗကံ အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဝိစ္ဆိဒ္ဒကကိုစီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု ၍ စီးဖြန်းရပါသနည်း။

ဖြေ။ နှစ်ပိုင်းပြတ်သော သူသေကောင်ကို မျက်စိနှင့် ရှုကြည့်၍စိတ်ထဲ၌ ထင်ထင်လာအောင် ဝိစ္ဆိဒ္ဒ ကံ ဝိစ္ဆိဒ္ဒကံဟု အဘန်ဘန် စီးဖြန်းရပါသည်။

မေး။ ဝိက္ခာယိတကကို စီးဖြန်း လိုလျှင် အဘယ်ကို ကြည့်ရှု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ကျီး၊ ခွေး၊ လင်းတ စသည်တို့ ထိုးဆွ ကိုက်ခဲ ၍ စားရာတွေ့ရှိသော သူသေကောင်ကို မျက် စိနှင့် ရှုကြည့်၍ စိတ်ထဲ၌ထင်လာအောင် ဝိက္ခာ ယိတကံ ဝိက္ခာယိတကံဟု အဘန် ဘန်

မိး‌ဖြန်းရပါသည်။

မေး။ ဝိက္ခာယိကကိုစီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ခြေတခြား လက်တခြား ခေါင်းတခြား ကိုယ်တခြား အားဖြင့် တကွဲစီ တခြားစီ ပစ်သွင့်၍ထားသော သူသေကောင်ကို တစပ်ထည်း စုပုံယှဉ်ထား၍နိမိတ်ယူပြီးလျှင် မျက်စိနှင့်ရှုကြည့်၍ စိတ်ထဲ၌ထင်လာအောင် ဝိက္ခိတ္တကံ၊ ဝိက္ခိတ္တကံဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဟတဝိက္ခိတ္တကကို စီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ကျီးခြေသဏ္ဍာန် အစရှိသည်ဖြင့် ထား လက်နက် တို့ဖြင့် ထိုးခုတ်၍ အသုံးထုံး အပြားပြားပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုတ်ကို မျက်စိနှင့်ကြည့်ရှု၍ စိတ်ထဲ၌ထင် မြင် လာ အောင် ဟတဝိက္ခိတ္တကံ၊ ဟတဝိက္ခိတ္တကံဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ လောဟိတကကို စီးဖြန်းလိုလျှင် အဘယ်ကို ကြည့်ရှု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ထိုမှ ဤမှ သွေးသိုထွက်၍ ကိုယ်၌ အနှံ့အပြား သွေး လိမ်း ကျံ ၍ နေ သော သူသေကောင်ကို မျက်စိနှင့် ရှုကြည့်၍ စိတ်ထဲ၌ထင်လာအောင် လောဟိတကံလောဟိတကံဟုစီးဖြန်းရပါသည်

မေး။ ပုဋ္ဌဝကကိုစီးဖြန်းလိုလျှင် အဘယ်ကိုကြည့်ရှု၍ စီးဖြန်းရပါသနည်း။

ဖြေ။ ပိုးလောက်တွေကျိုကျိုတက်၊ရွရွတက် ပြည့်၍နေသော သူသေကောင်ပုတ်ကို မျက်စိနှင့်ရှုကြည့်၍ စိတ်ထဲ၌ထင်လာအောင် ပုဋ္ဌဝကံ ပုဋ္ဌဝကံဟု အဘန်ဘန်နှုတ်လုံးသွင်း၍ စီးဖြန်းရပါသည်။

မေး။ အဋ္ဌိကကို စီးဖြန်းလိုလျှင် အဘယ်ကို ကြည့်၍ စီးဖြန်းရပါသနည်း။

ဖြေ။ သူသေကောင်၏ အရိုးကို မျက်စိနှင့် ရှုကြည့်၍ စိတ်ထဲ၌ ထင်လာအောင် အဋ္ဌိ၊အဋ္ဌိဟု အဘန်ဘန် စီးဖြန်းရပါသည်။

## အနုဿတိကို ပွားများခြင်း။

မေး။ ဗုဒ္ဓါနုဿတိပုဒ်၌ ဘုရားဂုဏ်တော် အကျဉ်းအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဝိဇ္ဇာ စရဏ သမ္ပန္နဂုဏ်၊ သုဂတ ဂုဏ်၊ လောက ဝိဒူဂုဏ်၊ အနုတ္တရော ပုရိသ ဓမ္မ သာရထိဂုဏ်၊ သတ္ထာ ဒေဝမနုဿာနဂုဏ်၊ဗုဒ္ဓဂုဏ်၊ဘဂဝါဂုဏ်အားဖြင့်၊ ကိုးပါးရှိပါသည်။

မေး။ အရဟံကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ ဘုရားရှင်၏ တထောင့်ငါးရာ ကိလေသာ ဟူ

သော ရန်သူတို့ကို အရဟတ္တ မဂ် ဉာဏ် ဖြင့် ပယ်ဖျက် သတ်ဖြတ်တော်မူနိုင်သော အစွမ်း သတ္တိဂုဏ်ကိုအောက်မေ့၍ သောဘဂဝါ ဣတိ ပိ အရဟံဟု စီးဖြန်းရပါသည်။

မေး။ သမ္မာသမ္ဗုဒ္ဓေါကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ခပ်သိမ်းသောတရားတို့ကို ဆရာမရှိ မိမိအလိုလို ကောင်းမွန်စွာသိတော်မူနိုင်သော အစွမ်း သတ္တိဂုဏ်ကို အောက်မေ့၍ သောဘဂဝါ ဣတိပိသမ္မာသမ္ဗုဒ္ဓေါဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဝိဇ္ဇာစရဏသမ္ပန္နောကိုစီးဖြန်းလိုလျှင်အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အစွမ်းသတ္တိဂုဏ်ကို အောက်မေ့၍ သောဘဂဝါ ဣတိပိဝိဇ္ဇာစရဏ သမ္ပန္နောဟု အဘန်ဘန် စီးဖြန်းရပါသည်။

မေး။ သုဂတောကို စီးဖြန်း လိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဝေနေယျ သတ္တဝါတို့ ချမ်းသာ ကောင်းကျိုး ဖြစ်ကြောင်းစကားကောင်းကိုသာမမှားမ ပုင်း ထင်လင်းသေချာ ကောင်းမွန်စွာ ဆိုတော်မူ

တတ်သော အစွမ်းသတ္တိဂုဏ်ကို အောက်မေ့၍ သောဘဂဝါ ဣတိပိသုဂတောဟု အဘန်ဘန် စိတ်မနေဘဲ ထင်ပေါ်လာအောင် စီးဖြန်းရပါသည်။

မေး။ လောကဝိဒူဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ သတ္တဝါဟူသော သတ္တလောက ရုပ်နာမ် ဟူသော သင်္ခါရလောက ထိုသင်္ခါရ နှစ်ပါးတို့ တည်ရာဌာနဟူသော ဩကာသလောက ဤလောကသုံးပါးကို ဆရာမရှိ၊ မိမိအလိုလို ကောင်းမွန်စွာထိုးထွင်း၍ သိတော်မူနိုင်သော အစွမ်းသတ္တိဂုဏ်ကိုအောက်မေ့၍ သောဘဂဝါ၊ ဣတိပိလောကဝိဒူဟု စီးဖြန်း ရပါသည်။

မေး။ အနုတ္တရောပုရိသဓမ္မသာရထိဂုဏ်ကို စီးဖြန်း လိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ ဆုံးမထိုက်သောမယဉ်ကျေးသော တိရစ္ဆာန် ယောကျ်ား၊ လူယောကျ်ား၊ နတ်ယောကျ်ား တို့ကို အတုမရှိ ယဉ်ကျေးအောင်ဆုံးမတော်မူနိုင်သော အစွမ်းသတ္တိဂုဏ်ကို အောက်မေ့၍ သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဓမ္မသာရထိဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ သတ္ထာဒေဝမနုဿာနံ ဂုဏ်ကို စီးဖြန်းလိုလျှင်

အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ လူ့နတ်ဗြဟ္မာ သတ္တဝါတို့အား ပစ္စုပ္ပန်အကျိုး သံသရာအကျိုး လောကီအကျိုး လောကုတ္တရာ အကျိုးတို့ တိုးပွား ဖြစ်ပေါ် လာအောင် ကောင်းစွာသွန်သင်ပြသဆုံးမတော်မူပေတတ်သော အစွမ်းသတ္တိ ဂုဏ်ကို အောက်မေ့၍ သတ္တာဒေဝ မနုဿာနံဟု အဘန်ဘန်စီးဖြန်း ရပါသည်။

မေး။ ဗုဒ္ဓေါဂုဏ်ကို စီးဖြန်း လိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ သစ္စာလေးပါးတရားကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်မြတ်လည်း သိတတ် ဝေနေယျ သတ္တဝါတို့ကိုလည်း သိစေတော် မူပေတတ်သော အစွမ်းသတ္တိဂုဏ်ကို အောက်မေ့၍ သောဘဂဝါ ဣတိပိဗုဒ္ဓေါဟု အဘန်ဘန်စီးဖြန်း ရပါသည်။

မေး။ ဘဂဝါဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ မိမိစိတ်ကိုအစိုးရခြင်း ဣဿရိယ လောကုတ္တရာ တရားဟူသော ဓမ္မအခြွေအရံ အကျော်အစောဟူသော ယသ၊ ဘုန်းကြက်သရေတော်ဟူသော သီရိ မိမိအကျိုးစီးပွါး သူတပါးတို့၏အကျိုးစီးပွါးနှစ်ပါးစုံကိုလိုလားခြင်း

ကာမ၊ ထိုလိုလားတော်မူတိုင်း၊ ပြီးစီးပြည့်စုံအောင် တတ်စွမ်းတော် မူနိုင်ခြင်း၊ ပယာဥ္၊ ဤဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော အစွမ်းသတ္တိဂုဏ်ကို အောက်မေ့၍ ဣတိပိသောဘဂဝါဟု အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဓမ္မာနုဿတိပုဒ်၌ တရားတော်၏ဂုဏ်ကား အဘယ်မျှ အရေအတွက်ရှိပါသနည်း။

ဖြေ။ သွာက္ခာတဂုဏ်၊ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်၊ ဧဟိပဿိကဂုဏ်၊ ဩပနေယျိက ဂုဏ်၊ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်အားဖြင့် ခြောက်ပါးရှိပါသည်။

မေး။ သွာက္ခာတဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန္ဓာအားဖြင့် ဆယ်ပါးသော တရားတော်မြတ်၏ အာဒိ ကလျာဏ မဇ္ဈေ ကလျာဏ၊ ပရိယောသာန ကလျာဏ သတ္ထ၊ သဗျဉ္ဇန စသော ဂုဏ်တို့ဖြင့် ပြည့်စုံ ကောင်းစွာဟောတော်မူအပ်သောသွာက္ခာတဂုဏ်ကိုအောက်မေ့၍ စီးဖြန်းရပါသည်။

မေး။ သန္ဒိဋ္ဌိကဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ မဂ်ဖိုလ် နိဗ္ဗာန်အားဖြင့် ကိုးပါးသော တရား

တော်မြတ်၏ အရိယာ ပုဂ္ဂိုလ်တို့သာ မျက်မှောက် ထင်ထင် သိမြင်ထိုက်တဲ့ သန္ဒိဋ္ဌိက ဂုဏ်ကို အောက်မေ့၍ အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ အကာလိကဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ မဂ် လေးပါး တရားတော်မြတ်၏ ငါးရက် ခြောက်ရက်စသည် အကျိုးပေးရာ အချိန်ကာလကို မငံ့လင့်ဘဲ မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းငှါ စွမ်းနိုင်သောအကာလိကဂုဏ်ကို အောက်မေ့၍ အဘန်ဘန်စီးဖြန်းရပါသည်။

မေး။ ဧဟိပဿိကဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍စီးဖြန်းရမည်နည်း။

ဖြေ။ ကိုးပါးသော တရားတော်မြတ်၏ စဉ် ကျယ် သန့်ရှင်း ထင်ရှား ရှိသည်ဖြစ်၍ လာပါ-ရှုပါ ကြည့်ရှုပါဟု ခေါ်ဆိုခြင်းငှါ ထိုက်တော်မူသော ဧဟိပဿိကဂုဏ်ကိုအဘန်ဘန်အောက်မေ့၍ စီးဖြန်းရပါသည်။

မေး။ ဩပနေယျိကဂုဏ်ကိုစီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ ကိုးပါးသောတရားတော်မြတ်၏ ပုဆိုးဥသျှောင် မီးပင် လောင်သော်လည်း မသတ်ဘဲ သာဘာဝနာဖြင့် မိမိစိတ်မှာ မြဲစွာစွဲကပ် ဆောင်

ခြင်း၄ါ၊ ထိုက်သော ဩပနေယျိက ဂုဏ်ကို အဘန်ဘန်အောက်မေ့၍ စီးဖြန်းရပါသည်။

ခမေး။ ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်ကိုစီးဖြန်းလိုလျှင်အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ခဖြေ။ ကိုးပါးသောတရားတော်မြတ်၏ သစ္စာလေးဝမြတ်ဓမ္မကို ကျနသိမြင် ပညာရှင်တို့သာ နေ့ညမပြတ်၊ ကိုယ်စီ ကို၄၊ ရှုမြင်သို့အပ် ခံစားအပ်သော ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်ကိုအဘန်ဘန်အောက်မေ့၍ စီးဖြန်းရပါသည်။

ခမေး။ သံဃာနုဿတိပုဒ်၌ သံဃာတော်၏ဂုဏ်ကားအရေအတွက်အဘယ်မျှရှိပါသနည်း။

ခဖြေ။ သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယပ္ပဋိပန္နဂုဏ်၊ သာမိစိပ္ပဋိပန္နဂုဏ်၊ အာဟုနေယျဂုဏ်၊ ပါဟုနေယျဂုဏ်၊ ဒက္ခိဏေယျဂုဏ်၊ အဉ္ဇလိကရဏီယ ဂုဏ်၊ ပုညက္ခေတ္တဂုဏ်အားဖြင့်ကိုးပါးရှိပါသည်။

ခမေး။ သုပ္ပဋိပန္နဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ခဖြေ။ ဘုရားရှင်၏ တပည့်သား သံဃာတော်သည် မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း တရားတော်၌ ဆုံးမတော်မူတိုင်းသာ ကျင့်တော်မူ

သည်ဖြစ်၍ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံ၏ဟု အဘန်ဘန် အောက်မေ့၍ သုပ္ပဋိပန္နော ဟု စီးဖြန်းရပါသည်။

မေး။ ဥဇုပ္ပဋိပန္နဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားရှင်၏တပည့်သားသံဃာတော်သည် မာယာသာထေယျစသော အမြစ်မှကင်းလွတ်၍ ဖြောင့်မတ်စွာကျင့်တော်မူသဖြင့် ဥဇုပ္ပဋိပန္နဂုဏ်နှင့်ပြည့်စုံပေ၏ဟုအဘန်ဘန်အောက်မေ့၍ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နောဟု စီးဖြန်းရပါသည်။

မေး။ ဉာယပ္ပဋိပန္နဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားရှင်၏ တပည့်သား သံဃာတော်သည် ခပ်သိမ်းသော ဝဋ်ဒုက္ခ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်အကျိုးငှါ ကျင့်တော်မူသသဖြင့် ဉာယပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံပေ၏ဟု အဘန်ဘန် အောက်မေ့၍ ဉာယပ္ပဋိပန္နော ဉာယပ္ပဋိပန္နောဟု စီးဖြန်းရပါသည်။

မေး။ သာမီစိပ္ပဋိပန္နဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်ကို အောက်မေ့၍စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားရှင်၏တပည့်သား သံဃာတော်သည် မြတ်စွာနတ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူခယ

ဗိုသေယိုက်အောင် ကျင့်တော်မူသဖြင့် သာမိ
စိပ္ပဋိပန္နဂုဏ်နှင့်ပြည့်စုံတော်မူပေ၏ဟု အဘန်
ဘန် အောက်မေ့၍ သာမိစိပ္ပဋိပန္နော သာမိ
စိပ္ပဋိပန္နောဟုစီးဖြန်းရပါသည်။

မေး။ အာဟုဏေယျဂုဏ်ကိုစီးဖြန်းလိုလျှင် အဘယ်
ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားရှင်၏တပည့်သား သံဃာ တော် သည်
အဝေးမှဆောင်ယူ ကြည် ဖြူ နှင်ပြ ပူဇော်
အပ်သော ပစ္စည်းကို ခံတော်မူထိုက်သဖြင့်
အာဟုဏေယျ ဂုဏ်နှင့် ပြည့်တော်မူပေ၏ဟု
အဘန်ဘန်အောက်မေ့၍အာဟုနေယျော၊အာ
ဟု ဏေယျောဟု စီးဖြန်းရပါသည်။

မေး။ ပါဟုဏေယျဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်
ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားတပည့်သားသံဃာတော်သည် လွန်စွာ
ဝေးကွာ ရပ်ဒီသာမှ ရောက်လာမိတ္တ ဧည့်တ
ကါအားရည်ရွယ်၍ထားပစ္စည်းများကိုခံတော်
မူထိုက်သော ပါဟုဏေယျ ဂုဏ်နှင့် ပြည့်စုံ
တော် မူပေ၏ဟု အဘန်ဘန် အောက်မေ့၍
ပါဟုဏေယျော ပါဟုဏေယျောဟု စီးဖြန်း
ရပါသည်။

မေး။ ဒက္ခိဏေယျဂုဏ်ကို စီးဖြန်းလိုလျှင် အဘယ်
ကို အောက်မေ့၍ စီးဖြန်းရမည်နည်း။

ဖြေ။ ဘုရားတပည့်သား သံဃာတော်သည် ချမ်းသာ အကျိုး၊ ပွားတိုးအံ့ငှါ ရည်သံ တောင့်တ ပေးလှူကြသည့်ကို ခံတော်မူထိုက်သော ဒက္ခိဏေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏ဟု အဘန်ဘန်အောက်မေ့၍ ဒက္ခိဏေယျော ဒက္ခိဏေယျောဟု စီးဖြန်းရပါသည်။

မေး။ အဉ္ဇလိကရဏီယဂုဏ်ကိုစီးဖြန်းလိုမူ၊ အဘယ်ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားတပည့်သားသံဃာတော်သည်လက်အုပ်ချီမိုး ရှိခိုးဝပ်ချ ရှိသေထိုက်သည်ဖြစ်၍ အဉ္ဇလိကရဏီယ ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏ဟု အဘန်ဘန် အောက်မေ့၍ အဉ္ဇလိ ကရဏီယော၊ အဉ္ဇလိကရဏီယော စီး ဖြန်း ရ ပါ သည်။

မေး။ ပုညက္ခေတ္တဂုဏ်ကို စီး ဖြန်း လို မူ အဘယ်ကို အောက်မေ့၍စီးဖြန်းရပါသနည်း။

ဖြေ။ ဘုရားသားတော် သံဃာတော်သည် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်း၏ တုဘက်မရ လွန်ကဲ ထူးမြတ်သော ကောင်းမှုမျိုး၏ စိုက်ပျိုး ပစ်ချရာ လယ်တာ မြေကောင်း အတူ ဖြစ်တော်မူသဖြင့် ပုည က္ခေတ္တ ဂုဏ် နှင့် ပြည့်စုံ တော်မူပေ၏ဟု အ ဘန် ဘန် အောက်မေ့၍ ပုညက္ခေတ္တံ၊ ပုညက္ခေတ္တံ ဟုစီးဖြန်းရပါသည်။

မေး။ သီလာနုဿတိကိုပွားလိုလျှင် အဘယ်ကိုအာရုံပြု၍ အောက်မေ့ရပါသနည်း။

ဖြေ။ ကျိုးပေါက်ခြင်းမရှိသော မိမိ၏ သီလဂုဏ်ကို အာရုံပြု၍ အဘန်တလဲလဲ ငါ ၏ သီ လ သည် ခရုသင်းပွတ်သစ်စကဲ့သို့စင်ကြယ်၏ဟုအောက်မေ့ရပါသည်။

မေး။ စာဂါနုဿတိကိုပွားလိုလျှင် အဘယ်ကိုအာရုံပြု၍ အောက်မေ့ရပါသနည်း။

ဖြေ။ နှစ်မြောမဘက် သဒ္ဓါသက်သက်ဖြင့် လှူဒါန်းခွန့်ကြဲအပ်သော မိမိ၏ အလှူစာဂ ဂုဏ်ကျေးဇူးကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ရပါသည်။

မေး။ ဒေဝတာနုဿတိကို ပွားလိုလျှင် အဘယ်ကို အာရုံပြု၍ အောက်မေ့ရပါသနည်း။

ဖြေ။ သဒ္ဓါအစရှိသည်တို့နှင့်ပြည့်စုံကုန်သောနတ်တို့သည် နတ်၏အဖြစ်သို့ ရောက်ကုန်၏၊ ထိုနတ်တို့၏ သဒ္ဓါအစရှိသည်တို့သည် ငါ၌လည်း ရှိကုန်၏ဟု နတ် တို့ကို သက်သေအရာ၌ထား၍ မိမိသဒ္ဓါအစရှိသော ဂုဏ်ကိုအာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ရပါသည်။

မေး။ ဥပသမာနုဿတိကို ပွားလိုလျှင် အဘယ်ကို အာရုံပြု၍ အောက်မေ့ရပါသနည်း။

ဖြေ။ နိဗ္ဗာန်၏ ဝဏ္ဏပစ္စေဒ၊ တဏှက္ခယ ဝိရာဂ နိရောဓ၊ စသောဂုဏ်ကို အာရုံပြု၍ အဘန် တလဲလဲ အောက်မေ့ရပါသည်။

မေး။ မရဏာနုဿတိကို စီးဖြန်းလိုလျှင် အဘယ် ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ တခုသောဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ အပဉ္စ၏ ပြတ်ခြင်းဟုဆိုအပ်သော သေခြင်းကို အာရုံပြု၍ အဘန်တလဲလဲ၊ မရဏံမေဘဝိဿတိ မရဏံမေဘဝိဿတိဟု စီးဖြန်းရပါသည်။

မေး။ ကာယဂတာသတိကို ပွားလိုလျှင် အဘယ်ကို အောက်မေ့၍ ပွားရသနည်း။

ဖြေ။ ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား အစရှိသော ၃၂-ပါးသော ကောဋ္ဌာသကာယ ကို အဆင်းသဏ္ဌာန် တည်ရာဒိသာ အနိုင်း အ ခြား ပရိစ္ဆေဒ ဤငါးပါးသော အခြင်းအရာ တို့ဖြင့်မှတ်၍ ဆံပင် ကသည်ကြွင်ငယ် ကြွင် ငယ် ကသည်ဆံပင်ကျအောင် အနုလုံ ပဋိလုံ အားဖြင့် အဘန်တလဲလဲ စီးဖြန်းပွားများရပါ သည်။

မေး။ အာနာပါနဿတိကို စီးဖြန်းလိုလျှင် အဘယ် ကို အောက်မေ့၍ စီးဖြန်းရပါသနည်း။

ဖြေ။ ထွက်သက် ဝင်သက် လေကို မနှေး မမြန် မပြေ မပြင်း၊ မှန်မှန် ဖြစ်စေ၍ နှာခေါင်း၌

စိတ်ကိုထားလျက်၊ ထွက်သက် ထွက်လာသျှင် ထွက်လေဟူ၍ သိအပ်၏ မှတ်အပ်၏၊ မသိလိုက်ဘဲ မမှတ်မိလိုက်ဘဲ မထွက်စေအပ်၊ ဝင်သက် လေဝင် ပြန်လျှင်လည်း၊ ထိုနည်းတူစွာ ဝင်လေဟူ၍သာ သိအပ်၏ မှတ်အပ်၏၊ မသိလိုက်၊ မမှတ်မိလိုက်ဘဲ မဝင်စေအပ်၊ ပွတ်ကြိုး ဆွဲသော ယောက်ျားကဲ့သို့ရင်း၊ ဖိုထိုးသော ယောက်ျားကဲ့သို့ရင်း၊ ထွက်သက် ဝင်သက် လေကိုလည်း မိမိ အလိုရှိသလို ရှံ့ခါ ရှံ့ခါလည်း၊ ဖြည်း ဖြည်း ရှည် ရှည် မှျင်းမှျင်းလည်း ထွက်စေအပ်၏၊ ရှံ့ခါ ရှံ့ခါလည်း ရှူး ရှဲ ရှူးရှဲဟု မြန်မြန် တိုတို ထွက်ဝင်သည်ဟု အသိသညာဖြင့်သိမှတ်၍သာလျှင်သိစေအပ်၏၊ ဤသို့ တခြားအာရုံသို့ စိတ်ကို မသွားစေဘဲ ထွက်လေဝင်လေကိုသာလျှင် သတိဖြင့်မှတ်၍ ထွက်လေ ဝင်လေဟု အောက်မေ့မှတ်သား၍ စီးဖြန်းရပါသည်။

မေး။ အနုသယ တိဆယ်ပါးတို့တွင်ရှေ့နှစ်ပါးတို့၌အနုသဋ္ဌါပါသကဲ့သို့ နောက် နှစ်ပါးတို့၌ အဘယ့်ကြောင့် အနုသဋ္ဌါမပါသနည်း။

ဖြေ။ ရှေ့ရှစ်ပါးတို့သည် ပရမတ္ထသဘောဖြစ်သောကြောင့်၊ ဥပစာရသမာဓိ ျသာဖြစ်နိုင်ပါသည်၊ နောက် နှစ်ပါးမှာ၊မူကား၊ ပ ညတ် ဖြစ်သော

ကြောင့် ဥပစာရသမာဓိ အပ္ပနာသမာဓိနှစ်ပါး ပင် ဖြစ်ပါသည်၊ဤသို့အထူးကိုသိစေလိုသော ကြောင့်၊ကာယဂတာသတိ၊ အာနာပါနသတိ နှစ်ပါး၌ အနုသန္ဓါမပါခြင်းဖြစ်ပါသည်။

မေး။ မေတ္တာကိုပွားလိုလျှင် အဘယ်ကို အာရုံပြု၍ ပွားရပါသနည်း။

ဖြေ။ အတိပ္ပိယ၊မဇ္ဈတ္တ၊ဝေရီပုဂ္ဂိုလ်ကို၎င်း၊ အနောဒိသ၊ ဩဒိသ အားဖြင့် အပိုင်းအခြားပြု၍ သော်၎င်း၊ သတ္တဝါပညတ်ကိုအာရုံပြု၍ အဟံ အဝေရောဟောမိ၊ အဗျာပဇ္ဈောဟောမိ၊ အနီဃောဟောမိ၊ သုခီအတ္တာနံပရိဟာရာမိ၊ မမ ပိယပုဂ္ဂလာ၊အဝေရာဟောန္တု၊ မမ မဇ္ဈတ္တပုဂ္ဂလာ အဝေရာဟောန္တု၊မမဝေရီပုဂ္ဂလာ အဝေရာ ဟောန္တု၊သဗ္ဗေသတ္တာအဝေရာဟောန္တု၊ သဗ္ဗေပါဏာအဝေရာဟောန္တု၊ သဗ္ဗေဘူတာ အဝေရာ ဟောန္တု၊ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု၊ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊သဗ္ဗေပုရိသာ၊သဗ္ဗေအရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေဒေဝါ၊သဗ္ဗေမနုဿာ၊သဗ္ဗေ ဝိနိပါတိကာ၊ အဝေရာ ဟောန္တု၊အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟာရန္တု၊ ဟူ၍ စသည်ဖြင့် ပွါးများရပါသည်။

မေး၊ ကရုဏာကိုစီးဖြန်းလိုမူ၊ အဘယ်ကို အာရုံပြု၍ ပွားရပါသနည်း။

ဖြေ။ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သဗ္ဗေသတ္တာဒုက္ခာမုစ္စန္တု၊ သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တုဟု အဘန်ဘန်ပွားရပါသည်။

မေး၊ မုဒိတာကိုပွားလိုလျှင်၊ အဘယ်ကို အာရုံပြု၍ ပွားရပါသနည်း။

ဖြေ။ ချမ်းသာသောသုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သဗ္ဗေသတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ဟု အဘန်ဘန်ပွားရပါသည်။

မေး။ ဥပေက္ခာကိုစီးဖြန်းလိုမူ အဘယ်ကို အာရုံပြု၍ ပွားရပါသနည်း။

ဖြေ။ ပိယပုဂ္ဂိုလ်၊ ဒုက္ခိတ၊ သုခိတ ပုဂ္ဂိုလ်တို့ ကို အာရုံမပြုဘဲ၊ လျစ်လျူရှုထား၍ တွင်းမဲ့ဥသို့ အလုံးစုံသောသတ္တဝါတို့သည်၊ကံသာလျှင် ကိုး ကွယ် အားထားရာ ရှိကုန်၏ဟု အာ ရုံ ပြု ၍ သဗ္ဗေသတ္တာကမ္မဿကာဟု အဘန်ဘန် ပွားရ ပါသည်။

မေး။ သညာကိုပွားလိုမူ၊ အဘယ်ကို နှစ် လုံး သွင်း အာရုံပြု၍ ဆင်ခြင်ရမည်နည်း။

ဖြေ။ ဆွမ်းစသည်တို့ကို သွားလာ ရှာမှီးခြင်း၊ သုံး ဆောင်ခြင်း စသည်တို့၌ ဆင်ခြင်သည့်၏ အ

ရွမ်း အားဖြင့် စားအပ်၊ မျိုအပ်သော အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဂုဏ်ဟု ဆင်ခြင်စသည်ကို အချုပ်ပြု၍ ဆင်ခြင်ရပါသည်။

မေး။ ဝဝတ္ထုန်ကို ပွားလိုလျှင်၊ အဘယ်ကို ပွားများဆင်ခြင်ရပါသနည်း။

ဖြေ။ ပထဝီဓါတ်စသော ဓါတ်လေးပါးတို့ကို လက္ခဏာ အားဖြင့်ရင်း၊ ဆံ အစရှိသော ၃၂ ပါးသော ကောဋ္ဌာသတို့ကို ပိုင်းခြားသော အားဖြင့်ရင်း၊ကြည့်ရှုဆင်ခြင်၍ ပွားများအားထုတ်ရပါသည်။

ကမ္မဋ္ဌာန်းနှင့် စပ်လျှင်းသော စကားတို့သည်ကား ဤကျမ်း၌ အနည်းငယ်အမြွက်မျှသာဖြစ်ပါသည်။အကျယ်ကိုသိလိုပါက ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမှာ ရှုကြည့်ပါလေ။

မေး။ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကား အဘယ်မျှရှိပါသနည်း။

ဖြေ။ မေတ္တာ၊ မရဏဿတိ၊ အသုဘသညာ အားဖြင့် သုံးပါးရှိပါသည်။

မေး။ ဤသုံးပါးသောကမ္မဋ္ဌာန်း တို့ကို အဘဲ့ကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟုခေါ်ပါသနည်း။

ဖြေ။ မည်သည့် စရိုက်ပြောသော ပုဂ္ဂိုလ်မဆို ခပ်သိမ်းသော အရွေ့၌ပင်လျှင် အလိုရှိအပ်သော ကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ပါသည်။

မေး။ ပါရိဟာရိယ ကမ္မဋ္ဌာန်းကား၊ အဘယ်မျှရှိပါသနည်း။

ဖြေ။ သဗ္ဗတ္ထကမ္မဋ္ဌာန်းမှ အကြွင်းပါရိဟာရိယ ကမ္မဋ္ဌာန်းကား ၃၇ ပါး၊ ရှိပါသည်။

မေး။ ၃၇ ပါးသော ကမ္မဋ္ဌာန်းတို့ကို အဘဲ့ကြောင့် ပါရိဟာရိယဟု ခေါ်ပါသနည်း။

ဖြေ။ စရိုက်အားလျော်စွာ အမြဲမပြတ် ဆောင်အပ်သောကြောင့် ပါရိဟာရိယဟုခေါ်ပါသည်။

**သဗ္ဗါသဘောသက်ပြခြင်း။**

မေး။ စရိုက်ကား အဘယ်မျှ အရေအတွက် ရှိပါသနည်း။

ဖြေ။ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်အား ခြောက်ပါး ရှိပါသည်။

မေး။ အဘယ်ကမ္မဋ္ဌာန်းတို့သည်၊ ရာဂစရိုက်ပြောသောသူအား လျောက်ပတ်ပါသနည်း။

ဖြေ။ အသုဘဆယ်ပါး ကာယဂတာ သတိအားဖြင့် တဆဲ့တပါးသော ကမ္မဋ္ဌာန်းတို့သည်၊ ရာဂပြောသောသူ၊ရာဂများသောသူအား လျောက်ပတ် ပါသည်။

မေး။ ထိုတဆဲ့တပါးသော ကမ္မဋ္ဌာန်းသည်၊ ရာဂပြောသောသူအား အဘယ်ကြောင့် လျောက်ပတ် ပါသနည်း။

ဖြေ။ ရာဂ၏ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သော ကြောင့် လျှောက်ပတ်ပါသည်။

မေး။ အဘယ်ကမ္မဋ္ဌာန်းသည် ဒေါသ ပြောသောသူ အား လျှောက်ပတ်ပါသနည်း။

ဖြေ။ အပ္ပမညာလေးပါ၊ နီလ၊ ပီတ၊ လောဟိတ ဩဒါတ အားဖြင့် ရှစ်ပါးသော ကမ္မဋ္ဌာန်း သည် ဒေါသပြောသောသူ များသောသူအား လျှောက်ပတ်ပါသည်။

မေး။ ထိုရှစ်ပါးသောကမ္မဋ္ဌာန်းသည် အဘယ့်ကြောင့် ဒေါသပြောသောသူအား လျှောက်ပတ်ပါ သနည်း။

ဖြေ။ ဒေါသ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ် သောကြောင့် လျှောက်ပတ်ပါသည်။

မေး။ အဘယ်ကမ္မဋ္ဌာန်းသည်၊မောဟစရိုက် ဝိတက် စရိုက် ပြောသော သူအား လျှောက်ပတ်ပါ သနည်း။

ဖြေ။ အာနာပါနသတိသည် မောဟစရိုက် ဝိတက် စရိုက် ပြောသော သူအား လျှောက် ပတ် ပါ သည်။

မေး။ အဘယ့်ကြောင့် အာနာပါနသတိသည် မောဟ စရိုက်၊ ဝိတက် စရိုက် ပြော သော သူ အား လျှောက်ပတ်ပါသနည်း။

ဖြေ။ အာနာပါန သတိသည် ပညာ၏ အာရုံ ဖြစ်၍ မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း ကမ္မဋ္ဌာန်းမှအပဖြစ်သော များစွာသောအာရုံတို့၌ ဝိတက်၏ ထိုမှဤမှပြေးခြင်းကိုသာ ဖြတ်တတ်သော ကြောင့် ၎င်း၊ လျော်ကပ် ပါသည်။

မေး၊ အဘယ်ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက် ပြောသောသူအား လျော်ကပ်ပါသနည်း။

ဖြေ။ ဗုဒ္ဓါနုဿတိ အစ၊ ဒေဝတာ နုဿတိ အဆုံး ခြောက်ပါးသောကမ္မဋ္ဌာန်းသည် သဒ္ဓါ စရိုက် ပြောသောသူ များသူအား လျော်ကပ် ပါသည်။

မေး။ ထိုခြောက်ပါးသောကမ္မဋ္ဌာန်းသည် သဒ္ဓါများသောသူအား အဘယ့်ကြောင့် လျော်ကပ်ပါသနည်း။

ဖြေ။ သဒ္ဓါတရား တိုးပွားခြင်း၏ အကြောင်း ဖြစ်သောကြောင့် သဒ္ဓါ အားကြီးသောသူ များသောသူအား လျော်ကပ်ပါသည်။

မေး။ အဘယ်ကမ္မဋ္ဌာန်းသည် ဗုဒ္ဓိစရိုက် ပြောသောသူအား လျော်ကပ်ပါသနည်း။

ဖြေ။ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ ပဋိကူလသညာ စတုဓာတု ဝ ဝဋ္ဌာန် အားဖြင့် လေးပါးသော

ကမ္မဋ္ဌာန်းသည် ပညာများသော သူအား လျှောက်ပတ်ပါသည်။

မေး။ ထိုလေးပါးသောကမ္မဋ္ဌာန်းသည်အဘယ့်ကြောင့် ပညာများသော သူအား လျှောက်ပတ်ပါသနည်း။

ဖြေ။ နက်နဲသည်ဖြစ်၍ ပညာ၏ အာရုံ ဖြစ်သောကြောင့် ပညာများသောသူအား လျှောက်ပတ်ပါသည်။

မေး။ အဘယ်ကမ္မဋ္ဌာန်းတို့သည် စရိုက် ခြောက်ပါးလုံး ပြောသော ပုဂ္ဂိုလ်တို့အား လျှောက်ပတ်ပါသနည်း။

ဖြေ။ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယော ကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း၊ အာရုပ္ပလေးပါးအားဖြင့် ဆယ်ပါးသောကမ္မဋ္ဌာန်းတို့သည် စရိုက်ခြောက်ပါးလုံးပြောသောပုဂ္ဂိုလ်တို့အား လျှောက်ပတ်ပါသည်။

မေး။ အာရုပ္ပလေးပါးကြဉ်သော ခြောက်ပါးသောကသိုဏ်းတို့၌ မဟာကြီးသောသူအား အဘယ်မျှသောကသိုဏ်းဝန်းသည် လျှောက်ပတ်ပါသနည်း။

ဖြေ။ ကြီးစွာ အဆုံး ကောက်နယ် တလင်းခန့်မျှရှိ

သော ကာသိုဏ်းဝန်းသည် မောဟ ကြီးသော သူအား လျှောက်ပတ်ပါသည်။

ခမေး။ အဘယ့်ကြောင့် မောဟ ကြီး သော သူ အား ကောက်နယ် တလင်းခန့်မျှရှိသော ကာသိုဏ်း ဝန်း သည် လျှောက်ပတ်ပါသနည်း။

ဖြေ။ မောဟကြီးသောသူသည် ကျဉ်းမြောင်းသော အရပ်၌ စိတ်၏ အတိုင်းအရှည်ထက် လွန်စွာ တွေဝေသောကြောင့် ကြီးသောကာသိုဏ်းဝန်း သာ လျှောက်ပတ်ပါသည်။

မေး။ ဝိတက်များသောသူအား၊ အဘယ် ကာသိုဏ်း ဝန်းသည် လျှောက်ပတ်ပါသနည်း။

ဖြေ။ ငယ်စွာအဆုံး၊ ခွက်ငယ် ဗန်းငယ်မျှ ရှိသော ကာ သိုဏ်းဝန်းသည် ဝိ တက် များ သော သူအား လျှောက်ပတ်ပါသည်။

မေး။ အဘယ့်ကြောင့် ခွက်ငယ် ဗန်းငယ်မျှရှိသော ကာ သိုဏ်းဝန်းသည် ဝိတက် များသော သူအား လျှောက်ပတ်ပါသနည်း။

ဖြေ။ ကြီးသော အာရုံသည် ဝိတက်ဖြစ်ခြင်း၏ အ ကြောင်း ဖြစ်ခြင်းကြောင့် ၎င်း၊ ဝိ တ က် နှ င့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ၎င်း၊ ငယ်သောကာသိုဏ်းဝန်းသာ ဝိတက်များ သော သူအား လျှောက်ပတ်ပါသည်။

## ဘာဝနာအပြားကိုပြခြင်း။

မေး။ ဘာဝနာကား၊ အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာအားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်ဘာဝနာကို ပရိကမ္မဘာဝနာဟု ခေါ်ပါသနည်း။

ဖြေ။ ပထဝီ၊ ပထဝီစသည်ဖြင့် အဘန်တလဲလဲ စီးဖြန်းခြင်းကို ပရိကမ္မဘာဝနာဟု ခေါ်ပါသည်။

မေး။ အဘယ်ဘာဝနာကို ဥပစာရဘာဝနာဟု ခေါ်ပါသနည်း။

ဖြေ။ နီဝရဏတည်းဟူသော ဘေးရန်တို့ကို ပယ်သည်မှစ၍ ဂေါတြဘူ အဆုံးရှိသော ဘာဝနာကို ဥပစာရဘာဝနာဟုခေါ်ပါသည်။

မေး။ အဘယ်ဘာဝနာကို အပ္ပနာဘာဝနာဟုခေါ်ပါသနည်း။

ဖြေ။ အပ္ပနာဈာန်သို့ ရောက်သောဘာဝနာကို အပ္ပနာ ဘာဝနာဟု ခေါ်ပါသည်။

မေး။ ပရိကမ္မဘာဝနာကို အဘယ် ကမ္မဋ္ဌာန်းတို့၌ ရပါသနည်း။

ဖြေ။ အလုံးစုံသော ကမ္မဋ္ဌာန်းလေးဆယ်တို့၌ ရပါသည်။

မေး။ ဥပစာရဘာဝနာသာ ဖြစ်၍ အပ္ပနာ ဘာဝနာ

မဖြစ်သော ကမ္မဋ္ဌာန်းကား အဘယ်ရှိမျှ ရှိပါသနည်း။

ဖြေ။ ဗုဒ္ဓါနုဿတိ အစရှိသော ရှစ်ပါးသောအနုဿတိ အာဟာရေ ပဋိကူလ သညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် ဆယ်ပါးရှိပါသည်။

မေး။ ဥပစာရဘာဝနာကို အဘယ် ကမ္မဋ္ဌာန်းတို့၌ ရပါသနည်း။

ဖြေ။ အလုံးစုံသော ကမ္မဋ္ဌာန်းလေးဆယ်တို့၌ ရပါသည်။

မေး။ အပ္ပနာ ဘာဝနာကို အဘယ် ကမ္မဋ္ဌာန်းတို့၌ ရပါသနည်း။

ဖြေ။ ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာလေးပါး၊ အာရုပ္ပလေးပါးအားဖြင့် ၃၀ သောကမ္မဋ္ဌာန်းတို့၌သာ ရပါသည်။

မေး။ ကသိုဏ်းဆယ်ပါးအာနာပါနဿတိကိုစီးဖြန်းလျှင် အဘယ်ဈာန်ကိုရနိုင်ပါသနည်း။

ဖြေ။ ရူပါဝစရဈာန် ငါးပါးလုံးကို ရနိုင်ပါသည်။

မေး။ အသုဘဆယ်ပါး၊ ကာယဂတာ သတိကို စီးဖြန်းလျှင် အဘယ်ဈာန်ရနိုင်ပါသနည်း။

ဖြေ။ ရူပါဝစရ ပဌမဈာန်ကိုရနိုင်ပါသည်။

မေး။ ထိုတဆဲ့တပါးသော ကမ္မဋ္ဌာန်းတို့သည် အ

ဘဲ့ကြောင့် ဒုတိယဈာန် စသည်ကို မရပ်
သနည်း။

ဖြေ။ အသုဘ ဘာဝနာသည် စက်ဆုပ် အပ်သော
အာရုံဖြစ်၍ ဝိတက်၏ အစွမ်းအားဖြင့်သာလျှင်
အသုဘ အာရုံ၌ သမာဓိ ဖြစ်သော ကြောင့်
ဝိတက်ကင်းသော ဒုတိယဈာန် စသည်တို့၌
သမာဓိမဖြစ်သောကြောင့် ဒုတိယဈာန်စသည်
မဖြစ်နိုင်ပါ။

မေး။ ပထမဈာန်ကား သောမနဿ၊ အသုဘ အာရုံ
ကား စက်ဆုပ်ဖွယ် ဖြစ်၍ အဘယ်သို့လျှင်
အာရုံအာရမ္မဏိက ဖြစ်နိုင်ကြသနည်း။

ဖြေ။ စက်ဆုပ်ဖွယ် ရှိသော်လည်း မချွတ်၊ ငါသည်
ဤမှုအကျင့်ဖြင့် ဇရာမရဏမှလွတ်အံ့ဟုအကျိုး
ကို မြင်သည်၏ အဖြစ်ကြောင့်၎င်း။ နီဝရဏ
တည်းဟူသော ပူပန်ခြင်းကို ပယ်သဖြင့်၎င်း၊
ဒိတိသောမနဿဖြစ်ရကား အာရုံအာရမ္မဏိ
က ဖြစ်နိုင်ပါသည်။

မေး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာကိုပွားလျှင် အဘယ်
ဈာန်ကို ရပါသနည်း။

ဖြေ။ ရူပဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယ
ဈာန်၊ စတုတ္ထဈာန်တို့ကို ရနိုင်ပါသည်။

မေး။ အဘဲ့ကြောင့် ရူပါဝစရပဉ္စမဈာန်ကို မရနိုင်
ပါသနည်း။

ဖြေ။ မေတ္တာစသည်တို့သည် သောမနဿနှင့်ကင်း၍ အပ္ပနာသို့မရောက်သောကြောင့် ဥပေက္ခာနှင့် ယှဉ်သော ပဉ္စမဈာန်ကိုမရနိုင်ပါ။

မေး။ အာရုပ္ပလေးပါးကို အစဉ်အတိုင်း ပွားလျှင် အဘယ်ဈာန်ကိုရပါသနည်း။

ဖြေ။ အရူပါဝစရ ဈာန်လေးပါးကို အစဉ်အတိုင်း ရပါသည်။

မေး။ ရူပဝစရ ပဌမဈာန်စိတ်သည် အဘယ် ကမ္မဋ္ဌာန်းတို့ကို အာရုံပြုပါသနည်း။

ဖြေ။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၊ အာနာပါနာသတိ၊ အပ္ပမညာ သုံးပါးအားဖြင့် ၂၅ ပါးသော ကမ္မဋ္ဌာန်းတို့ကို အာရုံပြုပါသည်။

မေး။ ရူပါဝစရ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်စိတ်တို့သည် အဘယ်ကမ္မဋ္ဌာန်းကို အာရုံ ပြုပါ သနည်း။

ဖြေ။ ကသိုဏ်းဆယ်ပါး၊အာနာပါနာသတိ၊မေတ္တာ ကရုဏာ မုဒိတာအားဖြင့် ၁၄ ပါးသော ကမ္မဋ္ဌာန်းတို့ကို အာရုံပြုပါသည်။

မေး။ ရူပါဝစရ ပဉ္စမဈာန်စိတ်သည် အဘယ် ကမ္မဋ္ဌာန်းတို့ကို အာရုံပြုပါသနည်း။

ဖြေ။ ကသိုဏ်းဆယ်ပါးအာနာပါနာသတိဥပေက္ခာ

ဗြဟ္မဝိဟာရအားဖြင့် ၁၂ ပါးသော ကမ္မဋ္ဌာန်း
တို့ကို အာရုံပြုပါသည်။

မေး။ အာကာသာနဉ္စာယတနဈာန်စိတ်သည် အဘယ်
ကို အာရုံပြုပါသနည်း။

ဖြေ။ အာကာသသည် ကြွင်းအပ်သော ကသိုဏ်းပဋိ
ဘာဂ နိမိတ်ကိုးပါးတို့တွင် တပါးပါးကို ခွါ၍
ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု
ပါသည်။

မေး။ ဝိညာဏဉ္စာယတန ဈာန်စိတ်သည် အဘယ်ကို
အာရုံပြုပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတနဈာန်စိတ်ကိုသာ အာရုံ
ပြုပါသည်။

မေး။ အာကိဉ္စညာယတနဈာန် စိတ်သည် အဘယ်
ကို အာရုံပြုပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတန ဈာန်၏မရှိခြင်း တည်း
ဟူသောနတ္ထိသောပညတ်ကို အာရုံပြုပါသည်။

မေး။ နေဝသညာ နာသညာယတန ဈာန်စိတ်သည်
အဘယ်ကို အာရုံပြုပါသနည်း။

ဖြေ။ အာကိဉ္စညာယတန ဈာန်ကိုသာ အာရုံပြုပါ
သည်။

## နိမိတ်အပြားကိုပြခြင်း။

မေး။ နိမိတ်ကား အရေအတွက် အဘယ်မျှရှိပါ သ
နည်း။

ဖြေ။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် အားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပထဝီကသိုဏ်းဝန်း စရှိသော အာရုံကို ပရိကမ္မနိမိတ်ဟုခေါ်ပါသည်။

မေး၊ အဘယ်အာရုံကိုဥဂ္ဂဟနိမိတ်ဟုခေါ်ပါသနည်း

ဖြေ။ ပထဝီ၊ ပထဝီစသည်ဖြင့်စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား စက္ခုဝိညာဏ်ဖြင့် မြင်ဘိ သကဲ့သို့ မနောဒွါရအား ထင်ခြင်းသို့ရောက်သော ပထဝီကသိုဏ်းဝန်း အစရှိသောအာရုံကို ဥဂ္ဂဟ နိမိတ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို ပဋိဘာဂနိမိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထမှလွတ်သော ပညတ်ဖြစ်သော အအိမ်မှ ထုတ်အပ်သော ကြေးမုံဝန်း ကဲ့သို့၊ ကောင်းစွာပွတ်အပ်သော ခရုသင်းကဲ့သို့၊ တိမ်တိုက်ကြားမှ ထွက်သော လပြည့်ဝန်းကဲ့သို့၊ ထို ဥဂ္ဂဟ နိမိတ်ထက် အဆအရာ၊ အဆအထောင်မကစင်ကြယ်သော ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံကို ပဋိဘာဂနိမိတ်ဟု ခေါ်ပါသည်။

မေး။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟ နိမိတ်တို့ကို အဘယ် ကမ္မဋ္ဌာန်းတို့၌ မုချအားဖြင့်ရပါသနည်း။
ဖြေ။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယ ဂတာသတိ၊ အာနာပါနသတိတို့၌ အာရုံ ထင် သောကြောင့် မုချ အားဖြင့် နိမိတ် နှစ်ပါးကို ရပါသည်။
မေး။ ထိုနှစ်ပါးသော နိမိတ်တို့ကို အဘယ်ကမ္မဋ္ဌာန်း တို့၌ သဒိသူပစာအားဖြင့်ရပါသနည်း။
ဖြေ။ ကြွင်းသော တသွဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ ကား၊ အာရုံနိမိတ်၏အဖြစ်ဖြင့်တူသောကြောင့် သဒိသူပစာအားဖြင့်သာရပါသည်။
မေး။ ပဋိဘာဂနိမိတ်ကိုကား အဘယ်မျှသော ကမ္မ ဋ္ဌာန်းတို့၌ ရအပ်ပါသနည်း။
ဖြေ။ ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး၊ ကာယ ဂတာသတိ၊အာနာပါနသတိအားဖြင့် ၂၂ ပါး သော ကမ္မဋ္ဌာန်းတို့၌သာ ပဋိဘာဂ နိမိတ်ကို ရပါသည်။
မေး။ ပဋိဘာဂနိမိတ်ကို ၂၂ပါးသော ကမ္မဋ္ဌာန်းတို့ ၌သာ အဘယ်ကြောင့်ရပါသနည်း။
ဖြေ။ ပညတ်ပရမတ် ဖြစ်သော နှစ်ပါးသော အာရုံ နိမိတ်ကို ရအပ်လေသောကြောင့် ၂၂ ပါး သောကမ္မဋ္ဌာန်းတို့၌သာလျှင် ပဋိဘာဂနိမိတ်ကို ရပါသည်။

မေး၊ အဘယ်ကြောင့် ကြွင်းသော ၁၈ ပါးသော ကမ္မဋ္ဌါန်းတို့၌ပဋိဘာဂနိမိတ်ကိုမရပါသနည်း။

ဖြေ။ ထို ၁၈ ပါးသော ကမ္မဋ္ဌာန်းတို့တွင် အချို့သော ကမ္မဋ္ဌာန်း၌ ပရမတ်ဖြစ်သော အာရုံကို သာရအပ်သောကြောင့် ပဋိဘာဂ နိမိတ်ကို မရအပ်ပါ။

မေး၊ အဘယ်နိမိတ်ကို အာရုံပြု၍ ဥပစာရ သမာဓိ အပ္ပနာသမာဓိဖြစ်ပါသနည်း။

ဖြေ။ ဥဂ္ဂဟနိမိတ်နှင့် တူ သော ညီသော အဆင်းစသော ကသိုဏ်းအဖြစ်မှကင်းသော ဥပစာရ အပ္ပနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစ ရှိသည်ဟုဆိုအပ်သော ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ ဖြစ်ပါသည်။

မေး။ ပဋိဘာဂနိမိတ်ထင်သည်မှ နောက်၌ အဘယ် ဘာဝနာသည် ပြည့်စုံပါသနည်း။

ဖြေ ပဋိဘာဂနိမိတ် ထင်သည်မှ စ၍ ပယ် အပ်ပြီးသော နီဝရဏတည်းဟူသော ဘေးရန်ရှိသော ကာမဝစရသမာဓိဟုဆိုအပ်သော ဥပစာဘာဝနာ ပြည့်စုံပါသည်။

မေး။ ဥပစာဘာဝနာပြည့်စုံသည်မှနောက်၌အဘယ်

စိတ်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်ပါသနည်း။

ဖြေ။ ထိုပဋိဘာဂ နိမိတ်ဟု ဆိုအပ်သော ပထဝီကသိုဏ်းအစရှိသောအာရုံကိုပင်ပထဝီ၊ပထဝီစသည်ဖြင့်အဘန်တလဲလဲစီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ရူပါဝစရပထမဈာန်သည် အပ္ပနာ၏ အစွမ်းအားဖြင့်ဖြစ်ပါသည်။

မေး။ ပထမဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည်၊ဒုတိယဈာန်စသည်ကိုရအောင် ဘယ်လိုအားထုတ်၍ စီးဖြန်းမှုရပါသနည်း။

ဖြေ။ မိမိရအပ်ပြီးသောပထမဈာန်ကို အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီ၊ ပစ္စဝေက္ခဏာဝသီဘောင် ငါးပါးတို့ဖြင့် လေ့လာသည်ကိုပြု၍ ဝိတက်အစရှိသော ရုံ့ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်း၊ ဝိစာရ အစရှိသော သိမ်မွေ့သော ဈာန်အင်္ဂါကို ဖြစ်စေခြင်းငှါ၊ အဘန်တလဲလဲ ပထဝီ၊ ပထဝီ အစရှိသည်ဖြင့်စီးဖြန်းခြင်းပရိကံကို အားထုတ်မှသာလျှင်၊ ဒုတိယဈာန် စသည်တို့ကို ထိုက်သည် အားလျော်စွာ ရနိုင်ပါသည်။

မေး။ အပ္ပမညာလေးပါးတို့သည် အဘယ်အာရုံကို အာရုံပြု၍ဖြစ်ပါသနည်း။

ဖြေ။ သုခိသဏ္ဌဝါ၊ ဒုက္ခိတသဏ္ဌဝါပညတ်ကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ အာကာသာနဉ္စာယတနစျာန်ကို ရအောင် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းရပါသနည်း။

ဖြေ။ အာကာသ ကသိုဏ်းသည်၊ ကြဉ်အပ် သော ကသိုဏ်း ကိုးပါးတို့တွင်၊ အမှတ် မ ရှိသော ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကိုအာရုံပြု၍ အာကာသံ အနန္တံ အာကာသံ အနန္တံဟု အဘန်တလဲလဲ စီးဖြန်းလျှင် အာကာသာနဉ္စာယတနစျာန်ကိုရပါသည်။

မေး။ ကသိုဏ်းခြင်းတူပါလျက် အာကာသကသိုဏ်းကို အဘယ့်ကြောင့်ကြဉ်ပါသနည်း။

ဖြေ။ အာကာသ ကသိုဏ်းသည်၊ ကောင်းကင်၏ အာရုံဖြစ်သောကြောင့် ခွါခြင်းငှါ၊ မတတ်ကောင်းသည်ဖြစ်၍ အာကာသ ကသိုဏ်း ကို ကြဉ်ပါသည်။

မေး။ ဝိညာဏဉ္စာယတနစျာန်ကို ရအောင် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းရပါသနည်း။

ဖြေ။ ပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၍၊ အနန္တံ ဝိညာဏံ အနန္တံဝိညာဏံဟု အဘန်တလဲလဲ စီးဖြန်းရပါသည်။

မေး။ အာကိဉ္စညာယတန စျာန်ကိုရအောင် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းရပါသနည်း။

ဖြေ။ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၍၊ နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိဟု အဘန်တလဲလဲစီးဖြန်းရပါသည်။

မေး။ နေဝသညာနာသညာယတန ဈာန်ကိုရအောင် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းရပါသနည်း။

ဖြေ။ တတိယာရုပ္ပဝိညာဏ်ကိုအာရုံပြု၍ သန္တံမေတံ သန္တံမေတံဟုအဘန်တလဲလဲစီးဖြန်းရပါသည်။

မေး။ တတိယာရုပ္ပဈာန်သည် အဘယ့်ကြောင့် သန္တပဏီတ၊ ဖြစ်ပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်မျှကိုသာ အာရုံပြုသည့်၏အဖြစ်ကြောင့်၊ တတိယာရုပ္ပဈာန်သည် သန္တပဏီတဖြစ်ပါသည်။

မေး။ အာကိဉ္စညာယတနဈာန်မှလွန်လိုသောပုဂ္ဂိုလ်သည်၊ ထိုဈာန်ကိုပင် အဘယ့်ကြောင့် သန္တံ မေတံ၊ ပဏီတံမေတံဟု ပရိကံပြုပြန်ပါသနည်း။

ဖြေ။ သဘောအားဖြင့် သန္တ ပဏီတ ဖြစ်သော ကြောင့် ပြန်၍ပရိကံပြုပါသည်။

မေး။ မြင်အပ်ပြီးသော အပြစ်ရှိသော တတိယာရုပ္ပဈာန်ကိုပင် တဖန်ပြန်၍အဘယ်ကြောင့် အာရုံပြု၍စီးဖြန်းပါသနည်း။

ဖြေ။ အပြစ်ကို မြင်ညားသော်လည်း၊ တတိယာရုပ္ပ

ဈာန်မှတပါး၊ အာရုံပြုစရာ မရှိသောကြောင့်
သာ အာရုံပြုပါသည်။

မေး။ အကယ်၍၊ သန္တပဏီတအားဖြင့် နှလုံးသွင်း
သည်ဖြစ်အံ့၊ အဘယ်သို့ ထိုတတိယာရုပ္ပဈာန်
မှ လွန်နိုင်ပါသနည်း။

ဖြေ။ ထိုတတိယာရုပ္ပဈာန်ကိုဝင်စားခြင်း၌၊ အလို
မရှိရကား လွန်နိုင်ပါသည်။

မေး။ အဘယ့်ကြောင့် တတိယာရုပ္ပဈာန်ကို ဝင်စား
ခြင်း၌၊ အလိုမရှိပါသနည်း၊

ဖြေ။ အာကိဉ္စညာယတနဈာန်ထက်၊နေဝသညာ နာ
သညာယတနဈာန်သည်အထူးသဖြင့်ငြိမ်သက်
သောကြောင့် ဝင်စားခြင်း၌အလိုမရှိပါ။

မေး၊ အပ္ပနာကို မရွက်ဆောင်တတ်သော အနုသတိ
ရှစ်ပါး၊ သညာဝဝတ္ထာန်တို့ဝယ်၊ အဘယ်သို့
ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ ဖြစ်ကြပါ
သနည်း။

ဖြေ။ ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ ဘုရားဂုဏ်
အစရှိသောအာရုံကို၊ အာရုံပြု၍ သောဘဂဝါ
ဣတိပိအရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာ
သမ္ဗုဒ္ဓေါအစရှိသည်ဖြင့်၊ အဘန်တလဲလဲ စီး
ဖြန်းခြင်း၊ ပရိကံကိုပြု၍ ထိုဘုရားဂုဏ် အစရှိ
သော အာရုံကို ကောင်းစွာယူအပ်သည် ရှိ

သော်၊ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာဖြစ်ကြပါသည်။

မေး။ ထိုဆယ်ပါးသောကမ္မဋ္ဌာန်းတို့၌အဘယ့်ကြောင့် အပ္ပနာဘာဝနာ၊ အပ္ပနာသမာဓိ မဖြစ်နိုင်ပါသနည်း။

ဖြေ။ အရပ်အစရှိသောဂုဏ်တို့သည် အလွန်နက်နဲသိမ်မွေ့သော ပရမတ္ထတရားတွေဖြစ်၍ နိမိတ်ရကောင်းသော တရား မဟုတ်သောကြောင့် အပ္ပနာချာန်၊ အပ္ပနာသမာဓိ မဖြစ်နိုင်ပါ။

## ဇောစရအောဘက်ို ပြုခြင်း။

မေး။ အဘိညာဉ်ကိုဝင်စားလိုသော ပုဂ္ဂိုလ်သည် အဓိဋ္ဌာန်ခြင်းစသည်ကိုမပြုမီ ရှေ့အဘို့၌ အဘယ်ဈာန်ကို ဝင်စားရပါသနည်း။

ဖြေ။ အဘိညာဉ်၏အခြေဖြစ်သောရူပါဝစရပဉ္စမဈာန်ကို ဝင်စားရပါသည်။

မေး။ အဘယ်အခါမှာ ဓိဋ္ဌာန်ခြင်းစသည်ကိုပြု၍ စီးဖြန်းရပါသနည်း။

ဖြေ။ အဘိညာဉ်၏အခြေဖြစ်သောရူပါဝစရ ပဉ္စမဈာန်မှထသောအခါ၊ဓိဋ္ဌာန်ခြင်းစီးဖြန်းခြင်းကို ပြုရပါသည်။

မေး။ ထိုအဘိညာဉ်တို့ကား အရေအတွက်အဘယ်မျှရှိပါသနည်း။

ဖြေ၊ ဣဒ္ဓိဝိဓအဘိညာဏ်၊ ဒိဗ္ဗသောတအဘိညာဏ်၊ ပရစိတ္တဝိဇာနန အဘိညာဏ်၊ ပုဗ္ဗေ နိဝါသာနုဿတိအဘိညာဏ်၊ ဒိဗ္ဗစက္ခု အဘိညာဏ် အားဖြင့် ငါးပါးရှိပါသည်။

မေး။ အဘယ်အဘိညာဏ်ကို ဣဒ္ဓိဝိဓ အဘိညာဏ်ဟု ခေါ်ပါသနည်း။

ဖြေ။ အထူးထူးအပြားပြား တန်ခိုးဘန်ဆင်းခြင်းငှါ စွမ်းနိုင်သော အဘိညာဏ်ကို ဣဒ္ဓိဝိဓ အဘိညာဏ်ဟု ခေါ်ပါသည်။

မေး။ အဘယ် အဘိညာဏ်ကို ဒိဗ္ဗသောတ အဘိညာဏ်ဟု ခေါ်ပါသနည်း။

ဖြေ။ နတ်၏နားကဲ့သို့ အဝေးမှအသံကိုကြားစွမ်းနိုင်သော အဘိညာဏ်ကိုဒိဗ္ဗသောတအဘိညာဏ်ဟု ခေါ်ပါသည်။

မေး၊ အဘယ်အဘိညာဏ်ကို ပရစိတ္တအဘိညာဏ်ဟု ခေါ်ပါသနည်း။

ဖြေ၊ သူတပါး၏စိတ်ကိုသိစွမ်းနိုင်သောအဘိညာဏ်ကို ပရစိတ္တဝိဇာနန အဘိညာဏ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အဘိညာဏ်ကို ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဏ်ဟု ခေါ်ပါသနည်း။

ဖြေ၊ ရှေး၌ဖြစ်ခဲ့ဘူးသောခန္ဓာအစဉ်ကို အဘန်တလဲလဲ အောက်မေ့ခြင်းသတိနှင့်ယှဉ်သော အဘိ

ဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်
ဟုခေါ်ပါသည်။

မေး၊ အဘယ်အဘိဉာဏ်ကို ဒိဗ္ဗစက္ခုအဘိဉာဏ်
ဟု ခေါ်ပါသနည်း။

ဖြေ။ နတ်တို့၏မျက်စိကဲ့သို့အဝေးမှအဆင်းကိုမြင်စွမ်း
နိုင်သော အဘိဉာဏ်ကို ဒိဗ္ဗစက္ခုအဘိ
ဉာဏ်ဟု ခေါ်ပါသည်။

မေး။ ဣဒ္ဓိဝိဓအဘိဉာဏ်သည် အဘယ်အာရုံကို အာ
ရုံပြုပါသနည်း။

ဖြေ။ ပဉ္စမဇ္ဈာန်၊ အနာဂတ်ဖြစ်သော အာရုံခြောက်ပါး
ကို အာရုံပြုပါသည်။

မေး။ ဒိဗ္ဗသောတအဘိဉာဏ်သည် အဘယ် အာရုံ
ကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံကို အာရုံပြုပါသည်။

မေး။ ပရစိတ္တဝိဇာနနအဘိဉာဏ်သည်အဘယ် အာ
ရုံကို အာရုံပြုပါသနည်း။

ဖြေ။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ် တ
ခု ယုတ်ကိုးဆယ်ဟု ဆိုအပ်သော ဓမ္မာရုံကို
အာရုံပြုပါသည်။

မေး။ ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်သည် အ
ဘယ် အာရုံကိုအာရုံပြုပါသနည်း။

ဖြေ။ အတိတ်ဖြစ်သော အာရုံခြောက်ပါးကို အာရုံ
ပြုပါသည်။

မေး။ ဒိဗ္ဗစက္ခု အဘိညာဉ်သည် အဘယ် အာရုံကို အာရုံပြုပါသနည်း။
ဖြေ။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကိုအာရုံပြုပါသည်။
မေး။ ဈာန်ဝိဓအဘိညာဉ်ကို ပွားလိုလျှင် ဘယ် လို ပွားရပါသနည်း။
ဖြေ။ အဘိညာဉ်၏အခြေဖြစ်သော ပဉ္စမဈာန်မှထ၍သတ်ံဟောမိ၊သတ်ံဟောမိ၊သဟာသံဟောမိ စသည်ဖြင့် ပွားရပါသည်။

ဒိဗ္ဗသောတ အဘိညာဉ်မှာ တေ်ံသဒ္ဒံသုဏောမိ ဟုပွားရပါသည်၊ ပရစိတ္တဝိဇာနနအဘိညာဉ်မှာ အသုကစိတ္တံဇာနာမိ စသည်ဖြင့် ပွားရပါသည်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်မှာ ပုဗ္ဗေနိဝုတ္ထံ ခန္ဓံဇာနာမိ စသည်ဖြင့် ပွားရပါသည်။ ဒိဗ္ဗစက္ခု အဘိညာဉ်မှာ တေသံရူပံပဿာမိ စသည်ဖြင့် ပွားရပါသည်။

(သမထကမ္မဋ္ဌာန်းကားပြီး၏။)

---

## ဝိပဿနာကမ္မဋ္ဌာန်းကိုပြခြင်း။

မေး။ ဝိပဿနာ ဘာဝနာ၌ ဝိသုဒ္ဓိကား အဘယ်မျှ အပြားရှိပါသနည်း။
ဖြေ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ

ဉာဏဝိသုဒ္ဓိ-ဉာဏဒဿနဝိသုဒ္ဓိအားဖြင့် ခုနစ်ပါးရှိပါသည်။

မေး။ သီလဝိသုဒ္ဓိကား အဘယ်မျှ အပြားရှိပါသေးသနည်း။

ဖြေ။ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလအားဖြင့် လေးပါးပြားပါသေးသည်။

မေး။ အဘယ်သီလကို ပါတိမောက္ခသံဝရ သီလဟုခေါ်ပါသနည်း။

ဖြေ။ ပါတိမောက်၌ဟောတော်မူအပ်သော သိက္ခာပုဒ်တို့ကို လွန်ကျူး ခြင်းမှ စောင့်ရှောက်ကြောင်းဖြစ်သောစေတနာကိုပါတိမောက္ခသံဝရသီလဟုခေါ်ပါသည်။

မေး။ အဘယ်သီလကို ဣန္ဒြိယ သံဝရသီလဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုန္ဒြေစသောဣန္ဒြေခြောက်ပါးတို့ကို ရူပါရုံစသော အာရုံခြောက်ပါးတို့မှ စောင့်သော အစွမ်းဖြစ်၍ ကာယကံ၊ဝစီကံတို့ကို ကောင်းစွာ ထားတတ်သော စေတနာကို ဣန္ဒြိယ သံဝရသီလဟုခေါ်ပါသည်။

မေး။ အဘယ် သီလကို အာဇီဝ ပါရိသုဒ္ဓိသီလ ဟုခေါ်ပါသနည်း။

ဖြေ။ မိစ္ဆာဇီဝမှ ကြဉ်သဖြင့် အသက်မွေးခြင်း စသော အစွမ်းဖြင့်ဖြစ်၍ ကုသိုလ် တရားတို့ကို လွန်စွာဆောင်တတ်သော စေတနာကိုအာဇီဝ ပါရိသုဒ္ဓိသီလဟုခေါ်ပါသည်။

မေး။ အဘယ်သီလကို ပစ္စယသန္နိဿိတသီလဟုခေါ် ပါသနည်း။

ဖြေ။ ပစ္စည်းလေးပါးကိုအမှီပြု၍ ထိုပစ္စည်းလေးပါး တို့ကို ဤသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ခြင်းအကျိုးရှိသည့်၏အဖြစ်ကြောင့် အဘန်တ လဲလဲ ဉာဏ်၌သက်ဝင်ချက် ပဋိသင်္ခါယော နိသော အစရှိသည်ဖြင့်ဆင်ခြင်တတ်သည်ဖြစ် ၍ ကုသိုလ်တရားတို့ကို လွန်စွာ ဆောင်တတ် သော စေတနာကို ပစ္စယသန္နိဿိတသီလဟု ခေါ်ပါသည်။

မေး။ အဘယ်သမာဓိ၏ တည်ခြင်းကို စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

ဖြေ။ ဈာန်၏ အနီး၊ မဂ်၏အနီးသို့ ရောက်သော ကာမာဝစရ သမာဓိတည်းဟူသော တည်ကြည် ခြင်း ဥပစာရသမာဓိ၊ ဈာန်မဂ်ဖိုလ်သို့ရောက် သော တည်ကြည်ခြင်းတည်းဟူသော အပ္ပနာ သမာဓိ၊ ဤသမာဓိနှစ်ပါးတို့၏ စင်ကြယ်ခြင်း ကို စိတ္တဝိသုဒ္ဓိဟုခေါ်ပါသည်။

**မေး။** သမာဓိသည် ဝိသုဒ္ဓိမည်ခဲ့ပါမူ၊ သမာဓိဝိသုဒ္ဓိဟု မဆိုမူ၍ အဘယ့်ကြောင့်စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

**ဖြေ။** နိဿယဖြစ်သော စိတ်ပြဋ္ဌာန်းသည့်၏အစွမ်းဖြင့် ညွှန်းအပ်သောကြောင့် သမာဓိဝိသုဒ္ဓိဟု မခေါ်ဘဲ စိတ္တဝိသုဒ္ဓိဟူ၍သာခေါ်ပါသည်။

**မေး။** အဘယ်တရားတို့၏သိမ်းဆည်းခြင်းစင်ကြယ်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟုခေါ်ပါသနည်း။

**ဖြေ။** တေဘူမကတရားတို့၏ သဘောတည်းဟူသော လက္ခဏာ၊ ပြည့်စုံခြင်းတည်းဟူသော ရသ၊ အကျိုးတည်းဟူသော ပစ္စုပဋ္ဌာန်၊ နီးစွာသော အကြောင်းတည်းဟူသော ပဒဋ္ဌာန်၏ အစွမ်းဖြင့်နာမ်ရုပ်ကို သိမ်းဆည်းခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟုခေါ်ပါသည်။

**မေး။** အဘယ်တရားကိုသိမ်းဆည်းခြင်း၊လွန်မြောက်ခြင်းကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်ပါသနည်း။

**ဖြေ။** နာမ်ရုပ်၏ အကြောင်းဖြစ်သော ပဒဋ္ဌာန်ကို သိမ်းဆည်းခြင်း၊ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကို လွန်နိုင်သောဉာဏ်အမြင်၏ စင်ကြယ်ခြင်းကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်ပါသည်။

**မေး။** အဘယ်တရားကိုသိမ်းဆည်းတတ်သောဉာဏ်

ကို မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

၈၃။ အကြောင်းနှင့် တကွ ပိုင်းခြား၍ သိပြီးသော ယောဂီပုဂ္ဂိုလ်သည်တေဘူမကနာမ်ရုပ်တရားနှစ်ပါးကိုလက္ခဏာယာဉ်သုံးပါးသို့တင်၍ ကလာပ သမ္မသန နည်း၊ သဒ္ဒါ သမ္မသန နည်း၊ သန္တတိသမ္မသနနည်း၊ ခဏသမ္မသနည်း လေးပါးတို့ဖြင့် သုံးသတ်ဆင်ခြင်၍ နာမ်ရုပ်တို့၏ ဖြစ်မှု၊ ပျက်မှုကို ရှင်းလင်းစွာ သိမြင်သော အခါ လွန်စွာ စိတ်ကြည်လင်ခြင်းဖြစ်ရကား ကိုယ်မှထွက်သော ဓါတ်မီး အလင်းရောင်နှင့် တူသောဩဘာသ၊ အလွန်နှစ်သက်ခြင်းတည်းဟူသော ပီတိ၊ ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းခြင်းတည်းဟူသော ပဿဒ္ဓိ၊ သဒ္ဓါရုံ ကြည်ခြင်း အာရုံကို ဆုံးဖြတ်ခြင်း တည်းဟူသော အဓိမောက္ခ၊ ထောက်ပံ့နိုင်စေခြင်း၊ ချီးမြှောက်ခြင်း တည်းဟူသော ပဂ္ဂဟ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော ချမ်းသာခြင်းတည်းဟူသော သုခ၊ မိုးကြိုးဝရဇိန် စက်နှင့် တူသော လက္ခဏာရေးသုံးပါး၌ ထင်ခြင်းတည်းဟူသော ဉာဏ်ပြုအပ်ပြီးသောအမှုစသည်တို့ကို အောက်မေ့နိုင်သော သတိတည်းဟူသော ဥပဋ္ဌာန၊ လျစ်လျူ ရှုတပ်သော တတြမဇ္ဈတ္တုပေက္ခာ၊ ပနေသ

ဒွါရဝိမုတ္တနီးစိတ်နှင့်ယှဉ်သော စေတနာ တည်း ဟူသော အာဝဇ္ဇ နှုပေက္ခာအားဖြင့် နှစ်ပါး သော ဥပေက္ခာ၊ ထိုသို့ဆိုအပ်ခဲ့ပြီးသော ကိုး ပါးသော တရားတို့၌ တတ်ခြင်းကို ပြုတတ် သော သိမ်မွေ့သော တဏှာ၊ ဤဝိပဿနာ ညစ်ငြူးကြောင့်၊ ဘေးရန်ဆယ်ပါးကို သိမ်း ဆည်းတတ်သည့်ဖြစ်၍ မဂ်ဟုတ်သည်၊ မဂ် ဟုတ်သည်ကို သိသောဉာဏ်၏ စင်ကြယ်ခြင်း ကို၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟုခေါ်ပါသည်။

မေး။ အဘယ်ဉာဏ်ကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

ဖြေ။ ဥဒယဗ္ဗယဉာဏ်မှစ၍၊ သစ္စာ နုလောမဉာဏ်၊ တိုင်အောင် အစဉ်သဖြင့်တေဘူမကနာမ် ရုပ် တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့ တင်၍ သုံးသတ်သောဉာဏ်ကို ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိဟုခေါ်ပါသည်။

မေး။ အဘယ်ဉာဏ်ကိုဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါ သနည်း။

ဖြေ။ ခြောက်ပါးသောဝိသုဒ္ဓိတို့၏အစဉ်ဖြင့်ပွားအပ် သော လေးပါးသော မဂ်ဉာဏ်၏ စင်ကြယ်ခြင်းကို ဉာဏဒဿနဝိသုဒ္ဓိဟုခေါ်ပါသည်။

## လက္ခဏာကိုပြခြင်း။

မေး။ လက္ခဏာကား အရေအတွက် အဘယ်မျှရှိပါ သနည်း။

ဖြေ။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခ ဏာ အားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်လက္ခဏာကို အနိစ္စလက္ခဏာဟု ခေါ် ပါသနည်း။

ဖြေ။ နာမ်ရုပ်တရားနှစ်ပါးတို့၏ဖြစ်ခြင်း၊ ပျက်ခြင်း ရင့်ခြင်းသဘောရှိသည်ဖြစ်၍ မြဲသောသဘော မရှိဟု မှတ်အပ်သောလက္ခဏာကိုအနိစ္စလက္ခ ဏာဟုခေါ်ပါသည်။

မေး။ အဘယ်လက္ခဏာကို ဒုက္ခလက္ခဏာဟုခေါ်ပါ သနည်း။

ဖြေ။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းပျက် ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲ၏ဟု မှတ်အပ်သော လက္ခဏာကို ဒုက္ခလက္ခဏာဟု ခေါ်ပါသည်။

မေး။ အဘယ်လက္ခဏာကို အနတ္တလက္ခဏာဟု ခေါ် ပါသနည်း။

ဖြေ။ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တ၏ မရှိ ခြင်းသည်သာလျှင် မှတ်အပ်သော လက္ခဏာ ကို အနတ္တလက္ခဏာဟုခေါ်ပါသည်။

## အနုပဿနာကိုပြခြင်း။

မေး။ အနုပဿနာကား အဘယ်မျှအရေအတွက်ရှိပါသနည်း။

ဖြေ။ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာအားဖြင့်သုံးပါးရှိပါသည်။

မေး။ အဘယ်သို့ရှုခြင်းကို အနိစ္စာနုပဿနာဟု ခေါ်ပါသနည်း။

ဖြေ။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ဖြစ်တတ်ပျက်တတ်၊ ရင့်တတ်သောသဘောကြောင့် အမြဲမရှိဟု အဘန်တလဲလဲရှုခြင်းကို အနိစ္စာနုပဿနာဟု ခေါ်ပါသည်။

မေး။ အဘယ်သို့ရှုခြင်းကို ဒုက္ခာနုပဿနာဟုခေါ်ပါသနည်း။

ဖြေ။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဖြစ်မှုပျက်မှုတို့၏အနှိပ်စက်ကိုခံကြရသည်ဖြစ်၍ ဆင်းရဲ၏ဟု အဘန်တလဲလဲရှုခြင်းကိုဒုက္ခာနုပဿနာဟု ခေါ်ပါသည်။

မေး။ အဘယ်သို့ ရှုခြင်းကို အနတ္တာ နုပဿနာ ဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်နာမ်သင်္ခါရတို့ကို သဘာဝ လက္ခဏာအားဖြင့် မိမိအလိုသို့ လိုက်၍ မဖြစ်သောကြောင့် ငါကောင် မဟုတ်၊ သူ့အလိုအတိုင်းသာ ဖြစ်ပျက်သော သဘောတရားမျှသာ ဟု အဘန်

တလဲလဲ ရှုခြင်းကို အနတ္တာနုပဿနာဟု ခေါ်
ပါသည်။

### ဉာဏ်အစဉ်ကိုပြခြင်း။

မေး။ ဝိပဿနာဉာဏ်တို့သည် အဘယ်မျှ အရေ အတွက် ရှိပါသနည်း။

ဖြေ။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါရဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်အားဖြင့် အရေ အတွက် ဆယ်ပါးရှိပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ် ပါသနည်း။

ဖြေ။ ခန္ဓာစသည်တို့ကို အပေါင်းအစည်းအားဖြင့် သုံးသပ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ် ပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကို ဥဒယဗ္ဗယဉာဏ် ဟု ခေါ်ပါသနည်း။

ဖြေ။ ခန္ဓာစသည်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို အဘန် တလဲလဲရှုသည်၏ အစွမ်းအားဖြင့်ဖြစ်သော ဉာဏ် ကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ် ပါသနည်း။

ဖြေ၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကိုသာလျှင် အဘန်တလဲလဲ ရှုသည့်၏ အစွမ်းအားဖြင့်ဖြစ်သော ဉာဏ်ကို ဘင်္ဂဉာဏ် ဟုခေါ်ပါသည်။

မေး။ အဘယ် ဝိပဿနာဉာဏ်ကို ဘယဉာဏ်ဟု ခေါ်ပါသနည်း။

ဖြေ။ သင်္ခါရတရားတို့ကိုဘေးအားဖြင့် အဘန်တလဲလဲ ရှုတတ်သည့်၏ အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်ကို ဘယဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဉာဏ်ကို အာဒီနဝဉာဏ်ဟု ခေါ်ပါ သနည်း။

ဖြေ။ ဖြင်အပ်သော ဘေးရန်ရှိသော သင်္ခါရတရား တို့ကို အပြစ်အားဖြင့်ရှုသော ဉာဏ်ကို အာဒီ နဝဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကိုနိဗ္ဗိဒါဉာဏ်ဟုခေါ် ပါသနည်း။

ဖြေ။ မြင်အပ်သောအပြစ်မရှိသော သင်္ခါရတရားတို့ ၌ ငြီးငွေ့သည့်အစွမ်းအားဖြင့်ဖြစ်သော ဉာဏ် ကို နိဗ္ဗိဒါဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ် ဝိပဿနာဉာဏ်ကို မုဉ္စိတုကမျတာ ဉာဏ်ဟုခေါ်ပါသနည်း။

ဖြေ။ ငြီးငွေ့၍ သင်္ခါရတရားတို့မှ လွတ် လိုသည့်

အစွမ်းအားဖြင့် ဖြစ်သောဉာဏ်ကို ဓုရိတုက
မ္မတာဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကို ပဋိသင်္ခါရဉာဏ်
ဟုခေါ်ပါသနည်း။

ဖြေ။ လွတ်ခြင်း၏ဥပါယ်ကို ပြီးစေခြင်းအကျိုးငှါ၊
တဖန်သင်္ခါရတရားတို့ကိုသိမ်း ဆည်း သည့်၏
အစွမ်းအားဖြင့်ဖြစ်သော ဉာဏ်ကို၊ ပဋိသင်္ခါ
ရဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ် ဝိပဿနာဉာဏ်ကို သင်္ခါရုပေက္ခာ
ဉာဏ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဆင်ခြင် အပ်ပြီးသော- သ င်္ခါ ရ တ ရား တို့ ၌
ကြောက်ခြင်းနှစ်သက်ခြင်းကို ကြဉ်သည့်၏ အ
စွမ်းအားဖြင့် လျစ်လျူရှု၍ဖြစ်သော ဉာဏ်ကို
သင်္ခါရုပေက္ခာဉာဏ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာဉာဏ်ကို အနုလောမဉာဏ်
ဟု ခေါ်ပါသနည်း။

ဖြေ။ ရှေ့၌ဖြစ်ကုန်သော ကိုးပါးသော ဉာဏ်တို့၏
ကိစ္စပြီးခြင်းအားရင်း၊ အထက်၌လည်း သုံးဆဲ့
ခုနှစ်ပါးသောဗောဓိပက္ခိယတရားတို့အားရင်း
လျော်သောဉာဏ်ကို အ နု လော မ ဉာဏ်ဟု
ခေါ်ပါသည်။

မေး။ ခြောက်ပါးသောဝိသုဒ္ဓိတို့၏ အစဉ်ဖြင့် နာမ်
ရုပ်တရားနှစ်ပါးကို ပွားများ အားထုတ်သော

ယောဂီပုဂ္ဂိုလ်အား မဂ်ဇောမကျခင်ရှေ့အတွက်၌ အဘယ်ဇောစိတ်တို့သည် ဖြစ်ကြပါသနည်း။

ဖြေ။ ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမိကဉာဏ်တိုင်အောင် ဝိပဿနာအဆက်ဆက်အားဖြင့် ရှုသောပုဂ္ဂိုလ်အား၊ အပ္ပနာဖြစ်သော မဂ်စိတ်သည်၊ ဖြစ်လတ္တံ့ဟု ဆိုထိုက်သောအခါ၌ ဘဝင်အလျှင်ကိုဖြတ်၍ မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်၊ လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပရိကံ၊ ဥပစာ၊ အနုလုံအားဖြင့် ဇောသုံးကြိမ်၊ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ပုထုဇ္ဇန်အနွယ်ကိုနှိပ်စက်၍ အရိယာ၏ အနွယ်ကိုပွားစေလျက်တကြိမ်ဖြစ်ပါသည်။

မေး။ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သည်၏ အခြားမဲ့၌ဘာဝင်ကျလေတော့သလော အဘယ်စိတ်ဖြစ်ပါသေးသနည်း။

ဖြေ။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားစေခြင်းဟု ဆိုအပ်သော ကိစ္စလေးပါးကို တပြိုင်နက်ပြီးစေလျက် မဂ်ဇောတကြိမ် ဖြစ်ပြီးနောက်၊ ဖိုလ်ဇောနှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ထို့နောက်ဘဝင်စိတ်ဖြစ်ပါသည်။

မေး။ ဘဝင်ကိုဖြတ်၍ အဘယ်ဉာဏ်တို့သည်ဖြစ်ပါကုန်သနည်း။

ဖြေ။ မဂ်ဖိုလ်နိဗ္ဗာန်ကိုဗင်း၊ ပယ်အပ်ပြီးသောကိလေသာ၊ ကြွင်းသောကိလေသာတို့ကို အာရုံပြု၍ ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်ပါသည်။

မေး။ ပယ်အပ်ပြီးသောကိလေသာ၊ ကြွင်းသော ကိလေသာတို့ကို အရိယာပုဂ္ဂိုလ်တိုင်းပင် ဆင်ခြင်တော် မူပါသလော။

ဖြေ။ အချို့အရိယာပုဂ္ဂိုလ်တို့ကားဆင်ခြင်ပါသည်၊ အချို့အရိယာပုဂ္ဂိုလ်တို့ကား၊ ဆင်ခြင်တော် မမူကြပါ။

## ဝိမောက္ခဘေဒကို ပြခြင်း။

မေး။ ဝိမောက္ခဘေဒကားအဘယ်မျှအပြားရှိပါ သနည်း။

ဖြေ။ သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခအားဖြင့် သုံးပါးရှိပါသည်။

မေး။ အဘယ်ဝိမောက္ခကိုသုညတဝိမောက္ခဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တမှဆိတ်သည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သောမဂ်ကို သုညတဝိမောက္ခမဂ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ဝိမောက္ခကို အနိမိတ္တဝိမောက္ခဟု ခေါ်ပါသနည်း။

ဖြေ။ နိစ္စနိမိတ်မရှိသည်ဖြစ်၍ သံယောဇဉ်တို့မှလွတ်သောမဂ်ကို အနိမိတ္တဝိမောက္ခဟုခေါ်ပါသည်။

မေး။ အဘယ်ဝိမောက္ခကို အပ္ပဏိဟိတဝိမောက္ခဟု ခေါ်ပါသနည်း။

ဖြေ။ တဏှာတည်းဟူသော တောင့်တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ်တို့မှကင်းသောမဂ်ကို အပ္ပဏိဟိတဝိမောက္ခဟု ခေါ်ပါသည်။

## အနုပဿနာကိုပြခြင်း။

မေး။ အနုပဿနာကား အရေအတွက်အဘယ်မျှရှိပါသနည်း။

ဖြေ။ သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာအားဖြင့် အရေအတွက် သုံးပါးရှိပါသည်။

မေး။ အဘယ်နုပဿနာကို သုညတာနုပဿနာဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တမှဆိတ်ခြင်း၌ အဖန်တလဲလဲရှုခြင်းကို သုညတာ နုပဿနာဟုခေါ်ပါသည်။

မေး။ အဘယ်နုပဿနာကို အနိမိတ္တာနုပဿနာဟု ခေါ်ပါသနည်း။

ဖြေ။ နိစ္စနိမိတ်မရှိသည်၌အဘန်တလဲလဲရှုခြင်းကို အနိမိတ္တာနုပဿနာဟု ခေါ်ပါသည်။

မေး။ အဘယ်နုပဿနာကို အပ္ပဏိဟိတာနုပဿနာဟုခေါ်ပါသနည်း။

ဖြေ။ တဏှာတည်းဟူသော တောင့်တခြင်း ကင်းခြင်း၌ အဘန်တလဲလဲရှုခြင်းကို အပ္ပဏိဟိတာနုပဿနာဟုခေါ်ပါသည်။

မေး။ မဂ်သည် ဝိပဿနာ တည်းဟူသော ရောက်ကြောင်း၏အစွမ်းအားဖြင့် အမည်ဘယ်နှစ်ပါးရပါသနည်း။

ဖြေ။ သုညတဝိမောက္ခမဂ်၊ အနိမိတ္တ ဝိမောက္ခမဂ်၊ အပ္ပဏိဟိတဝိမောက္ခမဂ်ဟု အမည်သုံးပါးရပါသည်။

မေး။ အဘယ်သို့ရှု၍ ရသော မဂ်ကို သုညတဝိမောက္ခမဂ်ဟုခေါ်ပါသနည်း။

ဖြေ။ အပါယ်စသည်တို့မှရင်း၊ သင်္ခါရ နိမိတ်မှရင်း၊ ထခြင်းဟုဆိုအပ်သောမဂ်သို့ ရောက်ကြောင်း ဝိပဿနာသည် အနတ္တအားဖြင့် (ဝါ) အနတ္တဟူ၍ အကယ်၍ရှုသည်ဖြစ်အံ့ ဤသို့အနတ္တအားဖြင့်ရှု၍ရသောမဂ်ကို သုညတ ဝိမောက္ခမဂ်ဟုခေါ်ပါသည်။

မေး။ အဘယ်သို့ရှု၍ရသောမဂ်ကို အနိမိတ္တမဂ်ဟုခေါ်ပါသနည်း။

ဖြေ။ အပါယ်စသည်တို့မှ၎င်း၊ သင်္ခါရ နိမိတ်မှ၎င်း၊ ထခြင်းဟုဆိုအပ်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာသည်၊ အနိစ္စအားဖြင့်(ဝါ) အနိစ္စဟူ၍ အကယ်ရှုသည်ဖြစ်အံ့ ဤသို့အနိစ္စအားဖြင့် ရှု၍ ရသောမဂ်ကို အနိမိတ္တဝိမောက္ခမဂ်ဟုခေါ်ပါသည်။

မေး။ အဘယ်သို့ရှု၍ ရသောမဂ်ကို အပ္ပဏိဟိတ ဝိမောက္ခမဂ်ဟုခေါ်ပါသနည်း။

ဖြေ။ အပါယ်စသည်တို့မှ၎င်း၊ သင်္ခါရနိမိတ်မှ၎င်း၊ ထခြင်းဟုဆိုအပ်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာသည် ဒုက္ခအားဖြင့်(ဝါ)ဒုက္ခ ဟူ၍ အကယ်၍ရှုသည်ဖြစ်အံ့၊ ဤသို့ ဒုက္ခအားဖြင့် ရှု၍ ရသောမဂ်ကို အပ္ပဏိဟိတဝိမောက္ခမဂ်ဟုခေါ်ပါသည်။

မေး။ မဂ္ဂဝိထိ၌မဂ်တည်းဟူသော ရောက်ကြောင်း၏ အစွမ်းအားဖြင့် ရလသည် အဘယ်အမည်ကို ရပါသနည်း။

ဖြေ။ သုညတဝိမောက္ခဖိုလ်၊ အနိမိတ္တ ဝိမောက္ခဖိုလ်၊ အပ္ပဏိဟိတ ဝိမောက္ခဖိုလ်အားဖြင့် အမည် သုံးပါးရပါသည်။

မေး။ ဖလသမာပတ္တိဝိထိ၌ ဝိပဿနာတည်းဟူသော ရောက်ကြောင်း၏အစွမ်းအားဖြင့် ဖိုလ်သည် အဘယ်မျှအမည်ကို ရပါသနည်း။

ဖြေ။ သုညတဝိမောက္ခမိုလ်၊ အနိမိတ္တဝိမောက္ခမိုလ် အပ္ပဏိဟိတဝိမောက္ခမိုလ်အားဖြင့် အမည်သုံး ပါးရပါသည်။

မေး။ အဘယ် အနုပဿနာကိုရှု၍မိုလ်ကို ဝင်စား လျှင် ထိုမိုလ်ကိုအဘယ်မိုလ်ဟုခေါ်ပါသနည်း။

ဖြေ။ အနတ္တာနုပဿနာကိုရှု၍ မိုလ်ကို ဝင်စားသည် ဖြစ်အံ့၊ ထိုမိုလ်ကို သုညတ ဝိမောက္ခမိုလ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာကိုရှု၍ မိုလ်ကိုဝင်စားလျှင် ထိုဝင်စားသောမိုလ်ကိုအဘယ်မိုလ်ဟုခေါ်ပါ သနည်း။

ဖြေ။ အနိစ္စာနုပဿနာကိုရှု၍ မိုလ်ကို ဝင်စားသည် ဖြစ်အံ့ ထိုဝင်စားသော မိုလ်ကို အနိမိတ္တဝိ မောက္ခမိုလ်ဟုခေါ်ပါသည်။

မေး။ အဘယ်ဝိပဿနာကိုရှု၍ မိုလ်ကိုဝင်စားလျှင် ထိုဝင်စားသောမိုလ်ကိုအဘယ်မိုလ်ဟု ခေါ်ပါ သနည်း။

ဖြေ။ ဒုက္ခာနုပဿနာကိုရှု၍ မိုလ်ကို ဝင်စားသည် ဖြစ်အံ့ ထိုဝင်စားသော မိုလ်ကို အပ္ပဏိဟိတဝိ မောက္ခာမိုလ်ဟုခေါ်ပါသည်။

မေး။ အဘယ့်ကြောင့်ဖလသမာပတ္တိဝိထိ၌ မိုလ်သည် မဂ္ဂါဂမန၏အစွမ်းအားဖြင့်အမည်ကိုမရပါသ နည်း။

ဖြေ၊ ထိုဗလသမာပဏ္ဍိပိထိ၌ မဂ်မဖြစ်ရကား မဂ်သည် အကြောင်းဖြစ်ခြင်းငှါ၊ မသင့်သောကြောင့် မဂ္ဂါဂမနှ၏အစွမ်းအားဖြင့် အမည်ကို မရပါ။

မေး။ မဂ်ဖိုလ်တို့သည် အာရုံ၏ အစွမ်းအားဖြင့် အဘယ်အမည်ကို ရပါသနည်း။

ဖြေ။ သုညတမဂ်၊ သုညတဖိုလ်၊ အနိမိတ္တမဂ်၊ အနိမိတ္တဖိုလ်၊အပ္ပဏိဟိတမဂ်၊အပ္ပဏိဟိတဖိုလ်ဟု အမည်သုံးပါးစီရပါသည်။

မေး။ အဘယ်ကိုအာရုံပြု၍ဖြစ်သောမဂ်ဖိုလ်ကိုသုညတ မဂ်၊ သုညတဖိုလ်ဟု ခေါ်ပါသနည်း။

ဖြေ၊ သုညတနိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သောမဂ်ကို၊သုညတမဂ်၊သုညတဖိုလ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကို အာရုံပြု၍ဖြစ်သောမဂ်ဖိုလ်ကို အနိမိတ္တမဂ်၊ အနိမိတ္တဖိုလ်ဟုခေါ်ပါသနည်း။

ဖြေ၊ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ်ဖိုလ်ကို၊ အနိမိတ္တမဂ်၊ အနိမိတ္တ ဖိုလ်ဟု ခေါ်ပါသည်။

မေး။ အဘယ်အာရုံကို အာရုံပြုဖြစ်သော မဂ်ဖိုလ်ကို အပ္ပဏိဟိတမဂ်၊ အပ္ပဏိဟိတဖိုလ်ဟု ခေါ်ပါသနည်း။

ဖြေ၊ အပ္ပဏိဟိတနိဗ္ဗာန်အာရုံပြု၍ ဖြစ်သောမဂ်ဖိုလ်ကို အပ္ပဏိဟိတဖိုလ်ဟုခေါ်ပါသည်။

## သောတာပန်ပုဂ္ဂိုလ်အပြားကိုပြခြင်း။

မေး။ သောတာပတ္တိမဂ်ကိုပွား၍ သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည်၊ အဘယ်အကုသိုလ် စိတ်တို့ကို ပယ်သတ်နိုင်ပါသနည်း။

ဖြေ။ အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ် စိတ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တပါး အားဖြင့် ငါးပါးသော အကုသိုလ်စိတ်တို့ကို ပယ်သတ်နိုင်ပါသည်။

မေး။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်၌ ဖြစ်ပါသေးသနည်း။

ဖြေ။ မဟာသောတာပန်ဖြစ်လျှင် အပါယ်၌ဖြစ်ခြင်း မရှိတော့ပါ။

မေး။ သောတာပန်ပုဂ္ဂိုလ်ကားအဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ဧကဗီဇီ သောတာပန်၊ ကောလာကောလ သောတာပန်၊ သတ္တက္ခတ္တုပရမ သောတာပန် အားဖြင့် သုံးယောက်အပြားရှိပါသည်။

မေး။ အဘယ်သောတာပန်ကိုဧကဗီဇီသောတာပန် ဟုခေါ်ပါသနည်း။

ဖြေ။ ဤလူ့ဘုံမှာ ပဋိသန္ဓေနေသောအားဖြင့် တကြိမ်သာလာ၍ ပရိနိဗ္ဗာန်ပြုသော သောတာပန်ကို ဧကဗီဇီသောတာပန်ဟုခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါတာပန်ကို ကောလာ ကောလ သဒ္ဒါတာပန်ဟု ခေါ်ပါသနည်း။

ဖြေ။ မြတ်သောအမျိုးတမျိုးမှ မြတ်သော အမျိုးသို့ နှစ်ကြိမ်သုံးကြိမ် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုသော သဒ္ဒါတာပန်ကို ကောလာ ကောလ သဒ္ဒါတာပန်ဟု ခေါ်ပါသည်။

မေး။ အဘယ်သဒ္ဒါတာပန်ကို သတ္တက္ခတ္တုပရမ သဒ္ဒါတာပန်ဟုခေါ်ပါသနည်း။

ဖြေ။ လူ့ပြည်နတ်ပြည်အရောက်အားဖြင့်ခုနှစ်ကြိမ် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုသော သဒ္ဒါတာပန်ကို သတ္တက္ခတ္တုပရမသဒ္ဒါတာပန်ဟု ခေါ်ပါသည်။

မေး။ သဒ္ဒါတာပန်ပုဂ္ဂိုလ်သည် သံသရာ၌ကြဉ်လည်သောအခါ၊ ယုတ်နိမ့် သိမ်ဖြင်းသော အမျိုး၌ ဖြစ်ရသေးသလော။

ဖြေ။ ယုတ်နိမ့်သိမ်ဖြင်းသောအမျိုး၌မဖြစ်မူ၍ များသောဥစ္စာရှိသော မြင့်မြတ်သော အမျိုး၌သာ ဖြစ်ပါသည်။

မေး။ ထိုသုံးယောက် သော သဒ္ဒါတာပန်တို့တွင် ဤသဒ္ဒါပုပ်ဟိကျမ်း၌ အဘယ် သဒ္ဒါတာပန်ကို ဆိုတော်မူပါသနည်း။

ဖြေ။ ဤသဒ္ဒါပုပ်ဟိကျမ်းသတ္တက္ခတ္တုပရမသဒ္ဒါတာပန်ကို ဆိုတော်မူပါသည်။

## အရိယာပုဂ္ဂိုလ်ဟာ ဝတ်မဟာတ် ခမ်းနည်း။

မေး။ သောတာပန်ပုဂ္ဂိုလ်ဖြစ်လျှင် သူ့အသက်ကို သတ်ခြင်း၊ သေရည်သေရက်ကို သောက်ခြင်း၊ စသည်ကို ပြုပါသေးသနည်း။

ဖြေ။ မဂ်ဖြင့်အကြွင်းမဲ့ပယ်သတ်အပ်ပြီးသော ဝိရတီသည်ကား ပျက်ခြင်းမည်သည် မရှိတော့ပါ၊ အရိယာပုဂ္ဂိုလ်သည် သံသရာဘဝ၌ ကြည့်လည်သွားသော်လည်း အသက်မွေးလိုသော အကြောင်းကြောင့်လည်း အသက် သတ်ခြင်း သေရည်သေရက် သောက်ခြင်းစသော ဒုစ္စရိုက်အမှုတို့ကို မပြုလုပ်တော့ပါ။

မေး။ အဘယ်သုတ်၏အဋ္ဌကထာစကားကို ထောက်၍ သိရပါသနည်း။

ဖြေ။ သေတုဿာတဒိရတိယာပနဘေဒေါနာသမနုဿိ၊ ဘဝန္တရေပိဟိအရိယသာဝကော ဇီဝိတဟေတုပိနေဝ ပါဏံ ဟနတိ၊ နသုရံပိဝတိ၊ သစေပိဿ သုရဉ္စ ခီရဉ္စ မိဿေတွာ မုခေ ပက္ခိပန္တိ ခီရမေဝ ပဝိသတိ၊ နသုရာ၊ ယထာကိံ ကောဉ္စသကုဏာနံ၊ ခီရမိဿကေ ဥဒကေ ခီရမေဝ ပဝိသတိ၊ နဥဒကံ၊ ဣဒံ ယောနိသိဒ္ဓန္တိ၊ ဣဒံ ဓမ္မတာသိဒ္ဓန္တိ ဝေဒိတဗ္ဗံ ဟူသော၊ နံပါတ် ၂၄၀၊ ကူဋဒန္တသုတ်ဖွင့် သီလက္ခန် အဋ္ဌကထာစကားကို ထောက်၍သိရပါသည်။

မေး။ သကဒါဂါမိမဂ်ကိုပွား၍သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်သည် အဘယ်အကုသိုလ် တရားတို့ကို ခေါင်းပါးအောင်ပြုနိုင်ပါသနည်း။

ဖြေ။ ရာဂဒေါသရင်း၊ရာဂဒေါသနှင့် တကွဖြစ်သော မောဟတို့ကိုခေါင်းပါးအောင် ပြုနိုင်ပါသည်။

ခမေး။ သကဒါဂါမ်ပုဂ္ဂိုလ်သည်၊ ပဋိသန္ဓေ နေသော အားဖြင့်ဤလူ့ဘုံသို့ဘယ်နှစ်ကြိမ် လာပါသေး သနည်း။

ဖြေ။ ပဋိသန္ဓေနေသောအားဖြင့်ဤလူ့ဘုံသို့ တကြိမ် သာ လာပါသည်။

ခမေး။ အနာဂါမိ မဂ်ကိုပွား၍ အနာဂါမ် ဖြစ်သော ပုဂ္ဂိုလ်သည် အဘယ်အကုသိုလ် တရားတို့ကို အကြွင်းမရှိပါယ်သတ်နိုင်ပါသနည်း။

ဖြေ။ ကာမရာဂဗျာပါဒတို့ကို အကြွင်းမရှိ ပါယ် သတ်နိုင်ပါသည်။

ခမေး။ အနာဂါမ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေသောအား ဖြင့် ဤကာမဘုံသို့ ဘယ်နှစ်ကြိမ် လာပါသေ သနည်း။

ဖြေ။ ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ တ ကြိမ်တခါမျှမလာတော့ပါ။

မေး။ အရဟတ္တမဂ်ကိုပွား၍ အာသဝေါ ကုန်ပြီးသော လောကသုံးပါး၌ မြတ်သောအလှူကို ခံထိုက်

သောရဟန္တာပုဂ္ဂိုလ်သည်၊ အဘယ်အကုသိုလ်တရားတို့ကို အကြွင်းမရှိ ပယ်သတ်တော်မူနိုင်ပါသနည်း။

ဖြေ။ အလုံးစုံသောအကုသိုလ်တရားတို့ကို ဝါသနာနှင့် တကွပယ်သတ်နိုင်ပါသည်။

## ဖလသမာပတ်ကိုပြခြင်း။

မေး။ ဖလသမာပတ်ကို အဘယ် ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ပါသနည်း။

ဖြေ။ မိုလ်ပုဂ္ဂိုလ်လေးယောက်တို့သာ ဖလသမာပတ်ကို ဝင်စားနိုင်ပါသည်။

မေး။ ထိုပုဂ္ဂိုလ်လေးယောက်တို့သည် အမှတ်မရှိအလိုရှိရာမိုလ်ကို ဝင်စားနိုင်ခြင်းငှါ စွမ်းနိုင်ပါသလော။

ဖြေ။ မိမိတို့ရပြီးသော မိုလ်ကိုသာလျှင် ဝင်စားနိုင်ပါသည်၊ မရသေးသော အထက်မိုလ်ကိုရင်း၊ အောက်မိုလ်ကိုရင်း၊ မဝင်စားနိုင်ကြပါ။

မေး။ ဖလသမာပတ်ကို အဘယ်အကျိုးကို အလိုရှိ၍ ဝင်စားကြပါသနည်း။

ဖြေ။ လောက၌ မင်းများ နတ်များသည် မိမိတို့၏ ကိုယ်ပိုင်ဖြစ်သောမင်းစည်းစိမ်ချမ်းသာ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားကုန်သကဲ့သို့ အရိယာတို့သည့်လည်း မိမိတို့၏ကိုယ်ပိုင် ဖြစ်

သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဟူသော် လောကုတ္တရာချမ်းသာကို မျက်မှောက်၌ ပင် ခံစားခြင်းအကျိုးငှါ၊ဖိုလ်ကိုဝင်စားတော်မူကြ ပါသည်။

နိရောဓသမာပတ်ကိုပြခြင်း၊

မေး။ နိရောဓသမာပတ်ကို အဘယ် ပုဂ္ဂိုလ်သည် ဝင်စားနိုင်ပါကုန်သနည်း။

ဖြေ၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံကြသောကာမဘုံ ရူပဘုံ၌ရှိသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ သာ နိရောဓသမာပတ်ကို ဝင် စား နိုင်ကြပါ သည်။

မေး၊ စတုဝေါကာရဘုံ၌ အနာဂါမ်ရဟန္တာတို့ အ ဘယ့်ကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင် ကုန်သနည်း။

မေး၊ မိမိတို့ရပြီးသော အောက်ဖိုလ်ကို အဘယ် ကြောင့် မဝင်စားနိုင်ပါသနည်း။

ဖြေ၊ သကဒါဂါမ်စသော ပုဂ္ဂိုလ်တပါး၏ အဖြစ်သို့ ရောက်သဖြင့် အောက်ဖိုလ်သည် ငြိမ်းလေပြီး သောကြောင့် မဝင်စားနိုင်ပါ။

ဖြေ။ ပထမဈာန်စသည်တို့၏ ဖြစ်ခြင်းမရှိရကား စ တု ဝေါကာရဘုံ၌ရှိသော အနာဂါမ်ရဟန္တာ တို့ နိရောဓသမာပတ်ကို မဝင်စားနိုင်ကြကုန်။

မေး။ နိရောဓသမာပတ်ကို အဘယ်သို့ဝင်စားတော်မူကြပါသနည်း။

ဖြေ။ ပဌမဈာန်အစရှိသော မဟဂ္ဂုတ်သမာပတ်ကို အစဉ်အတိုင်းဝင်စားပြီးလျှင်၊ ထိုဈာန်မှထ၍ထို မဟဂ္ဂုတ်သမာပတ်၌ဖြစ်သော သင်္ခါရတရားတို့ကို ဝိပဿနာရှု၍ အာကိဉ္စညာယတန ကုသိုလ် ကြိယာဈာန်တို့ကို ထိုက်သည်အားလျော်စွာဝင်ကြပါသည်။

မေး။ ထိုအာကိဉ္စညာယတန ကုသိုလ်ကြိယာဈာန်မှ ထသောအခါ ဓိဋ္ဌာန်ခြင်းအစရှိသော ပုဗ္ဗကိစ္စ ကို အဘယ်သို့ပြုကြပါသနည်း။

ဖြေ။ ကိုယ်နှင့်မစပ်သောအသီးအသီးထားအပ်သော သက်န်းသပိတ်အစရှိသော ပရိက္ခရာ၊ ကျောင်း အစရှိသည်တို့ကို မီးအစရှိသည် တို့ကြောင့် မပျက်စီး နိုင်အောင် ဓိဋ္ဌာန်ခြင်း၊ သံဃာတို့ မျှော်လင့်ခြင်း၊ ဘုရားရှင်ခေါ်တော်မူခြင်းတို့၏ ရှေးဦးစွာထအံ့ဟုဓိဋ္ဌာန်ခြင်း၊ ခုနှစ်ရက်အတွင်း၌၊ ကမ္မဇရုပ်ကိုဖြစ်စေတတ်သောဇီဝိတိန္ဒြေ၏ တည်ရာကာလကိုကြည့်ခြင်းဟု ဆိုအပ်သော ပုဗ္ဗကိစ္စလေးပါးကိုဓိဋ္ဌာန်တော်မူကြပါသည်။

မေး။ ပုဗ္ဗကိစ္စလေးပါးကိုပြုပြီးသည်နောက်၊ အဘယ် ဈာန်ကို ဝင်စားတော်မူပါသနည်း။

ဖြေ။ နေဝသညာ နာသညာယတနကုသိုလ် ကြီးသော ဈာန်ကိုထိုက်သည့်အားလျော်စွာဝင်စားတော် မူကြပါသည်။

မေး။ နေဝသညာ နာသညာယတနဈာန်ကို ဝင်စား တော်မူသောအခါ၊ အဘယ်တရားတို့သည်ချုပ် ခြင်းသို့ရောက်ပါသနည်း။

ဖြေ။ စိတ်အစဉ်ပြတ်၍ စိတ်စေတသိတ်ရုပ်တို့ ၏၊ချုပ်ခြင်းသို့ရောက်ပါသည်။

မေး။ နိရောဓသမာပတ်မှထသောအခါ၊ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်အား အဘယ်စိတ်ဖြစ်သနည်း။

ဖြေ။ အနာဂါမ် ပုဂ္ဂိုလ်အား၊ အနာဂါမိ ဖိုလ်စိတ် ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တ ဖိုလ်စိတ် တကြိမ်စီဖြစ်ကြပါသည်။

မေး။ ဖိုလ်စိတ်ချုပ်ပြီးနောက်၊အဘယ်စိတ်တို့ဖြစ်ပါ သေးသနည်း။

ဖြေ။ ၎င်းဖိုလ်ဇောနောက် ဘဝင်ကျ၍ ချုပ်ပြီးသျှင် ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်ပါသည်။

မေး။ သမာပတ်ရှစ်ပါး နှင့် ပြည့်စုံကြကုန်သော တိဟိတ် ပုထုဇ္ဇန်၊ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်၊ အဘယ့်ကြောင့် နိရောဓသမာ ပတ်ကို မဝင်စားနိုင်ကြပါသနည်း။

ဖြေ။ သမာဓိ၏ဘေးရန်ဖြစ်သော ကာမရာဂ်ငါးပါး

နှင့်ယှဉ်သောကာမရာဂကို မပယ်နိုင်ကြသေးသောကြောင့် နိရောသမာပတ်ကို မဝင်စားနိုင်ကြပါ။

မေး။ နိရောသမာပတ်ကိုအဘယ်အကျိုးကို အလိုရှိ၍၊ ဝင်စားတော်မူကြပါသနည်း။

ဖြေ။ သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်းနှင့်ငြီးငွေ့တော်မူကြ၍၊ မျက်မှောက်ဖြစ်သော အတ္တဘော၌ စိတ်မရှိသည်ဖြစ်၍ ချမ်းသာစွာနေလိုသောကြောင့် နိရောသမာပတ်ကို အနာဂါမ်ရဟန္တာ အရှင်မြတ်တို့ ဝင်စားတော်မူကြပါသည်။

( ကမ္မဋ္ဌာန်းပိုင်းအမေးအဖြေကားပြီး၏။ )

# နိဂုံး။

မယာတုပညာဝံသေန၊ ရခိတောယံသုနိမ္မိတာ။
ကတ္တိကေ တိဇေက်တောကမ္ဘိ၊ ဇုဏှပက္ခစတုဒ္ဒသေ။

ပညာဝံသေနတု၊ နိဂုံး ခါးပတ် အဆုံး သတ် အံ့၊ ပညာဝံ သအမည်ရသော။ မယာ၊ ငါသည်။ ရခိတော ရေးသားတည်ထွင်စီရင်အပ်သော။ အယံဂန္ထော၊ ပုစ္ဆာဝိသဇ္ဇနာ သညာခေါ်ဆန်း ဤသင်္ဂြိုဟ်၊ အမေး အဖြေကျမ်းသည်။ တိဇေက်တေကမ္ဘိ၊ ထောင်သုံးရာ့တဆဲ့သုံးခုနှစ်၌။ ကတ္တိကေ၊ တွက်စစ်မာသဆောင်းလဝင်စ၊ တန်

ဆောင်မုန်းလ၌၊ ဇုဏှပက္ခစတုဒ္ဒသေ၊ ငွေ သော် တာဿ လ၊ရောင်စုံပသည့်၊ပက္ခဆန်းမို့၊ တသဲ့လေးရက်မြောက် တိထိ၌၊ သုနိဗ္ဗုတော၊အောင်သံထူဆောက်၊ ပြီးဆုံးခြင်း သို့ရောက်ခဲ့လေပြီ။

ဣမိနာပုညကမ္မေန၊ မေတ္တာယျဗုဒ္ဓသာသနေ။
မဟိဒ္ဓိကော ဆဠာဘိညော၊ခီဏာသဝေါဘဝါမဟံ။

အဟံ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးကို၊ ပေါင်း ထား သမုတ်၊ အကျွန်ုပ်သည့် ဣမိနာပုညကမ္မေန၊ကျမ်းကို ပြုရ၍ကောင်းမှုကြောင့်။ မေတ္တေယျ ဗုဒ္ဓသာသနေ၊ ကံကော်ပင်ဆန်း၊ ပလ္လင်နန်း၌ ငြင်လန်းထင်ပေါ် ပွင့်တော်မူမည့်၊ သုံးလူထွန်းထား မေတ္တေယျမြတ်ဘုရား၏ ထွန်းကား ထိန်ငြီး၊ သာသနာတော်ကြီး၌၊ မဟိဒ္ဓိကော၊ ကြီးကျယ်လှဘိ တန်ခိုးရှိသော ဆဠာဘိညော၊ ဘိညာဉ်ခြောက်ဝ၊ လက်ကိုင်ရသော ခီဏာသဝေါ၊ အာသဝေါမြူ၊ စင်ချောဖြူ၍ ရည့်တူမရှိ ဇောဟိအပေါ ရဟန္တာသည်။ဘဝါမိ၊ ပါရမီသျှမ်းတောက်တခမ်းပေါက်လျှင်၊ လှမ်းရောက်တည်းခို ဖြစ်ရပါလို၏အရှင်ဘုရား။

နိဗ္ဗတောစအနာယာသာ၊ ပါဏိနဥ္စယထာအယံ။
သိဇ္ဈံသိဂ္ဃန္တုသင်္ကပ္ပါ၊ ရာဇာရက္ခသုမေဒနီ။

အယံပုဗ္ဗာဝိသဇ္ဇာဂန္ထော၊ ဤသင်္ဂြိုလ်အမေးအဖြေကျမ်းသည်၊ အနာယာသာ၊ အနာယသေန၊နှောက်ရှက်ရန်ဘေး ကင်းစင်ဝေးသဖြင့် နိဗ္ဗတောယထာ၊ လုံးစုံမကြွင်း ပြည့်စုံခြင်းသို့ရောက်သကဲ့သို့၊ ပါဏိနဥ္စ၊ ခပ်

သိမ်းမျှားစွာ သတ္တဝါတို့အားလည်း၊ သက်ပြါ၊ စိမ့်အား ထုတ် ပြုလုပ်လိုကြား အကြံအစည်များတို့သည်၊ သီဟိ၊ မနှေးလျှင်စွာသိစ္စ နှုတ်၊ လိုရာပြည့်စုံပြီးစေကုန်သတည်း၊ ရာဇာ၊ ရေမြေပိုင်သာအစိုးရသခင်၊ အရှင်မင်းမြတ်သည်။ မေဒနီ၊ မြေကိုမှီညား တိုင်းရင်းသားအပေါင်းကို ရက္ခတု၊ ရင်နှစ်အလား သတ္တဝါသို့ မခြားတူစွာ စောင့်ရှောက်ပါစေသတည်း။

အနန္တရာယိကာဟောန္တု၊ နိုပဒ္ဒဝါစဇန္တုနော။
ခမ္မံရက္ခန္တု၊ ရာဇာနော၊ ကာလေဒေဝေါပဝသာတု။

ဇန္တုနော၊ ကြွင်းမဲ့ဥဿုံလုံးစုံများစွာ ပြည်ထောင်ရဘွား လူအများတို့သည်၊ အနန္တရာယိကာ ကိုယ်တွင်းကိုယ်ပ၊ ရှိကြသွယ်သွယ်၊ အန္တရာယ်ဘေး၊ ရန်စွယ်ဝေးကြကုန်သည်၊ ဟောန္တု၊ စင်စစ်မသွေဖြစ်ကြပါစေကုန်သတည်း၊ အနုပဒ္ဒဝါစ၊ ခန္ဓာကိုယ်ဖြိုဖွဲ့ကပ်၍မသွေ နှိပ်စက်ပေတတ် ထွေထွေထပ်မျှ ဥပဒ္ဒဝေါမရှိကြကုန်သည်။ဟောန္တု၊ စင်စစ်မသွေဖြစ်ကြစေကုန်သတည်း။ ရာဇာနော၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော သူတို့သည်၊ ခမ္မံ၊ မင်းတို့ကျင့်ရန် ဆယ်တန်ဓမ္မကျင့်သိက္ခကို ရက္ခန္တု၊ မယွင်းမသွေ စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဒေဝေါ၊ မိုးနတ်သည်၊ ကာလေ သင့်တင့်လျှောက်ပတ်စွာ အိုက်ပျိုးခါနှံ၊ ပဝသတု၊ အရည်ထန်စွာ၊ ရွာပါစေသတည်း။

### ပကိဏ္ဏက

## အာရုံပြုသံပေါက်လင်္ကာ။

ပဥ္စဝိညာ မနောဒ္ဒါ၊ တဒါဟာသိန္နော။ ကာမဇောကန် ၂၅
ဟာသိမပါ ဇောကာမာ၊ ဘိညာဒွေ့ဝုဋ္ဌော။
ကာမအနေကန် ၃၁
ဝိညာနဥ္စာ၊နာသညာ၊ သင်္ချာဆဟုဟော။
မဟဂ္ဂုတ်ဇောကန် ၆
ဟာသိမပါ၊ ဇောကာမာ၊ ဘိညာဒွေ့ဝုဋ္ဌော။
မဟဂ္ဂုတ်အနေကန် ၃၁
ပန္နရသာ၊စိတ်ရူပါ၊ အာကာအာကိဥ္စော။
ပညတ်ဇောကန် ၂၁
ဟာသိမပါ၊ ဇောကာမာ၊ ဘိညာဒွေ့ဝုဋ္ဌော။
ပညတ်အနေကန် ၃၁
ပဉ္စဝိညာ၊မနောဓာ၊ သင်္ချာဘောရသော။
ပစ္စုပ္ပန်ဇောကန် ၁၃
ကာမနေကာ ပေါ်တွင်သာ၊ တဒါဟာသိနော။
ပစ္စုပ္ပန်အနေကန် ၄၃
ဝိညာနဥ္စာ နာသညာ၊ ဇောကန်အတိတ်ဟော။
အတိတ်ဇောကန် ၆
ပစ္စုပ္ပန်နောက်၊ တိစတ္တံ၊ အမှံသိစေသော်။
အတိတ်အနေကန် ၄၃

ငါးကာမပါ·နာဂတာ၊ မိန့်မှာရှင်ပင်ဟော။

အနာဂတ်ကြောင်းမရှိ။

ပစ္စုပ္ပန်နေကာ၊တိစတ္တံ့ အမှံသိစေသော်။

အနာဂတ်အနေကာန် ၄၃

လောကုတ္တရာ၊မြတ်နိဗ္ဗာန်၊ကော်သိစေသော်။

နိဗ္ဗာန်ကြောင်း ၈

ကာမကုသလံ၊ ကြိုဉာဏ်၊ ဉာဏ်နှင့်ယှဉ်စေသော်။
ဝုဋ္ဌာနကော၊ဘိညာဉ္ဓ၊ ကောဒသဟော။

နိဗ္ဗာန်အနေကာန် ၁၁

ရူပါရူပ နုတ္တရ၊ ပဋ္ဌတိ သဟော။ ဓမ္မာရုံကြောင်း ၃၅
ပစ္စုပ္ပန်နေကာ၊ တိစတ္တံ၊အမှံသိစေသော်။

ဓမ္မာရုံအနေကာန် ၄၃

ပစ္စုပ္ပန်ကော်၊တေရသံ၊ ဖြေဉာဏ်ဆ၍ဟော။

ရုပ်ကြောင်း ၁၃

ပစ္စုပ္ပန်နေကာ၊တိစတ္တ၊ အမှံသိစေသော်။

ရုပ်အနေကာန် ၄၃

အတိတ်နိဗ္ဗာန်၊ယင်းကြောင်း၊ နှစ်တန်မိသကော။

နာမ်ကြောင်း ၁၄

ပစ္စုပ္ပန်နေကာ၊တိစတ္တံ၊ အမှံသိစေသော်။

နာမ်အနေကာန် ၄၃

ဝိညာနဉ္စာ နာသညာ၊ သညာဆဟုဟော။

အဇ္ဈတ္တကြောင်း ၆

စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။
အရူပ္ပအနေကန် ၅၆
စိတ်ရူပမှာ၊ လောကုပါ၊ အာကာအာကိဥ္စော။
ဗဟိဒ္ဓကေန် ၂၃
စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။
ဗဟိဒ္ဓအနေကန် ၅၆
နတ္ထိကေန်၊ မရှိမှန်၊ ရွှေဥာကာဖွင့်၍ဟော။
အရူပ္ပဗဟိဒ္ဓကေန်မရှိ။
စတုပညာ၊ စိတ်ကာမာ၊ ဘိညာထည့်၍ဟော။
၎င်းနှစ်ပါးအနေကန် ၅၆

ကာမနိဗ္ဗာန်၊ တိတ်ကေန်၊ သုံးတန်မိဿကော။
ပရမတ္ထကေန် ၃၉
ဟံသိမပါ၊ ဓောကာမာ၊ ဘိညာဒွေဝုဒ္ဓော။
ပရမတ္ထအနေကန် ၃၁

စက္ခုပြိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။
ရူပါရုံကေန် ၁

ကာမနေကာ၊ မနောဓာ၊ တဒါဟာသိနှော။
ရူပါရုံအနေကန် ၄၆
သောတဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။
သဒ္ဒါရုံကေန် ၁

ကာမနေကာ၊ မနောဓာ၊ တဒါဟာသိနှော။
သဒ္ဒါရုံအနေကန် ၄၆

ဿာနုဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။

ဂန္ဓာရုံကြောင့် ၁

ကာမနေကာ၊ မနောခေါ၊ တဒါဟာသိန္မော။

ဂန္ဓာရုံအနေကန် ၄၆

ဇိဝှာဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။

ရသာရုံကြောင့် ၁

ကာမနေကာ၊ မနောခေါ၊ တဒါဟာသိန္မော။

ရသာရုံအနေကန် ၄၆

ကာယဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။

ဖောဋ္ဌဗ္ဗာရုံကြောင့် ၁

ကာမနေကာ၊ မနောခေါ၊ တဒါဟာသိနော။

ဖောဋ္ဌဗ္ဗာရုံအနေကန် ၄၆

## ဘုံပုဂ္ဂိုလ်ရေးတေးထပ်။

ဘုံသုံးဆယ်ကော၊ အနေကြွပုဂ္ဂိုလ်၊ မသွေရထုတ်ဆို မည်၊ နှုပ်ချိုချိုစကား၊ အပါယစတုဆိမှာ၊ ဒုဂတိလေး ယောက်ကြွနား၊ မနုဿရာဇ်မဟာမှာ၊ ကြော်သျှာနှစ်ပါး ထက်ငါးခွင်နတ်ဘုံများ၊ စပ်ဆုံငြားဆယ်လီ၊ ပါရီစာ ဖိုလ်ဝေဟာ၊ ခိုနေကြွကိုးယောက်စီညီ၊ အသညာနံဝေစီး မှာ၊ စံကြေကိ ဟုတ်ရှာလှတာမို့၊ သုဒ္ဓါသ ငါးဘုံပေါ်၊ သုံးယောက်စီပျော်၊ အရူပ အရတော်လျှင်၊ အဋ္ဌနေဘ် မှတ်မလွဲပါဘု၊ နတ် တွဲ ဘုံစဉ်ခေါ်၊ ဝေါ ဟာ ရ နေဘ်။ ပြောပါကြွပုဂ္ဂိုလ်ဖော်တယ်၊ ထုတ်ဆိုတော်မူလိုက်ပါ ။ ပဲ့လေး။ ။

ဘုံပုဂ္ဂိုလ်ရ သံပေါက်း။

ပုဂ္ဂိုလ်အပြားဝါကရေး၊ ခြားနားသိစိမ့်ငှါ။
၎င်းဝါကရေးကိုပိဋကတ်သင်္ချာယူ(၂၁၄)နှစ်ရာတဆဲ့လေးရောက်ဖြင်၏

ဒုသုဂ္ဂိတိ၊ ယာအရိ၊ ပေါင်းဘိန္ဒါဒသာ။
အပါယ်ဘူမိ၊ ဒုဂ္ဂတိ၊ ရဘိတယောက်သာ။
လူမဟာရာဇ် ဘုံနှစ်ဆစ် ကြွဉ်ပစ်ဒုဂ္ဂတာ။
ဒုသုမဝင်၊ တကျိပ်လျှင်၊ ထက်ခွင်နတ်ဘုံမှာ။
တိဟိတ်ရိယံ၊ ကိုးယောက်စုံ၊ ဆန်တန်မြဟ္မရွာ။
သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ်အသညာ။
သုဒ္ဓါဝါငါး၊ သုံးရောက်ထား၊ ထက်မျှားအရိယာ။
မဂ်သောတာဖျောက်၊တိဟိတ်လျှောက်၊
ရှစ်ယောက်အရူပါ။
ပေါင်း၍မနွေး၊ဘုံလိုက်မေး၊တွက်ရေးဝါကရာ။
နှစ်ရာတဆယ်၊လေးယောက်ကယ်၊ဥာဏ်ကျယ်ခွဲစိတ်ဖြာ။
ဘုံပုဂ္ဂိုလ်ရသံပေါက်ပြီး၏။ ။

ကာမဘုံစိတ်ရသံပေါက်။

မဟာဂ္ဂုတ်မှ၊ ဝိပါက၊ ကာမ,မဖြစ်လာ။
ရှစ်ဆယ်ဝိဘာ ဘုံကာမ၊ ရ၏ကောန်။
ကာမဘုံစိတ်ရပြီး၏။ ။

ရူပဘုံစိတ်ရ သံပေါက်း။

ဒေါသမူပ ဒွိဏ္ဍယ၊ မဟာအရူပါ။

ဤနှစ်ဆယ်လျှင်၊ ရူပခွင်၊ ပယ်လျှင်မရရှာ။
ခြောက်ဆယ်ကိုးပါ၊ ဤစိတ်များ၊ ဖြစ်ငြား
ဘုံရူပါ။

ရူပဘုံစိတ်ရပြီး၏။ ။

## အရူပဘုံစိတ်ရ သံပေါက်။

ဒွေပဥ္စာ၊ အဟိတ်မှ၊ မာနကြဉ်လေပါ။
မဟာဝိပါက်၊ ရူပစက်၊ တချက်မင်္ဂလာဘွဲ့သောတာ။
လေးဆဲ့သုံးပါ၊ ဤစိတ်များ၊ ပါယ်ရှားအရူပါ။
အကုသိုလ်က၊ တဆယ်ရ၊ ဟိတ်မှမနောဒွါ။
မဟာကုသလ၊ ကြိယာ၊ ထည့်ပအရူပါ။
သောတာပင်ကြဉ်၊ ခုနှစ်စဉ်၊ ဤလျှင်အမြဲသာ။
လေးဆယ်ခြောက်ပါ၊ ဤစိတ်များ၊ ဖြစ်ငြား
အရူပါ။
ဘုံမတ္တရ၊ စိတ်အရ၊ ပုဒ်မနိဋ္ဌိတာ။

အရူပဘုံစိတ်ရပြီး၏။ ။

## ကာမာဝစရပုဂ္ဂိုလ်စိတ်ရသံပေါက်။

မဟာကုသိုလ်၊ အကုသိုလ်၊ ဟိတ်ကိုပါသိကြဉ်။
ဒုဂ္ဂတိဟိတ်၊ ပုဂ္ဂိုလ်စိတ်၊ ကိလိဋ္ဌအမြဲယှဉ်။
သုံးဆယ်ခုနှစ်၊ ဤမှဖြစ်၊ လေးရစ်အပါယ်ခွင်။
ဝိပ္ပယုတ်လေး၊ သွင်းပြန်သေး၊ လေးဆယ်တခုပင်
ဒွိသုတ်မှာ၊ ဤမှသာ၊ ရရာအမြဲယှဉ်။

သဒ္ဒယုဂ္ဂ၊ သွင်းပြန်က၊ ကာမတိဟိတ်ပင်။
ဗျာန်မရငြွား၊ လေးဆယ်ငါး၊ မှတ်သားသတိထင်။
ဗျာန်ရတုံသေး၊ ငါးဆယ်လေး၊ မှတ်ရေး ကြံဆင်ခြင်။
လေးဆယ်ငါးတွင်၊ ငါးခုပင်၊ နှုတ်ငင်ပယ်သိုက်ရှား။

ဖိုလ်သွင်းပြန်လစ်၊ လေးဆယ်တစ်၊ တရစ်ကာမသား။

သကဒါဂါမ်တွင်၊ ဍင်းပင်၊ ဖိုလ်ချင်လှယ်၍ထား။
သုံးဆယ်ကိုးတန်၊ အနာဂါမ်၊ တရံ သိမ်ခံ့ကြွား။
လေးဆယ်တစ်တွင်၊ ဒေါသပင်၊ နှုတ်ငင်သတိထား။

ဖိုလ်ခြင်းဗလယ်၊ နာဂါမ်ဝယ်၊ သုံးဆယ် ကိုးခုပါး။
သုံးဆယ်ငါးမှာ၊ ရဟန္တာ၊ သေချာကြံစိတ်ထား။
ဟိတ်ဒွေရသာ၊ ကိရိယာ၊ မဟာဝိပါက်ငြား။
အရဟတ္တဖိုလ်ချင်၊ တခုပင်၊ သွင်းချင်သုံးဆယ်ငါး။

ဗျာန်မရလျှင်၊ ဤမျှပင်၊ ဆင်ခြင်နှုလုံးထား။
ဗျာန်ရပြန်က၊ အရူပ၊ ရူပကိရိယာ။
ကုသိုလ်လည်းကောင်း၊ ကိုးခုလောင်း၊ အပေါင်းဗျာန်ရမှာ။

ရဟန္တာမှ၊ ကိရိယာ၊ သောဘကာသိုလ်သာ။
ကာမာဝစရဘုံ၊ အလုံးစုံ၊ ဥသုံမကြွင်းရာ။
ကာမာဝစရပုဂ္ဂိုလ်စိတ်ရသံပေါက်ပြီး၏။

ရူပါဝစရပုဂ္ဂိုလ် စိတ်ရသံပေါက်။

အကုသိုလ်ဝယ်၊ ဒေါသပါယ်၊ ဟိတ်ဝယ်
ဆဲ့တစ်သာ။
စက္ခုသောတ၊ အာဝဇ္ဇ၊ ဒွိန္နတိရဏာ။
ဉ္ဟာဂ္ဂုတ်ကု၊ မဟာကု၊တခုဝိပါက်သာ။
သုံးဆယ်ကိုးပါး၊ ရူပသား၊ ဖြစ်ငြားတိဟိတ်မှာ။
သုံးဆယ်ကိုးတွင်၊ ဝိကိတ်ကြဉ်၊ မယှဉ် ဒိဋ္ဌိ
သမ္ပယုတ်။
ဤမျှတွင်သာ၊ ဗိုလ်ထည့်ပါ၊ ရရာသောဘမှာ။
သန္တီရဏ၊ ဒွိန္နန၊ သောတစက္ခုမှာ။
အဟေတ္တုမိုလ်မှ၊ ဝိပါက၊ ဝိသကြဲ့ယာ။
သုံးဆယ်တဝ၊ ရေတွက်ရ၊ ရူပရဟန္တာ။
ရူပါဝစရစိတ်ရသံပေါက်ပြီး၏။

အရူပပုဂ္ဂိုလ်စိတ်ရသံပေါက်။

ဒသအကု၊ မဟာကု၊ တခုမနောဒွါ။
အရူပကု၊ ပေါင်းလေးခု၊ တခုဝိပါကာ။
နှစ်ဆ[illegible]လေးပါး၊တိဟိတ်သား၊ဖြစ်ငြားအရူပါ။
ဝင်း[illegible]ဝင်၊ ငါးချပင်၊ နှတ်ငင်အကုသိုလ်။
နှစ်ဆ[illegible]တိတိ၊ သုံးသောဂ္ဂိ၊ သွင်းဘိမိမိဗိုလ်။

မဟာကြိယာ၊ မနောဒွါ၊ အရူပကြိယာလေး၊
နိမိတ်ပါ၊ ဝိပါက်သာ၊ ထည့်ပါ ဥာဏ်ဖြင့်
တွေး၊

အရူပပုဂ္ဂိုလ်စိတ်ရသံပေါက်ပြီး၏။

သတ္တမ၊ အံ့ကိုး၀-သံပေါက်။

ဝိနိပါတိကာ၊ အသုရာ၊ လူ့ရွာနတ်ဘုံဘာ။
နာနတ္တကာယာ၊ နာန[illegible]သညာ
ရူပ၊ ပထမဈာန်၊ ပယ်လေးတန်၊ အမှန်ဗြဟ္မာန်။
နာနတ္တကာယဧကတ္တသညီ။
ဒုတိယဈာန်ဘုံ၊ အလုံးစုံ၊ ယူတုံတဝ၊ နိယတ။
ဧကတ္တကာယ၊ နာနတ္တသညီ၊
တတိယဝေဟပ္ဖလာ၊ သဒ္ဒါဝါ၊ ဗြဟ္မာ့ဘုံတဝ။
ဧကတ္တကာယ၊ ဧကတ္တသညီ၊
အသညသတ်မှာ၊ ဗြဟ္မာရွာ၊ ယူရာတဝ မြဲရချ။
ဧကတ္တကာယာ။
အရူပဘုံ၊ အလုံးစုံ၊ ယူတုံပဌမက။
ဧကတ္တသညီ။

ပြီး၏။